
www.burmeseclassic.com



BURMESE CLASSIC .com

လင်းယုန်မောင်မောင်

# ဟစ်တလာ၏သေတမ်းစာ

THE TESTAMENT OF ADOLF HITLER

BY

H.R.Trevor Roper

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဟစ်တလာ၏သေတမ်းစာ

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် (၁၀၉/၂၀၀၃) (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၉၇/၂၀၀၃) (၁၂)

**ပုံနှိပ်ခြင်း**

တတိယအကြိမ်

(မတ်လ - ၂၀၀၄)

အုပ်ရေ (၅၀၀)

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် ၁၇၃၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဒေါ်ထိုက်ထိုက်အောင်(အောင်စေတနာပုံနှိပ်တိုက်)

အမှတ် ၉၀၊ ဝေပုလ္လ(၂)လမ်း

**ထုတ်ဝေသူ**

ဦးဝင်းကျော်မိုး (သုခမစာပေတိုက်) ယာယီ (၇၅၅)

အမှတ် ၇(၆-လွှာ)၊ ဗိုလ်မင်းခေါင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်** ရွှေရေး

**မျက်နှာဖုံးပန်းချီ**

Graphic. Mg Thein Win & Win Kyaw Moe

ဒီဇိုင်းဖွဲ့စည်းသည်။

**ကွန်ပျူတာစာစီ**

Future World

တန်ဖိုး (၈၀၀) ကျပ်


BURMESE CLASSIC .com

## မာတိကာ


ဘာသာပြန်သူ၏အမှာစာ ၇

ပါမောက္ခထရီမာ-ရိုပါ၏နိဒါန်း ၂၅

ဟစ်တလာ၏သေတမ်းစာ ၉၄

ဒုတိယကမ္ဘာစစ်မှတ်တမ်း ၂၇၃


www.burmeseclassic.com

www.burmeseclassic.com

သားကြီး မောင်ဇေယျ
သားငယ် မောင်ဒေဝနှင့်တကွ
မျက်မှောက်ခေတ်လူငယ်များသို့ . . .

## မြန်မာပြန်သူ၏အမှာ

ဤစာအုပ်သည် လွန်ခဲ့သော ၁၉၆၂ ခုနှစ်က အင်္ဂလန်ပြည် လန်ဒန်မြို့ အိုက်ကွန်စာအုပ် လီမိတက်(Icon Book LTD:) မှ The Testament of Adolf Hitler အမည်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်ကို မြန်မာဘာသာဖြင့် လုံးစေ့ပတ်စေ့ တိုက်ရိုက်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည့် နောက်ပိုင်းတွင် နာဇီပါတီနှင့် ပတ်သက်၍လည်းကောင်း၊ နာဇီ ဂျာမနီနှင့် ပတ်သက်၍လည်းကောင်း တရားဝင် စာရွက်စာတမ်းမြောက်များစွာ ပုံနှိပ်ထုတ်ဝေခဲ့ကြရာ၊ ဤ "ဟစ်တလာ၏ သေတမ်းစာ" သည် နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေခဲ့သည့် တရားဝင်စာရွက်စာတမ်းများဟု ဆိုနိုင်ပါသည်။ ဟစ်တလာသည် ဤသေတမ်းစာကို ရေးသားခဲ့စဉ်က သူ၏ ညာလက်ရုံး နာဇီထိပ်တန်းခေါင်းဆောင် မာတင် ဘောမန်းနှင့် ညှိနှိုင်းရေးသားခဲ့၍ (ဂျာမန်ဘာသာဖြင့် ရေးသားထားသော)မူရင်းစာရွက်များပေါ်တွင်၊ ဘောမန်းကိုယ်တိုင် လက်မှတ်ရေးထိုးထားခဲ့သည်ဖြစ်ရာ၊ ဤစာရွက်စာတမ်းများကို "ဟစ်တလာဘောမန်းတို့၏ တရားဝင်စာရွက်စာတမ်းများ (Hitter Bormann Documents) ဟူ၍ အသိအမှတ်ပြုထားကြပါသည်။

ဤသေတမ်းစာ၏မူရင်းမှာ ဂျမန်ဘာသာဖြင့် ရေးသားထားသော်လည်း စာအုပ်အဖြစ် ပထမဆုံးအကြိမ် ထုတ်ဝေရာ၌မူ ပြင်သစ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပါသည်။ ဤသည်မှာလည်း ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့၍ ၁၄ နှစ်ကျော် ၁၅ နှစ်ခန့်အကြာ (၁၉၅၉ ခုနှစ်)တွင်မှ ဖြစ်ပါသည်။ ထို့နောက် ၁၉၆၁ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့၍ ထိုနှစ်မှာပင် ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့ရပါသည်။ တစ်ဖန် ၁၉၆၂ ခုနှစ်တွင် တတိယအကြိမ် ထုတ်ဝေခဲ့ပြန်ရာ၊ ယခု ဤမြန်မာပြန်စာအုပ်သည် အဆိုပါ တတိယကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်မှ တိုက်ရိုက်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ယင်းတတိယအကြိမ်ထုတ်ဝေသော အင်္ဂလိပ်ဘာသာ မူရင်းစာအုပ်တွင် H.R Trevor Roper ဆိုသူက နိဒါန်းရေးသားခဲ့ရာ အဆိုပါ နိဒါန်းကိုပါ လုံးစေ့ပတ်စေ့ ပြန်ဆိုဖော်ပြလိုက်ပါသည်။

ထရီဗာရိုပါသည် လန်ဒန်မြို့ အောက်စဖို့တက္ကသိုလ် ခေတ်သစ်သမိုင်းဌာနတွင် ပါမောက္ခအဖြစ် ပညာပို့ချနေသူဖြစ်ပြီး၊ ဒုတိယကမ္ဘာစစ်ကြီးနှင့် ပတ်သက်၍ "ခရေစေ့တွင်းကျ"လေ့လာလိုက်စား အညီးပုထားသူ သမိုင်းပညာရှင်တစ်ဦး ဖြစ်ပါသည်။ အထူးသဖြင့် ဟစ်တလာနှင့်တကွ နာဇီ ဂျာမနီ၊ နာဇီပါတီတို့နှင့် ပတ်သက်သမျှ အပ်ကျသည်ကအစ "ဂဃဏန သိထားသူ(ဝါ) နာဇီဂျာမနီရေးရာ ပါရဂူတစ်ဦးဖြစ်ပါသည်။

ထို့ပြင် ပါမောက္ခ ထရီဗာ-ရိုပါသည် လန်ဒန်မြို့"ဆန်းဒေးတိုင်း"သတင်းစာကြီးတွင် စာအုပ်ဝေဖန်ချက်အခန်း၌ ထင်ရှားသည့် ဝေဖန်ရေးသမားတစ်ဦးဖြစ်၍ သူရေးသားခဲ့သည့် "ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များ"(The Last Days of Hitler) စာအုပ်မှာလည်း အထူးပင် ကျော်ကြားခဲ့ပါသည်။

ဤနေရာတွင် စာဖတ်သူများအား အထူးမှာကြားလိုသည်မှာ ဤစာအုပ်တွင် ပါမောက္ခ ထ ာရိုပါ၏ နိဒါန်းကို ဦးစွာပထမ ဖတ်ဖြစ်အောင်ဖတ်ကြရန်ပင် ဖြစ် သည်။ အဘယ့်ကြောင့်ဆိုသော် နာဇီဂျာမနီရေးရာ ပါရဂူဖြစ်သော ပါမောက္ခ ထရီဗာရိုပါသည် သူ၏ နိဒါန်းတွင်"ဟစ်တလာ၏ သေတမ်းစာ"နှင့်ပတ်သက်၍ စိတ်ပါဝင်စားဖွယ်ရာ အဖြစ်အပျက်များနှင့် အရေးကြီးသော အချက်အလက်များကို အပြည့်အဝ ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။

အထူးသဖြင့် ဟစ်တလာနှင့် ဘောမန်းတို့သည် အဆိုပါ သေတမ်းစာကို မည်သို့မည်ပုံ ရေးသားခဲ့သည်များကိုလည်းကောင်း၊ ဟစ်တလာ သူကိုယ်သူ သတ်သေပြီးနောက်၊ သူ၏ သေတမ်းစာသည် လျှို့ဝှက်သောတစ်နေရာသို့ ရောက်ရှိသွား၍၊ မီးရှို့ဖျက်ဆီးခြင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခံရအံ့ဆဲဆဲဖြစ်ပြီးမှ မူရင်းကို ဓာတ်ပုံရိုက်၍ မိတ္တူကူးထားခဲ့ပုံများကိုလည်းကောင်း၊ ဤသေတမ်းစာကို ဟစ်တလာရေးသားခဲ့သည်မှာ အမှန်တကယ်ဖြစ်ကြောင်းများကို လည်းကောင်း၊ စိတ်ဝင်စားဖွယ်ရာ အကိုးအကားများဖြင့် ဖော်ပြထားပါသည်။

ထို့ပြင် ဟစ်တလာ၏ သေတမ်းစာတွင် ပါရှိသည့် အချက်အလက် အယူအဆများနှင့် ပတ်သက်၍ ယုတ္တိရှိသည်-မရှိသည်၊ သဘာဝကျသည်-မကျသည်များကို အပြန်အလှန် ဝေဖန်ပိုင်းခြား၍ အလေးအနက် စာဒကတက်ထားသည်များမှာ ခိုင်မာတိကျသည်နှင့်အမျှ ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းစဉ်ကို ဆင်ခြင်သုံးသပ်ရာ၌ များစွာ အထောက်အကူဖြစ်စေသည်ဟု ယူဆပါသည်။

ဟစ်တလာသည် ဤသေတမ်းစာကို ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၄ရက်နေ့စွဲဖြင့် စတင်၍၊ ၁၉၄၅ ခု၊ ဧပြီလ ၂ရက်နေ့အထိ နေ့စဉ်မှတ်တမ်းသဖွယ် အချိန်ရလျှင်ရသလို ရေးသားခဲ့ပါသည်။ ထိုအချိန် ထိုကာလတွင် ဂျာမနီသည် ဤစစ်ကြီး၌ မုချဆပ်ဆပ် မြေကြီးလက်ခပ်မလွဲ ရှုံးရတော့မည်မှာ သေချာသလောက် ဖြစ်နေပါသည်။ သို့သော် စိတ်ဓာတ်အင်အားကြီးမားသူဟူ၍ အချို့က ချီးမွမ်းကြသလို၊ ဖြစ်ရပ်အမှန်ကို မြင်နိုင်စွမ်း မရှိလောက်အောင် ရူးသွပ်မိုက်မဲသူဟူ၍ အချို့က ပြစ်တင်ရှုံ့ချခြင်း ခံခဲ့ရသည့် အာဏာရှင်ဟစ်တလာသည် သူ၏ သေတမ်းစာအချို့နေရာများ၌ "အစွယ်ကျိုးသည့်တိုင်အောင် ပါးပြင်ထောင်နေသည့် မြွေဆိုးတစ်ကောင်ကဲ့သို့" မာန်မာနမကျသေးသည့် အဖြစ်ကို တွေ့နေရပေသည်။

ထို့ထက်ပို၍ ဆိုးသည်မှာ ၁၉၄၃ ခု၊ နှစ်ဦးပိုင်း(စတာ



လင် ဂရက်တိုက်ပွဲ)မှ စ၍ အရှေ့နိမ့်လာခဲ့သော ဂျာမန်တို့သည် စစ်မျက်နှာအားလုံးတွင် အတောမသတ်နိုင်အောင် တောက်လျှောက်ဆုတ်ခွာလာခဲ့ကြရပြီး ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်းတွင် လုံးဝ စစ်ရှုံးတော့မည်မှာ သေချာသလောက် ဖြစ်လာခဲ့ရာ၊ ဟစ်တလာက ယင်းသို့ သူစစ်ရှုံးဖို့ ဖြစ်လာရသည်မှာ သူ့အပြစ်မဟုတ်၊ သူ့ရောင်းရင်းမိတ်ဆွေများဖြစ်ကြသော မူဆိုလီနီ၊ ဖရန်ကိုတို့နှင့် သူ့ရန်သူများဖြစ်ကြသော ချာချီ၊ ရုစဗဲ့၊ စတာလင်တို့၏ အပြစ်များသာ ဖြစ်သည်ဟူ၍ ဤသေတမ်းစာတွင် လက်ညှိုးငေါက်ငေါက်ထိုးကာ စွပ်စွဲပြစ်တင်ထားသည်များကို တွေ့ရခြင်းပင် ဖြစ်ပါသည်။

ဤနေရာတွင် ဟစ်တလာသည် ဒေါသကို မထိန်းနိုင်ဘဲ သူ့ရင်ထဲရှိသမျှ ဖွင့်၍ အံချခဲ့ဟန်တူပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစဉ်က ဗြိတိသျှဝန်ကြီးချုပ် ချာချီအား "အမေရိကန်ကပြား အရက်သမား"ဟူ၍လည်းကောင်း၊ အမေရိကန်သမ္မတ ရုစဗဲ့အား "ခွေးနှစ်ကောင်ကိုက်သည့်ကြား၊ ပြည်သူလူထုကို ဆွဲသွင်းခဲ့သည့် ရာဇဝတ်ကောင်"ဟူ၍လည်းကောင်း၊ အီတလီ ဖက်ဆစ်အာဏာရှင် မူဆိုလီနီအား "အနိုင်ရသည့်ဘက်မှ ပါတတ်သော အချောင်သမား"ဟူ၍လည်းကောင်း၊ ပြင်သစ်ပြည်ကြီးအား "ပါသမျှငွေကို ချူတတ်သည့် မိန်းမလည်"ဟူ၍လည်းကောင်း၊ ရစရာမရှိအောင် ပက်ပက်စက်စက် ရေရွတ်ကြိမ်းဆဲထားသည်ကို ဤသေတမ်းတွင် တွေ့ရသောကြောင့် ဖြစ်ပါသည်။

သို့သော် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းနှင့် စစ်ကြီး၏ သမိုင်းစဉ်ကို ဤသေတမ်းစာတွင် ဆင်ခြင်သုံး

www.burmeseclassic.com

www.burmeseclassic.com



သပ်ဖော်ပြထားရာ၌ ဟာစ်တလာ၏ အတွေးအခေါ် အယူအဆများမှာ မှန်သည် မှားသည်ဟူသော ပြဿနာထက် စာဒကတက်စရာ၊ စိတ်ပါဝင်စား လေ့လာစရာများပင် ဖြစ်နေပါသည်။ ဥပမာ ဒုတိယ ကမ္ဘာစစ်ကြီးကို ၁၉၃၉ ခုနှစ် (ပိုလန်ပြည်ကို သိမ်းခဲ့သည့်အဖြစ် အပျက်)တွင် မဟုတ်ဘဲ၊ ၁၉၃၈ ခုနှစ်(မြူးနစ်စာချုပ် ချုပ်ဆိုသည့် အချိန်)ကပင် စတင်ခဲ့ပါက မည်သို့ဖြစ်လာစရာ ရှိပါသနည်း။ သို့ မဟုတ် ဤစစ်ကြီးကို ၁၉၃၉ ခုနှစ်တွင် မတိုက်သေးဘဲ၊ ၁၉၄၂ ခုနှစ်တွင်မှ တိုက်နိုက်ခဲ့ပါက မည်သို့ဖြစ်လာပါမည်နည်း၊ တစ်ဖန် ၁၉၄၀ ပြည့်နှစ် (ပြင်သစ်ပြည်ကြီး ကျဆုံးပြီးနောက်)တွင် စစ်ထဲ သို့ စပိန်ပြည်ပါဝင်လာခဲ့ပါက မည်သို့မည်ပုံဖြစ်လာမည်နည်း။ ထို စဉ် မြေထဲပင်လယ်ဒေသနှင့် ဂျီဘရော်တာကျွန်းဆွယ်ကို ဂျာမန်တို့ သိမ်းပိုက်နိုင်ပါက မည်သို့မည်ပုံ ဖြစ်လာပါမည်နည်း။ ထို့ပြင် ဆို ဗီယက်ယူနီယံအား ၁၉၄၁ ခု ဇွန်လ ၂၈ ရက်မဟုတ်ဘဲ ဟာစ် တလာမူလက စီစဉ်ထားသည့်အတိုင်း ရက်သတ္တ(၅)ပတ်မှ စော ၍ ၁၉၄၁ ခု မေလ ၁၅ ရက်နေ့တွင် စတင်တိုက်နိုင်ခဲ့ပါက မည် သို့မည်ပုံ ဖြစ်လာစရာရှိပါသနည်း။

ဟာစ်တလာသည် သူ၏သေတမ်းစာတွင် အထက်ပါ မေး ခွန်းများဖြင့် စာဒကတက်၍ သူ့အထင် သူ့အမြင်များကို ဖော် ထုတ်ဖွင့်ချထားသည်မှာ စိတ်ပါဝင်စားဖွယ်ရာ ကောင်းလှသည်နှင့် အမျှ ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းစဉ်ကို လေ့လာလိုက်စားသူများ အဖို့ များစွာ အထောက်အကူရလိမ့်မည်ဟု ရိုးသားစွာ ယုံကြည် ယူဆပါသည်။



ကျွန်တော်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားမျှက်နိုး၍ နောက်ထပ် ကမ္ဘာစစ်ကြီးတစ်ခု ထပ်မံဖြစ်ပွားမလာစေရန် တတ်နိုင် သမျှ ကြိုးပမ်းအားထုတ်လိုသူတစ်ဦး ဖြစ်ပါသည်။ ယင်းသို့ ကြိုး ပမ်းအားထုတ်ရာ၌ ပြီးဆုံးခဲ့ပြီဖြစ်သော ဒုတိယကမ္ဘာစစ်ကြီးမှ သင် ခန်းစာယူဖွယ်ရာ အဖြစ်အပျက် အချက်အလက်များကို အချိန်ရလျှင် ရလို ဆည်းပူးလေ့လာ၍ ရန်ဖန်ရံခါ မြန်မာစာဖတ်ပရိသတ်အား ကျွန်တော်မြင်သည့်ရှုထောင့်မှ တဆင့်၊ ပြန်လည်ဖောက်သည်ချရန် ကြိုးပမ်းနေသူတစ်ဦး ဖြစ်ပါသည်။

သို့ဖြင့်ရာ "ဟာစ်တလာ၏ သေတမ်းစာ" မြန်မာပြန်စာအုပ် သည် အထက်ဖော်ပြပါ ကြိုးပမ်းမှု၏ ရလာဒ်တစ်ခုဟု ဆိုနိုင်ပါ သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားမြတ်နိုး သော စိတ်ဓာတ်ဖြင့် နောက်ထပ် ကမ္ဘာစစ်ပွဲသစ်ကြီးတစ်ခုအတွင်း မှ "စက်ဆုတ်ရွံရှာဖွယ်ရာ အနိဋ္ဌာရုံများ၊ သင်ခန်းစာယူ၍ သတိမူ စရာ အဖြစ်အပျက်များ၊ သံဝေဂနှင့်ယှဉ်၍ ဆင်ခြင်ဖွယ်ရာ ဖြစ်ရပ် များ" ကို လေ့လာလိုက်စားလိုသူများအတွက် ဤစာအုပ်ငယ်ကို ပြန် ဆိုလိုက်ခြင်း ဖြစ်ပါသည်။

အလျဉ်းသင့်၍ ဖော်ပြလိုသည့် အချက်တစ်ခုမှာ ဤစာ အုပ်သည် ယခင် ကျွန်တော်ရေးသားပြုစုခဲ့သည့် အိုက်ခမန်း၏ ငရဲ ခန်း၊ ဟာစ်တလာ၊ ကပ်စထရို စသော စာအုပ်များကဲ့သို့ မဟုတ်မူ ၍ မူရင်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ လုံးစေ့ပတ်စေ့ ပြန် ဆိုထားသည့် စာအုပ်ဖြစ်ပါသည်။

ကျွန်တော်သည် (နိုင်ငံရေးသဘောတရား စာအုပ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



တရားဝင် စာရွက်စာတမ်း၊ မိန့်ခွန်းမှတ်တမ်းများမှအပ) နိုင်ငံခြားစာအုပ်များမှ တိုက်ရိုက်ဘာသာပြန်သော အလုပ်ကို တတ်နိုင်သမျှရှောင်ရှားလိုသူတစ်ဦး ဖြစ်ပါသည်။

ဤသို့ဆိုလိုက်ခြင်းသည် ဘာသာပြန်အလုပ်(ဝါ)ဘာသာပြန်အတတ်ပညာကို အထင်သေးရှုံ့ချခြင်းမဟုတ်ပါ။ ယင်းသို့မဟုတ်ရုံမျှမက ဘာသာပြန်အတတ်ပညာနှင့် ဘာသာပြန်အလုပ်ကို အထင်ကြီးလေးစားလှသဖြင့်သာ ဖြစ်ပါသည်။ အမှန်အတိုင်း ရှင်းရှင်းဝန်ခံရလျှင် ဘာသာပြန်သောအလုပ်ကို တတ်နိုင်သမျှ ရှောင်ရှားခြင်းသည် ဘာသာပြန်အတတ်ပညာတွင် ပိုင်နိုင်မှုမရှိခြင်းကြောင့် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ဘာသာပြန်အလုပ်ကို ကောင်းကောင်း မကျွမ်းကျင်၍ ဘာသာမပြန်ရဲခြင်းပင်ဖြစ်ကြောင်း ရိုးသားစွာဝန်ခံပါသည်။

စာအုပ်တစ်အုပ်ကို ဘာသာပြန်ရာ၌ မူရင်းဘာသာနှင့်စာပေ(ဥပမာ အင်္ဂလိပ်ဘာသာနှင့်စာပေ)ကို အတော်အတန် ပိုင်နိုင်တတ်ကျွမ်းရန် လိုအပ်သည့်နည်းတူ မိမိ၏မိခင်ဘာသာစာပေ(ဥပမာ မြန်မာဘာသာစာပေ)ကိုလည်း အခြေခံကျကျ ကျွမ်းကျင်တတ်မြောက်ရမည်ဟု ကျွန်တော် သဘောပေါက်နားလည်ထားပါသည်။ သို့ဖြစ်၍လည်း ကျွန်တော်သည် ဘာသာပြန်အလုပ်ကို ဤမျှ တွန့်ဆုတ်နေခြင်း ဖြစ်ပါသည်။

ထို့ပြင် ကျွန်တော်ရေးသားပြုစုခဲ့သည့်"ဟစ်တလာ" "ကပ်စထရို"စသော အတ္ထုပ္ပတ္တိများမှာ နိုင်ငံခြားစာအုပ်တစ်အုပ်ထဲမှ တိုက်ရိုက်ဘာသာပြန်သည်ထက် စာအုပ်အတော်များများကို ဖတ်ရှု၍ မိမိရည်ရွယ်ချက်နှင့် မိမိခံယူချက်အရ မိမိအာဘော်နှင့် ရေးသားခြင်းက



မြန်မာစာဖတ်ပရိသတ်အတွက် ပို၍ ရသမြောက်လိမ့်မည်ဟု ရိုးသားစွာယုံကြည်၍ ဘာသာမပြန်ဘဲ ကျွန်တော် လက်တွေ့သလို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ဤ"ဟစ်တလာ၏ သေတမ်းစာ"မှာမူ တရားဝင် စာရွက်စာတမ်းများဖြစ်၍ မလွှဲမကင်းသာ ကျွန်တော့်အာဘော်မပါဘဲ တိုက်ရိုက်ဘာသာပြန်လိုက်ရပါသည်။ စာဖတ်သူများ ပို၍ ရှင်းလင်းသဘောပေါက်စေရန် အောက်ခြေမှတ်ချက်များကို ကျွန်တော်ကိုယ်တိုင် အပင်ပမ်းခံ၍ စုဆောင်းဖော်ပြထားပါသည်။ အကယ်၍ စာဖတ်သူများအနေဖြင့် နားမလည် သဘောမပေါက်သော စာပိုဒ်များ၊ ဝါကျများ တွေ့ရှိခဲ့ပါက ကျွန်တော် အထက်က ဝန်ခံခဲ့သည့်အတိုင်း ဘာသာပြန်ရာတွင် ကျွန်တော်၏ ကျွမ်းကျင်မှုမရှိခြင်းကြောင့်ဖြစ်၍ ခွင့်လွှတ်ကြပါရန် လေးစားစွာတောင်းပန်အပ်ပါသည်။

လင်းယုန်မောင်မောင်

၂၄·၅·၆၈

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက်
## ဘာသာပြန်သူ၏ အမှာ

ဤစာအုပ်ကို ၁၉၆၈ ခုနှစ်၊ မေလက ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့၍ ၇ နှစ်တိတိ ကြာခဲ့ပြီးနောက် ယခု ၁၉၇၅ ခု၊ မေလတွင် ဒုတိယအကြိမ် ပြန်လည်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

သို့ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင် ဤ(၇)နှစ်တာကာလအတွင်း အသက်အရွယ်အားဖြင့် လူလားမြောက်၍ အသိဉာဏ်အားဖြင့် တိုးတက်လာကြသည့် လူငယ်လူရွယ်များအတွက်လည်းကောင်း၊ ဟစ်တလာနှင့် နာဇီဂျာမနီတို့ စစ်ရှုံး၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ ယခု ၁၉၇၅ ခုနှစ်၊ မေလတွင် နှစ်ပေါင်း ၃၀ ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း ရည်ရွယ်၍ ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ယခုတစ်ကြိမ် ထပ်မံပုံနှိပ်ရာတွင် လိုအပ်သည့် ဓာတ်ပုံများ ရှာဖွေစုဆောင်းပေးခြင်းနှင့် အခြားလုပ်ငန်းများကို ဝိုင်းဝန်းကူညီပေးခြင်းတို့အတွက် မောင်သိန်းအောင်(နိုင်ငံခြားငွေဌာန) အား အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင်
မေလ ၉ရက်၊ ၁၉၇၅



လူ့သမိုင်းတွင် ငါနှင့်ငါသာ နိုင်းစရာဟု သဘောထားခဲ့သော အာဏာရှင် ဟစ်တလာ

www.burmeseclassic.com

www.burmeseclassic.com




ဟစ်တလာ၏သေတမ်းစာ ရေးသားရာ၌ ဟစ်တလာအား
အစစအရာရာ စီစဉ်ဆောင်ရွက်ပေးခဲ့ရသော
မာတင်ဘောမန်း



မူဆိုလီနီကို မဟာမိတ်ဖွဲ့ခဲ့မိသည့်အတွက်
ကျွန်ုပ်လုပ်သမျှ အမှားများသာ ဖြစ်ခဲ့ရသည်။
(ဟစ်တလာ)

www.burmeseclassic.com

www.burmeseclassic.com



Führer am 5. September 1938 den Blutorden ver-
liehen, weil ich länger als 12 Monate im Gefäng-
nis gesessen habe.

Heil Hitler!

(M. Bormann.)

Eingang

ဟစ်တလာ၏သေတမ်းစာ မူရင်းတွင် ဤသို့
စာလုံးကြီးကြီး လက်ရေးကြဲကြဲဖြင့် မာတင်ဘောမန်း၏
လက်မှတ်ရေးထိုးထားသည်ကို တွေ့ကြရသည်။



ဟစ်တလာတောင်းဆိုသမျှ တစ်ခုမကျန် လိုက်လျောခဲ့ရသော
မြူနစ်စာချုပ် လက်မှတ်ရေးထိုးအပြီးတွင် ဗြိတိသျှဝန်ကြီးချုပ်
ချိန်ဘာလိန် (ဝဲဘက်အစွန်)အား ဤသို့တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇပလင်ပေါ်တွင် အချောင်ဝင်ထိုင်သူဟူ၍ ဟစ်တလာက စွပ်စွဲခဲ့သော စပိန်အာဏာရှင် ဖရန်ကို



'ဆင်းတုတော်မဟုတ်ဘဲ ရွှံ့ရုပ်ဖြစ်နေသူ' ဟူ၍ ဟစ်တလာက ရေရွတ်ခဲ့သည့် အမေရိကန်သမတ ရုဇဗဲ့

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းလောက်အောင် ဟန်လုပ်တတ်သော
အီတလီအာဏာရှင် မူဆိုလီနီ

ပါမောက္ခ အိပ်ချ်အာ၊ထရီဗာရိုပါ၏

## နိဒါန်း

အဒေါ့ဖ်ဟစ်တလာနှင့်ပတ်သက်၍ ခိုင်မာသော အထောက်အထား စာရွက်စာတမ်းများကို မကြာမီက ထပ်မံတွေ့ရှိရပြန်သည်။ ယင်းစာရွက်စာတမ်းများမှာ သမိုင်းဖြစ်စဉ်တွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသည့်ဟစ်တလာ၏ နိုင်ငံရေးသေတမ်းစာများပင်ဖြစ်၏။ ယင်းသေတမ်းစာသည် ထိုစဉ်က သူ့အဖို့ရှုံးနိမ့်နေပြီဖြစ်သောစစ်ကြီးနှင့်စပ်လျဉ်း၍ သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည်

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



အထွေထွေရောင်ပြန်ဟပ်မှုများကို ဖော်ပြထားခြင်းပင်ဖြစ်၏။ မှောင်မိုက်နေသည့် ခန်းမကြီးအတွင်းသို့နောက်ဆုံးပြူတင်းပေါက် တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်ပေသည်။ တစ်နည်းဆိုရသော် အလွန်အန္တရာယ်ကြီးမား၍ တုန်လှုပ်ခြောက်ချားဖွယ်ရာ၊ ရွံရှာမုန်းတီးဖွယ်ရာ ကောင်းလှသည်နှင့်အမျှ၊ တကယ်အားဖြင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အင်အားကြီးမားလှသည့် ဟစ်တလာ၏ စိတ်အစဉ်တွင် ပေါ်ပေါက်လာသောခံစားချက်များပင် ဖြစ်သတည်း။

ဟစ်တလာ၏ စိတ်ဓာတ်အင်အားကား ပြင်းထန်ကြီးမားလှ၏။ ဤအချက်ကို ကျွန်ုပ်တို့ မည်သို့မျှ မငြင်းနိုင်ကြသည်မှာ အသေအချာပင်ဖြစ်၏။ သူ့စိတ်ဓာတ်သည် ကြမ်းကြုတ်လှ၏။ ရက်စက်လှ၏။ မဖွယ်မရာနိုင်လှ၏။ အကြင်နာကင်းမဲ့သည်နှင့်အမျှ ကြောက်မက်စက်ဆုပ်ဖွယ်ကောင်းလှ၏။ အတိတ်၏နာကျည်းဖွယ်ကောင်းလှသည့် အစေ့အညှောက်များမှ ပေါက်ဖွားလာသော အဆိပ်အတောက် ပြင်းထန်လှသည့် စိတ်ယုတ်စိတ်ဆိုးတို့ဖြင့် လွှမ်းမိုးနေ၏။ သို့ပါသော်ငြားလည်း ထင်ရှားသိသာ၍ ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှသည့် ယင်းအတိတ်မှဖြစ်စဉ်များကို ကျွန်ုပ်တို့ ပြန်ပြောင်းကြည့်မည်ဆိုပါက ဟစ်တလာ၏ စိတ်ဓာတ်သည် သူမတူအောင် ပြင်းထန်ကြီးမားလှသည်ကိုလည်း တွေ့မြင်နိုင်ကြပေသည်။ ယင်းစိတ်ဓာတ်မှာ ကွက်ကွက်ကွင်းကွင်းရှင်းနေသည်နှင့်အမျှ ပုံပျက်ပန်းပျက်နိုင်လှ၏။ ယင်းစိတ်ဓာတ်ဖြင့် အနာဂတ်ကို ဖန်တီးခဲ့သည်နှင့်အမျှ အတိတ်ကိုလည်း အကျည်း





တန်စေခဲ့၏။ (အချို့သောသူများ ပြောကြသလို) ဟစ်တလာ စိတ်ဓာတ်အင်အားကြီးမားလှသည်ဆိုသော အချက်ကို လက်မခံတဲ့ ငြင်းဆို၍၊ သူသည် လူမှုရေး ပြောင်းလဲမှု လှိုင်းဂယက်ကြောင့် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရေပွက်ပမာထွက်ပေါ်လာခြင်းမျှသာ ဖြစ်သည်ဟူသော ပြောဆိုချက်မှာ ကျွန်ုပ်အဖို့ အရမ်းမဲ့ ပြောဆိုချက်ဟုယူဆရန်သာ ရှိနေပေသည်။ အကယ်၍ ကျွန်ုပ်တို့သည် သမိုင်းဖြစ်စဉ်တွင် အတုလ-အတုမရှိသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးတစ်ယောက်အဖြစ် ဟစ်တလာက သူ့ကိုယ်သူသတ်မှတ်ယူဆခဲ့ခြင်းကိုလည်းကောင်း၊ လူ့သမိုင်းတွင် ငါနှင့်ငါသာနှိုင်းစရာအဖြစ် သဘောထားခဲ့ခြင်းကို လည်းကောင်း၊ သူ့တစ်သက်တာအတွင်း သူတစ်ဦးတည်းအနေဖြင့် ကမ္ဘာ့သမိုင်းစဉ်ကို ပြောင်းလဲပစ်ရန်ဖွားမြင်လာခဲ့သည်ဟူ၍ သူ့ကိုယ်သူ ယုံကြည်စွဲမြဲခဲ့ခြင်းကိုလည်းကောင်း စသည်များကို ကျွန်ုပ်တို့ လက်မခံနိုင်သည့်တိုင်အောင် သူသည်ကမ္ဘာ့သမိုင်းတွင် မည်သူတစ်ဦးတစ်ယောက်မှ မလုပ်ခဲ့ဘူးသော အလုပ်များကို ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်တို့ ဝန်ခံကြရပေမည်။ သူသည်ကြီးမားလှသည့် တော်လှန်ရေးကြီးကို အစမှအဆုံးတိုင်စီမံကြံဆခဲ့၏။ လုပ်ကိုင်ခဲ့၏။ သယ်ဆောင်ခဲ့၏။ ဘာမှမရှိသော အခြေအနေမှ ကမ္ဘာ့အင်ပါယာကြီးကို တည်ဆောက်ခဲ့၏။ အခြားကြီးမားသော တော်လှန်ရေးများသည် တော်လှန်ရေးမှ ပေါက်ဖွားလာကြသော ပုဂ္ဂိုလ်များကို တဖြည်းဖြည်းဝါးမျိုပစ်ခဲ့ကြ၏။ ဟစ်တလာ တစ်ဦးတည်းသာလျှင် ဘယ်တော့မှ ဝါးမျိုခြင်းမခံရ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူကသာပြန်၍ ဝါးမျိုပစ်ခဲ့၏။ သူသည် သူ၏တော်လှန်ရေး အတွက် ***ရှုဆိုး**လည်း ဖြစ်၏။ **မီရာဘော**လည်း မှန်၏။ **ရိုဘီစပိုင်းယား** ဟူ၍လည်းခေါ်နိုင်၏။ နပိုလီယံဟု ဆိုလျှင်လည်း မမှားပေ။ သူသည် သူ၏တော်လှန်ရေးအတွက် မာ့က်စ်လည်း ဟုတ်၏။ လီနင်လည်းဟုတ်၏။ ထရော်စကီလည်းဖြစ်၏။ စတာလင်လည်းဖြစ်၏။ အကျင့်စာရိတ္တအားဖြင့်ဖြစ်စေ၊ စိတ်နေသဘောထားအားဖြင့်ဖြစ်စေ၊ သူသည်အထက်ဖော်ပြပါ ပုဂ္ဂိုလ်များထက် အလွန်နိမ့်ကျကောင်းနိမ့်ကျမည် မှန်သော်လည်း ယင်းပုဂ္ဂိုလ်များ မလုပ်ခဲ့သော အလုပ်များကို သူလုပ် ကိုင်ခဲ့၏။ သူသည် သူ၏တော်လှန်ရေးကို အဆင့်ဆင့်အားဖြင့် တလျှောက်လုံးထိန်းသိမ်း ကြိုးကိုင်ခဲ့၏။ ဤအချက်တစ်ခုတည်းကို ကြည့်ခြင်းအားဖြင့် အဆန်းတကြယ်ကျင့်သုံးခဲ့သည့် သူ၏ အင်အားကြီးမားလှသော စိတ်ဓာတ်ကို အမှတ်ထင်ထင် သိမြင် နားလည်နိုင်ကြမည်ဖြစ်၏။ သူသည် သမိုင်း၏ ဖြစ်စဉ်တွင် သူမတူအောင် ရှုံရှာမှန်းတီးဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကောင်း ဖြစ်မည်မှန်သော်လည်း ယုတ်စွအဆုံးသူမတူအောင် အရေးပါသော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်၏။ သူ့ကိုကျွန်ုပ်တို့ဂရုမမူ၍ မဖြစ်၊ လျစ်လျူ ရှု၍ မရ။

*Roussea ရှုဆိုး ။ ၁၇၁၂ ခုနှစ်တွင် ဖွားမြင်၍ ၁၇၇၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပြင်သစ်နိုင်ငံရေး အဘိဓမ္မာ ဆရာကြီးဖြစ်သည်။





နာဇီတော်လှန်ရေးသမိုင်းတွင် ဟစ်တလာ၏ "စားပွဲဝိုင်း မိန့်ခွန်းများ" ကိုအကြောင်းပြု၍ သူ၏အတွင်းအဇ္ဈတ္တ သဘောထားကို သုံးကြိမ်တိုင်တိုင် သိရှိခွင့် ရရှိခဲ့ကြရာ၊ ယခု ဤခိုင်လုံသော စာရွက်စာတမ်းများသည် တတိယမြောက် အထောက်အထားများပင်ဖြစ်၏။ သမိုင်း၏အရေးအကြီးဆုံး အချိန်အခါများတွင် အကြောင်းအားလျော်စွာ တစ်ကြိမ်ပြီးတစ်ကြိမ် သိရှိခွင့်ရရှိခဲ့ကြ၏။

ပထမအကြိမ်မှာ ၁၉၃၂-၃၃ခုနှစ်များက ဖြစ်၍ ဂျာမနီတွင် နာဇီတို့ ခြိမ့်ခြိမ့်သည်းသည်း အာဏာသိမ်းပွဲကျင်းပစဉ်က ဖြစ်၏။ ထိုရက်များအတွင်းက ဟစ်တလာသည် အာဏာသိမ်းပိုက်ရေးနှင့် အာဏာကျင့်သုံးရေး အလားအလာများကြောင့် စိတ်ဓာတ်တက်ကြွလျက်ရှိ၏။ ယင်းအာဏာမှာလည်း သူ့အဖို့ တစ်ကြိမ်သိမ်းပိုက်ပြီးပါက ဘယ်တော့မှလက်မလွှတ်ရန် သန္နိဋ္ဌာန်ချထားသည့် အာဏာ

Mirabeau မီရာဘော ။ ၁၇၄၉ ခုနှစ်တွင်ဖွားမြင်၍ ၁၇၉၁ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ပြင်သစ်တော်လှန်ရေးခေါင်းဆောင်ဖြစ်သည်။ အပြောအဟောကောင်း၍ ကျော်ကြားခဲ့သူဖြစ်သည်။

Robespierre ရိုဘီစပိုင်ယား ။ ၁၇၅၈ ခုနှစ်တွင် ဖွားမြင်၍ ၁၇၉၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ပြင်သစ်နိုင်ငံရေးခေါင်းဆောင်ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးကြီးအတွင်းက ပြည်သူ့လုံခြုံရေးကော်မတီဥက္ကဋ္ဌအဖြစ် လူအများကို ခေါင်းဖြတ်စက်ဖြင့် ဖြတ်၍ သတ်ရန် အမိန့်ပေးခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထိုအချိန် ထိုအခါက သူသည် သူ၏ အုပ်စိုးမှုနှင့် ပတ်သက်သော ရည်မှန်းချက်များ၊ လုပ်နည်းလုပ်ဟန်များ အကြောင်းကို သူနှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် "အတွင်းလူများ" အား အတိအလင်း ပြောပြခဲ့၏။

ထိုစဉ်က ဂျာမဏီနှင့်တကွ အခြားနိုင်ငံများမှ သမားရိုးကျ ရေးဆန်လှသော ကွန်ဆာဗေးတစ်များက ဟစ်တလာအား သူတို့လူအဖြစ် လိုလိုလားလား သတ်မှတ် သဘောထားခဲ့ကြ၏။ သမိုင်းကြောင်းအရ ပေါ်ပေါက်လာသော အာဏာရှင်တစ်ယောက်၊ သို့သော် ဤအာဏာရှင်သည် လယ်ယာသမားများ၏ အာဏာရှင်ဖြစ်သည်ဟူ၍ ယူဆခဲ့ကြ၏။ ဟစ်တလာက သူနှင့်ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များကိုသာ ပြောပြခဲ့ခြင်း ဖြစ်သော်လည်း၊ သူ၏ ပွင့်ပွင့်လင်းလင်း ပြောကြားချက်များအရ အထက်ပါကွန်ဆာဗေးတစ်များ၏ ယူဆချက် မှားယွင်းကြောင်း ယခုအခါ ထင်ရှားခဲ့ပြီဖြစ်၏။ ယင်းပြောကြားချက်များတွင် သူ၏ အာဏာစက် ပျံ့နှံ့ရေးအတွက် ကြမ်းကြုတ် ရက်စက်လှသော အဖျက်လုပ်ငန်းများ ကမ္ဘာအနှံ့အပြား ကြီးဖြေ၍ လွှတ်လိုက်သလို ပျံ့နှံ့သွားစေရန် ကြံရွယ်ထားသည့် ကြီးမားကျယ်ပြန့်လှသော တော်လှန်ရေးကြီးအကြောင်းကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အသေးစိတ်ထည့်သွင်းပြောကြားခဲ့၏။ ကျွန်ုပ်တို့ သိရသလောက်ဆိုလျှင် ဤပြောကြားချက်များသည် တရားဝင် မှတ်တမ်းများအဖြစ် သိမ်းဆည်းထားခဲ့ခြင်းမရှိပဲ၊ တရားမဝင်သော မှတ်တမ်းများ အဖြစ်ကျန်ရစ်ခဲ့ခြင်း ဖြစ်ပေသည်။





ဟစ်တလာ၏ ရင်းနှီးသော အတွင်းလူများအနက်မှ ကွန်ဆာဗေးတစ်(ရှေးရိုးသမား)တစ်ဦးဖြစ်သော *ဟာမန်ရော့စ်ချနင်း ဆိုသူသည် ယုံကြည်ချက် ပြည့်ဝ၍ပြင်းထန်ထက်မြက်လှသော ဟစ်တလာ၏ အဆိုပါ အောက်မြေသိမ်း အစီအစဉ်များကို ကြားရသောအခါ အထိတ်တလန့်ဖြစ်ခဲ့ရ၏။ သို့နှင့်ပင် သူသည် **ပျက်စီးမယ့်တော်လှန်ရေးကြီးမှ ခွဲထွက်လာခဲ့ပြီးနောက်၊ သူ၏မှတ်စုမှတ်တမ်းများကို "ဟစ်တလာ၏ စားပွဲဝိုင်းမိန့်ခွန်းများ" ဟူသော အမည်ဖြင့် ၁၉၃၉ ခုနှစ်တွင် စာအုပ်တစ်အုပ်ရေးသား ထုတ်ဝေခဲ့သည်။ ယခုအခါ ယင်းစာအုပ်ပါ အချက်အလက်များ၏ မှန်ကန်မှုကို မည်သူတစ်ဦးတစ်ယောက်ကမျှ သံသယမရှိကြပြီဖြစ်သော်လည်း ထိုအချိန်ထိုအခါကမူ ကံမကောင်းအကြောင်းမလှသဖြင့် မည်သူမျှ မယုံကြည်ခဲ့ကြပေ။ ယင်းသို့သော စိမ်ကိန်းမှာ ယုတ္တိ ယုတ္တာမရှိဟူ၍ပင် လူအများက ပြောဆိုခဲ့ကြ၏။ စာရေးသူ ရော့စ်ချနင်း၏ လုပ်ကြံပြောဆိုချက်များဟု ယူဆခဲ့ကြ၏။

ကျွန်ုပ် ကြားသိရသလောက်ဆိုလျှင် ဟစ်တလာအကြောင်း

---

*Hermann Rauschning ဟာမန်းရော့စ်ချနင်း ။ ၁၉၃၈ ခုနှစ် ဒိုဝင်ဘာလက ဂျာမန်တို့ ပြန်လည်သိမ်းပိုက်ခဲ့သော ဒန်းဇစ်ပြည်နယ်ကလေးမှ ဟစ်တလာကို လိုလားသည့် နိုင်ငံရေးသမား အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည်။

**Revolution of Destruction



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကြီးသိသူဟူ၍ သတ်မှတ် ယူဆခြင်းခံခဲ့ရသော *နဲဗီး ချိန်ဘာလိန်ကပင် ရော့စ်ချနင်း၏ မှတ်တမ်းများကို တစ်လုံး တစ်ပါဒမျှ မယုံကြည်ကြောင်း အတိအလင်းပြောကြားခဲ့သည်ဟုဆို၏။ တစ်နည်းဆိုရလျှင် ဟစ်တလာကိုယ်တိုင်ဘွင်းဘွင်းနှင့် ရှင်းရှင်းကြီး ကြေညာခဲ့သည့် "ကျွန်ုပ်၏ကြိုးပမ်းမှု" စာအုပ်ကြီးမှ စီမံကိန်းများကို လူအများက လက်မခံ မယုံကြည်ခဲ့ကြသည့်နည်းတူဖြစ်၏။

အာဏာသိမ်းပွဲကြီး ဖြစ်ပွားပြီးနောက် ၈နှစ်မျှကြာသောအခါ ဟစ်တလာ၏ အတွင်းအစ္စုတ္တ သန္တာန်သည် ဒုတိယအကြိမ် ထင်းခနဲ ပေါ်လာခဲ့ပြန်သည်။ ၁၉၄၁ ခုနှစ်သို့ ရောက်သောအခါ ဟစ်တလာသည် ရော့စ်ချနင်းအား ပြော ပြခဲ့သည့် စီမံကိန်းပါ အချက်အလက်များ အားလုံးလောက်နီးနီးကို လုပ်ကိုင်ခဲ့ပြီးဖြစ်၏။ ထိုစဉ်က (ရော့စ်ချနင်းစ်အား ပြောပြခဲ့စဉ်က) သူသည် ဂျာမနီတွင် အာဏာသိမ်းပွဲ အောင်မြင်လုဆဲဆဲဖြစ်နေခဲ့၏။ ကမ္ဘာ့အင်ပိုင်ယာကြီးကို သိမ်းပိုက်စိုးမိုးအုံ့ဆဲဆဲဖြစ်နေခဲ့၍ ယခုအခါတွင်မူ ပို၍ ကြီးမားသော အောင်ပွဲကြီးကို ရလုဆဲဆဲ ဖြစ်နေခဲ့၏။ အဘယ်ကြောင့်ဆိုသော် ၁၉၄၁ ခုနှစ်တွင် ဥရောပတိုက်၌ ဟစ်တလာအား ခုခံတိုက်ခိုက်မှုမှန်သမျှ အားလုံး ကြေပြုန်းပျက်စီးခဲ့ ပြီးဖြစ်သော

* ချိန်ဘာလိန် ။ ၁၉၃၇ ခုနှစ်မှ၊ ၁၉၄၀ ခုနှစ်အထိ ဗြိတိသျှ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ မြူးနစ်စာချုပ်(၁၉၃၀ စက်တင်ဘာ)ချုပ်ဆိုခဲ့ရာ၌ ဟစ်တလာအား လိုက်လျောခဲ့သဖြင့် အကြီးအကျယ် နာမည်ပျက်ခဲ့ရသူဖြစ်သည်။





ကြောင့်တည်း။

၁၉၁၈ ခုနှစ်က ချက်မှတ်ခဲ့သော *စီရင်ချက်သည် ပြောင်းပြန်ဖြစ်လာခဲ့ပြီဖြစ်၏။ နော့သိကိပ်ခေါ် မြောက်ဘက်အငူစွန်းမှ ကရိကျွန်းအထိလည်းကောင်း၊ ဒန်းဇစ်မြို့မှ ပိုင်းရင်းနီးစ်တောင်တန်းအထိလည်းကောင်း၊ ဟစ်တလာ၏တပ်များသည် နေရာအနှံ့အပြား အောင်ပွဲများခံလျက်ရှိနေကြ၏။ နောက်ဆုံး၌ ဥရောပတွင်ရှိရှိသမျှ လက်နက်ကိုင်တပ်များအားလုံးတို့သည် ထာဝစဉ်အောင်ပွဲ ခံယူခဲ့သည့်တော်လှန်သော ဂျာမန်တို့၏ ခေါင်းဆောင်မှုအောက်တွင် စုစည်းမိနေပြီဖြစ်၏။ ဤတပ်များသည် ယခုအခါ ဟစ်တလာကိုယ်တိုင်လေးစားခဲ့ရ၍ အထီးထီးကျန်ရှိနေသော တိုင်းပြည်ကြီး တစ်ပြည်အား အရှိန်ပြင်းစွာဖြင့် ထိုးနက်တိုက်ခိုက်ရန်တာစူစပြုနေပြီဖြစ်၏။ ယင်းတိုင်းပြည်ကြီးကား အခြားမဟုတ်၊ ကွန်မြူနစ်ရုရှပြည်ကြီးပင်တည်း။

ယခုအခါ ဤအပြောကျယ်လှသော ရုရှပြည်ကြီအား ညီညာဖျဖျလှုံ့လဥဿာဟကြီးမားလှသည့် ဥရောပဂျာမန်အင်ပိုင်ယာကြီး၏ လက်အောက်ခံ ကိုလိုနီအဖြစ် ပြောင်းလဲဖန်တီးပစ်ရန်သာလိုတော့၏။

* ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၁၈ ခုနှစ်က စစ်ရှုံးသည့် ဂျာမနီနိုင်ငံအနေဖြင့် လိုက်နာကျင့်သုံးရန် ချုပ်ဆိုခဲ့သည့် ဗာဆိုင်းစာချုပ်ကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ အောင်ပွဲရ ဂျာမန်တပ်များသည် အရှေ့ဘက်တလွှား စစ်မျက်နှာအားလုံးတွင် တဟုန်ထိုး တိုက်ခိုက်၍ လီနင်ဂရက်၊ မော်စကိုနှင့် ကီယက်ဗ်မြို့များသို့ တောက်လျှောက် ချီတက်နိုင်ခဲ့ကြစဉ်က ဟစ်တလာတစ်ယောက် ဝမ်းမြောက်ကြည်နူး၍ အူမြူးနေခဲ့သည်မှာ ထူးဆန်းအံ့သြဖွယ်ရာမဟုတ်ပါပေ။ ဤသို့သော အခြေအနေများ ဖြစ်ပေါ်နေချိန်မှာပင် ဟစ်တလာသည် နောင်လာနောက်သားများအား သူ၏အတွင်းသဘောထား တစ်စိတ်တစ်ဒေသကို တစ်ကြိမ်ထပ်မံ၍ ဖွင့်ဟအသိပေးခဲ့ခြင်းဖြစ်လေသည်။

ဤတစ်ကြိမ်တွင်မူ တရားမဝင် မဟုတ်တော့ဘဲ တရားဝင် အသိပေးခဲ့လေသည်။ ဤတစ်ကြိမ်တွင်မူ နောင်လာနောက်သားများသည် အခြားရော့စ်ချနင်း တစ်ယောက်၏ပေါက်တတ်ကရ တင်ပြသည့် အချက်အလက်များကို အားထားနေရန် မလိုတော့ဘဲ စစ်မှန်သော ခိုင်လုံသော တရားဝင် လက်ရေးမှုများကို အထောက်အထားအဖြစ် တွေ့နိုင်ကြပြီဖြစ်၏။

ထုံးစံအတိုင်းလိုအပ်သည့် အစီအစဉ်များကို ဟစ်တလာ၏ ရှိသေကျိုးနွံလှသော အတွင်းရေးမှူးဖြစ်သူ *မာတင် ဘောမန်းက စီစဉ်ဆောင်ရွက်ပေးရ၏။ မာတင်ဘောမန်းသည် ဟစ်တလာ အပေါ်တွင် သစ္စာရှိသူဖြစ်၏။ ပုံပန်းသဏ္ဌာန်နှင့် ဟန်အမူအရာအားဖြင့် ကဗျာမဆန်သူဖြစ်၏။ မလျော့သော ဇွဲလုံ့လရှိသူဖြစ်၏။ ထို့ပြင် ဟစ်တလာ၏ လျှို့ဝှက်နက်နဲသော အကြံအစည်သစ်များကို တသွေမတိမ်းလိုက်နာ လုပ်ဆောင်ပေးသည့် ညာလက်ရုံးလည်း





ဖြစ်၏။ သူသည် အရှေ့ပိုင်းပရပ်ရှား သို့မဟုတ် ယူကရိန်းဒေသရှိ ဟစ်တလာ၏ စစ်ဌာနချုပ်တွင် အလုပ်များ၍ ဦးနှောက်ခြောက်နေကြသော ဗိုလ်ချုပ်ကြီးများ၊ နိုင်ငံရေးသမားများနှင့် ဌာနကြီးမှူးများအား နေ့စဉ်နေ့တိုင်း ဦးနှောက်ခြေး၍အားပေးစကားပြောကြားခဲ့ရ၏။ ယင်းဌာနချုပ်မှာပင် တာဝန်ခံအရာရှိများအား ဆင့်ခေါ်၍ အခန်းထောင့်များတွင် ကုလားထိုင်ကြီးတခွဲသားဖြင့် ထိုင်စေပြီး ဟစ်တလာ၏ မိန့်ခွန်းများ (ဝါ) အမြင်မပြတ်ဟောကြားတော်မူအပ်သော ဒေသနာတရားတော်မြတ်ကို ရေးမှတ်စေခဲ့၏။ ယင်းဒေသနာကား အခြားမဟုတ်၊ သူသိမ်းပိုက်ရရှိခဲ့သော အာဏာနှင့် သူထူထောင်မံဆင်း၍ စိုးမိုးအုပ်ချုပ်မင်းလုပ်တော်မူမည့် အင်ပိုင်ယာ နိုင်ငံတော်ကြီး အကြောင်းပင်ဖြစ်သတည်း။

သာမန်အနုမောဒနာခေါ်စရာကောင်းလှသည့် ယင်းဒေသနာမြတ်ကို အရာရှိများက ရေးမှတ်ကြ ပြီးသည်နှင့် အခြားမဲ့၌ ဘောမန်း

---

*ဟစ်တလာ၏ ညာလက်ရုံးဖြစ်၍ နာဇီပါတီတွင် ဟစ်တလာကလျှင် အရေးအကြီးဆုံး ခေါင်းဆောင်ဖြစ်သည်။ ဂျာမန်တို့လက်နက်ချလုဆဲဆဲ စစ်ကြီးဖြစ်လုဆဲဆဲ ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့က ထွက်ပြေးလွတ်မြောက်သွားခဲ့၍ ယခုနှစ်ပေါင်း(၂၀)ကျော်တိုင် ရှာမတွေ့သေးဘဲဖြစ်နေသည့် နာဇီထိပ်တန်းခေါင်းဆောင် စစ်ရာဇဝတ်ကောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ဂရုတစိုက် အစမှအဆုံး တစ်လုံးမကျန်ပြန်၍ ဖတ်ရှု၏ မှတ်ချက်များ ဖြည့်စွက်၏။ အမှားအယွင်းများကို သုတ်သင်ပြင်ဆင်၏။ ထို့နောက် အများပြည်သူတို့အတွက် ပုံနှိပ်ထုတ်ဝေရန်အချိန်ကျရောက်သည်အထိ ထိန်းသိမ်းစောင့်ရှောက်ထားစေခြင်းအလို့ငှာ ပါတီဌာနချုပ် မော်ကွန်းတိုက်သို့ ပို့ဆောင်ခဲ့လေသည်။ စင်စစ်အားဖြင့် ယင်းအထောက်အထားမှတ်တမ်းများကို ပုံနှိပ်ထုတ်ဝေရာ၌ ရှေ့ချုနင်း၏ မှတ်တမ်းများကဲ့သို့ပင် တရားဝင်မဟုတ်ဘဲ ပုံနှိပ်ထုတ်ဝေခဲ့ရလေသည်။

"ဘောမန်း၏ မှတ်တမ်းများ" ဟု အမည်တွင်ခဲ့သော အဆိုပါအထောက်အထားမှတ်တမ်းများကို စစ်ကြီးပြီးဆုံးခဲ့ပြီးမှ တွေ့ရှိကြရ၍ ၁၉၅၂ ခုနှစ်တွင် "တိုးတိုးတိတ်တိတ် ပွင့်ပွင့်လင်းလင်း ဖွင့်ဟချက်။ ။ ရေးသူ ဟစ်တလာ" ဟူသော အမည်ဖြင့် ပြင်သစ်ပြည်၌ထုတ်ဝေခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် "ဟစ်တလာ၏ စားပွဲဝိုင်း မိန့်ခွန်းများ" ဟူသော အမည်ဖြင့် အင်္ဂလန်ပြည်တွင်ထုတ်ဝေခဲ့လေသည်။

ဟစ်တလာ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှဆိုလျှင် ၁၉၄၁-၄၂ ခုနှစ်က "စားပွဲဝိုင်း မိန့်ခွန်းများ" သည် သူ၏ နောက်ဆုံး နိုင်ငံရေးသေတမ်းစာအဖြစ် ယူဆဖွယ်ရာ ရှိနေပေသည်။ ယင်းမိန့်ခွန်းများတွင် နာဇီဝါဒ၏ နောက်ဆုံးအောင်ပွဲအတွက် စီမံကိန်းများနှင့် ဂျာမန်အင်ပိုင်ယာနိုင်ငံတော်ကြီး နှစ်ပေါင်း တစ်ထောင် အစွန့်ရှည်အောင် တည်ထောင်သွားမည့် အစီအစဉ်များ အပြည့်အစုံပါဝင်





ပေသည်။ ယင်း စီမံကိန်းများနှင့် အစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်ပြီးပါက နောက်ထပ်မည်သည့် စီမံကိန်းများ ချမှတ်ရန် ကျန်ရှိနေပါသေးသနည်း။

ကမ္ဘာတစ်ခုလုံးကို သိမ်းကြုံးစိုးပိုင်ခဲ့ပြီးနောက် အဆိုပါကမ္ဘာ့အရှင်သခင် ဘုရင်ကေရာဇ်ကြီးသည် ရှေ့ဆက်၍ မည်သို့ စခန်းသွားရပါမည်နည်း။ တကယ်တော့ လူ့လောကဆိုသည်မှာ စိတ်ပျက်ဖွယ်ရာများဖြင့် အတိပြီးသော နေရာဒေသကြီးပါတကား။ အထူးသဖြင့် ဤအချက်သည် ကမ္ဘာလောကကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်လိုသူများအဖို့ ပို၍မှန်သည်။ သူတို့အဖို့ ရှေ့ဆက်၍ သွားစရာမကျန် တော့သည့်အခါ မလွှဲမရှောင်သာဘဲ နောက်သို့ ပြန်လှည့်ခဲ့ကြရ စမြဲတည်း။

သုံးနှစ်တာမျှ ကြာခဲ့ပြီးနောက် ၁၉၄၅ ခု နှစ်ဦးပိုင်းလောက်တွင် ဟစ်တလာသည် အခြေအနေသစ်များဖြင့် ရင်ဆိုင်ခဲ့ရ၏။ ၁၉၄၂ ခုနှစ်မှ စ၍ တစ်စုံတစ်ရာ အမှားကြီး မှားလာခဲ့ပြီ ဖြစ်၏။ အရှေ့ဘက်တလွှားတွင် ရုရှားတို့က ခုခံတွန်းလှန်ခဲ့ကြ၏။ အနောက်ဖက်တခြမ်းမှ ဗြိတိသျှတို့သည် မလဲမပြိုဘဲ ရှိနေခဲ့ကြသည့်ပြင် အမေရိကန်တို့ပင် စစ်ထဲသို့ ဝင်လာခဲ့ကြပြီဖြစ်၏။ တောင်ဘက်အစွန်အဖျားမှ အီတလီမှာ မလှုပ်နိုင် မရှားနိုင် သွတ်ချာပါဒ ကိုင်နေပြီဖြစ်၏။ ထို့ပြင် အရှေ့အနောက်နှင့် တောင်ဘက်အရက်သုံးမျက်နှာတို့မှ ဟစ်တလာအား ချေမှုန်းသုတ်သင် ပစ်ကြမည့်ကြီးမားလှသည့် မဟာမိတ်တပ်မတော်ကြီးသည် အကြောင်းနာ



www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့စွာဖြင့် အပြင်းချီတက်လာနေကြပြီဖြစ်၏။ အားလုံးသော စ
မျက်နှာတို့တွင် ဟစ်တလာ၏ ခုခံတွန်းလှန်မှုမှန်သမျှ အချည်းနှီး
ဖြစ်ခဲ့ရချေပြီ။

အီတလီပြည်မှ *ဂိုသစ်စစ်ကြောင်းမှာ ကျိုးပေါက်ခဲ့ပြီဖြစ်၏
အနောက်ဖက်မှ **အာဒင်နီးစ်ဒေသတွင် ဆင်နွှဲခဲ့သော ထိုးစ
မှာလည်း အရေးနိမ့်ခဲ့ပြီဖြစ်၏။ အရှေ့ဘက်မှ ဟင်းမလား၏ ***
"ဗစ္စကျူလာတပ်ပေါင်းစုံ" မှာလည်း ဖရိုဖရဲပြိုကွဲခဲ့ပြီဖြစ်၏။ ၁၉၄၅
ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းသို့ ရောက်ရှိလာသည့်အခါတွင်
ဂျာမန်တို့ အောင်ပွဲခံရမည်ဟူသောအချက်မှာ လုံးဝမဖြစ်နိုင်တော့
ကြောင်း ဟစ်တလာကိုယ်နှိုက်ကပင် သိလာပြီဖြစ်၏။ ဂျာမနီပြည်
နှင့်တဖြည်းဖြည်း နီးသည်ထက် နီးလာနေကြပြီဖြစ်သော အင်အား
ကြီးမားလှသည့် မဟာမိတ်တပ်မတော်များ၏ ချီတက်လာမှုကို
မည်သူတစ်ဦးတစ်ယောက်မှ တားဆီး၍ မရနိုင်တော့သည့် အခြေ
အနေသို့ ရောက်ခဲ့ပြီဖြစ်၏။ နောက်ဆုံးတွင် ဤတပ်မတော်ကြီး
များသည် အင်အားကြီးမားမှုကိုလည်းကောင်း၊ အောင်ပွဲ၏ အရသာ
ကိုလည်းကောင်း၊ ကမ္ဘာ့လက်စားချေလိုမှု၏ ပြင်းပျသော စိတ်ဓာတ်
ကိုလည်းကောင်း သယ်ဆောင်ချီတက်လာခဲ့ကြပြီတကား။

တစ်ခါက အကောင်အထည် ပေါ်လုနီးပါးဖြစ်လာခဲ့သော

* Gothic Line
** Ardennes Offensive
*** Army Group Vistula





ဟစ်တလာ၏အိပ်မက်မှန်သမျှ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလလောက်
တွင် ပြိုကွဲပျက်စီးတော့မည့် အရိပ်အရောင်များ ပေါ်ပေါက်လာ
သောအခါ သူ့အဖို့ မည်သို့ ပြုလုပ်ရပါမည်နည်း။ စင်စစ် သူသည်
ယင်းသို့ ပြိုကွဲပျက်စီးလာနေသည်ကို ဝန်မခံသေးဘဲရှိနေခဲ့၏။ အောင်
မြင်မှုသည် အလားအလာရှိနေသေးသည်ဟူ၍ ငွတ်အမ်မွှယူဆ
နေသေး၏။ အကယ်၍ တစ်စုံတစ်ယောက်သည် ကံဇာတာပါလာ
ခဲ့ပါက ဘုရားသခင်၏ အလိုတော်ကျ မဖြစ်နိုင်သော အရာများ
သည်ပင် ကြံကြံဖန်ဖန် ဖြစ်လာတတ်၏။

ယင်းသို့သောအဖြစ်မျိုးသည် *ဖရက်ဒရစ်ဘုရင်ကြီး လက်ထက်
က ဖြစ်ပွားခဲ့ဘူး၏။ ၁၇၆၂ ခုနှစ်က ဖက်ဒရစ်ဘုရင်ကြီးသည်လည်း
ယခုကဲ့သို့ပင် အကြင်နာကင်းမဲ့သော ရန်သူတပ်များ၏ ဝိုင်းဝန်း
ချီတက်တိုက်ခိုက်ခြင်းကို ခံရ၍ ဘာလင်မြို့တော်တွင် ညှပ်ပူး
ညှပ်ပိတ် မိနေခဲ့၏။ ထိုအချိန်တွင် ဘုရင်ကြီးသည် ကြံရာမရ
ဖြစ်ကာ သူ့ကိုယ်သူ သတ်သေရန်ပင် စိတ်ပိုင်းဖြတ်ခဲ့ပြီးဖြစ်၏။
သို့သော် နောက်ဆုံးအချိန်တွင် သူ၏ သူရဲကောင်း ပီသသော
စိတ်ဓာတ်ကြောင့် အသက်ချမ်းသာရာရခဲ့ပြီး ဘုရားသခင်က
ဝင်၍ကယ်တင်ခဲ့၏။ ဖြစ်ပုံမှာ ယင်းအခိုက်အတန့်တွင်ပင်

*Frederick the Great - ၁၇၄၀ ခုနှစ်မှ ၁၇၈၆ ခုနှစ်အထိ ပရပ်ရှား
နိုင်ငံတွင် စိုးစံခဲ့သည့်ဘုရင်ကြီးဖြစ်သည်။ သူ၏ စစ်ရေးနှင့်အုပ်ချုပ်
ရေးကျွမ်းကျင်မှုကြောင့် ပရပ်ရှားနိုင်ငံသည် တန်ခိုးကြီးမားခဲ့သည်။
၁၇၁၂ ခုနှစ်တွင် မွေးဖြင့်၍ ၁၇၈၆ ခုနှစ်တွင် နတ်ရွာစံသည်။



www.burmeseclassic.com

www.burmeseclassic.com



(ရန်သူနိုင်ငံဖြစ်သော) ရုရှားပြည်ကြီးမှ **ဇာရီနားဘုရင်မကြီးသည် နတ်ရွာစံ ကံတော်ကုန်ခဲ့၏။ တဆက်တည်းဆိုသလိုပင် သံခင်းတမန်ခင်းဆိုင်ရာ ပြောင်းလဲမှုကြီးဖြစ်ပွားကာ ဖရက်ဒရစ်ဘုရင်ကြီးသည် ရန်သူပတ်လည် ဝိုင်းနေသောဘဝမှ လွတ်မြောက်၍ ဘေးရန်ကင်းရှင်းခဲ့ရ‌ပေ၏။

ယင်းသို့ ဆိုလျှင် ယခုဟစ်တလာအဖို့ရာတွင်လည်း သူ၏ သူရဲကောင်းစိတ်ဓာတ်၊ အင်အားကြီးမားသော စိတ်ဓာတ်နှင့် ခေါင်းမာသောစိတ်ဓာတ်တို့၏ အကျိုးကျေးဇူးကြောင့် ဤအခြေအနေဆိုးတို့မှ လွတ်မြောက်နိုင်သည်မဟုတ်ပါလော။ ထို့ကြောင့်ပင် ဟစ်တလာသည် သူ၏သေတမ်းစာ တစ်နေရာတွင် "ကျွန်ုပ်တို့သည် ဖရက်ဒရစ်ဘုရင်ကြီးကဲ့သို့ပင် စုပေါင်းထားသော ရန်သူညွန့်ပေါင်းနှင့် ရင်ဆိုင်တိုက်ခိုက်နေရခြင်း ဖြစ်လေသည်။ တစ်ခု သတိပြုရမည်မှာ စုပေါင်းထားသောရန်သူသည် ထာဝရခိုင်မြဲနေသော အင်အားမဟုတ်ပေ။ လက်တစ်ဆုပ်စာလူတစ်စု၏ အလိုကျသာ တည်မြဲနေခြင်း ဖြစ်လေသည်။ အကယ်၍ ချာချီသာ ရုတ်တရက် မြန်းခနဲ သေဆုံးပျောက်ကွယ်သွားပါက လျှပ်တပြက်အတွင်း အစစအရာရာ အားလုံးပြောင်းလဲသွားနိုင်ပေသည်" ဟူ၍ ဖော်ပြထားသည်

**Tsarina of Russia -၁၇၂၉ ခုနှစ်က ဖွားမြင်ခဲ့၍ ရုရှားပြည်ကြီးကို စိုးမိုးအုပ်ချုပ်ခဲ့သည့် ဒုတိယမြောက် ကက်သရင်း ဘုရင်မကြီး ဖြစ်သည်။





ကို•တွေ့ရ၏။

ယင်းသို့ပင် ဟစ်တလာက ဆင်ခြေပေးခဲ့၏။ သို့ပါလျက် သူသည် သူ့ကိုယ်သူ လှည့်စားမရနိုင်အောင် ဖြစ်ခဲ့ရ၏။ ဘုရားသခင်က ဝင်ရောက်ကယ်တင်လိမ့်မည်ဟူ၍ မျှော်လင့်ချက် မရှိတော့သည်ကို မျှော်လင့်ခဲ့၏။ သို့သော် မျှော်လင့်ချက်ကား ကင်းမဲ့နေပေပြီ။ ယင်းသို့ဆိုလျှင် သူ့အဖို့ ဘာများတတ်နိုင်ပါဦးမည်နည်း။ အမြဲတစေ ဆင်ခြေဆင်လက် တက်တတ်သော ဟစ်တလာအဖို့ လက်တွေ့ကျကျ လူ့လောကကြီးတွင် လုပ်စရာ တစ်ခုသာ ကျန်တော့၏။ ဖရက်ဒရစ်ဘုရင်ကြီးကဲ့သို့ပင် နောက်ဆုံးအချိန်အထိ စောင့်ကြည့်ပြီး တစ်စုံတရာအံ့ဖွယ်သူရဲ ထူးကဲစွာဖြစ်ပွားလာခြင်း မရှိပါက။ ကိုယ့်ကိုယ်ကို သတ်သေလိုက်ရန်ပင် ရှိတော့၏။

သို့သော် ဤအတောအတွင်း ပညာတတ်လူတန်းစားတို့၏ ထုံးစံအရ၊ တစ်စုံတစ်ခု ပြုလုပ်ရန် ကျန်ရှိနေပေသည်။ နှစ်ပေါင်းတစ်ထောင် အစွန့်ရှည်မည့် ဂျာမန် အင်ပိုင်ယာကြီး၏ မူလအစ ပဏာမ အစီအစဉ်များအဖြစ် ၁၉၄၁-၄၂ ခုနှစ်က မှတ်တမ်းတင်ရေးသားခဲ့သည့် ဟစ်တလာ၏ နောက်ဆုံးနိုင်ငံရေးသေတမ်းစာသည် ယခုအခါ အရာမရောက် ခေတ်နောက်ကျနေကြောင်း ထင်ရှားနေပြီဖြစ်၏။ ပညာတတ် လူတန်းစားတို့၏ သေသပ်မှုကို ပြရန်အတွက်လည်းကောင်း၊ ပညာတတ်တို့မည်သည့ နောက်ဆုံးစကားများပြောကြားခဲ့လေ့ရှိကြောင်း ထင်ရှားစေရန်အတွက်လည်းကောင်း နိဂုံးချုပ်မှာတမ်းတစ်ခုကို ပေးပစ်ခဲ့ရန် လိုနေပြီ ဖြစ်၏။ သို့နှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာသည် သူ၏အတွင်းအဇ္ဈတ္တ သဏ္ဍာန်ကို လှစ်ဟရန် နောက်တစ်ကြိမ် ထပ်မံပြင်ဆင်ခဲ့ပြန်လေသတည်း။

ယခုကဲ့သို့ အရှုံးကြီး ရှုံးနေသည့်အချိန်၊ အဖက်ဖက်မှ အကြပ်ကိုင်ခြင်းကို ခံနေရသည့်အချိန်၊ ကျန်းမာရေး ပျက်ပြားနေသည့် အချိန်အခါမျိုးရောက်နေပါလျက်နှင့်ပင် သူသည် အားအင်ကုန်ခမ်းနွမ်းလျသော အမူအရာ၊ အရောင်တောက်၍ တုန်လှုပ်ချောက်ခြားနေသော မျက်လုံးအစုံနှင့် ချိနဲ့ လေးတွဲ့နေပြီဖြစ်သော ကိုယ်ခန္ဓာကို ယခင်ပုံသဏ္ဍာန်အတိုင်း ဟန်ဆောင် အားတင်းကာ "တရားမြတ်ဒေသနာ"၏ နိဂုံးကမ္ပတ် အပြီးသတ် ကဏ္ဍကို လှစ်ဟဟောကြားရန် ပြင်ဆင်လေတော့၏။ ဤအခန်းကဏ္ဍကား သူ၏ စားပွဲဝိုင်းမိန့်ခွန်းအတွက် "စက်ရပ်သတင်း" ဖြစ်၍ နောက်ဆုံးညှပ်ထည့်လိုက်သည့် အဆုံးသတ် "အချုပ်ပို" ပင် ဖြစ်သတည်း။

ဤတစ်ကြိမ်တွင်လည်း ဘောမန်းကပင် လိုအပ်သော အစီအစဉ်များကို လုပ်ဆောင်ပေးခဲ့ရ၏။ ယခုအခါတွင် ဟစ်တလာအဖို့ ယုံကြည်စိတ်ချရမည့် နောက်လိုက်နောက်ပါ တပည့်သာဝကကြီးများအဖြစ် ဘောမန်းနှင့် ဂိုးဘဲလ်တို့နှစ်ဦးသာ ကျန်ရှိတော့၏။ အထူးသဖြင့် ဘောမန်းသည် ဂိုးဘဲလ်ထက် ပို၍ ဟစ်တလာနှင့် အမြဲတစေ မကွဲမကွာ ရှိနေခဲ့၏။ ထို့ပြင်တစ်ဝ လိုရင်းကိုဆိုရလျှင် ဘောမန်းသည် ဂိုးဘဲလ်ထက်ပို၍ ဟစ်တလာအကြိုက်ကို လိုက်လုပ်ပေးတတ်သူဖြစ်၏။ သူ့တွင် ကိုယ်ပိုင်အသိဉာဏ်ဟူ၍ နတ္ထိ၊ သူသခင်၏ ပါးစပ်ဖျားမှ မိန့်ကြားသမျှ တစ်သွေမတိမ်းလုပ်တတ်





သူသာ ဖြစ်ဘိ၏။

သို့ဖြစ်ရာ ယခုတစ်ကြိမ်တွင် အစစအရာရာ ဘောမန်းတစ်ဦးတည်းသာလျှင် စီစဉ်လုပ်ကိုင် ပေးခဲ့ရ၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ ဤကိစ္စတွင် ပါဝင်စွက်ဖက် ဆောင်ရွက်ခဲ့ရခြင်းမရှိ၊ မှန်၏။ ဘာလင်မြို့ အဓိပတိစံအိမ်တော်၏ အောက်တည့်တည့်ရှိ ပိတ်လှောင်နေသော မြေအောက်ပုန်းကျင်းထဲတွင် မည်သူတစ်ဦးတစ်ယောက်၏ အကူအညီကိုမျှ မခေါ်ယူဘဲ၊ ဘောမန်းတစ်ဦးတည်း ကိစ္စအဝဝကို အစစအရာရာ တာဝန်ယူစီစဉ်ခဲ့ရ၏။

ယင်းသို့ ၁၉၄၅ ခု ဖေဖော်ဝါရီလ အတွင်းက စုပေါင်းမှတ်တမ်းတင်ခဲ့သည့် ဘောမန်း၏ မှတ်တမ်း-မှတ်စု အသစ်များ ဖြစ်သော ယင်းလက်နှိပ်စက်စာမူ၏ စာမျက်နှာတိုင်းတွင် စာလုံးကြီးကြီး လက်ရေးကျဲကျဲဖြင့် ပုံပျက်ပန်းပျက်နိုင်လှသည့် ဘောမန်း၏ လက်မှတ်များ အတည်ပြု ရေးထိုးထားသည်ကို တွေ့ကြရ၏။

ဖေဖော်ဝါရီလအကုန်တွင် ဟစ်တလာသည် သူ၏လုပ်ငန်းကို လက်စသတ်ခဲ့ပေသည်။ ထို့နောက် ဧပြီလ ၂ ရက်နေ့တွင် တစ်ကြိမ်ထပ်၍ နောက်ဆုံးမှာတမ်းကို ဖြည့်စွက် ရေးသားခဲ့၏။ သည့်နောက်တွင်မူ အဆိုပါ အထောက်အထား စာရွက်စာတမ်းများကို ဘောမန်းကိုယ်တိုင် တစ်နေရာတွင် ဂရုတစိုက် သိမ်းဆည်းထားခဲ့ပြီး ဟစ်တလာနှင့်တကွ အားအင်ကုန်ခမ်း နွမ်းလျချိနဲ့ နေကြပြီဖြစ်သော သူလူတစ်စုသည် မျှော်လင့်စရာ မရှိတော့သည်ကို မျှော်လင့်သည့်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် "ဇာရီနား ဘုရင်မကြီး နတ်ရွာစံ ကံတော်ကုန်မည့်ရက်" ကို စောင့်ဆိုင်းနေကြလေသတည်း။

"အို· ·ဇာရီးနားသခင် ဘုရင်မကြီး၊ ဘာလင်မြို့ မြေအောက် ပုန်းကျင်းထဲတွင် ပိတ်လှောင်မိနေကြ၍ သေခြင်းတရားနှင့် ရှင်ခြင်း တရားတစ်ပါးပါးကိုသာ အားထားမျှော်လင့်နေကြရသော ဤတွယ် ရာမဲ့ လူအစုအဖို့ ဤနောက်ဆုံး နေ့ရက်များတွင် အရှင်သခင်မကြီး မှတစ်ပါး မှီခိုအားထားစရာမရှိတော့ပါပြီ တကား· · ·"

အမှန်စင်စစ် ယခုတစ်ကြိမ်တွင်လည်း သူတို့တစ်တွေ၏ ယင်းသို့သော စိတ်ရည်မှုကြောင့် တစ်စုံတစ်ခုသော အကျိုးတရား ကို ခံစားကြရမည့် လက္ခဏာမျိုးပေါ်ပေါက်ခဲ့၏။ အံ့ဘွယ်သူရဲ ထူးကဲသော အဖြစ်အပျက်တစ်ခုခု ဖြစ်ပွားလာမည့် လက္ခဏာမျိုး ပေါ်ပေါက်ခဲ့၏။ ဟစ်တလာပြောကြားသမျှ ဘောမန်းက စိတ်ရှည် လက်ရှည် ကြားနာမှတ်သားနေခိုက်တွင် နာဇီ အရေးတော်ပုံ ဇာတ် လမ်းကြီး တစ်ခုလုံး၏ ဇာတ်ဆရာဖြစ်သော ဂိုးဘဲလ်သည် နောက် ဆုံး ပြည်ဖုံးကား ချရတော့မည့် ဇာတ်သိမ်းခန်းအတွက် ပြင်ဆင် နေခဲ့၏။ မတ်လသို့ ရောက်သောအခါ သူသည် တကယ့်ဇာတ် သိမ်းခန်းအတွက် အစစအရာရာ ပြင်ဆင်ပြီးစီးခဲ့ပေပြီ။

သို့ဖြင့် ပြေလသို့ ကူးလာခဲ့ပြီးနောက် ဟစ်တလာသည် အမြော်အမြင်ကြီးမားလှသည့် နောက်ဆုံးစကားများကို မွတ်ကြား ပြီးသောအခါ ဂိုးဘဲလ်သည် ဟစ်တလာအား စိတ်သက်သာရစေ





ခြင်းအလို့ငှာ စာတစ်အုပ်ကို အသံနေ အသံထားဖြင့် ဖတ်ပြခဲ့ရ လေသည်၊ ယင်းစာအုပ်ကား အခြားမဟုတ်၊ ရာဇဝင် စာရေးဆရာ ကြီး ကာလိုင်း ရေးသားခဲ့သည့် "ဖရက်ဒရစ် ဘုရင်ကြီး၏ ရာဇဝင်" အမည်ရှိ စာအုပ်ပင်ဖြစ်၏။ ထိုရာဇဝင် စာအုပ်ကြီးမှ ဇာရီးနား ဘုရင်မကြီး ရုတ်တရက် နတ်ရွာစံ ကံတော်ကုန်သွားခဲ့သဖြင့် ဖရက် ဒရစ် ဘုရင်ကြီးသည် ကိုယ့်ကိုယ်ကို သတ်မသေဖြစ်တော့ဘဲ ရန် သူ့ဘေးမှ ကင်းဝေးခဲ့သည့် အခန်းကို ဖတ်ပြနေရ၏။

နောက်ရက်အနည်းငယ်မျှ ကြာသောအခါ သူတို့လူစုသည် ဇာဘုရင်မကြီး၏ အကြောင်းကိုပင် ပြောဆိုနေကြခိုက်၊ ဝါဒဖြန့်ချိ ရေးဝန်ကြီးဌာနမှ ပုန်းကျင်းရှိရာသို့ တယ်လီဖုန်းခေါ်သံကို မြူးကနဲ ကြားလိုက်ရာ အားလုံးပင် ရင်ခုန်၍ တုန်လှုပ်သွားမိကြ၏။ မျက် နှာတွင် သွေးမရှိတော့သလို ဖြူဖတ်ဖြူရော် ဖြစ်နေသော ဂိုး ဘဲလ်သည် ထိုင်ရာမှ အထိတ်တလန့်ထကာ တယ်လီဖုန်းစကား ပြောခွက်ကို ကောက်ကိုင်ပြီး နားထောင်လိုက်လေသည်။

ချက်ခြင်းဆိုသလိုပင် ဂိုးဘဲလ်သည် ဟစ်တလာရှိရာဖက်သို့ လှည့်၍ အောက်ပါအတိုင်း ကြွေးကြော် လိုက်၏။ "ခေါင်းဆောင် ကြီးခင်ဗျာ· · ·ကျွန်တော် ခေါင်းဆောင်ကြီးကို ချီးကျူးပါတယ်။

**House of Bradenburg -ပုဂံ မြင်စိုင်း စစ်ကိုင်း ပင်းယ အင်းဝ ကုန်းဘောင် စသည့်မြန်မာဘုရင်မင်းဆက်များကဲ့သို့ ဂျာမနီအရှေ့ ပိုင်း ဘရန်ဒင်ဘက်ပြည်နယ်မှ ဂျာမန်အုပ်စိုးသူအဆက်အနွယ် များကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီးရဲ့ အကြီးဆုံးရန်သူဟာ ကြမ္မာငင်လာပါပြီ၊ ဒါဟာ *ဘရန်ဒင်ဘတ် အဆက်နွယ်ရဲ့ အံ့ဘွယ်သူရဲ ထူးကဲချက်ပါပဲ။ "ဇာရီးနား ဘုရင်မကြီး"ဟာ နတ်ရွာစံသွားပါပြီ"

သို့သော် "ဇာရီးနား ဘုရင်မကြီး"ကား ချာချီ မဟုတ်ဘဲ။ ရုစဗဲ့ ဖြစ်နေပေသည်။ ရုစဗဲ့သည် စစ်နိုင်လုဆဲဆဲ ၁၉၄၅ ခု ဧပြီလ ၁၂ ရက်နေ့တွင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ရ ရှာလေပြီတကား။

သို့သော် ဟစ်တလာ့အဖို့ ကံမကောင်း အကြောင်းမလှဘဲ ဖြစ်ရသည်မှာ "ဇာရီးနား ဘုရင်မကြီး"နတ်ရွာစံခဲ့ပြီ မှန်သော်လည်း ယခုတစ်ကြိမ်တွင် သံတမန်ရေးရာ တော်လှန် ပြောင်းလဲမှုများ မဖြစ်ပွားဘဲ နေခဲ့ခြင်းပင်တည်း။

သို့နှင့်ပင် မြေအောက် ပုန်းကျင်းပေါ်သို့ မှောင်မိုက်သော အရိပ်မဲကြီးသည် နောက်တစ်ကြိမ် ထိုးမြဲထိုးလာခဲ့ပြန်လေသည်။

ဧပြီလ ၁၇ ရက်နေ့သို့ရောက်သောအခါတွင်မူ မျှော်လင့်ချက် မှန်သမျှ တစမကျန် ပျောက်ကွယ်ကုန်ခမ်းစပြုလာလေပြီ။ ထိုနေ့မှာပင် ထိုစဉ်က ဘာလင်မြို့တော်တွင် ဟစ်တလာအား စောင့်ရှောက်နေရသည့် နာဇီအရာရှိတစ်ယောက်အား ဘာလင်မြို့တော်ကို စွန့်ခွာသွားရန် ဟစ်တလာက အမိန့်ပေးခဲ့၏။ သူ့တာဝန်မှာ ဘက်ဂတ်စတီန်းမြို့သို့ သွားရောက်၍ ဂျာမန်တို့၏ သီးသန့်ရွှေတုံးရွှေခဲများကို သူရင်ဂျီယာနယ်သို့ သယ်ယူပြောင်းရွှေ့ရန် ဖြစ်၏။

သူထွက်ခွာမသွားမီ ဘောမန်းထံမှ ယုံကြည်စိတ်ချစွာ ပေး





အပ်လိုက်မည့် စာရွက်စာတမ်းအချို့ကို ယူဆောင်သွားရန်နှင့် ယင်းစာရွက်စာတမ်းများကို လုံခြုံသည့် ရပ်ဝေးတစ်နေရာအရောက်ပို့ပေးရန် ဟစ်တလာက သူ့အား မှာကြားလိုက်လေသည်။

ဟစ်တလာ မှာကြားသည့်အတိုင်းပင် သူ့အား ဘောမန်းက ချိတ်ပိတ်ထားသော အထုပ်တစ်ထုပ်ကို ပေးအပ်ခဲ့၏။ အဆိုပါအထုပ်မှာ ယခုအခါ လျှို့ဝှက်သော တစ်နေရာမှ တွေ့ရှိကြရသော ဘောမန်း၏ နောက်ဆုံးမှတ်တမ်း(ဝါ)ဟစ်တလာ၏ နောက်ဆုံး စားပွဲဝိုင်း မိန့်ခွန်းများပင်ဖြစ်သတည်း။

ယင်းမှတ်တမ်းများကို ယခင် ၁၉၄၁-၄၂ ခုနှစ်က ရေးသားခဲ့သည့် အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ပါတီမော်ကွန်းတိုက်သို့ ပို့ဆောင် သိမ်းဆည်းထားခဲ့၏။ ထို့နောက် ၅ ရက်မျှကြာသောအခါ ဟစ်တလာသည် ဗိုလ်ချုပ်ကြီးတစ်ဦးအား အဓိပတိဌာနချုပ်ရုံးကြီးမှ စွန့်ခွာ ထွက်ပြေးရန် အမိန့်ပေးခဲ့လေသည်။ ထိုအချိန်တွင် ရန်သူ့တပ်များ၏ ဝိုင်းဝန်းတိုက်ခိုက်မှုမှာ ပို၍ နီးကပ်လာပြီဖြစ်ရာ အဝိုင်းခံနေရသည့် ဘာလင်မြို့မှ မည်သူမဆို ထွက်ပြေးလိုပါက ထွက်ပြေးခွင့်ပြုထားရလေသည်။

အမှန်စင်စစ်အားဖြင့်လည်း နောက်တစ်နေ့သို့ ရောက်သောအခါ ကျန်ရစ်သူများမှာ လုံးဝထွက်ပေါက်မရှိတော့ဘဲ အဖက်ဖက်မှ နောက်ဆုံးဝိုင်းဝန်းတိုက်ခိုက်မှုကို ခံကြရ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့ သိရသလောက် မည်သည့် စာရွက်စာတမ်းမှ မြေအောက်ပုန်းကျင်းထဲမှအပြင်သို့ရောက်အောင် ပေးပို့ခြင်း မပြုနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ၏ နောက်ဆုံး*ကိုယ်ရေးကိုယ်တာ သေတမ်းစာနှင့် နောက်ဆုံးအချိန်တွင် အီဗာဗရွန်းနှင့် လက်ထပ်ခဲ့သည့် လက်ထပ်စာချုပ်သာလျှင် မပျောက်မပျက်ဘဲ တွေ့ရှိခဲ့ကြရ၏။

ဧပြီလ ၃၀ ရက်နေ့သို့ ရောက်သောအခါတွင်မူ ဟစ်တလာသည် ရာဇဝင်သမိုင်းမှ ဖရက်ဒရစ် ဘုရင်ကြီး၏ အရေးနိမ့်မှုနှင့် စံနမူနာကို ခံယူသောအားဖြင့် လက်တွေ့လည်းကျ၊ ပညာတတ်လူတန်းစားလည်းဆန်သော အလုပ်ကို လုပ်ကိုင်ခဲ့ရတော့သည်။ သူ့အဖို့ "ဇာဘုရင်မကြီး"နတ်ရွာစံခဲ့သည့်တိုင်အောင် ဘေးရန်မှ ကင်းရှင်းလွတ်မြောက်ခြင်းမရှိဘဲ ဖြစ်ခဲ့ရ၍ ဘုရားသခင်က ကယ်တင်စောင့်ရှောက်ခြင်းမရှိဘဲ ဖြစ်ခဲ့၏။ သို့နှင့်ပင် သူသည် သူ့ကိုယ်သူ သတ်သေခဲ့လေသတည်း။

ဤအတောအတွင်း ဆိုခဲ့ပြီးသော စာရွက်စာတမ်းများကား မည်သို့နည်း။ ဟစ်တလာသေဆုံးသည့်အချိန်လောက်တွင် စာရွက်စာတမ်းများကို လက်ခံရရှိထားသူသည် ချိတ်ပိတ်ထားဆဲပင်

---

*၁၉၃၅ ခုဧပြီလ ၂၉ ရက်နေ့က ရေးသားခဲ့သော အဆိုပါ သေတမ်းစာတွင် အီဗာဗရွန်းအား ဘာကြောင့်လက်ထပ်ရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် မိမိပိုင်ပစ္စည်းများကို နာဇီပါတီနှင့်နာဇီအစိုးရလက်သို့လွှဲအပ်ခဲ့ကြောင်း၊ မိမိကွယ်လွန်ပြီးနောက် မိမိအလောင်းကို မည်သို့မည်ပုံသဂြိုဟ်ရန်စသည့်အကြောင်းများပါဝင်ခဲ့သည်။ (စာရေးသူ၏ ဟစ်တလာအတ္ထုပ္ပတ္တိ စာမျက်နှာ ၆၂၃-၆၃၄တွင် ကြည့်ပါ)





ဖြစ်သောအဆိုပါ စာရွက်စာတမ်းများ ပါရှိသည့်အထုပ်ကို လုံခြုံစိတ်ချရသည့်နေရာသို့ ပို့ဆောင်အပ်နှံခဲ့ပြီ ဖြစ်နေပေပြီ။ ယင်းနေရာကား အခြားမဟုတ်၊ ဘက်ဂတ်စတိန်းမြို့မှ တစ်ခုသောဘဏ်တိုက်တစ်တိုက်၏ အာမခံသေတ္တာများထဲတွင် ဖြစ်လေသည်။

သို့သော် များမကြာမီ အဆိုပါ ပုဂ္ဂိုလ်ကိုယ်တိုင်အဖမ်းခံရပြီးနောက် အမျိုးမျိုးသော စစ်ရာဇဝတ်ပြစ်မှုများဖြင့် တရားစွဲဆိုခြင်းခံရကာ ထောင်ဒဏ်အပြစ်ပေးခြင်း ခံခဲ့ရသည်။ ယင်းသို့ ထောင်ကျခံနေရစဉ် အတောအတွင်း သူသည် ဘက်ဂတ်စတိန်းမြို့တွင် ကျန်ရှိနေခဲ့သည့် စာရွက်စာတမ်းများအတွက် တစ်နေ့တစ်ရက်မှ စိတ်မအေးဘဲ အထိတ်ထိတ် အလန့်လန့် ဖြစ်ခဲ့ရသည်။ အကယ်၍ ဤစာရွက်စာတမ်းများ၏ လျှို့ဝှက်ချက်များသာ ပေါက်ကြားကွဲရှသွားခဲ့ပါက အာဏာပိုင်များ၏ မျက်စိထဲတွင် မိမိအား ပို၍ ပြစ်ကြီးမားသူ တစ်ယောက်အဖြစ် ထင်မြင်ယူဆမည်မှာ မုချဖြစ်သည်။ သို့ဖြစ်ရာ သူသည် အဆိုပါစာရွက်စာတမ်းများကို ဖျောက်ဖျက်ပစ်ရန် ကြံစည်ရတော့သည်။

ကံအားလျော်စွာ နောက်ဆုံးတွင် သူသည် အဆိုပါစာရွက်စာတမ်းများကို ဖျောက်ဖျက်ပစ်ရန်အတွက် အခွင့်အလမ်းတစ်ခု တွေ့ရှိခဲ့သည်။ ထောင်ထဲမှပင်နေ၍ သူ့အကြံအစည်ကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဖြစ်ပုံမှာ ထောင်ကျနေသူများအဖို့ အပြင်လောကနှင့် ဆက်သွယ်မှုများ ရံဖန်ရံခါရှိတတ်ကြသည်ဖြစ်ရာ တစ်နေ့တွင် သူသည် အပြင်မှ ယုံကြည်စိတ်ချရသော မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေ ဝတ်လုံတစ်ယောက်အား ဘက်ဂတ်စတိန်းမြို့သို့ သွားရောက်၍ ဘဏ်တိုက်တွင်သူအပ်နှံထားခဲ့သည့် စာရွက်စာတမ်းများကို ထုတ်ယူခွင့်ရရှိရန် ကိုယ်စားလှယ်လွှဲစာတစ်စောင် ရေးသားပေးပို့နိုင်ခဲ့သည်။ အဆိုပါ စာရွက်စာတမ်းထဲမှ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သည့် စာများကို ရွေးချယ်ချန်လှပ်ပြီးနောက် "ကျန်အားလုံး"ကို မီးရှို့ပစ်ရန် သူ့မိတ်ဆွေအား မှာလိုက်သည်။ "ကျန်အားလုံး"ကား ဟစ်တလာ၏ နောက်ဆုံးစားပွဲဝိုင်းမိန့်ခွန်းများပင်တည်း။

သူ့မိတ်ဆွေကလည်း သူမှာသည့်အတိုင်း ဆောင်ရွက်ခဲ့သည်။ ရှေးဦးစွာ စာရွက်စာတမ်းကို ဘဏ်တိုက်မှ ထုတ်ယူပြီးနောက် ကိုယ်ရေးကိုယ်တာ စာရွက်များကို ရွေးချယ်ချန်လှပ်ကာ ကျန် စာရွက်စာတမ်းများကို မီးရှို့ပစ်ရန် စီစဉ်ခဲ့သည်။

သို့သော် ယင်းစာရွက်များကို မီးတင်မရှို့မီ မည်သို့သောစာရွက်များဖြစ်လေသနည်းဟူ၍ အမှတ်မထင် ဖတ်ကြည့်မိရာမှ နောင်လာနောက်သားများအဖို့ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည့် သမိုင်းဝင် အထောက်အထားမှတ်တမ်းများ ဖြစ်နေသည်ကို တွေ့ရတော့သည်။

သူ့အဖို့ ဘာလုပ်ရပါမည်နည်း။ တစ်ဖက်တွင် သူ့မိတ်ဆွေအမှုသည်က ဤစာရွက်စာတမ်းများကို မီးရှို့ပစ်ရန် အတိအလင်းမှာကြားခဲ့သည်ဖြစ်ရာ သူ့အဖို့ ပုဂ္ဂိုလ်ရေးတာဝန်အရ မှာကြားသည့်အတိုင်း လုပ်ရန်သာရှိသည်။ သို့သော် အခြားတစ်ဖက်မှ သမိုင်း၏ လိုအပ်ချက်ကသည်း ဤစာရွက်စာတမ်းများကို ထိန်းသိမ်းထားရန်





အလားတူပင် အတိအလင်း တိုက်တွန်းလျက်ရှိရာ အများပြည်သူနှင့် ပတ်သက်သည့် တာဝန်အရ ယင်းတိုက်တွန်းချက်ကို လိုက်နာရမည်ဖြစ်၏။

ယင်းသို့ အကြပ်ရိုက်နေသည့် အခြေအနေတွင် သူသည် ဥပဒေသမားပီပီ သေသေသပ်သပ်နှင့် ဥပဒေဘောင်မှ လွတ်အောင် ပရိယာယ်တစ်ခုကို ကြံဆောင် လုပ်ကိုင်ခဲ့လေသည်။ ရှေးဦးစွာ သူသည်အဆိုပါ အထောက်အထားစာရွက်စာတမ်းများကို ဓာတ်ပုံရိုက်ကူးပြီးနောက် ယင်းဓာတ်ပုံများကို လျှို့ဝှက်သော နေရာတစ်နေရာတွင် လုံခြုံအောင် သိမ်းဆည်းထားလိုက်၏။ ယင်းသို့ လုပ်ကိုင်ခဲ့ခြင်းဖြင့် သူသည် နောင်လာနောက်သားများအတွက် သူထမ်းဆောင်ရန် ရှိနေသည့် တာဝန်ကို ဆောင်ရွက်ခဲ့၏။

ထို့နောက်သူသည် မူရင်းစာရွက်စာတမ်းများကို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရဖြင့် မီးရှို့ဖျက်ဆီးပစ်လိုက်၏။ ဤနည်းအားဖြင့် သူသည် သူ၏အမှုသည်အတွက် ထမ်းရွက်ရန် ရှိနေသော တာဝန်ကိုလည်း ကျေပွန်အောင် ဆောင်ရွက်ခဲ့၏။

စင်စစ်အားဖြင့် ဥပဒေသမားပီပီ ဥပဒေလွတ်အောင် ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းသည် ကြာကြာဖုံးကွယ်ထား၍ ရမည်မဟုတ်ပေ။ နောက်နှစ်အနည်းငယ်အကြာတွင် ဤစာရွက်စာတမ်းများ၏ မူလပိုင်ရှင်သည် ထောင်မှလွတ်လာခဲ့ပါက၊ ဤကိစ္စသည် အမှန်အတိုင်း ပေါ်ပေါက်လာမည်မှာ သေချာ၏။ သို့ဖြစ်ရာ သူသည် ဤကိစ္စအတွက် တအုံ့နွေးနွေး စိတ်မအေးဘဲ ဖြစ်ခဲ့ရပြန်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ သူသည် သမိုင်း၏လိုအပ်ချက်ကို လိုက်လျောရန် ဆုံးဖြတ်ခဲ့လေသည်။ သူသည် တစ်ဖက်မှ ချေပလျှောက်လဲချက်ကိုပယ်ချခဲ့ပြီးနောက်၊ ဤကိစ္စတွင် သူပါဝင်စွက်ဖက်ခဲ့ရ၍ မရှင်းမရှင်းဖြစ်နေသော အပိုင်းကို မသိလိုက် မသိဘာသာ ခပ်အေးအေး သဘောထားပစ်လိုက်လေသည်၊ သို့နှင့်ပင် အဆိုပါ စာရွက်စာတမ်းသည်တစ်နေရာတွင် အမှတ်မထင်ကျန်ရှိနေခဲ့ရာမှ နောက်ဆုံး၌ ယခုကဲ့သို့ ပုံနှိပ်ထုတ်ဝေခွင့်ရရှိရန် အကြောင်းကံဖန်တီးလာခြင်း ဖြစ်လေသည်။

အထက်ပါတို့မှာ ယခုအခါ ဂျာမနီတွင် အများပြည်သူတို့ လေ့လာဖတ်ရှုခွင့်ရရှိလာကြသည့် ယင်းအထောက်အထားစာရွက်စာတမ်းအသစ်များ၏ နောက်ခံအဖြစ်အပျက်များပင် ဖြစ်လေသည်။

ယင်းစာရွက်စာတမ်းများ၏ စစ်မှန်မှုနှင့် ပတ်သက်၍မူ မည်သို့မျှ သံသယဖြစ်စရာမရှိပေ၊ ၎င်းတို့၏ သမိုင်းဖြစ်စဉ်သည်လည်းကောင်း၊ ပါဝင်သော အကြောင်းအရာများသည် လည်းကောင်း နေရာအနှံ့အပြား သက်သေခံအဖြစ် ရေးထိုးထားသည့် ဘောမန်း၏ သိသာထင်ရှားလှသော လက်မှတ်များသည်လည်းကောင်း မည်သို့မျှ ဒွိဟဖြစ်စရာ မလိုပေ။ အထူးသဖြင့် ဟစ်တလာ၏စိတ်ဓာတ်ကို လေ့လာသိရှိထားသူမှန်သမျှ ဤစာရွက်စာတမ်းများတွင် ပါဝင်သောအချက်အလက်များကို ကြည့်ရုံမျှနှင့်ပင် ဤစာရွက်စာတမ်းများ၏ စစ်မှန်မှုသည် ပြည့်စုံလုံလောက်နေပြီဖြစ်သည်။

အနှစ်သာရအားဖြင့် ဆိုရလျှင် ဤစာရွက်စာတမ်းများသည်





ဟစ်တလာ၏ ပြီးပြည့်စုံသော နိုင်ငံရေး သေတမ်းစာပင် ဖြစ်၏။ ခင်စစ် ဧပြီလ ၂၉ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည့် သူ၏ ဘာရားဝင် "နိုင်ငံရေးသေတမ်းစာ" နှင့် (ဘောမန်းအား အာဏာကုန်လွှဲအပ်ခဲ့သော)သူ၏ ကိုယ်ရေးကိုယ်တာ သေတမ်းစာများမှာ ထုံးစံအရ တစ်ပိုင်းတစ်စ အကျဉ်းချုပ်မျှသာ ဖြစ်လေသည်။

တစ်စုံတရာ ထူးကဲစွာဖြစ်ပွားလာပါမှ ဘေးရန်ကင်းရှင်း၍ ထွက်ပေါက်ရနိုင်မည့် အခြေအနေဆိုးများနှင့် ရင်ဆိုင်နေရသည့် ကာလ၌ ပြောကြားခဲ့သည့် ဤမိန့်ခွန်းများတွင် ဟစ်တလာသည် အနိုင်နှင့်အရှုံး နှစ်ခုစလုံးဖြင့် ရင်ဆိုင်ခဲ့ရသည့် စစ်ကြီးနှင့် ပတ်သက်သမျှ ပြဿနာအရပ်ရပ်ကို လွှမ်းခြုံသုံးသပ်ဖော်ပြခဲ့လေသည်။ တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းလှသည့် အာဏာသိမ်းပွဲကာလ အတွင်းက ပြောကြားခဲ့၍ ရော့စ်ချနင်းမှတ်တမ်းတင်ခဲ့သည့် ပထမဆုံး စားပွဲဝိုင်းမိန့်ခွန်းများကို "ကျွန်ုပ်၏ အာဏာဖြင့် ဂျာမနီတွင် ဆောင်ရွက်မည့် အစီအစဉ်များ" ဟူ၍ ခေါင်းစဉ်တတ်သင့်ပေသည်၊ တဖန် ကမ္ဘာကြီးအား စိုးမိုးသိမ်းပိုက်ခဲ့သည့် တုန်လှုပ်ချောက်ချားဖွယ်ရာ ရက်များအတွင်းက ပြောကြားခဲ့၍ "ဘောမန်း၏ မှတ်တမ်းများ" အဖြစ် ထုတ်ဝေခဲ့သည့် "စားပွဲဝိုင်းမိန့်ခွန်းများ၏" ဒုတိယအပိုင်းကို "ကျွန်ုပ်စိုးမိုးသိမ်းပိုက်ခဲ့သည့် ကမ္ဘာကြီးတွင် ဆောင်ရွက်မည့် အစီအစဉ်များ" ဟူ၍ခေါင်းစဉ်တပ်နိုင်ပေသည်။

ထို့နောက် ကမ္ဘာကြီးအား စိုးမိုးသိမ်းပိုက်ရေးနှင့် ဂျာမနီတွင် အာဏာတည်မြဲရေး စီမံကိန်းနှစ်ခုစလုံး မိမိမျက်စိအောက်တွင် ပြို



www.burmeseclassic.com

www.burmeseclassic.com



ကွဲပျက်စီးခဲ့၍ ကျဆုံးမှုနှင့် ရှုံးနိမ့်မှုများကို ရင်ဆိုင်လာရသည့် ကာလတွင် ပြောကြားခဲ့သော စားပွဲဝိုင်း မိန့်ခွန်းများ၏ တတိယပိုင်းကိုမူကား "ကျွန်ုပ်ဘာကြောင့် စစ်ရှုံးခဲ့ရသလဲ၊ ဘာတွေ မှားခဲ့သလဲ" ဟူ၍ ခေါင်းစဉ်တပ်နိုင်ပေသည်။

သို့ဖြစ်ရာ ဘာတွေများမှားခဲ့ပါသလဲ၊ ဟစ်တလာ၏ အမှားများတွင် စစ်ဖြစ်အောင် လုပ်ခဲ့ခြင်း၊ သို့မဟုတ် ဤစစ်ပွဲ ထိုစစ်ပွဲစသည်များကို ဖန်တီးခဲ့ခြင်းများသည် မှားခဲ့သလော၊ ဗြိတိန်ကို နိုင်အောင် မတိုက်နိုင်သေးမီ၊ ရုရှားကို ဝင်တိုက်ခဲ့ခြင်းသည် မှားခဲ့သလော၊ မြေထဲပင်လယ်ဒေသကိုလည်းကောင်း၊ အာဖရိကမြောက်ပိုင်းကိုလည်းကောင်း၊ *လီဗင့်ဒေသကိုလည်းကောင်း လွယ်လွယ်ဖြင့်တိုက်ခိုက် သိမ်းပိုက်နိုင်သည့် အချိန်တွင်၊ သိမ်းပိုက်နိုင်ရန်ခဲယဉ်းလှသည့် ရုရှားပြည်ကြီးအား ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းသည် မှားခဲ့ပါသလော၊ မြေထဲပင်လယ်ဒေသကို ၁၉၄၀ ခုနှစ်က မသိမ်းပိုက်ခဲ့ခြင်းသည် မှားခဲ့သလော၊ သို့မဟုတ် အချိန်အခါကို မတွက်ဆတတ်ခြင်းသည် မှားခဲ့သလော၊ (၁၉၃၈ ခုနှစ်က သူတွက်ဆခဲ့သလို) ကမ္ဘာစစ်ကြီးကို ၁၉၄၂ ခုနှစ် အထိ ရွှေ့ဆိုင်းသင့်ပါသလော၊ သို့တည်းမဟုတ်(၁၉၄၅ ခုနှစ်တွင် သူယူဆပြန်သလို)ဤ စစ်ကြီးကို ၁၉၃၈ ခုနှစ်ကပင် စတင်တိုက်ခိုက်သင့်ပါသလော၊ ဗြိတိန်နှင့်

---

*Levant မြေထဲပင်လယ်ဒေသ၏ အရှေ့ဖက်ကမ်းရိုးတန်းကို ပြင်သစ်နှင့် အီတလီဘာသာဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

သုခမစာပေတိုက်



သော်လည်းကောင်း၊ စပိန်နှင့်သော်လည်းကောင်း ဆက်ဆံရာ၌ မှားခဲ့ပါသလော၊ သို့တည်းမဟုတ် "ကျွန်ုပ်နှင့်တန်းတူဖြစ်သော၊ အချို့နေရာများတွင် ကျွန်ုပ်ထက်ပင် သာလွန်နေသော"ပုဂ္ဂိုလ်ကြီးဖြစ်သည့် မုဆိုလီနီအပေါ်တွင် အလိုလိုက်ခဲ့လွန်းပါသလော။ မုဆိုလီနီသည် အီတလီအမျိုးသားများနှင့် ပတ်သက်၍ တာဝန်များပိနေခဲ့သလို သူသည်လည်း ဂျာမန်အမျိုးသားများ၏ တာဝန်များပိနေခဲ့သည် မဟုတ်ပါလော။ သူသည် "ဝင့်ဝါ၍ စိတ်ကြီးဝင်တတ်ကြသည့် ကျွန်းသူကျွန်းသားများ"ဖြစ်ကြသော ဗြိတိသျှတို့နှင့် မဟာမိတ်ဖြစ်သည်အထိ ထိန်းထိန်းသိမ်းသိမ်း လုပ်သင့်ပါသလော။ သို့မဟုတ် ယခုထက်ပြတ်ပြတ်သားသား တိုက်ပစ်သင့်ပါသလော၊ အကယ်၍ လူ့အဖွဲ့အစည်းကြီး၏ အခြေခံများကို ချိုးဖောက်သည့် အနေမျိုးသော်လည်းကောင်း၊ တစ်ဝက်ကျော်ကျော်သူ၏ ရန်သူများဖြစ်နေကြသည့် အီတလီ၊ ပြင်သစ်၊ စပိန်နှင့် တန်ဖိုးမရှိသည့် လက်တင်မဟာမိတ်များဖြင့် မဟာမိတ်ဖွဲ့စည်းမှုအခြေခံများ ပြိုကွဲပျက်စီးသည့် အဓိပ္ပာယ်မျိုးရောက်ရှိသွားသည့်တိုင်အောင် သူကိုယ်သူ ကမ္ဘာ့တော်လှန်ရေး၊ ကိုလိုနီဝါဒ ဆန့်ကျင်ရေးနှင့် ပစ္စည်းမဲ့အရေးတော်ပုံကြီး၏ တပ်ဦးမှ မနေသင့်ပါသလော။

အထက်ပါ အားလုံးတို့မှာ ဖြစ်နိုင်သော အမှားများပင်ဖြစ်၏။ ဤစစ်ကြီးနှင့် ပတ်သက်၍ ပြင်းထန်ဆိုးဝါးလှသည့် အကျိုးတရားများ ဖြစ်ပွားပေါ်ပေါက်လာ၍ ယခုကဲ့သို့ ဒဏ်ရာဒဏ်ချက်များကို စစ်ဆေးကြည့်ရှုရာ၌ ဤအချက်များ အားလုံးကို ထည့်သွင်းစဉ်း

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



စားရန် လိုအပ်ပေသည်။

ယင်းသို့လိုအပ်သည့်အတိုင်းပင် ဟာစ်တလာသည် ဤအချက်များကို စဉ်းစားခဲ့၏။ အသံထွက်အောင်ပင် စဉ်းစားခဲ့၏။ သူ့စိတ်သည် ဤအရေးကြီးလှသည့် အကြပ်အတည်းများ အကြောင်းကို ထပ်ခါတလဲလဲ တဝဲလည်လည် စဉ်းစားနေမိ၏။

ဤအကြပ်အတည်းများသည် သူ့အဖို့ပြင်မရသည့် အမှားများပမာဖြစ်နေ၏။ အလိုရမက်ကြီးသလောက် ထင်တိုင်းမပေါက်ဘဲ ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရသူတိုင်းသည် များသောအားဖြင့် ယင်းသို့ နောက်နောင်က ဖြစ်ခဲ့သမျှကို တဝဲလည်လည် စဉ်းစားမဆုံးနိုင်အောင် ဖြစ်တတ်ကြ၏။

မည်သို့ဖြစ်စေ သူတို့၏ အဆုံးသတ် ကောက်ချက်များသည် အမြဲတစေမှုမမှန်ဘဲ ဖြစ်နေတတ်၏။ သူတို့သည် သူတို့လုပ်သင့် လုပ်ထိုက်သည်ဟု ယူဆသော အလုပ်များကို မလုပ်ခဲ့ရကောင်းလားဟု စဉ်းစားတတ်ကြ၏။ သို့သော် ဤအလုပ်များအား ပိတ်ပင်ဟန့်တားလာမည့် ကြီးမားသော အတားအဆီးများနှင့် ပတ်သက်၍မူ မကြာခဏမေ့လျော့နေတတ်ကြ၏။ ဤအတားအဆီးများသည် သူတို့ကြိုးစားလုပ်ကိုင်သမျှကို အချည်းနှီး အလဟဿဖြစ်လောက်အောင် ထိရောက်သည့် တန်ပြန်အဖျက်အဆီးများ ဖြစ်သည်ကိုလည်း သူတို့မေ့လျော့နေတတ်ကြ၏။ သို့ဖြစ်ရကား လူတို့၏အသိဉာဏ်ဟူသည် ကိုယ်လိုရာသာ ကိုယ်ဆွဲ၍ ရွေးချယ်တွေးခေါ်တတ်သော ဖောက်ပြန်ချွတ်ယွင်းသည့် ကြိယာတန်ဆာပလာတစ်





ပင်တည်း။

ဟာစ်တလာ၏ အသိဉာဏ်သည် အထူးသဖြင့် ယခုကဲ့သို့ ကိုယ်လိုရာ ကိုယ်ဆွဲ၍ တွေးခေါ်မြော်မြင်ရာ၌ ပိုမိုထူးချွန်သည်ဟု ဆိုရမည်ဖြစ်၏။ ဥပမာကြည့်မည်ဆိုပါက ဗိုလ်ချုပ်ကြီး ဖရန်ကိုအား စစ်ကြီးအတွင်း သူ့ဘက်ပါအောင် ဆွဲသွင်းရန် ကြိုးစားသည့် ကိစ္စနှင့် စပ်လျဉ်း၍ ၁၉၄၀ ခုနှစ်က သူ၏အတွေးအခေါ်များတွင် ယင်းသို့ တွေ့ရမည်ဖြစ်၏။

ဟာစ်တလာသည် ၁၉၄၅ ခုနှစ်တွင် ထုံးစံအတိုင်း ဤသို့ ယူဆခဲ့၏။ "ကျွန်ုပ်သည် ၁၉၄၀ ခုနှစ်က စပိန်ပြည်အား စစ်ထဲသို့ ဆွဲမသွင်းခဲ့မိခြင်းအတွက် မှန်သည်/မှားသည်ကို မကြာခဏ ကိုယ့်ကိုယ်ကို ပြန်လည်မေးမြန်းခဲ့ပေသည်။ ထိုစဉ်က စပိန်အား စစ်ဘဲ ဆွဲသွင်းရန်မှာ လွယ်လွယ်နှင့် ပြော၍ ဖြစ်နိုင်သည့် ကိစ္စပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် စပိန်သည် ထိုစဉ်က အီတလီ၏နမူနာအတိုင်း လိုက်နာလုပ်ဆောင်ရှက်ရန် အထူးပင်အားကျနေသည့်ပြင် စစ်နိုင်နေသည့် အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်လိုသောကြောင့်ပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စပိန်သည် တကယ်တန်းအားဖြင့် ထိထိ ရောက်ရောက် ပါဝင်ကူညီရန် စီးစဉ်းမျှ ဖော်ပြခြင်းမရှိကြောင်း တွေ့ရှိရသည့် အချိန်မှစ၍ ၎င်း၏ တိုက်ရိုက်ပါဝင်စွက်ဖက်မှုသည် မလိုလားအပ်ဟူ၍ ကျွန်ုပ် အပြီးအပိုင် ဆုံးဖြတ်ခဲ့ပေသည်။"



www.burmeseclassic.com

www.burmeseclassic.com



•သူက ဆက်လက်ဖော်ပြရာ၌ ယင်းသို့ စပိန်၏ ပါဝင်စွက်ဖက်ခြင်းမရှိဘဲနှင့် ဂျီဘရောလ်တာကျွန်းဆွယ်ကို အလွယ်တကူနှင့် သိမ်းပိုက်နိုင်၏။ ဖရန်ကိုကသာ လျစ်လျူရှုနေပါက မည်သည့် စစ်ကြေညာမှုကိုမှ မပြုလုပ်ဘဲ စစ်မိုလ်တစ်ဦးဦးကွပ်ကဲသော ကွန်မန်ဒိုတပ်များဖြင့်ပင် သိမ်းပိုက်နိုင်ပေသည်ဟူ၍ ပါရှိခဲ့သည်။ တကယ့် အခက်အခဲမှာ ဖရန်ကိုအား စစ်ထဲသို့ ဆွဲသွင်းရန်မဟုတ် စစ်ထဲတွင် ပါမလာအောင် လုပ်ရန်သာ တကယ့်အခက်အခဲ ဖြစ်သည်ဟု ဆိုခဲ့၏။ "အတိအကျဆိုရလျှင် လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်ခန့်က ကျွန်ုပ်တို့၏ အောင်ပွဲမှ ရှောင်ခွာ ထွက်ပြေးခဲ့သော အီတလီအား ကျွန်ုပ်တားဆီးခြင်း မပြုနိုင်သကဲ့သို့ပင်တည်း‥" ဟူ၍ သူက မှတ်ချက်ချခဲ့လေသည်။

"ကမ္ဘာပေါ်တွင် အလွယ်ဆုံးကိစ္စ" "ဖရန်ကို၏လျစ်လျူရှုမှု" စသော သူကိုယ်သူနှိမ့်ချသည့် ဤစာပိုဒ်များကြောင့် ၁၉၄၀ ပြည့်နှစ်က ဟစ်တလာသည် ဖရန်ကိုအား ဆွဲဆောင်သိမ်းသွင်းခဲ့ပုံများကို မည်သူတစ်ဦးတစ်ယောက်က သံသယဖြစ်လာပါဦးမည်နည်း။

ဖရန်ကိုအား စစ်ထဲပါလာအောင် ဟစ်တလာမည်မျှ တောင်းပန်ခဲ့သည်ကိုလည်းကောင်း၊ အနည်းဆုံးကျာမန်တပ်များကို စပိန်ပြည်တွင်းသို့ ဝင်ခွင့်ပြုရန်တောင်းပန်ခဲ့သည်ကိုလည်းကောင်း ဖရန်ကိုက အမြဲတန်းငြင်းပယ်ခဲ့သည်ကို မည်သူက သံသယဖြစ်ပါဦးမည်နည်း။





ထိုခေါင်းမာလှသည့် အာဏာရှင်(ဖရန်ကို)အား ဖြားယောင်းသွေးဆောင်ရန်အတွက် ဟစ်တလာသည် သူကိုယ်သူ နှိမ့်ချ၍ သူကိုယ်တိုင် *"ပိုင်းရင်းနီးစ်တောင်ခြေ"သို့ သွားရောက်ကာ ကိုးနာရီလုံးလုံးနှားချခဲ့ပါလျက် နောက်ဆုံးတွင် ဘာတစ်ခုမှ အရာမရောက်ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့ရပုံများကို မည်သူက သံသယဖြစ်ပါဦးမည်နည်း။

ထို့နောက် ယင်းသို့သော တွေ့ဆုံပြောဆိုမှုမျိုးကို နောက်တစ်ကြိမ်ပြုလုပ်မည့်အစား ဖရန်ကိုအား ပါးစပ်ထဲမှ သွားသုံးလေးချောင်းလောက် ကျိုးထွက်အောင် ရိုက်ပစ်ချင်လှသည်ဟူ၍ မူဆိုလီနီအား ပြောဆိုကာ အဆိုပါ ဝင်ရိုးတန်းနိုင်ငံများ၏ "ဆင်ခြင်တုံတရားကင်းမဲ့လှသည့် သားတစ်ယောက်"ဖြစ်သော ဖရန်ကိုအား မူဆိုလီနီ အနေဖြင့်သာ ပြောဆိုစည်းရုံးပါရန် တောင်းပန်ခဲ့သည်များကို မည်သူက သံသယဖြစ်ပါဦးမည်နည်း။

စစ်ထဲပါရန် ဖရန်ကိုက ငြင်းပယ်ခဲ့သည့်အတွက် ဟစ်တလာသည် ဖရန်ကိုအား ခါးခါးသီးသီး အမုန်းကြီးမုန်းခဲ့ရာ နောက် ၂ နှစ်တိုင်တိုင် ဖရန်ကို၏ အမည်ကိုကြားရရုံမျှနှင့် ဒေါသအမျက်

*စပိန်အား စစ်ထဲပါအောင် သွေးဆောင်သိမ်းသွင်းရန် ဟစ်တလာကိုယ်တိုင် ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလ ၂၃ ရက်နေ့က စပိန်နယ်စပ် ပိုင်းရင်းနီးစ်တောင်ခြေမှ ဟင်ဒါယီမြို့ကလေးသို့ သွားရောက်၍ ဖရန်ကိုနှင့် တွေ့ဆုံခဲ့သည်ကို ဆိုလိုသည်။ (စာရေးသူ၏ဟစ်တလာအတ္ထုပ္ပတ္တိ စာမျက်နှာ ၅၃၉-၅၄၀ တွင်ကြည့်ပါ)



www.burmeseclassic.com

www.burmeseclassic.com



ချောင်းချောင်းထွက်ကာ ပါးစပ်မှ ကျိန်ဆဲမိသည်အထိ ဖြစ်ခဲ့ရ၏။ သူရဲဘောနည်း၍ သတ္တိကြောင်သူ မပြတ်သားသူဟူ၍လည်းကောင်း၊ လေဖောင်းနေသော ဥဒေါင်းငှက်ဟူ၍လည်းကောင်း၊ ရာဇပလ္လင်ပေါ်တွင် အချောင်ဝင်ထိုင်သူဟူ၍လည်းကောင်း အမျိုးမျိုး ရေရွတ်ခဲ့သည်။ သို့ရာတွင် သူ၏ "ထုံထိုင်းမိုက်မဲလှသော" ပြုမူ လုပ်ဆောင်ချက်များဖြင့် ဂျီဘရော်တာကျွန်းဆွယ်ကို ငါးရက်အတွင်း သိမ်းပိုက်နိုင်ဖွယ်ရာရှိ၏။ ထို့ပြင် "ဗြိတိသျှနှင့် အမေရိကန်တို့ အနေဖြင့် အာဖရိက မြောက်ပိုင်းကို ဘယ်သောအခါမှ ခြေမချနိုင်ဘဲ ဟာလာဟင်းလင်းဖြစ်နေသည့် × "နူးညံ့ပျော့ပျောင်းလှသော ဝင်ရိုးတန်းနိုင်ငံများ၏ ဝမ်းဗိုက်သားကိုလည်း ထိုးဖောက်နိုင်ဖွယ်ရာမရှိပေ။

ယင်းသို့ဖြင့် ဟစ်တလာသည် နောက်ထပ် ၂ နှစ်မျှကြာသည်အထိ ဖရန်ကို၏အမည်ကို နားမှ လေသံမကြားရအောင် ပိတ်ပင်ထားခဲ့၏။ သို့ပါလျက် ယခု ၁၉၄၅ ခုနှစ်တွင်မှ စပိန်နိုင်ငံအား ၁၉၄၀ ခုနှစ်က စစ်ထဲပါအောင် လုပ်ရန်မှာ "လွယ်လွယ်ကလေးပါ" ဟူ၍ ဟစ်တလာက သူ့ထုံးစံ သူ့လေသံအတိုင်း ခပ်တည်တည် ပြောလာသည်ကို ကျွန်ုပ်တို့ ကြားကြရပြန်သည်။ ထိုမျှမက စပိန်အား စစ်ထဲပါမလာအောင်ပင် မနည်းလုပ်ခဲ့ရပါသည်ဟု ဆိုလိုက်

---

×Soft Underbelly of the Exis မြေထဲပင်လယ်ဘက်မှာ အလွယ်တကူ ဝင်ရောက်၍ တိုက်ခိုက်သိမ်းပိုက်နိုင်သည့် အီတလီပြည်ကို ဆိုလိုသည်။





ပြန်သေးသည်။ ဟစ်တလာသည် ၁၉၄၀ ခုနှစ်က ဖြစ်ရပ်များကို လွယ်လွယ်နှင့် မေ့တတ်သူပါတကား။

စစ်ကြီးနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ကာ ဒဏ်ရာဒဏ်ချက်များကို စစ်ဆေးရာ၌ ဟစ်တလာသည် ယင်းကဲ့သို့သော အမှားမျိုးနှင့် မေ့လျော့ပေါ့ဆမှုမျိုးကို အများအပြားပြုလုပ်ခဲ့၏။ ယင်းသို့သော မှားယွင်းပေါ့ဆမှုများသည် အရေးကြီးပါသလော။ စင်စစ် ဟစ်တလာ၏ စားပွဲဝိုင်းမိန့်ခွန်းများကို ဖတ်ရှုရာ၌ ကျွန်ုပ်တို့သည် အချက်အလက်များကို ရှာဖွေသည့်အနေဖြင့် မဟုတ်၊ သူ့စိတ်ဓာတ်နှင့် သူ့အကျင့်စာရိတ္တကို စူးစမ်းလေ့လာသည့်သဘောမျိုးဖြင့် ဖတ်ရှုခြင်းသာ ဖြစ်လေသည်။ ဟစ်တလာဘာ့ကြောင့် စစ်ရှုံးရသည်ဆိုသော အချက်ကို ကျွန်ုပ်တို့ မသိလို မသိချင်ကြ။ သူစစ်ရှုံးရပုံကို ဘာကြောင့် သူတွေးမိသလဲဟူသော အချက်ကိုသာ ကျွန်ုပ်တို့ သိလိုပေသည်။

စင်စစ် ဤနှစ်ခုမှာ တစ်ခုနှင့် တစ်ခု အလွန်ခြားနားလှပေသည်။ ယခု နောက်ဆုံးတွေ့ရှိခဲ့ကြသော စားပွဲဝိုင်းမိန့်ခွန်းတွင် အဆိုပါမေးခွန်းများနှင့် ပတ်သက်၍ အဖြေများ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီး ပါဝင်နေပေသည်။ ယင်းအဖြေများ၏ စိတ်ဝင်စားဖွယ်ကောင်းပုံမှာ အဖြေများထဲတွင် ပါဝင်နေသည့် အမှန်တရား၏ အတိုင်းအတာ ပမာဏကြောင့်သာလျှင် မဟုတ်ဘဲ၊ ဟစ်တလာနှင့်တကွ အမျိုးသား ဆိုရှယ်လစ်ဝါဒ၏ ရည်ရွယ်ချက်နှင့် လက္ခဏာရပ်များကို အလင်းရောင်ထိုးပြသလို ပြခဲ့သောကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ ဟာစ်တလာ ဝန်မခံဘဲ ထားခဲ့သည့် အမှားများကို စဉ်းစားကြည့်ကြရန်ဖြစ်၏။ အချို့က ဟာစ်တလာသည် ကမ္ဘာစစ်ကြီးကို စတင်ခဲ့ခြင်းဖြင့် အမှားကို ကျူးလွန်ခဲ့သည်ဟု ဆိုကြ၏။ ဤအချက်ကို ဟာစ်တလာသည် ဘယ်အခါမှ လက်မခံခဲ့ပေ။ စစ်ကြီးကို သူစတင်ခဲ့ခြင်းမဟုတ်ဟူ၍ ငြင်းခဲ့၏။ စစ်ကြီးကို စတင်ခဲ့သူများမှာ မဟာမိတ်များပင်ဖြစ်၍ ယင်းသို့ စတင်ခဲ့သည်မှာလည်း ၁၉၃၉ ခုနှစ်ကမှမဟုတ်၊ ၁၉၃၃ ခုနှစ်ကတည်းကပင် စတင်ခဲ့သည်ဟုဆို၏။ “ဂျာမန်လူထု၏ အခြေခံ ရပိုင်ခွင့်များ” ဟူသော အမည်ဖြင့် တောင်းဆိုခဲ့သည့် တောင်းဆိုချက်မှန်သမျှကို မဟာမိတ်တို့က ငြင်းပယ်ခဲ့ခြင်းဖြင့် စစ်ကြီးကို စတင်ခဲ့သည်ဟု ဆို၏။

အဘယ်ကြောင့်ဆိုသော် အမျိုးသားဆိုရှယ်လစ်ဝါဒသည် ကမ္ဘာကြီးကို လွှမ်းမိုးရန်နှင့် ဆန့်ကျင်ဘက် ရန်သူမှန်သမျှ မလိုလားမှုမှန်သမျှကို အနိုင်ယူရန်အတွက် ပင်ကိုယ်သတ္တိနှင့် မူလဘူတရပိုင်ခွင့်များရှိသည်ဟူ၍လည်းကောင်း၊ လွတ်လပ်စွာခွင့်ပြုချက်မရပါက မည်သည့်အရာကို မဆို အင်အားကို အသုံးပြု၍ အလိုအလျောက် ကိုယ့်တရားကို စီရင်ပိုင်ခွင့်ရှိသည်ဟူ၍ လည်းကောင်း သူက အစမှဆိုခဲ့၏။

ထို့ပြင် အနောက်နိုင်ငံများသည် သူ့အား ခုခံတွန်းလှန်နိုင်ခွင့် လုံးဝမရှိ အဘယ်ကြောင့်ဆိုသော် အကယ်၍ ပြည်သူလူထုကသာ နားလည်သဘောပေါက်ကြမည်ဆိုပါက အမှန်စင်စစ်အားဖြင့် သူသည် အနောက်နိုင်ငံများအတွက် တိုက်ခိုက်နေသူဖြစ်သည်ဟူ၍





ပင် သူက ထပ်လောင်းဆိုလိုက်သေး၏။ ရုရှားပြည်ကြီးအား ခုခံတွန်းလှန်ရန်အတွက် ဥရောပတိုက် တစ်တိုက်လုံးညီညာဖြိုဖြို စုရုံးကြရမည်ဟု သူကကြွေးကြော်ခဲ့၏။ ယင်းသို့ စုရုံးကြရာ၌ “အနောက်နိုင်ငံများအား ရောဂါအန္တရာယ်အသွယ်သွယ်မှ ကင်းရှင်းလွတ်မြောက်စေနိုင်သော” “ကွန်မြူနစ် သွေးစုနာကို ခွဲစိပ်ကုသနိုင်သော” “ဂျူးလူမျိုးများ၏ အဆိပ်အတောက်ကို ဖယ်ရှားပစ်နိုင်သော” ဂျာမန်နိုင်ငံတော်ကြီး၏ အောက်တွင် မည်သို့မည်ပုံ စည်းရုံးရမည်ကို သူမှသူတစ်ယောက်တည်းသာလျှင် သိနားလည်သည်ဟူ၍လည်း ကြွေးကြော်ခဲ့၏။

သို့ဖြစ်ရာ အနောက်နိုင်ငံများ၏ တာဝန်မှာ သူ့အလုပ်ကို ဟန့်တားနှောင့်ယှက်ရန်မဟုတ်၊ ကူညီရန်သာဖြစ်သည်ဟုဆို၏။ အကယ်၍ ဟန့်တားနှောင့်ယှက်မှုများရှိနေပါက ယင်းသို့ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းများသည် “ရာဇဝတ်ပြစ်မှု” ပင်ဖြစ်၏။ ရူးသွပ်မှုပင်ဖြစ်၏။ ကိုယ့်ကိုယ်ကို သေကြောင်းကြံခြင်းသာဖြစ်၏။ အကြင်ရေနစ်သူတစ်ယောက်သည် မိမိအားလာရောက်ကယ်ဆယ်သူကို ဂမူးရှူးထိုးဖြင့် ပြန်လည်ခုခံနေငြားအံ့၊ ယင်းအခြေအနေမျိုးတွင် ကယ်ဆယ်သူသည် အဆိုပါရေနစ်သူ၏ ဦးခေါင်းကို မညှာမတာ နာနာကလေးအုပ်ထည့်လိုက်ရန်သာရှိသည်ဟု ဆို၏။

“ကျွန်ုပ်သည် ဥရောပတိုက်၏နောက်ဆုံး အားကိုးရာ
မျှော်လင့်ရာ ပုဂ္ဂိုလ်ဖြစ်ခဲ့ပေပြီ။ ဥရောပ လူပုံဖြူသည်
စေတနာ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေးများဖြင့် သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ချယ်လှယ်မွမ်းမံ၍ မရကြောင်း ထင်ရှားခဲ့ပြီးဖြစ်၏။ သူ ကိုယ်သူ ဟန်ရေးပြ၍လည်း နှစ်သက်ဖွယ်ရာ တပ်မက်ဖွယ်ရာ စွမ်းဆောင်နိုင်ခြင်း ကင်းနေသည်မှာလည်း အထင်အရှားပင်ဖြစ်၏။ သူ့မှာကို ရယူနိုင်ရန်အတွက် ကျွန်ုပ်သည် အကြံဖန်ရန်သာ ရှိတော့၏"

ဟူ၍ ဟစ်တလာက အတိအလင်း ဘွင်းဘွင်းကြီးရေးခဲ့လေသည်။

ဥရောပတိုက်ကို မလွဲမရှောင်သာ တိုက်ခိုက် သိမ်းပိုက်ရန်ဖြစ်လာသည်မှာ သူ့အတွက် ခါးသီးသော လိုအပ်ချက်ဖြစ်သည်ဟူ၍ သူ့အမြဲတစေ ဆင်ခြေပေးလေ့ရှိ၏။ သို့ပါလျက် ဥရောပနိုင်ငံများက သူ့အား ခုခံတွန်းလှန်ကြသည်မှာ အဘိဓမ္မာတရား အားကြီးလွန်းလှသည်ဟူ၍ပင် သူက ဆိုလိုက်ချေသေး၏။

ဥရောပ၌ စစ်ကိုစတင်ခဲ့သည့်အမှားကို ဟစ်တလာ လက်မခံခဲ့ပါက၊ ရုရှားပြည်အား တိုက်ခိုက်ခဲ့သည့် ကိစ္စတွင် မည်သို့သဘောထားပါသနည်း၊ ဂျာမန်လူမျိုး အများအပြားက ဤကိစ္စသည် ဟစ်တလာ၏ အကြီးမားဆုံးသော အမှားဟု ယုံကြည် ယူဆခဲ့ကြ၏။ အကယ်၍သာ ဟစ်တလာသည် သူ့ရရှိထားသော အောင်မြင်မှုများဖြင့်သာ တင်းတိမ်ရောင့်ရဲခဲ့မည်ဆိုပါက အကယ်၍သာ ပြင်သစ်ပြည်ကြီးကို သိမ်းပိုက်ခဲ့ပြီးနောက်၊ ရှေ့ဆက်၍ တိုက်ခိုက်ခြင်းမပြုခဲ့ပါက ဂျာမနီသည် ဥရောပတွင် ပြိုင်ဘက်ကင်းသည့် ခေါင်းဆောင်ဖြစ်လာမည်မှာ မုချဟူ၍ သူတို့ဆိုကြ၏။

သုခမစာပေတိုက်



၁၉၃၈ ခုနှစ်က စီရင်ချက်သည် ပြောင်းပြန်ဖြစ်၍ *ဘစ္စမတ်နိုင်ငံတော်ကြီး ပြန်လည်ထွန်းကားလာအောင် အလွယ်တကူဖြင့် လုပ်ဆောင်နိုင်မည်ဟု သူတို့က ပြောကြ၏။ ထိုစဉ်က ထိုအတိုင်းသာဖြစ်ခဲ့ပါမူ ဟစ်တလာသည် သူ၏ လျှပ်တပြက်တိုက်ပွဲများတွင် အောင်ပွဲခံယူကာ မည်သူတစ်ဦးတစ်ယောက်မျှ ဖက်ပြိုင်အံတုခြင်းငှာ မစွမ်းနိုင်သည့် ဂျာမန်လက်နက်ကိုင် တပ်မတော်ကြီးကို တည်ဆောင်ဖန်တီးနိုင်ပေလိမ့်မည်။ ဗြိတိန်သည်ပင်လျှင် တကယ့်ဖြစ်ရပ်များကို သိနားလည်ကာ အလျှော့ပေး စေ့စပ်လာပေလိမ့်မည်။

စင်စစ်အားဖြင့် ဟစ်တလာသည် နောက်ဆုံး၌ အခြား **နော်ဒစ်နိုင်ငံတစ်နိုင်ငံနှင့် စေ့စပ်ဆွေးနွေးမှု ပြုလုပ်နိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ ဤနော်ဒစ်နိုင်အား ဟစ်တလာကိုယ်နှိုက်က တိတ်တဆိတ်လေးစားခဲ့၏။ မုန်းလည်း မုန်းခဲ့၏။ မုန်းရသည့်အကြောင်း

---

* Bismarckian Reich အော်တိုဘစ္စမတ်မင်းသားကြီး(၁၈၁၅-၉၀) ခေါင်းဆောင်၍ တည်ထောင်ခဲ့သည့် ဂျာမန်အင်ပိုင်ယာနိုင်ငံကြီးကို ဆိုလိုသည်။ ထိုစဉ်က ဩစတြီးယားပြည်နယ်ကို ၁၈၆၆ ခုနှစ်တွင် သိမ်းပိုက်ခဲ့၍ ၁၈၇၁ ခုနှစ်တွင် ပြင်သစ်ပြည်နယ်ကြီးအပေါ်တွင် ဩဇာလွှမ်းမိုးခဲ့သည်။

**Nordic Power ဗြိတိန်နိုင်ငံကို ဆိုလိုသည်။ ဗြိတိသျှလူမျိုးများသည် အရပ်ရှည်ရှည် မျက်လုံးပြာပြာဖြင့် ဥရောပမြောက်ပိုင်းသား ဂျာမန်အဆက်အနွယ်များဖြစ်သည်ဟု မနုဿဗေဒပညာရှင်အချို့က ယူဆကြသည်။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှာ ဘဝင်မြင့်နေသည့် အထက်တန်းလွှာတို့၏ ထုံးစံအတိုင်း ကိုယ်က လေးစားသလောက် တစ်ဖက်သားက တုန့်ပြန်မှု မရှိသော ကြောင့်တည်း။

တစ်ခါတရံတွင် ဟစ်တလာသည် အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းကြည့်သည့်အခိုက် ဤသို့ဤနှယ် ဖြစ်နိုင်ဖွယ်ရှိသည်များကို ဝန်ခံခဲ့၏။ သူ့အလိုအရ အကယ်၍ ဗြိတိန်သည် ၁၉၄၀ သို့မဟုတ် ၁၉၄၁ ခုနှစ်ကသာ ဆင်ခြင်တုံတရား လက်ကိုင်ထားခဲ့ပါက ဂုဏ်ယူဝံ့ကြွားဖွယ်ရာကောင်းလှသည့် မိမိတို့နောဒစ်နိုင်ငံနှစ်နိုင်ငံအကြား သာယာရွှင်လန်းငြိမ်းချမ်းရေးရရှိပြီး ဖြစ်နေပေလိမ့်မည်။ ပြင်သစ်ပြည်အား ဂျာမနီက သိမ်းပိုက်၍လည်းကောင်း၊ အီတလီပြည်အား အင်္ဂလန်က သိမ်းပိုက်၍လည်းကောင်း၊ အားအင်ချို့နဲ့သည့် ရန်သူလက်တင်နိုင်ငံများအပေါ် အသီးသီးအသက အသကအောင်ပွဲများ ခံယူရရှိပြီး ဖြစ်နေပေရော့မည်။

ဤသို့ဖြင့် အင်္ဂလန်သည် ဂျာမနီက သဘောထားကြီးကြီးဖြင့် ခွင့်ပြုထားသော သူ့၏ အင်ပိုင်ယာကြီးကို ပြန်လည်စုရုံး သိမ်းကြုံးစိုးပိုင်နိုင်သည့် နည်းတူ ဂျာမနီအဖို့ရာ၌လည်း တိုက်ခိုက်သိမ်းပိုက်ထားသည့် ဥရောပနိုင်ငံများအပေါ် စားမြုံ့ပြန်၍ အရသာခံနိုင်ပေမည်။ အောင်ပွဲသဘင်ကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနိုင်ပေမည်။ ဂျူးများကိုလည်း အမျိုးပြုတ်အောင် သုတ်သင်ရှင်းလင်းနိုင်ပေမည်။ ယင်းသို့ ကျိုးကြောင်းမျှတ၍ သမာသမတ်ရှိလှသည့် လိုအင်ဆန္ဒများကို စွန့်စားရေးသမား ဂျူးသြဇာခံချာချီကဲ့သို့သော ဗြိတိန်နိုင်ငံ





သားတစ်ယောက်အနေဖြင့် သိနားလည်မည်မဟုတ်ဘဲ၊ တကယ့်ဗြိတိန်နိုင်ငံသား စစ်စစ်များသာလျှင် မှချလိုလားနားလည် သဘောပေါက်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

ဟစ်တလာက အထက်ပါအတိုင်း ဆိုလိုဟန်ရှိ၏။ သို့သော် ကျွန်ုပ်တို့သည် ထိုထက်ပို၍ ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ သူ၏ လိုအင်ဆန္ဒသည် သူပြောသလို ရိုးရိုးသားသား ဖြောင့်ဖြောင့်တန်းတန်းမဟုတ်သည်ကို အမြဲတစေ တွေ့နေရပေသည်။

၁၉၄၀ ခုနှစ်က ဗြိတိန်နှင့် စစ်ပြေငြိမ်းရုံမျှဖြင့် သူ၏ စစ်ပွဲသည် ဆုံးသွားလိမ့်မည်မဟုတ်။ သို့မပြီးဆုံးရုံမျှမက၊ ယင်းသည်ပင် စစ်ပွဲ၏အစ ဖြစ်ဖွယ်ရာရှိနေပေသည်။ သူ၏လုပ်ငန်းစဉ် ရည်ရွယ်ချက်သည် ပြဿနာကို အဆုံးသတ်စေရန် မဟုတ်ဘဲ ဦးတည်ချက် ပြောင်းရုံမျှသာဖြစ်သည်ကို တွေ့နေရသည်။

"စစ်နောက်ပိုင်းအတွက် စိတ်ချလက်ချ လုံခြုံမှု ရရှိပြီးသည့်နောက်၊ ဂျာမနီသည် သူ၏ တကယ့် မဟာတာဝန်ကြီးအတွက် စိတ်ရောကိုယ်ပါ ခြေစုံပစ်၍ ထမ်းရွက်ရန်သာ ရှိပေတော့သည်။ ယင်း တာဝန်ကြီးသည် ကျွန်ုပ်အတွက် ဘဝပေးတာဝန်ကြီးလည်းဖြစ်၏။ အမျိုးသား ဆိုရှယ်လစ်ဝါဒအတွက် အဓိကဦးတည်ချက်လည်းဖြစ်၏။ ယင်းသည်ကား ဘော်ရှီဗစ်ဝါဒကို ချေမှုန်းသုတ်သင်ပစ်ရန်ပင်တည်း"

"ကျွန်ုပ်တို့၏ အသက်သွေးကြောကို ဆန့်တန်း၍ အမြဲတစေ မျက်ခြေမပြတ်ဦးတည်ရမည့် အရပ်ကား အရှေ့အရပ်ဖ



www.burmeseclassic.com

www.burmeseclassic.com



အရေအရပ် တစ်ခုတည်းသာလျှင် ဖြစ်သတည်း" ဟစ်တ
လာက အတိအကျ ဤအတိုင်း မြွက်ဟခဲ့၏။

ရုရှပြည်ကြီးနှင့် စစ်ဖြစ်ခြင်းမှ ရှောင်ကွင်းရန်မှာ ၁၉၁၄ ခုနှ
က ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည့် ဂျာမနီနိုင်ငံဟောင်းအဖို့သော်
လည်းကောင်း၊ ယင်းဂျာမနီဟောင်းကို ပြန်လည်အသက်သွင်းနေ
ကြသည့် သမားရိုးကျကွန်ဆာဗေးတစ်များအဖို့သော်လည်းကော
အဓိပ္ပာယ်ရှိကောင်းရှိမည်ဖြစ်သော်လည်း တော်လှန်သော အသ
ဖြစ်သော နာဇီဂျာမနီအဖို့ရာ၌မူ ရုရှားနှင့် စစ်ဖြစ်ခြင်းမှ ရှောင်ကွ
ရန်မှာလုံး၀ စဉ်းစား၍ မရနိုင်အောင် ဖြစ်နေပေသည်။ ရုရှားနှ
စစ်ဖြစ်ခဲ့ရခြင်းသည် စိတ်ပြေလက်ပျောက် စိတ်ကူးပေါက်သ
ထင်ရာထလုပ်ခဲ့ခြင်းမဟုတ်၊ အကယ်၍သာ အောင်မြင်မှု မရခဲ့
က အမှားကြီး မှားမည့် ကိစ္စတရပ်ဖြစ်၏။ နာဇီဝါဒအတွက် သေ
မြေကြီး ရှင်ရွှေထီးကိစ္စကြီးဖြစ်၏။ ဤကိစ္စတွင် မအောင်မြင်
ရှုံးနိမ့်ခြင်းသည် အဆုံးသတ်ပြိုလဲပျက်စီးခြင်း ဖြစ်နိုင်သည်။ သ
သော် ယင်းကိစ္စကြီးကို မကြိုးပမ်း မဆောင်ရွက်ဘဲ၊ မျက်နှာလွှ
ခဲပစ် လုပ်မိပါက ယင်းသည် ဂျာမနီနိုင်ငံတော်အား သစ္စာဖော
ခြင်းပင်တည်း။

ကျွန်ုပ်တို့သည် ဤအချက်ကို သဘောပေါက်ခဲ့ပါက ဗြိတိ
နိုင်ငံအပေါ် ဟစ်တလာမည်သို့ သဘောထားခဲ့သည်ကို နားလ
နိုင်ပေသည်။ သူ့မျက်စိထဲတွင် ဗြိတိန်သည် ဂျာမနီအား အည
အလံမလှဲသည့်အတွက်သာလျှင် ရာဇဝတ်ပြစ်မှု ကျူးလွန်





ရောက်သည်မဟုတ်၊ ဂျာမနီနှင့် ရုရှားစစ်ဖြစ်ပွားနေခိုက် ဗြိတိန်က
ဂျာမနီအား ဆက်လက်ခုခံတိုက်ခိုက်နေခြင်းသည်ပင် တကယ့်
ရာဇဝတ်ပြစ်မှုကြီးအဖြစ် မြင်နေပေသည်။ သို့သော် ဗြိတိန်၏ တွန်း
လှန်ခုခံမှုများ အကြားမှပင် ရုရှားပြည်ကြီးကို တိုက်ခိုက်သိမ်းပိုက်
နိုင်လိမ့်မည်ဟု သူက ဇွတ်အဓမ္မ ယူဆခဲ့၏။

ဤသို့ဖြင့် ဟစ်တလာ၏ မုန်းတီးမှု ရောဂါဝေဒနာသည် သူ့
အား ပြန်လည်ထိုးနှက်လိုက်သည့် ရုရှားအပေါ်တွင် မကျရောက်ဘဲ
သူဖြားယောင်းသွေးဆောင်၍ မအောင်မြင်သော သူတိုက်ခိုက်သိမ်း
ပိုက်ထားသည့် ဒေသများကို ပြန်လည်လုယက်လာသော သူ၏
အပြီးသတ်စာရင်းရှင်းရေးလုပ်ငန်းကြီးကို ဟန့်တားနှောင့်ယှက်လာ
သော ဆုံးမ မနိုင် ဆိုနိုင်ခက်ခဲလှသည့် *ကျွန်သူ့ကျွန်းသားများ
အပေါ် ကျရောက်ခဲ့ပေသည်။ "အနီ ဗြိတိန်နိုင်ငံသည် ဥရောပ၏
သာယာဝပြောရေး လမ်းခရီးတွင် အမြဲတစေ ကန့်လန့်လုပ်နေခဲ့
၏။ သို့သော်ယခုမူ ထိုနိုင်ငံသည် အိုမင်းရင့်ရော်၍ အားအင်ချိနဲ့
နေပြီဖြစ်၏။ သို့ပါလျက် အကုသိုလ် ဒုစရိုက် နှင့် မိုက်မဲမှုများ
မှာ ယခင်ကထက် လျော့နည်းသွားခြင်းမရှိသေးပေ"ဟု၍ ဟစ်တ
လာက သူ၏သေတမ်းစာတစ်နေရာတွင် ရေးခဲ့၏။

တဆက်တည်းတွင် ဂျူးများက ဖျက်ဆီး၍ ပျက်စီးနေကြသော
ဤလူမျိုးများသည် သူတို့၏ကျိန်စာမိနေသော ကျွန်းပေါ်တွင် အစာ

---

* ဗြိတိသျှလူမျိုးများကိုဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစာ ဝတ်၍သော်လည်းကောင်း၊ အဆုတ်ရောဂါဖြစ်၍သော်လည်း ကောင်း တစ်ယောက်ပြီးတစ်ယောက် အနိစ္စရောက်ကာ၊ တစ် တစ်စ အမျိုးပါပျောက်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ဆုတောင်း ခဲ့၏။

အကယ်၍သာ ဟစ်တလာက သူသည် စစ်ကိုစတင် တိုက် ခိုက်နိုင်ခွင့်ရှိသည်ဟု ဆိုဖြားအံ့၊ ဗြိတိန်ကို မတိုက်ဘဲ ဗြိတိန်အစား ရုရှားကို ကျူးကျော်တိုက်ခိုက်ခွင့်ရှိသည်ဟု ဆိုဖြားအံ့၊ သို့ဆိုလျှင် သူသည် ဘယ်နေရာတွင် မှားခဲ့ပါသေးသနည်း။

သူသည် စစ်ကိုစတင်ခဲ့ရာ၌ စောများ စောနေပါသလော။ မ ပါ။ ယင်းအချက်ကိုလည်း သူဝန်မခံပါ။ ရုရှားကို မချတိုက်ရမည် သာဖြစ်၍ ယင်းသို့တိုက်ရာတွင် မနောင့်နှေးသင့်ကြောင်း အဖ ဖက်က ဆင်ခြေဆင်လက်ပေါင်း တစ်ဒါဇင်မျှရှိ၏။ သူသာနော နှေးနေပါက အချိန်ကာလအားဖြင့် ဖြစ်စေ၊ လူဦးရေအားဖြင့် ဖြစ်စေ အစစအရာရာ ရုရှားတို့ဘက်က အခွင့်အလမ်း သာသွားမည်ဖြ ၏။

ဤနေရာတွင် ဟစ်တလာက ဤသို့ပင် တွက်ခဲ့၏။ ၁၉၃ ခုနှစ်တွင်မဟုတ်ဘဲ ၁၉၃၈ ခုနှစ်ကပင် ရှေးဦးစွာ အနောက်နိုင် များကို အပိုင်စီး၍ သိပ်သိပ်သည်းသည်းဖြစ်အောင် လုပ်ထား နောက်မှ ရုရှားပြည်ကြီးကို သိမ်းပိုက်ရလျှင် သာ၍ကောင်းမည် ဟု ယူဆခဲ့၏။ သို့မှသာ သူ၏စစ်အင်အားသည် အကြီးမားဆုံး ဖြစ်ပြီး သူဆင်ခြေမှာလည်း ဟုတ်သလိုလို ရှိလိမ့်မည်ဟု





(နောက်ကြောင်းပြန်ကာ)တွေးခဲ့၏။

သို့သော် စိတ်ဓာတ်အားဖြင့်ဆိုလျှင် ဂျာမနီသည် အဆင်သင့် မဖြစ်သေးပါတကား။ ဖောက်ပြန်သော ဗိုလ်ချုပ်ကြီးများနှင့် ဖောက်ပြန်နေသော သံတမန်အရာရှိများသည် နေရာတကာကျက်စားလွှမ်းမိုးနေကြဆဲပါတကား။ ထို့ပြင်တ၀၊ တစ်ဖက်သားက သူ့အပေါ် အနိုင်ကျင့်သွားသည်တိုင် ရှက်ရကောင်းမှန်းမသိသည့် ချိန်ဘာလိန်၏ နာမည်ပျက်လှသည့် လုပ်ဆောင်ချက်ကလည်း ရှိသေး၏။ မြူးနစ်မြို့တွင် ဟစ်တလာတောင်းသမျှ ချိန်ဘာလိန်က တစ်ခုမကျန် အညံ့ခံ၍ ပေးခဲ့ခြင်းဖြင့် စစ်ကို စတိုက်ရန်မလိုသေးဟု အကြောင်းပြစရာ ဖြစ်လာခဲ့၏။ မှန်သည်။ ၁၉၃၈ ခုနှစ်ကပင် စစ်ကို စတင်တိုက်ခိုက်သင့်သည်ဟု ဟစ်တလာက အခိုင်အမာဆိုခဲ့၏။ သို့သော် သူတို့သည် နေရာတကာတွင် -

> "ရှောင်ဖယ် ရှောင်ဖယ် လုပ်ခဲ့ကြ၏။ တကယ့်သူရဲဘောနည်းသူများပင် ဖြစ်၏။ ကျွန်ုပ်တို့ တောင်းဆိုသမျှတစ်ခုမကျန်အားလုံးလိုက်လျောခဲ့၏။ ဤအခြေအနေမျိုးတွင် အရင်စလို စစ်ကိုထတိုက်ရန်မှာ အလွန်ခက်လှ၏"

ဟူ၍ ဟစ်တလာက ငြီးတွားရေးသားခဲ့၏။

ယင်းသို့ နောက်ကြောင်းပြန်၍ စဉ်းစားရာ၌ ဟစ်တလာအဖို့ သွေးထွက်သံယိုမှု မရှိသော သူ၏ အကြီးဆုံးအောင်မြင်မှုဖြစ်သည့် မြူးနစ်စာချုပ်သည် သူ့အတွက် ပျက်စီးရာပျက်စီးကြောင်း ဖြစ်ခဲ့သည်ကို တွေ့ရ၏။ ဤအတိုင်းသာ ဆိုပါက သွေးချောင်းစီးသော



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲများကို ပို၍လိုလားရမလို ဖြစ်ခဲ့၏။ သူ၏သေတမ်းစာ တစ်နေရာတွင်-

"မည်သို့ပင်ဖြစ်စေ မြူးနစ်မြို့တွင် ကျွန်ုပ်တောင်းဆိုသမျှ ဗြိတိသျှနှင့် ပြင်သစ်တို့က တစ်ခုမကျန် လိုက်လျောလက်ခံခဲ့သည့်အတွက် ကျွန်ုပ်အား မည်သို့မျှ အပြစ်တင်ရန်မလိုပေ" ဟူ၍ပင် ရေးသားခဲ့သတည်း။

သို့ဖြစ်လျှင် ဟစ်တလာသည် သူကိုယ်သူ မည်သည့်ကိစ္စတွင် အပြစ်တင်နိုင်စရာ ရှိပါသေးသနည်း။ သူဆုံးဖြတ်လုပ်ကိုင်ခဲ့သမျှ ကိစ္စအဝဝတွင် ဤနည်းဤပုံမလုပ်ဘဲ၊ ထိုနည်းထိုပုံလုပ်ခဲ့မိလျှင် ကောင်းလေစွဟု မည်သည့်ကိစ္စကို ထောက်ပြရပါမည်နည်း။

စစ်ကြီးတစ်ခုလုံးကို ပြန်လည်သုံးသပ်ရာ၌ ဟစ်တလာသည် အများပေါင်း မြောက်မြားစွာကို အသေးစိတ်ဝန်ခံခဲ့၏။ တလွဲတချော်ဆုံးဖြတ်ခဲ့ပုံအများအပြားကို ဝန်ခံခဲ့၏။ သို့သော် ယင်းသို့ ဝန်ခံရာ၌ သူ၏မှားယွင်းချတ်ချော်မှုမှန်သမျှ စေတနာဗလဝနှင့် လိုက်လျောခဲ့မိခြင်းကြောင့်ဖြစ်သည်ဟု အမြဲတစေ ဆင်ခြေပေးခဲ့လေသည်။ သူကား ဤမျှ လူကြီးလူကောင်း ပီသသူဖြစ်၍ အခြားသူများသာလျှင် သူ့အဖို့ ယုံနိုင်ဖွယ်ရာမရှိအောင် မိကောင်းဖခင်သားသမီး မပီသသူများ ဖြစ်နေချေသတည်း။

ထို့ပြင်တဝ သူ့အမှားများသည် ကြီးမားလှသည့် မဟာအမှားကြီးများ မဟုတ်၊ ၁၉၄၁ ခုနှစ်တွင် ထာဝစဉ်အောင်ပွဲဆင်ခဲ့ရာမှ ၁၉၄၅ ခုနှစ်တွင် ထာဝစဉ်ဆုတ်ခွာခဲ့ကြရသည်အထိ အခြေအနေ





ပြောင်းပြန်ဖြစ်သွားလောက်အောင် သူ၏ စီမံကိန်းများ ပျက်စီးခဲ့ရသည်မှာ ဤအမှားများကြောင့် မဟုတ်ဟု သူကဆိုပြန်သေး၏။ နောက်ဆုံးတွင်ကား သူသည်အခြားဖြစ်နိုင်လောက်သည့် အချက်အလက်အားလုံးကို ဖယ်ရှား၍ သူပြိုလဲပျက်စီးရခြင်း၏ တကယ့်အကြောင်းရင်းကို ဒိုးခနဲဒေါက်ခနဲ ထောက်ပြခဲ့၏။

ယင်းသို့ ထောက်ပြရာ၌ပင်လျှင် လုပ်နည်းကိုင်နည်း မှားယွင်းမှု၊ နေ့ရက်အခါ ရွေးပုံရွေးနည်း မှားယွင်းမှုဖြစ်သည်ဟု ဆို၏။ သို့သော် ဤအမှားသည်ပင် အကျိုးသက်ရောက်မှုမှန်သမျှကို တစ်မျိုးတစ်ဖုံ ပြောင်းလဲဖြစ်ပေါ်စေခဲ့၏။ သူကိုယ်တိုင်အဆုံးအဖြတ်လွဲချော်၍ သူကိုယ်တိုင်ဝန်ခံခဲ့သည့် အဓိကအမှားကြီးကြောင့် သူ၏အတွေးအခေါ် မြော်မြင်မှု အဘိဓမ္မာတစ်ခုလုံးသည် အသစ်တဖန် ပြောင်းလဲထွက်ပေါ်လာခဲ့၏။

လုပ်နည်းလုပ်ဟန် မှားယွင်းခဲ့သည်မှာ ရှင်းရှင်းကလေးပင်ဖြစ်၏။ ဟစ်တလာသည် ၁၉၄၁ ခု၊ ဇွန်လ ၂၂ ရက်နေ့တွင် ရုရှားပြည်အား စတင်တိုက်ခိုက်ခဲ့၏။ သို့ တိုက်ခိုက်ရာ၌ လျှပ်တပြက် စစ်ဆင်နည်းဖြင့် တစ်နွေကုန်လျှင် စစ်ပြီးဆုံး၍ ရုရှားတစ်ပြည်လုံးကို သိမ်းပိုက်နိုင်လိမ့်မည်ဟု ရည်မှန်းထား၏။ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်လုနည်းပါးဖြစ်ခဲ့၏။ အကယ်၍သာ ရည်မှန်းထားသည့်အတိုင်းဖြစ်ပါက မည်သို့နေမည်ကို စဉ်းစားကြည့်သင့်၏။ နာဇီဝါဒ၏ သေမြေကြီး-ရှင်ရွှေထီး ဖြစ်သော အရှေ့ဖက်စစ်မျက်နှာတွင် အောင်ပွဲသာဆင့်ခဲ့ပါက အနောက်ဖက်မှ ဗြိတိန်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့်လည်း မည်သို့မျှ တတ်နိုင်တော့မည်မဟုတ်၊ အမေရိကန် အနေဖြင့်လည်း စစ်ထဲဝင်ရန် အချိန်ရတော့မည်မဟုတ်။ ထိုသို့သောအခါသမယတွင် ပြီတိန်အဖို့ ဘာများလုပ်နိုင်ဦးမည်နည်း။ ဖြစ်သမျှ အကြောင်း အကောင်းဟူ၍သဘောထားကာ အနေးနှင့်အမြန် လက်နက်ချ အညံ့ခံရန်မှတပါး ဘာများတတ်နိုင်ပါဦးမည်နည်း။

သို့ပါသော်ငြားလည်း ဤနည်းဤပုံ ဖြစ်မလာဘဲ လက်မတင် ကလေးအလိုတွင် ရုရှားဆောင်းရာသီက ဟစ်တလာအား ဘွားကနဲ ပိတ်ဆို့တားဆီးလိုက်လေသည်။ ရာသီဥတုနှင့် အပြေးပြိုင်ရာ၌ သူသည် ရက်သတ္တပတ်အနည်းငယ်မျှ နောက်ကျ၍ အရှုံးပေးလိုက်ရ၏။ ထိုအချိန် ထိုအခါ ၁၉၄၁ ခုနှစ်က ရာသီဥတုကိုသာ ရက်သတ္တပတ်အနည်းငယ်မျှကပ်၍ အနိုင်ရခဲ့ပါက ရန်သူအားလုံး အပေါ် ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲကြီးဆင်လျက်ရှိပေရော့မည်။

ယင်းသို့ လွန်ခဲ့သည့် လေးနှစ်သောက်ကစ၍ တစ်စတစ်စ ကြီးထွားများပြားကာ ယခုအခါ ဘုံးဘုံးလဲအောင် ပြိုကျတော့မည့် ပျက်စီးခြင်း သဘောတရားများကို ပြန်ပြောင်းကြည့်မိသည့်အခါ သူ့အဖို့ အပူလုံးကြွ၍ ယူကြုံးမရ ဖြစ်ရသည်မှာ အံ့သြစရာ မဟုတ်ပါပေ။ ပို၍ ရူးချင် နမ်းချင်လောက်အောင် ဖြစ်ရသည်မှာ သူ့အစီအစဉ်များကို ရက်သတ္တပတ်ငါးပတ်မျှ ရွှေ့ဆိုင်းခဲ့မိခြင်းပင်ဖြစ်၏။

စင်စစ် ရုရှားပြည်အား ကျူးကျော်တိုက်ခိုက်ရန် စီစဉ်ခဲ့သည်မှာ ဂျွန်လ ၂၁-ရက်နေ့မဟုတ်၊ မေလ ၁၅ ရက်နေ့ပင်ဖြစ်၏။ သို့ဖြစ်လျှင် သူသည် အဘယ့်ကြောင့် ရက်ရွှေ့ဆိုင်းသည့် မဟာအမှား





တော်ပုံကြီးကို ကျူးလွန်မိခဲ့ပါသနည်း။

အဖြေမှာ ရှင်းရှင်းကလေးပင်ဖြစ်၏။ သူ့ကို နှိပ်စက်လိုက်သူမှာ မူဆိုလီနီပင်တည်း။ အဘယ်ကြောင့်ဆိုသော မူဆိုလီနီသည် ၁၉၄၀ ပြည့်နှစ်အောက်တိုဘာလလောက်မှစ၍ ဟစ်တလာ၏ အောင်ပွဲများ အပေါ်တွင်လည်းကောင်း၊ အရှက်တကွဲနှင့် မျက်နှာမွဲဖြစ်နေရသော သူ့ဘဝအပေါ်တွင်လည်းကောင်း စိတ်ဒွိဟဖြင့် နှစ်ခွသဘော ရှိနေခဲ့သောကြောင့်ပင်ဖြစ်၏။

ရှေးယခင်ကဆိုလျှင် ဟစ်တလာသည် မူဆိုလီနီအား ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိကြောင်း လူသိနတ်ကြား ပြောကြားခဲ့၏။ (၁၉၃၈ ခုနှစ်က *"မူဆိုလီနီခင်ဗျား၊ ကျွန်တော်ခင်ဗျားကျေးဇူးကို ဘယ်တော့မှ မမေ့ပါ" ဟူ၍ ကြေးနန်းဖြင့် အကြောင်းကြားခဲ့ဘူး၏) ယခုသော် မူဆိုလီနီသည် ဟစ်တလာ၏ အမိန့်ခံ သြဇာခံပမာ ဖြစ်နေ၏။ ဂရုမမူလျစ်လျူရှုခြင်းခံနေရ၏။ ရှင်းရှင်းဆိုရလျှင် အစော်ကားခံနေရခြင်းပင်ဖြစ်၏။ ကြီးမားလှသည့် ဆုံးဖြတ်ချက်များကို မူဆိုလီနီအား အကြောင်းကြားဖော်ပင် မရဘဲ သူ့သဘောဖြင့်သူ ဆုံးဖြတ်ခဲ့၏။ အကယ်၍ အကြောင်းကြားသည့်တိုင်အောင် ယင်း

*၁၉၃၈ခုနှစ် မတ်လ ၁၂ ရက်နေ့က ဂျာမန်တပ်များသြစတြီးယားပြည်ကလေးကိုဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ယင်းသို့သိမ်းပိုက်ခြင်းကို မူဆိုလီနီက ထောက်ခံခဲ့သည့်အတွက်မူဆိုလီနီထံ မတ်လ ၁၃ ရက်နေ့က ပေးပို့ခဲ့သည့်ကြေးနန်းစာဖြစ်သည်။(စာရေးသူ၏ဟစ်တလာအတ္ထုပ္ပတ္တိစာမျက်နှာ ၃၆၅ တွင်ကြည့်ပါ)



www.burmeseclassic.com

www.burmeseclassic.com



သို့ အကြောင်းကြားခြင်းမှာ သူ့အား တယ်လီဖုန်းနှင့် သမ္မာန်စာဆင့်သလို ဆင့်ခေါ်ရုံမျှသာ ဖြစ်၏။ သို့မဟုတ် ဂျာမန်သံအမတ်ကို လွှတ်၍ သူ့အားအချိန်မတော် ညကြီးမင်းကြီး အိပ်ရာမှ အနှိုးခိုင်းရုံမျှလောက်သာဖြစ်နေ၏။ "ငါတော့ တယ်လီဖုန်းသံ နားခံနေရတာနဲ့ စိတ်တောင်ပျက်လာပြီကွာ··"ဟု၍ပင် မူဆိုလီနီက သားမက်ဖြစ်သူစီယာနိုအား ငြီးငြီးညူညူ ပြောခဲ့ဘူးသည်ဟူ၏။

သို့နှင့်ပင် တစ်နေ့သော် မူဆိုလီနီသည် ဟစ်တလာ အပေါ် သည်းမခံနိုင်လောက်အောင် ဖြစ်လာခဲ့၏။ သူသည် သူ၏ သီးခြားလွတ်လပ်မှုကို ပြသရန် ဆုံးဖြတ်လိုက်၏။ ၁၉၄၀ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် မူဆိုလီနီက စီယာနိုအား အောက်ပါအတိုင်း ဖွင့်ပြောခဲ့၏။ "ဟစ်တလာဟာ ငါ့အပေါ်မှာ အမြဲတန်း ချည်ပြီးတုပ်ပြီး လုပ်တတ်တယ်။ ဒီတစ်ခါတော့ ငါက သူ့နည်းနဲ့ သူ့ပြန်လုပ်ရမှာပဲ၊ ငါ ဂရိပြည်ကို သိမ်းပိုက်လိုက်ပြီဆိုတာ သတင်းစာထဲပါတော့မှ သူသိရတဲ့ အဖြစ်မျိုးရောက်အောင် လုပ်လိုက်ဦး

---

*၁၉၄၃ ခုနှစ်ဂျူလိုင်လ ၁၀ရက်နေ့တွင် မဟာမိတ်တပ်များက စစ္စလီကျွန်းကလေးကို သိမ်းပိုက်ခဲ့ပြီးနောက်၊ ဂျူလိုင်လ ၂၅ ရက်နေ့တွင် အီတလီအစိုးရက မူဆိုလီနီအား ရာထူးမှ ထုတ်ပစ်၍ ဖမ်းဆီး ချုပ်နှောင်ထားခဲ့ရာ ဟစ်တလာ၏ ညွှန်ကြားချက်ဖြင့် ဂျာမန်အသေခံတပ်ဖွဲ့တစ်ခုက မူဆိုလီနီအား စက်တင်ဘာလ ၁၂ ရက်နေ့တွင် လေယာဉ်ပျံဖြင့် ခိုးယူကယ်ဆယ်ခဲ့ကြရသည်။ (စာရေးသူ၏ ဟစ်တလာအတ္ထုပ္ပတ္တိ ·စာမျက်နှာ ၅၇၃ တွင်ကြည့်ပါ)

သုခမစာပေတိုက်



မယ်၊ ဒါမှ သူ့ကို လက်စားချေပြီးသား ဖြစ်သွားမယ်"

သနားစရာကောင်းလှသော မူဆိုလီနီပါတကား··၊ ဂရိပြည်နှင့် ပတ်သက်သည့် သူ၏စွန့်စားခန်းမှာ သူ့အတွက် ပျက်စီးရာပျက်စီးကြောင်းသာ ဖြစ်ခဲ့ရ၏။ ယင်းသို့ စွန့်စားခဲ့သည့်အတွက် ယူဂိုစလပ်နိုင်ငံတွင် တော်လှန်ပုန်ကန်မှု ဖြစ်လာခဲ့၏။ ဗြိတိသျှတို့က စစ်မျက်နှာတိုးချဲ့ တိုက်ခိုက်လာကြ၏။ နောက်ဆုံး၌ သူကိုယ်တိုင်ပင် ဟစ်တလာ *ကယ်တင်၍သာ အသက်ဘေးမှ သီသီကလေးလွတ်ခဲ့ရပေသည်။ မှန်သည်။ ဟစ်တလာသည် မူဆိုလီနီကို ကယ်ခဲ့ရ၏။ သို့သော် ယင်းသို့ ကယ်တင်နေရသည့်အတွက် ချိန်ကိုက် စီစဉ်ထားသော သူ့အစီအစဉ် အားလုံးမှာ ကမောက်ကမဖြစ်ခဲ့ရ၏။ (ယင်းသို့ ဟစ်တလာက မူဆိုလီနီအား ကယ်တင်ခဲ့ရသည်ကို မူဆိုလီနီ၏ စကားလုံးဖြင့် သုံးရပါမူ ဟစ်တလာဖို့ တော်တော်ကလေး လက်သန သွားသောဟူ၏)

သို့ဖြင့် ဟစ်တလာသည် မေလ ၁၅ ရက်နေ့တွင် ရုရှားပြည်အား ကျူးကျော်တိုက်ခိုက်ရန် အဆင်သင့် မဖြစ်သေးဘဲ ရှိနေခဲ့၏။ မူဆိုလီနီကြောင့်ပင် ရုရှားပြည်အား ကျူးကျော်ရေးကို ဇွန်လ ၂၁ ရက်နေ့အထိ ရွှေ့ပစ်ခဲ့ရလေသည်။ ယင်းသို့ ရက်ရွှေ့ခဲ့ရခြင်းဖြင့် ရုရှားဆောင်းဥတုသည် ကြောက်စရာကောင်းလောက်အောင် စောစောစီးစီး ကျရောက်၍ အလွန်တရာ သေချာပေါက်ဖြစ်နေသော အောင်ပွဲနှင့် သီသီကလေး လွဲခဲ့ရ၏။ သို့သော် ယင်းသို့ လွဲခဲ့ရခြင်းသည် ထာဝစဉ်လွဲခဲ့ခြင်းပေတည်း။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရကား ဤအချက်သည် ဟစ်တလာအတွက် စစ်ပွဲကြီး တစ်ခုလုံးတွင် တကယ့်ကြီးမားသော ကွေ့တစ်ကွေ့ ဖြစ်လာခဲ့၏။

အကယ်၍ မူဆိုလီနီသာ ဤစစ်ပွဲတွင် သူ့မဟာမိတ်အဖြစ် မပါဝင်ခဲ့ပါက၊ သူ့ကြောင့် အချိန်ကုန်ခဲ့ရသည့် အထက်ပါ တနင်္ဂနွေ ငါးပတ်မှာ ကုန်စရာမလိုဘဲ၊ အစစ အရာရာ အားလုံးချိန်ကိုက် ဖြစ်လာစရာ ရှိ၏။ စင်စစ် ဤသည်ပင် သူ့အမှားဖြစ်၏။ ဘာကြောင့် များပါလဲ။ ဘာ့ကြောင့်များ ဗလောင်းဗလဲနိုင်လှသည့်*လက်တင် အမျိုးသား သတ္တဝါများအပေါ် အယုံကြီးယုံ အပုံကြီးပုံမိခဲ့ပါသလဲ။ ဟစ်တလာသည် သူ့ကိုယ်သူ ဤသို့ပင် ပြန်မေးကြည့်မိ၏။

မှန်သည်။ သူတို့သည် ဟစ်တလာအတွက် ဘာကိုမှ သယ် ဆောင်လာခြင်းမပြုကြ၊ သယ်မည့်သယ်တော့ ပျက်စီးခြင်းတရား ကိုသာ သယ်ဆောင်လာခဲ့ကြ၏။ ၁၉၃၀ ခုနှစ်ကလည်း စပိန်ပြည်တွင် လက်တင်အာဏာရှင်တစ်ယောက်ကို ကြိုးစား ပမ်း စားအာဏာတည်မြဲအောင် လုပ်ပေးခဲ့ရသေး၏။ မူလက မဟာမိတ် တစ်ယောက်ရလိုရငြား ယုံကြည်ကိုးစား၍ ယင်းကို ကူညီလုပ်ကိုင် ပေးခဲ့ခြင်း ဖြစ်သော်လည်း နောက်ဆုံးတွင် စုတ်ပဲ့နံချာလှသည့်

*လက်တင်ဘာသာမှ ဆင်းသက်ပေါက်ဖွားလာသည့်ဘာသာစကား ကို ပြောကြားသုံးစွဲကြသည့် လူမျိုးများကို ဆိုလိုသည်။ (အီတလီ၊ စပိန်၊ပြင်သစ်၊ပေါ်တူဂီစသော လူမျိုးများပါဝင်သည်)

**မာရှယ်ပေတိန်း(၁၈၅၆-၁၉၅၀)။ ၁၉၄၀ ခုနှစ်ဂျူလိုင်လတွင်





အဆိုပါအာဏာရှင် ဂျင်နရယ်ဖရန်ကို၏ လှည့်စားခံလိုက်ရခြင်းသာ အဖက်တင်ကျန်ခဲ့၏။

တဖန် ပြင်သစ်ပြည်ကြီးတွင်လည်း သူ၏ ကြင်နာသနားတတ် သော မဟာကရုဏာစေတနာကို ပြသည့်အနေဖြင့် ပြင်သစ်ပြည် တစ်ပြည်လုံးကို မသိမ်းဘဲ၊ တိုင်းပြည်တစ်ဝက်သာ သိမ်းယူခဲ့၏။ သို့သော် အဆုံးတွင် စိတ်ပျက်ဖွယ်ရာ သတ္တဝါကြီးဖြစ်သည့် ဖောက် ပြန်ရေးသမား **မာရှယ်ပေတိန်၏ကလိန်းကလက်စော်ကားချက် သာခံခဲ့ရ၏။ သူကဆိုလိုက်သေးသည်။ ရေးအတီတေလွန်လေပြီး သော အခါသမယ "ကျွန်ုပ်၏ကြိုးပမ်းမှု" စာအုပ်ကြီးတွင် "ပြင်သစ် ပြည်ကို လက်စတုံးချေမှုန်းပစ်ရမည်" ဟူသော သူ၏ အနာဂတ် အမြင်ကြိုတင် ရေးသားချက်ကို မေ့မေ့လျော့လျော့ သဘောထား ခဲ့မိသဖြင့် ယခုကဲ့သို့ ဆိုးဆိုးဝါးဝါးဖြစ်ရသည်ဟူသတည်း။

ယခုတဖန် အီတလီသည် သူ့အားပျက်စီးအောင် ကြံဆောင် ပြန်လေပြီ။ မူဆိုလီနီနှင့် ပတ်သက်လာလျှင် ချို့ယွင်းချက်အပြစ် အနာအဆာများရှိသည့်တိုင်အောင် ရေးယခင်က သူ့အပေါ်တွင် အထင်ကြီး၍ ချီးကျူးခဲ့ကြောင်း၊ တကယ်ကြည်ညိုလေးစားခဲ့ခြင်း၊

ဂျာမန်တို့နှင့် စစ်ပြေငြိမ်း၍ ဂျာမန်တို့၏ လက်အောက်ခံ ပြင်သစ် ပြည်၌ အဓိပတိ လုပ်ခဲ့သူဖြစ်သည်။ ၁၉၄၅ ခုစစ်ကြီးအပြီးတွင် သစ္စာဖောက်မှုဖြင့် သေဒဏ် အပေးခံရသော်လည်း ဗိုလ်ချုပ်ကြီး ဒီဂေါလ်ကထောင်ဒဏ်တစ်သက် ပြောင်းလဲ၍ အပြစ်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထာဝစဉ် ကျေးဇူးတင်စရာများ ရှိနေခြင်းတို့ကြောင့် သံယောဇဉ် အမျှင်မပြတ် ဖြစ်နေခဲ့၏။ သို့ပါလျက်ယခု စစ်ကြီးထဲတွင် အီတလီ ပါဝင်နေ၍ ထော်လော်ကန့်လန့် ဖျက်လိုဖျက်ဆီး လုပ်နေပုံမှာ မသိ ဆိုးဝါးနိုင်လွန်းလှသည် တကား···။ ယင်းသို့ စဉ်းစားမိလေတိုင်း ဟစ်တလာအဖို့ မျက်ရည်ဝိုင်းခဲ့ရ၏။

"ဂရိတ်ပြည်ကို တိုက်ခိုက်ခြင်းသည် မိုက်မဲခြင်းပင် ဖြစ်၏။" "အကယ်၍သာ ဤစစ်ပွဲကို ဝင်ရိုးတန်း နိုင်ငံများက မဟုတ်ဘဲ ဂျာမနီကသာ ဆက်လက်ရေးဆောင်ခဲ့ပါက ကျွန်ုပ်တို့သည် ၁၉၄၁ ခုနှစ် မေလ ၁၅ ရက်နေ့ကပင် ရုရှားပြည်အား စတင် တိုက်ခိုက် နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့၏ တပ်များအဖို့ အောင်ပွဲသည် ရှောင် လွှဲ၍ မရလောက်အောင် ခိုင်မာသေချာသည် ဟူသော အချက်မှ တပါး ဘာကိုမှနားမလည်လွန်းမက နားမလည်ဘဲရှိနေရကား ဆောင်းဥတု မကျရောက်မီ တိုက်ပွဲကို အဆုံးသတ်အောင် တိုက် နိုင်ကြပေလိမ့်မည်၊ ယခုမူ အစစအရာရာ ဖောက်ထိုးမိုးမျှော် ဖြစ်ခဲ့ ရပြီတကား" ဟူ၍ ဟစ်တလာက သူ၏ သေတမ်းစာတွင် ညည်း ငြူရေးသားခဲ့လေသည်။

သို့ရာတွင် ဟစ်တလာသည် လက်တင်အမျိုးသားများအပေါ် တွင်လည်းကောင်း၊ အထူးသဖြင့် အီတလီအပေါ်တွင် ယုံစားမိသည့် အတွက် အမှားကြီးမှားခဲ့ရသည်များကို စဉ်းစားရာ၌ ဤမျှနှင့် အဆုံးမသတ်သေးပေ။

သူ့အဖို့ရာ၌ အီတလီသည် အင်အားချည့်နဲ့သည့် မဟာမိတ်





ဘစ်ဦးအဖြစ်လည်းကောင်း၊ စစ်ရေးအရ တာဝန်မကင်းသူတစ်ဦး အဖြစ်လည်းကောင်း ဝင်ရိုးတန်းနိုင်ငံများ၏ အသည်းနှလုံးကို ထိုး ဖောက်ခြင်း ခံလိုက်ရသည့် "နူးညံ့သော ဝမ်းဗိုက်သား" အဖြစ် လည်း ကောင်း အထင်အရှားမှတ်ယူထားပေသေးသည်။

ထိုမျှမက အခြားသော အကျိုးဆက်များလည်း ရှိသေး၏။ အီတလီသည် အာဖရိကတိုက်တွင် လက်အောက်ခံ ဒေသများရှိ နေသည့် နယ်ချဲ့နိုင်ငံတစ်နိုင်ငံဖြစ်၏။ ဤနိုင်ငံတွင် မူဆိုလီနီသည် ကံမကောင်းအကြောင်းမလှသဖြင့် အင်ပိုင်ယာ အရှင်သခင်ကြီးပမာ သူ့ကိုယ်သူ ရယ်စရာကောင်းလောက်အောင် ဟန်လုပ်ခဲ့နေရ၏။ တော်လှန်သော အာဏာရှင် တစ်ဦးအနေဖြင့် ဟစ်တလာသည် ယင်းသို့ အဓိပ္ပာယ်မရှိ ဟန်လုပ်သည့်အမှုအရာများကို အော့နှလုံး နာလှသော်လည်း မိတ်ဆွေကောင်း တစ်ယောက်အနေဖြင့်မူ မလွှဲ သာ မရှောင်သာ အားပေးထောက်ခံလာခဲ့၏။ ထို့ပြင်တဝ နယ်စပ် ချင်းဆက်နေကြသော ပြင်သစ်ပိုင် ဒေသများတွင်လည်း ပြင်သစ်နယ် ချဲ့ ဝါဒကို ထောက်ခံသမှု ပြုခဲ့၏။ အဘယ့်ကြောင့်ဆိုသော် သူပုန် သသော ရောဂါဟူသည် ကူးစက်တတ်သဖြင့် နယ်ချဲ့သမားအချင်း ချင်း ယိုင်းပင်းကြရသည်မှာ ဓမ္မတာဖြစ်၏။ ဤမျှမက အီတလီ သည် ပြင်သစ်ထံမှ နယ်ချဲ့သည့် အမွေအနှစ်ကို ဆက်ခံခဲ့၏။ ဆက်ခံရာ၌လည်း ခြေရာလက်ရာမပျက် ဆက်ခံခဲ့ခြင်းဖြစ်၏။ ထိုသို့ ဖြင့် ဟစ်တလာအဖို့ အီတလီနှင့် မဟာမိတ်ဖွဲ့မိခြင်းအတွက် အာဖရိကတိုက်တွင် နယ်ချဲ့ဝါဒကို အလိုလိုထောက်ခံအားပေးရန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့၏။ သို့ပါလျက် အတိတ်မှ ဖြစ်ရပ်များကို ပြန်လည်သုံးသပ်ရာ၌ ဟစ်တလာသည် ယင်းသို့ ခထောက်ခံအားပေးခဲ့မိခြင်းကို နောင်တရ၍ မဆုံးအောင် ဖြစ်ရပြန်သည်တကား။

စစ်ပွဲ ဆက်လက် ဖြစ်ပွားခဲ့၍ ရင့်ကျက်သော ဥရောပ၏ တင်းမခက်ထန်မှုများပေါ်လွင်လာသည်နှင့် အမျှ ဟစ်တလာ၏ တကယ့်အတွင်းသဘောဖြစ်သော လူမှုရေးအောက်ခြေသိမ်းပြောင်းလဲမှုများသည် ပို၍ထင်ရှားလာခဲ့၏။ ပို၍ ကြီးမားလာခဲ့၏။ သူသည် စပိန်ပြည်တွင်းစစ်တွင် ဖရန်ကိုနှင့် တကွ မြေစားနယ်စားများ ဘာသာရေးအဖွဲ့များအား ကူညီခဲ့သည်ထက် တကယ့်ကွန်မြူနစ်အစစ် မဟုတ်ကြသော စပိန်ကွန်မြူနစ်များကို အားပေးခဲ့သည်က ပို၍ ကောင်းလေစွဟု ယူဆလာခဲ့၏။

ယခုအခါ သူ့တိုင်းပြည်မှ ဂျာမန် မှူးမတ် မျိုးနွယ်များကို သူ့ရန်သူများအဖြစ် မြင်လာ၏။ *၁၉၄၄ ခုနှစ် ဂျူလိုင်လ ၂၀ ရက်နေ့က အဖြစ်အပျက်သည် ဤအချက်ကို အထင်အရှား ပြသခဲ့ခြင်း

---

*ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ခေါင်းဆောင်သော ဂျာမန်စစ် အရာရှိများသည် ၁၉၄၄ ခု၊ ဂျူလိုင်လ ၂၀ ရက်နေ့က ဟစ်တလာအား လုပ်ကြံရန် ကြိုးစားခဲ့ကြ၏။ ထိုစဉ်က ၎င်းတို့လက်ချက်ဖြင့် ဗုံးပေါက်ကွဲခဲ့သော်လည်း ဟစ်တလာမှာမူ အသက်မသေဘဲ ခြေထောက်နှင့် လက်တွင်သာဒဏ်ရာ အနည်းငယ်ရခဲ့၏။ (စာရေးသူ၏ ဟစ်တလာအတ္ထုပ္ပတ္တိ စာမျက်နှာ ၅၇၆-၅၈၀တွင် ကြည့်ပါ)





ဖြစ်၏။ ဘာ့ကြောင့် အားလုံးတစ်ခုမကျန် အမြစ်ကလှန်၍ ပြောင်းလဲရန် မကြိုးစားခဲ့ပါသလဲဟူ၍ သူ့ကိုယ်သူ ပြန်မေးမိ၏။ ဂျာမနီတွင်လည်းကောင်း၊ ဥရောပတွင်လည်းကောင်း၊ အာဖရိကတွင်လည်းကောင်း၊ နေရာတကာတွင် ဘာကြောင့် တော်လှန်သော သဘောထားကို တသမတ်တည်း မထားခဲ့မိပါသလဲ၊ ပင်လယ်ရပ်ခြား လက်အောက်ခံကိုလိုနီများတွင် ဂျာမနီ၏အကျိုးစီးပွား ဘာများရှိပါသလဲ၊ "ကျွန်ုပ်၏ ကြိုးပမ်းမှု" စာအုပ်ထဲတွင် သူသည် အဆိုပါကိုလိုနီများကို စွန့်လွှတ်ခဲ့မိ၏။ ထိုအချိန်မှစ၍ သူ့သဘောထားသည် ဤအတိုင်းပင် တသမတ်တည်းရှိခဲ့၏။

ယခုအခါ ဂျာမနီသည် ယင်းသို့သော လက်အောက်ခံ ကိုလိုနီများကို ဆုံးရှုံးရန်သော်လည်းကောင်း၊ ပိုင်ဆိုင်ရန်သော်လည်းကောင်း လုံးဝမရှိဖြစ်နေဘိ၏။

သို့ဖြစ်ရာ အခြေခံကျသော ကိုလိုနီဆန့်ကျင်ရေး စည်းကြီးကို ဘာကြောင့်ရိုက်ခတ်ဆော်တီးခြင်းမပြုခဲ့ပါသလဲ၊ သူသည်သည် သိမ်းပိုက်ရရှိထားသည့် ပြင်သစ်ပြည်ကြီးတွင် "အလုပ်သမားလူတန်းစား လွတ်မြောက်ရေးအတွက်" လုပ်ဆောင်ပေးသင့်၏။ "အရေထူ နေပြီးသော အရင်းရှင်များ" အား ခပ်နာနာကလေး ထိုးနှက်ပေးသင့်၏။ နေရာတကာတွင် ရှိသော ကိုလိုနီလက်အောက်ခံ ပြည်သူများ၏ လွတ်လပ်ရေးအတွက် တရားရေအေး အမြုက်ဆေးကို တိုက်ကျွေးသင့်၏။ အာရပ်အမျိုးသားများ နိုးကြားထကြွရေးနှင့် အစ္စလာမ် အမျိုးသားများ ပြန်လည်အသက်ဝင်လာရေးကို ရွက်ဆောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



သင့်ဇ်။ ယင်းသို့ စဉ်းစားမိသည်များကို ဟစ်တလာက သူ၏သေ တမ်းစာတွင် အောက်ပါအတိုင်း ဖွင့်ဟ ရေးသားခဲ့ပေသည်။

"ကျွန်ုပ်တို့ လုပ်သင့်လုပ်ထိုက်သည် များကို စဉ်းစားကြည့် ရုံမျှဖြင့် သိနိုင်၏။ အစ္စလာမ်အမျိုးသားများသည် ကျွန်ုပ်တို့၏ အောင်ပွဲသတင်းများကြောင့် ပွဲတင်ထပ်မျှ ဂယက်ရိုက်ခတ် လျက်ရှိကြ၏။ အီဂျစ်များသည်လည်းကောင်း၊ အီရတ်များ သည်လည်းကောင်း၊ အရှေ့အနီးဒေသ တစ်ခုလုံးသည် ပုန် ကန်ထကြွရန် အသင့်ရှိနေကြ၏။ သို့သော် အီတလီနှင့် မဟာမိတ်ဖွဲ့ခဲ့ခြင်းကြောင့် ဤဖြစ်ရပ်များသည် အကောင် အထည်မပေါ်ဘဲ ဖြစ်ခဲ့ရသည်"ဟူ၍ သူကစိတ်ပျက်လက် ပျက် ငြီးတွားခဲ့၏။ "အီတလီသည် ကျွန်ုပ်တို့အား သွက်ချာ ပါဒလိုက်စေခဲ့၏။ သူ့ကြောင့် ကျွန်ုပ်တို့၏ အစ္စလာမ် အမျိုး သား မိတ်ဆွေများသည် ကျွန်ုပ်တို့အား သူတို့ကို ဖိနှိပ်သူ များနှင့် တစ်ကြိုးထဲ တညာထဲ သမားများဟူ၍ မြင်သွား ၏။ ဤနေရာတွင် ယခင်က ဖြစ်နေကျအတိုင်း၊ အီတလီ အား မဟာမိတ်အဖြစ် သစ္စာစောင့်သိခဲ့သည့်အတွက် ကျွန်ုပ်တို့သည် ဘတ်စ်ကား မမီလိုက်ဘဲ ကျန်ရစ်ခဲ့ရပြီ သတည်း"

သို့ဖြင့် ၁၉၄၅ ခုနှစ်တွင် ဟစ်တလာသည် ထင်တိုင်းမပေါ် သည့် နာဇီဝါဒ၏ အနာဂတ်ကို မြင်ခဲ့၏။ သူမြင်ပုံ မြင်နည်း ကွက်ကွက် ကွင်းကွင်း ရှင်းရှင်း လင်းလင်း ရှိလှကြောင်းကို





ကျွန်ုပ်တို့ ဝန်ခံရပေမည်။ ဥရောပတိုက်ကို ကုန်းတပ်အင်အား ကြီးမားလှသည့် နိုင်ငံကြီးတစ်နိုင်ငံက စိုးမိုးအုပ်ချုပ်နိုင်ရမည်ဟု သူမြင် ၏။ ယင်းနိုင်ငံကြီးသည် ရုရှားအနောက်ပိုင်းကို ထိန်းသိမ်း၍ အာရှ တိုက်၏ အရံတပ်များကို စုဆောင်းသိမ်းသွင်းနိုင်ရမည်ဟု သူမြင်၏။ ယင်းနိုင်ငံကြီးသည် ပင်လယ်ရေပြင်ကို စိုးပိုင်ခဲ့သည့် အင်ပိုင်ယာနိုင်ငံ များ၏ ခေတ်နောက်ကျနေသည့် အဆက်အသွယ်များကို အသစ် တဖန် ပြုပြင်မွမ်းမံ၍ စုစည်းထားရမည်ဟု သူမြင်၏။ ကုန်းတပ် အင်အားကြီးမားလှသည့် ယင်းနိုင်ငံသစ်ကြီးသည် လွတ်လပ်ရေး အတွက် ကြိုးပမ်းနေကြသည့် ကိုလိုနီပြည်သူများ၏ အကြီးအကဲ ဖြစ်အောင် လုပ်ဆောင်ခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းလုံး၏ ထောက် ခံအားပေးမှုကို ရယူနိုင်သည်ဟု သူမြင်၏။ ယင်းကိုလိုနီပြည်သူ များ၏ လူမှုရေးတော်လှန်မှုနှင့် နိုင်ငံရေးတော်လှန်မှုကို ဆက်စပ် ပေးရမည်ဟု သူမြင်၏။ ယင်းသို့ ဆောင်ရွက်ရာ၌ (ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဂျာမနီတွင် လက်အောက်ခံ ကိုလိုနီ မရှိ သဖြင့် ဘာမှ စိုးရိမ်ထိတ်လန့်နေစရာ မလိုဟုသူမြင်၏။

စင်စစ် ယခုခေတ်သစ် ကမ္ဘာကဲ့သို့သော ကမ္ဘာသစ်တစ်ခုကို သူမြင်ခဲ့ခြင်းဖြစ်၏။ ယင်းကမ္ဘာသစ်တွင် ယခုကဲ့သို့ ရုရှားများက မဟုတ်ဘဲ ဂျာမန်က ဥရောပတိုက်၏ တစ်ဝက်ကို အကြွမ်းဖက် အုပ်စိုး၍ ဥရောပတိုက်သားများအတွက် မဟုတ်သည့် အမျိုးသား ရေးဝါဒကို အသုံးပြုကာ ကျန်ဥရောပတစ်ဝက်ကို ဖျက်လိုဖျက်ဆီး လုပ်သည့် ပုံသဏ္ဌာန်မျိုးကို ဖန်တီးရာ၌ သူ့တွင် ကြီးမားသည့်



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ဘက်တစ်ဦးရှိနေသည်လည်း သူမြင်၏။ အဆိုပါပြိုင်ဘက်ကို အနိုင်ယူရန် သူအကြံကြီးကြံခဲ့၏။ ယင်းပြိုင်ဘက်ပုဂ္ဂိုလ်ကား အခြား မဟုတ်၊ စတာလင်ပင်တည်း။

သို့သော် ထိုပြိုင်ဘက်ကို အနိုင်ယူ၍ ရခဲ့ပါသလော။ ချိုက်တည်းက ယဉ်သကိုဆိုသကဲ့သို့ စကတည်းက အချိန်ကာလသည် သူ့အလိုကို ဆန့်ကျင်၍ ရုရှားများဖက်က ထာဝစဉ်မျက်နှာလိုက်ခဲ့သည်ကို သူတွေ့မြင်ခဲ့ရ၏။ ရုရှားများအတွက် တစ်နေ့တခြား ကြီးထွားလာနေသည့် အာရှတိုက်၏ ကြီးမားလှသော အရံတပ်များ ရှိနေခဲ့ပြီးဖြစ်၏။ သူ့မှာမူ မင်းမဲ့ဝါဒဆန်လှသည့် ခေါင်းမာသော ဂျာမနီများသာ ရှိနေ၏။ သူ့တွင် ပင်ကိုယ်စွမ်းရည်သတ္တိများကား ရှိပါ၏။ သို့သော် ထိုစွမ်းရည်သတ္တိများမှာ ဂျာမန်များအား အောင်နိုင်သူများအဖြစ် ခေတ္တခဏ ပံ့လောင်းပေးနိုင်ရုံမျှသာ ဖြစ်သည်။

သို့ဖြစ်ရာ သူသည် ရန်သူကို ခပ်မြန်မြန်ထိုးနှက်ပစ်ရမည်ဖြစ်၏။ သူ့အရှိန်အဝါ ကြီးထွားနေခိုက် တစ်ဘက်ရန်သူတို့ လိုက်၍မမီအောင် ခပ်မြန်မြန်ထိုးနှက်ပစ်ရမည်ဖြစ်၏။ ဤသည်ပင် သူ့အတွက် ပြဿနာဖြစ်၏။ ဤသည်ပင် သူ့အတွက် ရင်နာစရာဖြစ်၏။

"အခြားသူများအဖို့ သူတို့အလိုကျ အဆုံးအစမရှိသည့်အချိန်ကာလများ ရခဲ့ကြသည့်နေရာတွင် ကျွန်ုပ်မှာမူ စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်း၍ တိုတောင်းလှသည့် နှစ်အနည်းငယ်သာ အချိန်ရခဲ့လေသည်" ဟူ၍ ဟစ်တလာက ညည်းညူခဲ့၏။



ဤ နောက်ဆုံး သေတမ်းစာကြီးကို ရေးသားခဲ့ပြီးနောက် ဘဝလမ်းအကြာတွင် ဟစ်တလာသည် သူ၏နောက်လိုက် နောက်ပါ "အဂ္ဂသာဝက" တစ်ဦးဖြစ်သော အဲလ်ဘတ်စပီးယားဆိုသူကို ခေါ်၍ ဖြစ်ကြောင်းရယ်မှ ကုန်စင်ကို စုံလင်အောင်မြွက်ဟခဲ့၏။ ဂျာမန်နိုင်ငံကြီးသည် သူ့ကိုဆုံးရှုံးအောင် လုပ်ခဲ့၏။ သို့ဖြစ်ရာ ယင်းနိုင်ငံတော်ကြီးကို ဖျက်ဆီးပစ်ရန်သာ ရှိတော့သည်ဟု သူက ပြောခဲ့၏။ "အနာဂတ်ကာလကို ပိုမို အင်အားကြီးမားသော အရှေ့နိုင်ငံကြီးတစ်နိုင်ငံကသာ လုံးဝ ပိုင်ဆိုင်ခဲ့ပြီ" ဟူ၍ သူ မိန့်ကြားခဲ့၏။

သို့သော်ငြားလည်း သူရှုံးခဲ့ရသည်မှာ "ခေါင်းတစ်လုံး နှာဘဖျား" မျှသာ ရှိသည်ကို တစိမ့်စိမ့်တွေး၍ တသိမ့်သိမ့်ဆွေးခဲ့ရှာ၏။ သူရှုံးခဲ့ရသည်မှာ နောက်ဆုံးတိုက်ပွဲတွင်ဖြစ်၍ တနင်္ဂနွေ ၅ ပတ်မျှသာ ရက်နောက်ကျ၍ ရှုံးခဲ့ရခြင်းဖြစ်၏။ အကယ်၍ သူ့အဖို့ တနင်္ဂနွေ ၅ ပတ်မျှသာ အချိန် စောင့်ခဲ့ပါမူ အခြေအနေမှာ အပြောင်းအလဲကြီး ပြောင်းလဲသွားဖွယ်ရာရှိ၏။ ယင်းသို့ တနင်္ဂနွေ ၅ ပတ်မျှ နောက်ကျခဲ့ရသည်မှာလည်း အခြားကြောင့် မဟုတ်။ သူ၏ အကြီးဆုံးမိတ်ဆွေလည်းဖြစ်၊ ချီးကျူးသြဘာထောပနာပြု၍ မဆုံးနိုင်သည့် ရောင်းရင်းကြီးလည်း ဖြစ်သည့် မုဆိုလီနီအပေါ် အယုံကြီးယုံ၊ အပုံကြီး ပုံခဲ့မိသောကြောင့် ပင်တည်း။

ဤသည်တို့မှာ သူ၏ကြီးမားသော စွန့်စားမှုများနှင့် ပ[illegible]များ၏ သက်၍ သူ နောက်ဆုံးချမှတ်ခဲ့သည့် ကောက်ချက်မ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်ဆိုရလျှင် သူ၏ နောက်ဆုံး ဝါဒဖြန့်ချိသည့် မိန့်ခွန်းပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဟစ်တလာသည် မိန့်ခွန်းတစ်ခုကို ပြောကြားသည့်အခါတိုင်း မှတ်တမ်းတင်ရန် ရည်ရွယ်ပြီးမှ ပြောကြားလေ့ရှိသည်ကို ကျွန်ုပ်တို့ အမြဲသတိပြုရမည်ဖြစ်၏။

သူ့အဖို့ တကယ့်အမှန်တရားဟူ၍ မရှိ။ တကယ့်အဖြစ်မှန်ဟူ၍ မရှိ။ သူသည် သူ့ဗိုလ်ချုပ်ကြီးများအား "အော့နလုံးနာစရာကောင်းလှသည့် အဖြစ်မှန်များ" နှင့်ပတ်သက်၍ မကြာခဏ ဆဲရေးတိုင်းထွာခဲ့၏။ သူ့အဖို့ရာ၌ တကယ့်ဖြစ်ရပ်များ၊ အထူးသဖြင့် နိုင်ငံရေးအရ .တကယ့်ဖြစ်ရပ်များသည် အဖြစ်မှန်များမဟုတ် လုပ်ကြံဖန်တီးချက်များသာ ဖြစ်နေ၏။ တကယ့်ဖြစ်ရပ်ဆိုသည်မှာ လူတို့၏စိတ်က ထင်မြင်ယူဆနေခြင်း၊ လူတို့၏ဆန္ဒအရ ပေါ်ပေါက်နေခြင်းသာ ဖြစ်သည်ဟု မှတ်ယူခဲ့၏။ ယင်းသို့ဖြင့် ပုံလောင်းထားသည့် သူ့စိတ်ဓာတ်ကို မည်သည့်အခြေအနေတွင်မဆို သာမန်အရာဝတ္ထုများအပေါ်တွင် အာရုံစူးစိုက်ထားလေ့ရှိ၏။ ထိုမှတဖန် ယင်းစိတ်ဓာတ်အင်အားကို တစ်လုံးတစ်စည်းတည်း ဖြစ်အောင် တစ်ခုခုအပေါ်တွင် အာရုံစိုက်၍ စုစည်းချုပ်ကိုင်ပစ်လိုက်၏။ အကယ်၍ အရာဝတ္ထုများနှင့် အခြေအနေအရပ်ရပ်တို့ကို ဖြစ်စဉ်အတိုင်း မဟုတ်ဘဲ ပုံပျက်ပန်းပျက် ကပြောင်းကပြန် မြင်နေသည့်တိုင်အောင် စုစည်းချုပ်ကိုင်မှုကို မလျော့ဘဲ ဆင်ကန်းတောတိုးလေ့ရှိ၏။





သို့ဖြစ်ရာ သူ၏ "ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ကောင်းလှသော အဖြေရှာနည်းများ" ကို ဝေဖန်သုံးသပ် အကဲဖြတ်ရာ၌ ကျွန်ုပ်တို့အဖို့ ပုံပျက်ပန်းပျက်ဖြစ်နေသော သူ၏အခြေခံ "သစ္စာတရား" နှင့် ပတ်သက်၍ ကိုးရိုးကားရားနိုင်လွန်းမကနိုင်လှပုံကို အမြဲတစေ သတိပြုရန် လိုပေသည်။

ယခု နောက်ဆုံးဝေဖန်ချက်ကြီးတွင်လည်း ဤအတိုင်းပင် တွေ့နေရ၏။ ဤဝေဖန်ချက်ကြီး၏ အခြေခံစွမ်းအားကိုသော်လည်းကောင်း၊ အပေါ်ယံကြည့်လျှင် ဟုတ်သလိုလို ရှိနေသော အချက်များကိုသော်လည်းကောင်း၊ စနစ်တကျ ကျိုးကြောင်းဖော်ပြချက်များကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့ တွေ့မြင်နိုင်ပေသည်။ အားလုံးတို့မှာ ရှင်းလင်းပြတ်သားလှ၏။ ထို့ပြင် အလားတူ ရှင်းလင်းပြတ်သားလှသည့် အပေါ်ယံအားနည်းချက်များကိုလည်း ကျွန်ုပ်တို့ တွေ့မြင်နိုင်သေး၏။ ယင်းတို့မှာ အဆိုပါ စွမ်းပကားကြီးမားလှသည့် စိတ်ဓာတ်နှင့်အတူ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲလှုပ်ရှားခဲ့သည့် စိတ်အစဉ်သော်လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲလှုပ်ရှားနေရာမှ ဖျတ်ခနဲ အိပ်ရာက နိုးသလိုနိုးလာ၍ ပြန်ဝင်လာသော သတိတရားသော်လည်းကောင်း၊ ဆိုးယုတ်ပြင်းထန်လှသည့် အာဃာတ တရားနှင့် ရက်စက်ကြမ်းကြုတ်မှုသော်လည်းကောင်း၊ ဂျူးများအပေါ်တွင်ဖြစ်စေ၊ ပျက်စီးယိုယွင်းနေသည့် ဥရောပနိုင်ငံများအပေါ်တွင်ဖြစ်စေ၊ ချိုးကပ်နေသည့် ဘူဇွာအရင်းရှင်များအပေါ်တွင်ဖြစ်စေ၊ ဗိုလ်ချုပ်ကြီးများနှင့် မင်းမျိုး မင်းနွယ်များ၏



www.burmeseclassic.com

www.burmeseclassic.com



မတိုးတက်သော ဖောက်ပြန်သည့် စိတ်ဓာတ်များအပေါ်တွင် ဖြစ်စေ၊ တစ်စတစ်စ လူညွှန့်တုံး၍ လုံးပါးပါးနေသော ခရစ်ယာန် အယူဝါဒအပေါ်တွင်ဖြစ်စေ၊ ထားရှိသော ရှုံ့ရှာစက်ဆုပ်သည့် စိတ်ထားသော်လည်းကောင်း စသည် စသည်တို့ဖြစ်၏။

သို့ရာတွင် ကျွန်ုပ်တို့သည် ယင်းဝေဖန်ချက်ကြီး၏ မူလပင်ကိုယ်အားနည်းချက်များကိုလည်း ကြည့်ရန်လို၏။ ယင်းသို့ကြည့်ရာ၌ ဟစ်တလာ၏ အဖြေများကို အသေးစိတ် ဝေဖန်နေရန်မလိုဘဲ သူ့မေးခွန်းနှင့် သူ့ကိုပြန်မေးခြင်းကို သိနိုင်မည်ဖြစ်၏။

ဟစ်တလာသည် အကယ်၍သာ စစ်ကြီးကို ၁၉၃၈ ခုနှစ်က စတင်တိုက်ခိုက်ခဲ့ပါက မှချနိုင်နိုင်ပါမည်လော၊ အကယ်၍သာ ၁၉၄၀ ပြည့်နှစ်က စပိန်နိုင်ငံကိုသော်လည်းကောင်း၊ ယုတ်စွအဆုံး ဂျီဘရော်လ်တာကျွန်းဆွယ်ကိုသော်လည်းကောင်း သိမ်းပိုက်ခဲ့ပါက သူသည် စစ်ကြီးတွင် မုချအနိုင်ရပါမည်လော၊ အကယ်၍သာ ၁၉၄၁ ခုနှစ်က လီနင်ဂရက်၊ မော်စကို၊ ကီယက်ဖ် စသော မြို့ကြီးများကို သိမ်းပိုက်နိုင်ခဲ့ပါက စစ်ကြီးတွင် အနိုင်ရပါမည်လော။

စင်စစ်ဆိုရလျှင် ဤမေးခွန်းများကို ကျွန်ုပ်တို့ ကံသေ ကံမ ဖြေ၍ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အထက်ပါ မေးခွန်းများ၏ လက်အောက်ခံနောက်ဆက်တွဲ မေးခွန်းပေါင်း မြောက်မြားစွာ ရှိနေသောကြောင့်ပင်ဖြစ်၏။ ဥပမာဆိုပါစို့ နပိုလီယံသည် မော်စကိုမြို့တော်ကို သိမ်းပိုက်နိုင်ခဲ့ပါ၏။ သို့သော် ယင်းသို့ သိမ်းပိုက်နိုင်ခဲ့ခြင်းသည် သူ့အတွက် ဘာများကောင်းကျိုးပေးခဲ့ပါသလဲ။





အကယ်၍ ဟစ်တလာသည် ဥရောပတိုက်ရှိ ရုရှားနိုင်ငံ၏ ပိုင်နက်အားလုံးကို သိမ်းပိုက်နိုင်ခဲ့သည့်တိုင်အောင် သူသည် ထိုပိုင်နက်ဒေသတွင် သူ၏အာဏာသစ်ကို ထူထောင်အောင်မြင်ပါမည်လော။ အစာစားနိုင်ရုံမျှဖြင့် စားသမျှအစာ ကြေလိမ့်မည် မဟုတ်ပေ။

ဟစ်တလာသည် စစ်ကို သူ့နည်းဖြင့်သူတိုက်ခဲ့၍ ရှုံးခဲ့၏။ အကယ်၍ အခြားနည်းဖြင့် တိုက်ခဲ့ပါလျှင်လည်း အခြား လက်အောက်ခံပြဿနာများ ပေါ်ပေါက်လာဦးမည်ပင် ဖြစ်ရာ ယင်းပြဿနာများကို မည်သို့မည်ပုံ ဖြေရှင်းပါမည်နည်း။

ဤအချက်နှင့်ပတ်သက်၍မူ သူဘာမှမဖော်ပြဘဲ ထားခဲ့၏။ သူ၏ နောက်ဆုံးသေတမ်းစာတွင် ဟန်ဆောင်ဖုံးကွယ်မှုများသာ ဖော်ပြခဲ့၏။ ဘေးကင်းရန်ကင်း အငြင်းပွားစရာမရှိသော အထွေထွေပြဿနာကြီးများနှင့် ဖြေရှင်းနည်းများကိုသာ ဖော်ပြခဲ့၏။ အသေးစိတ် ပြဿနာများနှင့် တကယ့်ပြဿနာများကိုမူ လုံးဝ မဖော်ပြဘဲ ခြွင်းချန်ထားခဲ့၏။ ဤသေတမ်းစာကြီးတစ်ခုလုံးတွင် သူသည် အောင်ပွဲရသည့်ပမာ နေရာတကာတွင် ဟန်ဆောင် ရေးသားထားခဲ့၏။ သို့သော် အမှန်စင်စစ် သူရေးသားထားသည့် အချက်အလက်များထဲတွင် သူ့အတွက် စစ်ရှုံးနေပြီဖြစ်ကြောင်း ပေါ်ထွက်လျက်ရှိ၏။

သို့ဖြစ်ရကား ဟစ်တလာ၏ အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းသုံးသပ်သည့် ဟောပြောချက်များကို နားမထောင်မီကြစေ



www.burmeseclassic.com

www.burmeseclassic.com



ရန် အရေးကြီးပေသည်။ သူ့စိတ်ထဲက ဤသေတမ်းစာသည် အဘက်ဘက်မှ လေးနက်ထိရောက်လိမ့်မည်ဟု ထင်မြင်ယူဆ ခဲ့သည်မှာ သံသယဖြစ်စရာမလိုပေ။

ဤသေတမ်းစာသည် အချိန်နှင့်ပေါက်ကွဲတတ်သော ဗုံးကဲ့ သို့ ဂျာမဏီတစ်နိုင်ငံလုံး ဝုန်းခနဲပေါက်ကွဲ၍ မဟုတ်မမှန် လုပ် ကြံသည့် ဒဏ္ဍာရီအခိုးအငွေ့များကို ဖယ်ရှားနိုင်လိမ့်မည်ဟု ယူ ဆခဲ့၏။ ၁၉၁၈ ခုနှစ်တွင် တိုင်းသူပြည်သားများက "နောက်ကြော ကို ဓားနှင့်ထိုးခဲ့"သည့် နည်းတူ ၁၉၄၅ ခုနှစ်တွင် မူဆိုလီနီက "နံဘေးကို ဓားနှင့်ထိုးသည့်" အဖြစ်မျိုးဖြင့် ကြုံခဲ့ရ၏။ သို့ပါလျက် ယင်းသို့သော အဖြစ်ဆိုးမျိုးကို အဘယ့်ကြောင့် နောက်တစ်ကြိမ် ထပ်မံ၍ အဖြစ်ခံရပါမည်နည်း။ တကယ့်ဖြစ်ရပ်အမှန်တို့သည် ရှင်းရှင်းလင်းလင်း ရှိကြသည်မဟုတ်။ ရှုပ်ရှုပ်ထွေးထွေးပင် ဖြစ်၏ ရှင်းအောင် လုပ်ကြစတမ်းဆိုလျှင် နည်းလမ်းမျိုးစုံ အဖုံဖုံဖြင့် ဖြေရှင်းနိုင်သည်သာ ဖြစ်၏။

ဤနေရာတွင် ဟစ်တလာ၏ ကြီးမားသော အမှားကို ရှာကြည့်ရာ၌ မူဆိုလီနီအပေါ် ယုံစားမိခြင်းတည်းဟူသော အချက် နှင့်ထပ်တူထပ်မျှ ဂျာမနီပြည်ကြီးအား အဓမ္မဒလကြမ်း အရမ်း ကာရော လုပ်ပစ်ခဲ့သည့် အချက်ကိုပါ ထည့်၍ ပြောမည်ဆိုက ပြော၍ မဖြစ်ပါသလော။ ဥရောပတိုက်တွင် စီးပွားရေးအင်အား အရ တစ်စတစ်စ လွှမ်းမိုးကြီးစိုးမှုရနေသော ဤဂျာမနီပြည်ကြီး အား မဆင်မခြင် မစူးမစမ်းဘဲ မိုက်မိုက် ကန်းကန်း စစ်နှင့်





လောင်းတမ်းကစားခဲ့ခြင်းပင် မဟုတ်ပါလော။ ယင်းသို့ လောင်း ကစားရာ၌ အကယ်၍ အတွက်မှားသည့်တိုင်အောင် ဂျာမနီ ပြည်ကြီးအဖို့ လုံးဝပျက်စီးခြင်းနှင့် ထာဝစဥ် ဆုံးရှုံးခြင်းတို့အနက် တစ်ခုခုဖြင့်သာ ရင်ဆိုင်ရမည် မဟုတ်ပါလော။ ဂျာမနီပြည်ကြီး မှာလည်း ဟစ်တလာထက် ပိုမိုကြီးကျယ်သော ပိုမိုပညာရင့်သန် သော၊ ပို၍အပြစ်ပြောဘာပါသော ဂျာမန်လူမျိုးများ ဟစ်တလာ ထက် ပို၍ စိတ်ရှည်လက်ရှည် တည်ထောင်ခဲ့သဖြင့် ဥစ္စာဓန ကြွယ်ဝ၍ ညီညွတ်သိပ်သည်းခဲ့သော ဂျာမနီပြည်ကြီးပင် မဟုတ် ပါလော။



www.burmeseclassic.com

www.burmeseclassic.com

# ဟစ်တလာ
# ၏
# သေတမ်းစာ





(၁)

*ပစ်နှင့်ချာချီ . . .ပစ်က အင်ပိုင်ယာအတွက် လမ်းခင်းပေးခဲ့၍ ချာချီက သေသွင်းတူးခဲ့ခြင်း. . .၊ ဥရောပသည် ၎င်း၏ အထွတ်အထိပ်ဘဝမှ လျှောကျခြင်း. . .၊ ဂရိတ်ဗြိတိန်သည် စေ့စပ်ဆွေးနွေး၍ စစ်ပြေငြိမ်းရေးကို လက်ခံသင့်ခြင်း. . .၊ **တတိယရိုက်ချ်နိုင်ငံတော်ကြီး မရှောင်မလွှဲသာဘဲ စစ်ထဲဝင်ခဲ့ရခြင်း. . .၊ ပြန်လည်သက်ဝင်လှုပ်ရှားမှုကြီးများ၏ မိဘများဖြစ်ကြသော အကုသိုလ် ကြမ္မာဆိုးများ. . .။

---

* William Pitt ဝီလျံပစ် (၁၇၅၉-၁၈၀၆)။ ၁၇၈၃ ခုနှစ် (အသက် ၂၄ နှစ်) မှစ၍ ၁၇နှစ်တိုင်တိုင် ဗြိတိသျှဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ပြင်သစ် ဧကရာဇ်ဘုရင် နပိုလီယံနှင့် ဖြစ်ပွားခဲ့သော စစ်ပွဲတွင် ကျော်ကြားခဲ့၍ ဗြိတိသျှသမိုင်းတွင် အထူးပင် ထင်ရှားသော အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သည်။

** Third Reich ဟစ်တလာ အာဏာရပြီးသည့်နောက် ဂျာမနီပြည်အား ခေါ်ဝေါ်သည့် အမည်ဖြစ်သည်။

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့

ချာချီသည် သူ့ကိုယ်သူ ဒုတိယ ပစ်ဟု ယူဆဟန်ရှိ၏။ အထင်ကြီးလွန်းလှခြင်းပင်တည်း။ ၁၇၉၃ ခုနှစ်တွင် ပစ်သည် အသက်သုံးဆယ့်လေးနှစ်မျှသာ ရှိသေး၏။ ယခုချာချီမှာမူ ကံမကောင်းအကြောင်းမလှသဖြင့် သက်ကြီးရွယ်အို ဖြစ်နေခဲ့ပေပြီ။ သူ့တွင်ရှိသည့် အစွမ်းအစများကား ရှုံးသွပ်နေသော ရုစပဲ့၏အမိန့်ဩဇာအတိုင်း လိုက်နာလုပ်ဆောင်တတ်သည့် အစွမ်းအစများသာတည်း။

မည်သည့်ကိစ္စတွင်မဆို အခြေအနေများသည် တစ်ခု နှင့် တစ်ခု မည်သို့မျှ နှိုင်းယှဉ်၍ မရစကောင်းပေ။ ပစ်၏ ခေတ်က အခြေအနေများကို ခေတ္တမျှ ပြန်၍ စဉ်းစားကြည့်စေချင်၏။

ထိုစဉ်က အင်္ဂလန်နိုင်ငံအနေဖြင့် ကြည့်လျှင် နပိုလီယံနှင့် မည်သို့မျှ အဆက်အဆံ မလုပ်ခဲ့ခြင်းအတွက် သူသည် ခြွင်းချက်မရှိ မှန်၏။ မဖြစ်နိုင်သည့် အခြေအနေမျိုးတွင် သူလုပ်ခဲ့သည့်အတိုင်း နိုင်မြဲစွာ ရပ်တည်လိုပ်ကိုင်ခဲ့ခြင်းသည် သူ့တိုင်းပြည်





ကို သူ ကာကွယ်ခဲ့ခြင်းပင်ဖြစ်၏။ ယင်းသို့သော အခွင့်အရေးကြောင့်ပင် နောက်ပိုင်းတွင် အင်္ဂလန်သည် ၁၉ ရာစုနှစ်၏ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ရခြင်းဖြစ်၏။ သူ့တိုင်းပြည်၏ တည်တန့်ခိုင်မြဲရေးအတွက် ယင်းသို့သော ပေါ်လစီကို သတ်မှတ်ခဲ့ခြင်းဖြစ်၏။

ချာချီအဖို့ရာ၌ ကျွန်ုပ်နှင့် စေ့စပ်ရန် ငြင်းဆိုခဲ့ခြင်းဖြင့် သူ့တိုင်းပြည်အား ကိုယ့်ကိုယ်ကို သတ်သေသည့် ပေါ်လစီချမှတ်၍ အပြစ်ဒဏ်ခတ်ခဲ့လေသည်။ ပထမတစ်ကြိမ် ဖြစ်ပွားခဲ့သည့် စစ်ပွဲတစ်ပွဲ၏ အခြေခံ အချက်အလက်များအတိုင်း နောက်တစ်ကြိမ်ဖြစ်ပွားသည့် စစ်ပွဲကို ကွပ်ကဲဆင်နွှဲကြသည့် စစ်ဗိုလ်ချုပ်ကြီးများ၏ အမှားမျိုးနှင့်ထပ်တူထပ်မျှ သူမှားခဲ့ခြင်းဖြစ်လေသည်။ ယခုလက်ရှိ အရာဝတ္ထု အခြေအနေအစိတ်အပိုင်းများသည် ယခင်က ပုံစံနှင့် အံဝင်ဂွင်ကျ မဖြစ်ဘဲရှိနေကြပြီဖြစ်၏။ သေရေးရှင်ရေးဖြစ်နေသော ယခု အခြေအနေသစ်တွင် ကြီးမားလှသော ဘီလူးကြီး နှစ်ကောင်တည်ရှိ ပေါ်ပေါက်နေခဲ့၏။ ယင်း ဘီလူးကြီး နှစ်ကောင်ကား အမေရိကန်ပြည်ထောင်စုနှင့် ရုရှားပြည်ကြီးတို့ပင်တည်း။

ပစ် လက်ထက်က အင်္ဂလန်ပြည်ကြီးသည် ဥရောပတိုက်၏ ခေါင်းဆောင်မှုနေရာကို ထိန်းသိမ်းကာကွယ်ခဲ့ခြင်းဖြင့် ကမ္ဘာ့နိုင်ငံများ၏ ချိန်ခွင်လျှာကို တည့်မတ်ပေးခဲ့၏။ တစ်နည်းဆိုရလျှင် နပိုလီယံကို သူ့ရည်မှန်းချက် ပန်းတိုင်မရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



တားဆီးခဲ့ခြင်းဖြင့် အင်္ဂလန်သည် ဥရောပတိုက်၏ ခေါင်းဆောင်မှုအခန်းကို ထိန်းသိမ်းကာကွယ်ခဲ့၏။ ယိုနည်းတူစွာ ယင်းသို့သော အင်အားအနေအထားကို ဆက်လက်ထိန်းသိမ်းထားလိုပါက ယခုချာချီလက်ထက် အင်္ဂလန်ပြည်ကြီးသည် ဥရောပတိုက်၏ စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းမှုကို ခွင့်ပြုလင့်ပေသည်။

ဤစစ်ပွဲ၏ အစပထမပိုင်းတွင် ကျွန်ုပ်သည် ချာချီအား ဤကြီးကျယ်မြင့်မြတ်သော ပေါ်လစီ၏ အမှန်တရားကို ဆုပ်ကိုင်ထားနိုင်သူတစ်ယောက်အဖြစ် ယုံကြည်ခဲ့၏။ သို့ ယုံကြည်ခဲ့သည်နှင့်အမျှ ယင်းယုံကြည်ချက်နှင့်အညီ အစွမ်းကုန် ကျင့်သုံး လုပ်ဆောင်ခဲ့ပေသည်။ စင်စစ်အားဖြင့် အခြေအနေ ရှင်းလင်းပြတ်သားသည့် အခိုက်အတန့်တွင်မူ သူသည် ယင်းပေါ်လစီကို ဆုပ်ကိုင်ထားနိုင်ရိုး အမှန်ပင်ဖြစ်၏။ သို့သော် ယခုအခါ သူသည် ဂျူးလူမျိုးများ၏ စစ်ယာဉ်ရထားနောက်သို့ ခြေရာလက်ပါ တုတ်နှောင်ကာ ဒရွတ်တိုက်ပါသွားခဲ့သည်မှာ အကြာကြီးကြာခဲ့ပြီဖြစ်၏။

အင်္ဂလန်နှင့် စေ့စပ်ဆွေးနွေး၍ ကြေအေးမှုရယူလိုသော ကျွန်ုပ်၏ရည်ရွယ်ချက်မှာ အနောက်နိုင်ငံများအား ပြန်လည် မြှပြင်၍ မရနိုင်လောက်အောင် ဆိုးဝါးသည့် အခြေအနေများမှ ရှောင်ရှားရန်ပင်ဖြစ်၏။ နောက်များမကြာမီ အရှေ့ဘက်ဒေသသို့ ကျွန်ုပ် ချီတက်တိုက်ခိုက်၍ ကွန်မြူနစ် သွေးစနာကို ဖောက်ပစ်သည့်အခါ ဤသည်ကို အကြောင်းပြု၍ အနောက်နိုင်ငံကြီးများ၏ စိတ်ထဲတွင် တူညီသော အသိဉာဏ် အလင်းရောင်ကို ပြန်





လည် ထွန်းညှိပေးနိုင်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ခဲ့၏။ ကျွန်ုပ်သည် နည်းနည်းကလေးမျှ ကန့်ကွက်ပိတ်ပင်ခြင်းမပြုဘဲ အဆိုပါ အပုပ်ချသည့် လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ရန် သူတို့အား အခွင့်အရေးပေးခဲ့ပါ၏။ ယင်းသို့ ပါဝင်လုပ်ဆောင်ခြင်းဖြင့် အနောက်နိုင်ငံများအား ကျန်းမာသန့်ရှင်း ရောဂါကင်းစေမည့် လုပ်ငန်းဘာဝန်သည် ကျွန်ုပ်တို့လက်ထဲတွင် ပိုင်ပိုင်နိုင်နိုင် ကျန်ရစ်မည်ဖြစ်၏။

သို့သော် စိတ်ရင်းစေတနာကောင်းသူ တစ်ယောက်အပေါ် ဤကြောင်သူတော်တစ်စု၏ မုန်းတီးမှုသည် သူတို့ကိုယ်သူတို့ ဘည်တန့်နိုင်မြဲအောင် ထိန်းသိမ်းလိုသည့် အသိတရားထက် ပိုမိုခွမ်းအား ကြီးမားနေခဲ့၏။

ကျွန်ုပ်သည် ချာချီ၏ အင်္ဂလန်နိုင်ငံအပေါ် ဂျူးလူမျိုးများ၏ လွှမ်းမိုးမှုအရှိန်အဝါကို လျှော့၍တွက်ခဲ့မိ၏။ စင်စစ်အားဖြင့် သူတို့သည် အမျိုးသား ဆိုရှယ်လစ်ဝါဒကို သူတို့အကြားသို့ အရောက်ခံမည့်အစား အများတစ်ခုခု ကျူးလွန်၍ အသေခံလိုက်ခြင်းကို ပို၍လိုလားနေကြ၏။ သူတို့သည် မရှောင်မလွှဲသာသည့် အခါမျိုးတွင် ကျွန်ုပ်တို့ရှေ့မှောက်၌ ဂျူးဆန့်ကျင်ရေး ဟန်ဆောင်မျက်နှာဖုံးကို စွပ်၍ ပြကောင်းပြကြပေမည်။ သို့ရာတွင် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဂျူးများ၏ အရှိန်အဝါဩဇာ[illegible]ကို အကိုင်းရှေ အမြစ်ပါမကျန် မျိုးပြုတ်အောင် သုတ်သင်ပစ်မည်ဟူသော ကျွန်ုပ်တို့၏ ယတိပြတ် ဆုံးဖြတ်ချက်ကြီးသည် သူတို့၏ နည့်သော



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်အတွက် အစာကြေရန် အခက်ကြီးခက်နေသည့် အသားတုံးကြီးပမာ ဖြစ်နေရှာသည်တကား။

ပစ်၏ ထူးခြားထက်သန်သော အသိဉာဏ်ကား ဖြစ်ရပ်အမှန်နှင့်ကိုက်ညီသော ပေါ်လစီကို အကောင်အထည် ဖော်နိုင်စွမ်းရှိခြင်းပင်ဖြစ်၏။ ခေတ်၏ အခြေအနေနှင့်လိုက်လျောညီထွေအောင် ကျင့်သုံးနိုင်စွမ်းရှိခြင်းပင် ဖြစ်၏။ ယင်းစွမ်းဆောင်ချက်များကြောင့် သူ့တိုင်းပြည်သည် တကယ်တန်း သူမတူအောင် ပြ၍ ထူထူထောင်ထောင် ဖြစ်လာခဲ့ပြီး ဆယ့်ကိုးရာစုနှစ်တွင် ကမ္ဘာကို လွှမ်းမိုးနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

ယခုသော်မူ ထိုစဉ်က အခြေအနေနှင့် တစ်စက်ကလေးမှ မတူသည်ကို လုံးဝလျစ်လျူရှု၍ ယင်းပေါ်လစီကို အတုခိုးကာ ခယဝပ်တွား လိုက်နာကျင့်သုံးနေသော ချာချီ၏ လုပ်ဆောင်ချက်များမှာ လုံးလုံးလျားလျား အဓိပ္ပါယ်မရှိ ရယ်ဖွယ်အတိ ဖြစ်နေ၏။ တကယ့်ဖြစ်ရပ်တွင် ကမ္ဘာကြီးသည် ပစ်၏ ခေတ်အခါကထက် ပိုမိုတိုးတက်လာခဲ့ပြီတည်း။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်းတစ်ရာလုံးလုံး ပြောင်းလဲမှုများ တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် ပထမ ကမ္ဘာစစ်ကြီးသည် ခြေလှမ်းများကို ပို၍စိပ်လာခဲ့စေပြီး အကြွေးစာရင်းနှင့် အပြီးသတ် ဖြေရှင်းရေးကို လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့အား လမ်းညွှန်ပြသခဲ့ပြီတည်း။

အရှိန်အဝါ သြဇာအာဏာအရ ကြည့်လျှင် ဆယ့်ကိုး





ရာစုနှစ် အစပိုင်းတွင် ဥရောပတိုက်တစ်တိုက်တည်းကသာ လွှမ်းမိုးခဲ့၏။ အာရှနိုင်ငံကြီးများမှာမူ ထိုစဉ်က အိပ်မောကျလျက် ရှိကြ၏။ အသက်ကင်းမဲ့နေသော အသေကောင်ကဲ့သို့ အိပ်မောကျလျက် ရှိကြ၏။ ကမ္ဘာသစ်မှာလည်း ကမ္ဘာဟောင်းအတွင်းမှ ပေါက်ဖွားထွက်ပြူစပြုရုံမျှသာ ရှိသေး၏။

ထို့ပြင် ထိုအချိန် ထိုအခါက ဗြိတိသျှလက်အောက်ခံကိုလိုနီဆယ့်သုံးနိုင်ငံတို့၏ အံ့သြဖွယ်ရာ အနာဂတ်ကံကြမ္မာကို မည်သူတစ်ဦးတစ်ယောက်မှ ကြိုတင်သိမြင်နိုင်စွမ်း မရှိသေးဘဲ ဖြစ်နေခဲ့၏။ ယင်းဆယ့်သုံးနိုင်ငံတို့မှာလည်း မကြာမီက လွတ်လပ်ရေးရခဲ့ကြသည့် နိုင်ငံများ ဖြစ်ကြ၏။ ဆယ့်သုံးနံပါတ်ပါတကား။ ကျွန်ုပ်သည် အယူသည်း၍ အစွဲအလမ်းကြီးသူတစ်ယောက်မဟုတ်ပါချေ။ သို့သော် ထိုဖြစ်ရပ်ဇာတ်လမ်းသည် ကျွန်ုပ်အား အယူသီး၍ အစွဲလမ်းကြီးစေခဲ့၏။ လူဦးရေ လေးသန်းမျှသာရှိသော ယင်းနိုင်ငံသစ်ကလေးသည် နှစ်ပေါင်းတစ်ရာအတွင်း အတိုင်းအဆမရှိ တိုးတက်ကြီးထွားလာခဲ့ရာ နှစ်ဆယ်ရာစုနှစ်အစပိုင်း၌ ယင်းနိုင်ငံသည် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သတည်း။

အဆုံးအဖြတ်ပေးသည့် ကာလဖြစ်သော ၁၉၃၀ ပြည့်နှစ်နှင့် ၁၉၄၀ ပြည့်နှစ်များအတွင်းက အခြေအနေများသည် ပစ်နှင့် နပိုလီယံတို့ခေတ်က အခြေအနေနှင့် များစွာခြားနားခဲ့၏။ ကြီးမားလှသည့် စစ်ပွဲကြီးကြောင့် ခြေကုန်လက်ပမ်း ကျနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဥရောပတိုက်သည် အထွတ်အထိပ်နေရာမှ လျှောကျခဲ့၏။ ခေါင်းဆောင်အဖြစ် ဆက်လက်အသိအမှတ်ပြုခြင်း မခံရတော့ဘဲ ဖြစ်ခဲ့၏။ ကမ္ဘာမြေပေါ်တွင် အာရုံပြု ဂရုစိုက်ခြင်း ခံရသည့် အချက်အချာနေရာများတွင် တစ်ခုအပါအဝင် ဖြစ်နေသေးသော်လည်း တစ်နေ့တစ်ခြား အင်အားကြီးမားလာကြသည့် အမေရိကန်ပြည်ထောင်စု၏ ရှေ့မှောက်တွင်လည်းကောင်း၊ အာရှတိုက်ကို အခြေခံသည့် ရုရှားပြည်ကြီး၏ ရှေ့မှောက်တွင်လည်းကောင်း၊ အာရှတိုက်ကို အခြေခံထားသည့် ရုရှားပြည်ကြီး၏ ရှေ့မှောက်တွင်လည်းကောင်း၊ * တက်သစ်စ နေမင်း၏ အင်ပိုင်ယာနိုင်ငံတော်ရှေ့မှောက်တွင်လည်းကောင်း၊ ဥရောပတိုက်သည် တဖြည်းဖြည်း အရေးပါ အရာရောက်မှုများ လျော့နည်းလာခဲ့ပြီ ဖြစ်၏။

အကယ်၍သာ ဇရာဖိစီး၍ သက်ကြီးရွယ်အိုဖြစ်နေသော ဥရောပတိုက်အတွက် ကုသိုလ်ကံကောင်း၍ ယခုကဲ့သို့ ဂျူးမျ၏ သြဇာခံ ** အမေရိကန်ကပြား အရက်သမားတစ်ယောက်အစား ပစ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး နောက်ထပ် အသစ်တစ်ယောက် ပေါ်ပေါက်လာမည်ဆိုပါက ယင်းပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ၏ ထ တမ်းစဉ်လာဖြစ်သော ပေါ်လစီကို ချက်ချင်းအသိအမှတ်ပြု၍ နိုင်

* Empire of The Rising Sun ဂျပန်ပြည်ကို ဆိုလိုသည်။

** ထိုစဉ်က ဗြိတိသျှဝန်ကြီးချုပ် ချာချီကို ဆိုလိုသည်။ ချာချီ၏ ဖခင် ဗြိတိသျှလူမျိုးဖြစ်၍ မိခင်မှာ အမေရိကန်အမျိုးသမီးဖြစ်သည်။





အချင်းချင်း ချိန်ခွင်ညှာအင်အား အနေအထားကို တစ်မျိုးတစ်ဖုံ ပြောင်းလဲထိန်းသိမ်းသွားမည် ဖြစ်၏။ ယခုအကြိမ်တွင်မူ ကမ္ဘာနှင့်ချီ၍ပင် တစ်မျိုးတစ်ဖုံ ပိုမိုပြောင်းလဲသွားနိုင်မည် ဖြစ်၏။ ဗြိတိန်သည် ဥရောပ၏ ပြိုင်ဖက်နိုင်ငံများအား ထောက်ပံ့ပေးကမ်းခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်မည့်အစား၊ ဥရောပတိုက်၏ သီးသွတ်ရေးအတွက် အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးစားထိုက်ပေသည်။ စည်းလုံးညီညွတ်သော ဥရောပတိုက်နှင့် မဟာမိတ်ဖွဲ့ထားခြင်းအားဖြင့် ဗြိတိန်အဖို့ ကမ္ဘာ့အရေးအခင်းများတွင် အဆုံးအဖြတ်ပေးသည့် အကြီးအကဲနေရာ၌ ဆက်လက်ပ မြဲနေနိုင်မည် ဖြစ်ပေသည်။

ပေါ်ပေါက်နေသော အဖြစ်အပျက်များကို ကြည့်ပါက ** အယ်လ်ဘီယန်နိုင်ငံတော်အား အတိတ်က သူကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ဘုရားသခင်က ဒဏ်ခတ်တော်မူခြင်း ဖြစ်သည်ဟူ၍ ယူဆဖွယ်ရှိနေပေသည်။ ယင်းပြစ်မှုများမှာလည်း အခြားမဟုတ်၊ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်အောင် လုပ်ဆောင်ရာ၌ ကျူးလွန်ခဲ့သည့် ပြစ်မှုများပင် ဖြစ်၏။ ဗြိတိန်အဖို့ရော ဥရောပအဖို့ပါ သေရေးရှင်ရေး အဆုံးအဖြတ်ပေးရမည့် ကာလမျိုးတွင် ချာချီကဲ့သို့သော လူတစ်ယောက် ပေါ်ပေါက်လာခြင်းသည်ပင်

** Albion ရှေးအခါက ဗြိတိန်ပြည်အား ခေါ်ဝေါ်ကြသည့် အမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်၏ ဒဏ်ခတ်မှုကို ခံရခြင်းဖြစ်၏။ ဗြိတိန်နိုင်ငံ၏ ဂုဏ်ကျက်သရေ အဆင့်အတန်းကို ယုတ်ညံ့ကျဆင်းအောင် လုပ်ဆောင်ရန်အတွက် သူ့ကိုမှ တမင်ရွေးချယ်ခဲ့ကြခြင်း ဖြစ်၏။ ထို့ပြင် အသက်အရွယ်အိုမင်း၍ စိတ်ဓာတ်ယိုယွင်းနေသည့် လူပျက်တစ်ယောက်၏ လက်ထဲသို့ အင်ပါယာကြီးတစ်ခုလုံးနှင့်တကွ တစ်ချိန်တည်းတွင် ဥရောပတိုက်တစ်ခုလုံး၏ ကြံကမ္မာပါ ဆုံးဖြတ်သတ်မှတ်ရန် ပုံအပ်လိုက်ခြင်းလည်း ဖြစ်ပေသည်။

ဗြိတိသျှလူမျိုးများသည် မှူးမတ်မျိုးနွယ်ဝါဒကို တစ်စတစ်စ ဖယ်ရှားနေသည့်အကြားမှ ဗြိတိသျှတို့၏ ကမ္ဘာ့လွှမ်းမိုးရေးကို ဆင်ခြေပေးရန်အတွက် အဆိုပါ ဂုဏ်အင်္ဂါအရည်အသွေးများကို ယခုအထိ ထိန်းသိမ်းထားဆဲပင် မဟုတ်ပါလော…ဟူသောမေးခွန်းသည် အထင်အရှား ရှိနေသည်ဟု ကျွန်ုပ်ထင်၏။ ကျွန်ုပ်အနေဖြင့် ပြောရလျှင် ဤအချက်ကို သံသယဖြစ်မိ၏။ အဘယ့်ကြောင့်ဆိုသော် အမျိုးသားခေါင်းဆောင်များ ကျူးလွန်ခဲ့သည့် အမှားအယွင်းများနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ တုံ့ပြန်ချက်လက္ခဏာများ မရှိသလောက် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ သို့ပါလျက် ဗြိတိန်သည် တိုးတက်ရာ တိုးတက်ကြောင်း လမ်းစဉ်သစ်အရ ရဲရင့်ပြောင်မြောက်စွာ ချီတက်ခဲ့သည့် ဖြစ်ရပ်များ အများအပြား ရှိခဲ့၏။

ဗြိတိန်သည် ၁၉၄၁ ခုနှစ်၊ စောစောပိုင်းက စစ်ကို အဆုံးသတ်လိုသည့်ဆန္ဒ ပြင်းပြခဲ့ပါက အဆုံးသတ်နိုင်သည့်





အခြေအနေရှိပေသည်။ သို့သော် ထိုစဉ်က လန်ဒန်မြို့၏ မိုးကောင်းကင်တစ်ခုလုံး၌ ခုခံတိုက်ခိုက်လိုသည့် အရိပ်အရောင်များကို ဘစ်ကမ္ဘာလုံးမြင်သာအောင် လှစ်ထုတ်ပြသခဲ့၏။ တစ်ချိန်တည်းတွင် ဟန်လုပ်၍ ဂုဏ်ယူနေသည့်အကြားမှ မြောက်အာဖရိကတိုက်၌ အရှက်ကွဲလောက်သည့် ရှုံးနိမ့်မှုများဖြင့် ကြုံတွေ့နေရ၏။ အစဉ်အလာအရဆိုလျှင် ဗြိတိန်နိုင်ငံသည် စစ်ပြေငြိမ်းရေးကို လုပ်ဆောင်သွားစရာ ရှိ၏။ သို့သော် ဂျူးလူမျိုးများအဖို့ ယင်းသို့သော အစဉ်အလာလုံးဝမရှိဘဲ ဖြစ်နေ၏။ ထို့ပြင်တဝ သူ၏ နောက်လိုက်များဖြစ်ကြသော ချာချီနှင့် ရုစဗဲ့တို့ကလည်း စစ်ပြေငြိမ်းရေးကို ဟန့်တားခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ ထိုစဉ်က စစ်ပြေငြိမ်းရေးသာ ရခဲ့ပါက အမေရိကန်တို့အား ဥရောပအရေးအခင်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ တားဆီးနိုင်မည် ဖြစ်ပေသည်။ ဂျာမန်အင်ပိုင်ယာကြီး၏ ဦးစီးရှေ့ဆောင်မှုဖြင့် ဥရောပတိုက်သည် အဟုန်ပြင်းစွာ ညီညွတ်လာဖွယ်ရာ ရှိပေသည်။ ဂျူးလူမျိုးများ၏ အဆိပ်အတောက်များကိုသာ ဖယ်ရှားနိုင်ခြားအံ့၊ ညီညွတ်ရေးသည် အလွယ်တကူပင် ရရှိနိုင်မည်ဖြစ်၏။ ဂျာမန်လက်နက်နိုင်ငံကြီးနှစ်နိုင်ငံအား လအနည်းငယ်စီခြား၍ အရှုံးပေးခဲ့ကြရသော ပြင်သစ်နှင့် အီတလီတို့ကိုမူ ညီညွတ်ရေးတွင် ထည့်သွင်းခြင်းမပြုဘဲထားသင့်၏။ သူတို့နှစ်ဦးစလုံးသည် ကြီးကျယ်မြင့်မြတ်မှုနှင့်မထိုက်တန်သော သူတို့၏ ရည်မှန်းချက်များကို စွန့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com

သင့်ကြ၏။ တစ်ချိန်တည်းတွင် သူတို့သည် မြောက်အာဖရိက နှင့် အရှေ့အနီးဒေသများတွင် သူတို့၏ ဟန်ဆောင်မှုများကိုလည်း စွန့်လွှတ်သင့်ကြ၏။ အစ္စလာမ်အမျိုးသားများနှင့် မိတ်ဆွေဖြစ်ရေးအတွက် ဥရောပတိုက်အား ရဲရင့်ပြတ်သားသော ပေါ်လစီ ချမှတ်သွားရန် ခွင့်ပြုသင့်၏။

ဗြိတိန်နိုင်ငံ အနေဖြင့်ဆိုလျှင် ဥရောပနှင့် စပ်လျဉ်းသမျှ အရေးအခင်းများကိုလည်း လျစ်လျူရှု၍ အင်ပိုင်ယာကြီး စည်ပင်သာယာရေးအတွက် အစွမ်းကုန် ကြိုးစားသင့်ပေသည်။ ဤသို့ဖြင့် နောက်ဆုံး၌ ဗြိတိန်၏ နောင်ပိုင်းလုံခြုံရေးအတွက် အရေးပါသော ဂျာမနီနိုင်ငံသည် ၎င်း၏ ရှောင်လွှဲ၍မရနိုင်သည့် တာဝန်ကြီးကို စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် လုပ်ကိုင်သွားနိုင်မည် ဖြစ်၏။ ယင်းတာဝန်ကား အခြားမဟုတ်၊ ကျွန်ုပ်၏ ဘဝရည်မှန်းချက်ဖြစ်သော အမျိုးသားဆိုရှယ်လစ်ဝါဒကြီး ထမြောက်အောင်မြင်ရေးပင်တည်း။ တစ်နည်းဆိုရလျှင် ဘော်လ်ရှီဗစ်ဝါဒကို ဖျက်ဆီးချေမှုန်းရေးပင်တည်း။ သို့မှသာ အရှေ့ဘက်မှ ကျယ်ပြန့်သော ဒေသများကို တစ်ပါတည်း ဆက်လက်သိမ်းပိုက်နိုင်၍ အပြန်အလှန်အားဖြင့် ဂျာမန်အမျိုးသားများ၏ အနာဂတ်သာယာဝပြောရေးသည် မုချမသွေပေါ်ပေါက်ပေလိမ့်မည် ဖြစ်သတည်း။

သဘာဝတရား၏ ဖြစ်စဉ်သည် ကျွန်ုပ်တို့၏ အတွေးအခေါ်ယုတ္တိဖြစ်စဉ်များနှင့် အမြဲတမ်း မကိုက်ညီဘဲ ဖြစ်တတ်ပေသည်။ ကျွန်ုပ်တို့အဖို့ စေ့စပ်ညှိနှိုင်းရန် ကျွန်ုပ်တို့ကိုယ်တိုင်က

သုခမစာပေတိုက်



လိုလားတတ်၏။ ဗြိတိသျှအင်ပိုင်ယာကြီး ဟည်တံ့ခိုင်မြဲရေးအတွက် ကျွန်ုပ်တို့၏ တပ်များကို အလုံးအရင်းဖြင့် စေလွှတ်ကာကွယ်ပေးရန် အသင့်ရှိပါ၏။ အမှန်အတိုင်းဆိုရလျှင် ဤသည်တို့မှာ ကျွန်ုပ်၏စိတ်ထဲတွင် * ဆောင့်ကြွားကြွားနိုင်လှသော ကျွန်းသူကျွန်းသားများထက်၊ ဇာတ်အနိမ့်ဆုံး ဟိန္ဒူလူမျိုးတစ်ယောက်ကို ပို၍ လိုလားနှစ်သက်ခဲ့သည့် အချိန်ကပင် ယင်းသို့ သဘောထားခဲ့ကြောင်း သတိပြုသင့်ပေသည်။ ဟောင်းနွမ်းဆွေးမြေ့နေသော ပြဿနာအရေးအခင်းတစ်ခုတွင် လုံးဝပါဝင်ဖြေရှင်းခြင်းမပြုဘဲ နေခဲ့မိသည့်အတွက် ဂျာမန်လူမျိုးများသည် နောင်တစ်ချိန်၌ အားရဝမ်းသာ ဖြစ်ကြရပေလိမ့်မည်။ သို့သော် ယင်းကိစ္စအတွက် သူတို့အပေါ် အနာဂတ်ကမ္ဘာကြီးက ခွင့်လွှတ်ရန်ကား ခဲယဉ်းပေသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကိုမျှ သေချာပေါက် ဟောကိန်းထုတ်နိုင်၏။ ယင်းကား အခြားမဟုတ်၊ ဤစစ်ပွဲကြီး ပြီးဆုံးလျှင် မည်သို့သော အကျိုးတရားများ ပေါ်ပေါက်လာသည်ဖြစ်စေ ဗြိတိသျှအင်ပိုင်ယာကြီးကား အဆုံးစွန်သောဘဝသို့ ရောက်ခဲ့ပြီဟူသော အချက်ပင်တည်း။ မှန်၏။ ဗြိတိသျှ အင်ပိုင်ယာကြီးသည် သေလောက်သည့် ဒဏ်ရာမျိုး ရခဲ့ပြီဖြစ်၏။ ဗြိတိသျှလူမျိုးများ၏ အနာဂတ်ကာလသည် သူတို့၏ ကျိန်စာမိနေ

---

* ဗြိတိသျှလူမျိုးများကို ဆိုလိုသည်။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်းပေါ်တွင် အစာရေစာငတ်၍ အဆုတ်ရောဂါဖြင့် သေရန်သာ ရှိတော့သတည်း။

ဂျာမန်နိုင်ငံတော်ကြီးက အောင့်အီးသည်းခံနေခဲ့သော ဗြိတိသျှတို့၏ ခေါင်းမာမှုနှင့် အစွမ်းကုန် ခုခံမှုတို့သည် လုံး၀ဖြစ်ရိုးဖြစ်စဉ် မဟုတ်ပေ။ ပထမအချက်အားဖြင့် ဗြိတိန်သည် ကိုယ်ကြိုက်သလို လုပ်နိုင်ခွင့်ရှိ၍ သူ့ကို မည်သူကမှ စစ်ထဲပါရန် အဓမ္မစေခိုင်းခြင်း မဟုတ်၊ သို့ပါလျက် သူသည် စစ်ထဲပါခဲ့ရုံမျှမက စစ်ဖြစ်ရန် ကာယကံမြောက် စတင်လှုံ့ဆော်ခဲ့၏။ စစ်ဝါဒီများဖြစ်ကြသော ဗြိတိသျှနှင့် ပြင်သစ်တို့က (သူတို့ကိုယ်နှိုက်ကလည်း ဂျူးများ၏ လှုံ့ဆော်စေခိုင်းမှုကို ခံနေကြရ၍) တိုက်တွန်းအားပေးခြင်းသာ မပြုလုပ်ခဲ့ပါက ပိုလန်လူမျိုးများအဖို့ ကိုယ့်ကိုယ်ကို သတ်သေသည့် အဖြစ်မျိုးသို့ ဆိုက်ရောက်စရာ မရှိကြောင်း ကျွန်ုပ် အထူးပြောရန် မလိုပေ။

သို့ဖြစ်သည့်တိုင်အောင် ဤကြီးမားလှသည့် အမှားကြီးကို ကျူးလွန်ခဲ့သည့်နောက် ပိုလန်ပြည်အား ဖျက်သိမ်းလိုက်သည့် အချိန်ကသော်လည်းကောင်း၊ သို့မဟုတ် ပြင်သစ်ပြည်ကြီး ကျဆုံးခဲ့သည့် အချိန်ကသော်လည်းကောင်း၊ ဗြိတိန်သည် သူ * "ပစ္စည်းများကို မီးထဲမှ ဆွဲထုတ်မည်ဆိုပါက" ထုတ်နိုင်သေး

---

* ဂျာမန်တို့နှင့် စစ်ပြေငြိမ်းရေး လုပ်မည်ဆိုက လုပ်နိုင်သေးကြောင်းကို ဆိုလိုသည်။





၏။ စင်စစ် သူဖက်မှနေကြည့်လျှင် ယင်းသို့ လုပ်ဆောင်ရန်မှာ ဂုဏ်သိက္ခာမဲ့ရာ ကျကောင်းကျပေလိမ့်မည်။

သို့သော် ဤကိစ္စမျိုးတွင် ဂုဏ်သိက္ခာနှင့် စပ်လျဉ်းသည့် ဗြိတိသျှတို့၏ အတွေးအခေါ် အယူအဆသည် ပိုလွန်းကဲလွန်းလှပေသည်။ သူလုပ်စရာရှိသည်မှာ ၁၉၄၀ ပြည့်နှစ်က သူနှင့် ပြင်သစ်တို့က ဘယ်ဂျီယံနိုင်ငံအား လုပ်ခဲ့သည့်နည်းတူ သူ၏ ချို့ယွင်းချက် အပြစ်အနာအဆာမှန်သမျှတို့ကို သူ့မဟာမိတ်ဟောင်းကြီးများ၏ ပုခုံးပေါ်သို့ အချိုးကျ ပုံချလိုက်ရုံသာ ရှိ၏။ ထို့ပြင် ဘ၀ ကျွန်ုပ်တို့ကလည်း သူ့ကို မျက်နှာမပျက်အောင် ဖေးမကူညီသွားဦးမည် ဖြစ်၏။

မြောက်အာဖရိကတိုက်မှ အောင်ပွဲများကြောင့် ဂုဏ်သိက္ခာတက်လာခဲ့ပြီးနောက် ၁၉၄၁ ခုနှစ် အစပိုင်းလောက်တွင် ဗြိတိန်သည် ဤ "ကစားဝိုင်း"မှ ထွက်၍ ကျွန်ုပ်တို့နှင့် စေ့စပ်ဆွေးနွေး စစ်ပြေငြိမ်းရေးလုပ်ရန် အခွင့်အလမ်းများ ပို၍ပင် ရရှိခဲ့၏။ ဗြိတိန်သည် သူ၏ အဆိုးဆုံးသော ရန်သူထက် ပို၍ လောဘရမက် ငန်းငန်းတက်နေကြသည့် ဂျူးနှင့် အမေရိကန် မဟာမိတ်များ၏ အမိန့်ကို ဘာ့ကြောင့် မနာခံဘဲ မနေနိုင်အောင် ဖြစ်ရသနည်းဟူ၍ မေးကောင်း မေးစရာရှိပေသည်။ ဤအမေးကို ကျွန်ုပ်ဖြေရမည်ဆိုပါက ဗြိတိန်သည် စစ်ထဲသို့ သူ့ဆန္ဒအလျောက် ပါဝင်တိုက်ခိုက်နေရခြင်း မဟုတ်ဘဲ၊ မကျေနိုင် မချမ်းနိုင် ဖြစ်နေကြသည့် သူ့မဟာမိတ်များ၏ ခိုင်းစေချက်အရ ပါဝင်တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



နေရခြင်း ဖြစ်သည်ဟူသတည်း။

တစ်ဖက်တွင်မူ ဂျာမနီအဖို့ ရွေးစရာ အခြားနည်းလမ်း မရှိ ဖြစ်ခဲ့ရ၏။ ကျွန်ုပ်တို့၏ နောက်ဆုံးဆန္ဒမှာ ဂျာမန်တစ်မျိုးသားလုံး ကိုယ့်ဘဝကိုယ် ထူထောင်နိုင်မည့် တကယ့် လွတ်လပ်ရေးအတွက် အာမခံချက်ပေးရန်နှင့် ကြီးကျယ်မြင့်မြတ်သည့် ရိုက်ခ်နိုင်ငံတော်ကြီးအတွင်း တစ်လုံးတစည်းထည်း သိပ်သည်းညီညွတ်ကြရန်ဖြစ်ကြောင်း အတိအလင်း ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ ရန်သူများသည် ဖြုံးခနဲထ၍ ကျွန်ုပ်တို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြ၏။

သို့နှင့်ပင် ကျွန်ုပ်တို့အဖို့ စစ်သည် မရှောင်မလွှဲသာ ဖြစ်ခဲ့ရ၏။ အကယ်၍သာ စစ်ကို ရှောင်လွှဲလိုက်ပါလျှင်လည်း ကျွန်ုပ်တို့သည် ဂျာမန်တစ်မျိုးသားလုံး၏ အခြေခံ အကျိုးစီးပွားများကို မလွဲမသွေ သစ္စာဖောက်ရပေတော့မည်။ ကျွန်ုပ်တို့ အမျိုးသားများနှင့် ပတ်သက်၍ ပြောရလျှင် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို အပေါ်ယံရရုံမျှဖြင့် ကျေနပ်ကြလိမ့်မည် မဟုတ်ပေ။ ကျေလည်း မကျေနပ်နိုင်ပေ။ ဤလွတ်လပ်ရေးမျိုးမှာ ဆွီဒင်နှင့် ဆွစ်ဇာလန်လူမျိုးများအဖို့ အစစ အရာရာအားလုံး ကောင်းပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူတို့တတွေသည် သံသယမကင်းစရာ ရှုပ်ရှုပ်ထွေးထွေး ပုံသေကားချပ် လုပ်နည်းလုပ်ဟန်များကို ထောက်ခံရန် အမြဲတမ်း အဆင်သင့်ရှိနေတတ်၍ တစ်ချိန်တည်းတွင် သူတို့၏ ငွေအိတ်များကိုလည်း ဖောင်းပွအောင် ဖြည့်တင်





ဘာပေးသည်။ * ဝေးမား သမ္မတနိုင်ငံအဖို့ရာ၌မူ ယင်းကိစ္စများအတွက် မည်သို့သော ဟန်ဆောင် ကြိုးစားမှုမျိုးကိုမှ မပြုလုပ်နိုင်ပေ။ ဘာတိယရိုက်ခ်၏ အင်ပိုင်ယာကြီးအနေဖြင့်လည်း ထိုသို့လုပ်ဆောင်ရန် မလိုလားပေ။

သို့ဖြင့် စစ်မက်ဖြစ်ပွားရခြင်းအတွက် ကျွန်ုပ်အား ရုံဖန်ရံခါ ရှုံ့ချပြစ်တင်ကြ၏။ ကျွန်ုပ်တို့၏ ကြိုတင်သိမ်းပိုက်မှုများမှာ အဆိုးဆုံးသော အခြေအနေများထဲက အတတ်နိုင်ဆုံး ကောင်းအောင် ရွေးချယ်လုပ်ကိုင်ခဲ့ရခြင်း ဖြစ်ပေသည်။ စင်စစ်အားဖြင့် ကျွန်ုပ်တို့အဖို့ တစ်ခုခုလုပ်မိပြီးသည်၏ အခြားမဲ့၌ နောက်ဆုတ်ရန် လုံးဝမဖြစ်နိုင်တော့ပေ။

ကျွန်ုပ်တို့၏ အတိုက်အခံ ရန်သူများသည် အမျိုးသားဆိုရှယ်လစ်ဝါဒ လမ်းစဉ်များကိုသာ မဲ၍ ကန့်ကွက်နေကြသည် မဟုတ်ပေ။ သူတို့သည် အမျိုးသား ဆိုရှယ်လစ်ဝါဒကို မုန်းတီးကြ၏။ အဘယ့်ကြောင့်ဆိုသော် ဤဝါဒကို အကြောင်းပြု၍ ဂျာမန်အမျိုးသားများ၏ အရည်အချင်းသည် တိုးတက်မြင့်မားလာသောကြောင့်ပင်တည်း။ သို့ဖြစ်၍လည်း သူတို့သည် ဂျာမန်အမျိုးသားများ၏ ပျက်စီးရာ ပျက်စီးကြောင်း နည်းလမ်းများကို ရှာကြံခဲ့ကြခြင်း ဖြစ်၏။ ဤအတွက်မူ တစုံတစိမျှ သံသယဖြစ်စရာ

* Weimar Republic ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၁၉ ခုနှစ်မှ ဟစ်တလာအာဏာမရမီ ၁၉၃၃ ခုနှစ်အတွင်း တည်ထောင်ခဲ့သည့် ဂျာမန်ပြည်ထောင်စု သမ္မတနိုင်ငံ၏ အမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မလိုပေ။ တစ်ခါတစ်ရံ မုန်းတီးစိတ်သည် ဟန်ဆောင်စိတ်ထက်
ပို၍ အင်အားကြီးမားတတ်သည်။ သူတို့စိတ်ထဲတွင် ရှိသမျှ ယင်
သို့ ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ပြသကြသည့်အတွက် ကျွန်ုပ်တို့
သည် ကျွန်ုပ်တို့၏ ရန်သူများအား ကျေးဇူးတင်ကြရံသာ ရှိ
သည်။

ဤသို့ အဖက်ဖက်က လွှမ်းခြုံနေသည့် မုန်းတီးမှု
ကျွန်ုပ်တို့သည် အထွေထွေစစ်ပွဲကြီးဖြင့်သာ ပြန်၍ ချေပနိုင်
သည်။ ကျွန်ုပ်တို့၏ ဘဝတည်မြဲရေးသက်သက်အတွက် တို
ခိုက်ရခြင်းဖြစ်၍ ကျွန်ုပ်တို့သည် အစွမ်းကုန် သဲသဲမဲမဲ တိုက်ခို
နေကြ၏။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့ အသက်ကို ကာကွယ်
အတွက် သေသည်အထိ တိုက်သွားမည်ဖြစ်၏။ ဤစစ်ပွဲကြီးအ
တွင် ဂျာမနီသည် ဘယ်တုန်းကနှင့်မှ မတူအောင် အင်အားကြ
မားစွာ ထွက်ပေါ်လာမည်ဖြစ်၍ ဗြိတိန်အဖို့ရာ၌လည်း အ
အရင်ကထက် ပို၍ အင်အားချိနဲ့သွားလိမ့်မည် ဖြစ်သတည်း။

ဂျာမနီအဖို့ရာ၌ ကြီးမားသော ဘဝသစ်ပေါ်ထွန်းမလာ
အကုသိုလ်တရားနှင့် ဆိုးဝါးသော ကံကြမ္မာတို့သည် ရှေ့
ပြေးပဏာမအဖြစ် မလွဲမရှောင်သာ မကြာခဏ ဆိုက်ရောက်
ရှိကြောင်း သမိုင်းက ပြခဲ့ပေသည်။ ဂျာမန်အမျိုးသားများ ခံစာ
ကြရသော ဆင်းရဲဒုက္ခအပေါင်းသည် အကယ်၍ ဘုရားသခင်
အလိုတော်အတိုင်းသာ ဖြစ်ခဲ့ပါက ယင်းဒုက္ခဝေဒနာများသည်
လျှင် ကျွန်ုပ်တို့အား အတိုင်းမသိ ကြီးကျယ်ဖြစ်ထွန်းသည့် အောင်





အတွက် အထွတ်အထိပ်သို့ ကူညီပို့ဆောင်ပေးမည့် အရာများ
ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဤစစ်ပွဲတွင် ဂျာမန်
တို့သည် ဘယ်လူမျိုးနှင့်မှ တုနှိုင်းမရသည့် ဒုက္ခဝေဒနာများကို
ခံစားခဲ့ကြရသောကြောင့် ဖြစ်၏။

ယင်းသို့သော ကျွန်ုပ်တို့၏ ကိုယ်ကျိုးစွန့်လွှတ်မှုများနှင့်
ဖောက်မပြန် မှန်ကန်ပြတ်သားမှုများကို ဂရုမမူဘဲ ဘုရားသခင်
သာ ကျွန်ုပ်တို့အား လျစ်လျူရှုခဲ့ပါက ယင်းသည် ကျွန်ုပ်တို့
၏ တည်တံ့ခိုင်မြဲမှုအတွက် သေချာစေရန် အခွင့်အရေးပေးသည့်
အနေဖြင့် ကံကြမ္မာက ကျွန်ုပ်တို့အား ပိုမိုကြီးမားသည့် စမ်းသပ်
များ ပြုလုပ်နေသည့် အဓိပ္ပာယ်သာလျှင် ဖြစ်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com





(၂)

-စ်နာရီ၏ နောက်ဆုံး ဆယ့်ငါးမိနစ်…။ ဂျာမနီကို သုတ်သင် -ရန် ဆုံးဖြတ်မှု…။ * လီယိုနီဒတ်စ်နှင့် စပါတန်အမျိုးသား -ရာ…။ အဲလစ်ဘောက်ဇာရီနာ ဘုရင်မကြီး အံ့မှုယ်ရာ ထူး -မ်းစွာ နတ်ရွာစံခြင်း…။ နောက်ဆုံး တာတိုပြေးပွဲတွင် အနိုင် -ရေး…။ ဤစစ်ပွဲသည် ၁၉၃၃ ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့ -ွင် စတင်ခဲ့ခြင်း…။

---

* LEONIDAS ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၈၀ ခန့်က ခေါမနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော စပါတာပြည်နယ်ကို အုပ်ချုပ်သည့် ဘုရင် ဖြစ်သည်။ သူနှင့် သူ၏ နောက်လိုက် စပါတန်အမျိုးသားသုံးရာတို့ သည် ပါရှင်းစစ်သည်တော်များ၏ ကျူးကျော်မှုကို အားလုံး အသက် အသေခံ၍ ခုခံတိုက်နိုက်ခဲ့ကြသည်။

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၆ ရက်

လပေါင်း ငါးဆယ်မျှ ရောမတိုက်ပွဲကြီးကို ဆင်နွှဲလာ
၍ နှစ်ဖက်စလုံး ဥပမာနှိုင်းစာစရာ မရှိလောက်အောင် တော
လောင်နေသော ဒေါသမီးဖြင့် စစ်ကြီးကို တိုက်ခိုက်ခဲ့ကြပြီးနော
ယခုအခါ ဂျာမန်လူထုကြီးမှာ အထီးကျန်ဖြစ်ကာ မိမိအား သုတ်
သင်ဖျက်ဆီးပစ်ရန် စုပေါင်း သန္နိဋ္ဌာန်ချထားခြင်း ခံနေရသည
အဖြစ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရပေသည်။

ကျွန်ုပ်တို့၏ နယ်စပ်တစ်လျှောက် နေရာအနှံ့အပြားတွ
စစ်မီးတဟုန်းဟုန်း တောက်လောင်နေပေပြီ။ စစ်မီးတောက်သည
တဖြည်းဖြည်း နီးသည်ထက် နီးလာရာမှ အနီးကပ်ဆုံးနေရာ
ရောက်လာခဲ့ကြပြီ ဖြစ်၏။ ကျွန်ုပ်တို့၏ ရန်သူများသည် နော
ဆုံးချေမှုန်းသုတ်သင်ရေးတိုက်ပွဲကို တဟုန်ထိုး တိုက်ခိုက်ရန်
သမျှအင်အားများကို စုရုံးနေကြပေသည်။ သူတို့၏ ရည်မှန်းချ
သည် ကျွန်ုပ်တို့အား စစ်မြေပြင်တွင်သာ မဟုတ်တော့ဘဲ ကျွ
တို့အား မျိုးပြုတ်အောင် သုတ်သင်ချေမှုန်းပစ်ရန် အဆင်သ





ဖြစ်နေပေပြီ။ သူတို့၏ ရည်မှန်းချက်သည် ဂျာမန်တို့အား အမျိုး
သား ဆိုရှယ်လစ်ဝါဒအပေါ် သစ္စာရှိခဲ့သည်ကို အပြစ်ဒဏ်ခတ်
သည့် အနေဖြင့် ကျွန်ုပ်တို့၏ ရိုက်ခ်ျနိုင်ငံတော်ကြီးအား ဖျက်ဆီး
ရန်နှင့် ကျွန်ုပ်တို့၏ အတွေးအခေါ် အဘိဓမ္မာကို ဤကမ္ဘာမြေ
ပြင်ပေါ်မှ ရှင်းလင်းဖျောက်ဖျက်ပစ်ရန် အဆင်သင့် ဖြစ်နေပေပြီ။
ကျွန်ုပ်တို့သည် တစ်နာရီ၏ နောက်ဆုံးငါးမိနစ်အချိန် ဘဝ၏
နောက်ဆုံးဇာတ်သိမ်းခန်းသို့ ရောက်ခဲ့ရပြီတကား။

အခြေအနေမှာ ဆိုးဝါးလှ၏။ အလွန်ပင် ဆိုးဝါးလှ၏။
မျှော်လင့်ချက် လုံးဝကင်းမဲ့၍ ဖြစ်ချင်ရာဖြစ်ဟူသော သဘောမျိုး
ပင် ရောက်နေပေပြီ။ ကျွန်ုပ်တို့အဖို့ အားအင်ကုန်ခမ်း ပင်ပမ်း
နွမ်းနယ်ခြင်းမှာ မဆန်းတော့ပြီ ဖြစ်၏။ ရန်သူ၏ အားနည်းချက်
များကိုပင် မမြင်နိုင်လောက်အောင် စိတ်ဓာတ်ကျဆင်းနေပြီ ဖြစ်
၏။

သို့သော် ယင်းအားနည်းချက်များမှာ မှုဂကတည်းက
ခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ညွန့်ပေါင်းအဖွဲ့မှာ
မ်းတီးမှုနှင့် မနာလိုမှုများကို အရင်းပြု၍ ဂျူးဩဇာခံ လူဘောက်
သောက်များက အမျိုးသား ဆိုရှယ်လစ်ဝါဒအပေါ် ထိတ်လန့်
ကြား ဂသောင်းချောက်ချားဖြစ်ကာ အဆီအငေါ်မတည့်ဘဲ
ပေါင်းစပ်ထားသည့် အဖွဲ့ဖြစ်၏။ ပုံပျက်ပန်းပျက်ဖြစ်နေသော ဤ
သတ္တဝါကောင်ကြီးနှင့် ရင်ဆိုင်နေရာ၌ ကျွန်ုပ်တို့၏ အခွင့်အလမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုယ့်ကိုယ်ကို အားကိုးရန်မလွဲ၍ အခြားဘာတစ်ခုမျှ မ ပေ။ အယူအဆအမျိုးမျိုး၊ အသွင်အမျိုးမျိုးတို့ဖြင့် ပေါင်းစပ်ထား သည့် ဤလူ့အနွယ်တို့အား မည်သည့် ကြမ္မာဆိုးကိုမျှ တုန်လှုပ် ချောက်ချားခြင်းမရှိဘဲ သူရသတ္တိဖြင့် ရင်ကျက်ပြည့်ဝနေသော လူမျိုးတစ်မျိုး(ဝါ) သွေးတူသားတူ လူတစ်စုအနေဖြင့် ဆန့်ကျင် တိုက်ခိုက်ကြရန် ဖြစ်၏။

ဂျာမန်အမျိုးသားများ ယခု ရန်းကန်တိုက်ခိုက်နေကြ သကဲ့သို့ တိုက်ခိုက်ကြမည်ဆိုပါက မည်သည့် လူမျိုးမဆို စန် တစ်ယောက်၏ ဆီပူအိုးထဲသို့ ရောက်နေစေကာမူ မှုလော စရာမရှိပေ။ သို့သော် ယင်းသို့ဖြစ်ရပ်မှာ အခက်အခဲကြားတွင် ခ တိုင်းထက် ပို၍ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ကြောက်ရွံ့ခြင်းကင်းမဲ့ ရှိမှသာ ဖြစ်ပေလိမ့်မည်။

အခြေအနေ မည်မျှပင် ပြောင်းလဲလာသည်ဖြစ်စေ၊ လာ မည့်ကာလတွင် ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခများဖြင့် ကြုံတွေ့ ဦးမည် ဖြစ်၏။ ဂျာမန်အမျိုးသားများသည် ယင်းသို့ ဆင်းရဲဒုက္ခ များအတွင်းမှ အားသစ်အင်သစ်များကို မွေးထုတ်ကြရမည် ဖြစ် ၏။ ယနေ့ မည်သို့ပင်ဖြစ်စေကာမူ ဂုဏ်ရောင်ပြောင်သော န ဖြန်ကို မြင်တွေ့ရန်အတွက် ကြံ့ကြံ့ခံရပ်တည်သွားကြမည် ဖြစ်၏။

ဤခွေးတိရစ္ဆာန်များအား သူတို့၏ သားကောင်နောက် သို့လိုက်ရန် ကြိမ်ဆော်ပေးနေမှုကို ရှင်းလင်းသုတ်သင်ပစ်ရန် ကျွန်ုပ်တို့အဖို့ ငြင်းပယ်၍ မရသည့် ဆန္ဒပင်ဖြစ်၏။ ဤဆန္ဒကယ်





လျှင် ကျွန်ုပ်တို့လိုက်ရမည့် လမ်းကြောင်းကို ညွှန်ပြလျက် ရှိ၏။ ယင်းလမ်းကြောင်းသည် ကျွန်ုပ်တို့အတွက် ကျန်ရှိနေသည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ ကျွန်ုပ်တို့သည် ဘေးသို့ တစ်ချက်ကလေးမှ စောင်းငဲ့မကြည့်ဘဲ ရန်သူကိုသာ အမြဲတမ်း မျက်ခြေမပြတ် ကြည့်၍ မီးကုန်ယမ်းကုန် သဲသဲမဲမဲ ဆက်လက် တိုက်ပွဲဝင်သွားကြမည် ဖြစ်၏။

အဖနိုင်ငံ၏ မြေပြင်ကို တစ်လှမ်းပြီးတစ်လှမ်း တစ်ဆင့်ပြီးတစ်ဆင့် ခုခံကာကွယ်သွားကြရမည် ဖြစ်၏။ တိုက်ပွဲကို ဆက်လက်ဆင်နွှဲနေသည်နှင့်အမျှ မျှော်လင့်ချက် အမြဲရှိနေမည် ဖြစ်၏။ ယုတ်စွအဆုံး "အားလုံးရှုံးပြီ"ဟူသော အတွေးကိုပင်လျှင် ကျွန်ုပ်တို့ မတွေးဘဲ နေကြရန်လို၏။ မည်သည့်ပွဲမဆို နောက်ဆုံး ခရာမမှုတ်မချင်း ရှုံးပြီဟု မဆိုနိုင်သေးပေ။

အကယ်၍ အရာရာကို ဘေးဖယ်ကာ သမိုင်းလမ်းကြောင်းတစ်လျှောက်တွင် ကျွန်ုပ်တို့ထက် အင်အားကြီးမားသူများသည် ကျွန်ုပ်တို့အား နောက်တစ်ကြိမ် ချေမှုန်းဖျက်ဆီးရန် ကံကြမ္မာက အဆုံးအဖြတ်ပေးလာသည် ဆိုပါက ထိုအခါမျိုးတွင် ကျွန်ုပ်တို့အဖို့ ဦးခေါင်းကိုမော့ ရင်ကိုကော့၍ ဂျာမန်အမျိုးသားတို့၏ ဂုဏ်သိက္ခာသည် ဘယ်တော့မှ အပြစ်အနာအဆာမရှိ ဟူသော အသိတရားကို မြဲမြံစွာ ကိုင်စွဲကာ သေပွဲဝင်လိုက်ကြပါစို့။ သဲသဲမဲမဲ မီးကုန်ယမ်းကုန်ကြဲသော တိုက်ပွဲသည် ထာဝရပြောင် တောက်ပသည့် နမူနာအဖြစ် ကျန်ရစ်ခဲ့စမြဲပင် ဖြစ်၏။ ထိုယွန်



www.burmeseclassic.com

www.burmeseclassic.com



• နိဒတ်စ်နှင့် သူ၏ စပါတန်အမျိုးသား သုံးရာတို့ကို ပြန်ပြောင်း သတိရကြပါစို့။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့သည် သားသတ်သမားထံသို့ ဘာမသိ ညာမသိ အေးဆေးစွာ သွားနေကြသည့် သိုးများကဲ့သို့ နှ လဘိန်းတုံးများ မဟုတ်ကြပေ။ သူတို့သည် ကျွန်ုပ်တို့အား ကျကျနန ချေမှုန်းကောင်း ချေမှုန်းနိုင်ကြပေမည်။ သို့သော် ကျွန်ုပ် တို့အား သားသတ်ရုံသို့ ဘယ်တော့မှ မောင်းခေါ်၍ ရလိမ့်မည် မဟုတ်ပေ။ မရှိသေးပါ။ ယခုကဲ့သို့ သဲသဲမဲမဲ အဖြစ်မျိုးသည် ယခင်က မရှိခဲ့သေးပါ။ ဂျာမန်အမျိုးသားတို့၏ သမိုင်းစဉ်တွင် ကံကြမ္မာ၏ လှည့်စားမှုကို မည်မျှ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်စွမ်း ရှိခဲ့ကြောင်း ဥပမာ အံများအပြားဖြင့် စဉ်းစားကြည့်စေလို၏။ * ၇ နှစ်စစ်ပွဲကြီးအတွင်းက ဖရက်ဒရစ်ဘုရင်ကြီးသည် သဲသဲမဲမဲ အကျဉ်းထဲ အကြပ်ထဲ ကျရောက်ခဲ့ရ၏။ ၁၇၆၂ ခုနှစ်၊ ဆောင်း ရာသီ၌ သူသည် သူသတ်မှတ်ထားသည့် တစ်စုံတစ်ခုသော နေ့ ရက်အချိန်သို့ ရောက်သည်အထိ ပြောင်းလဲမှုမရှိခဲ့ပါက အဆိပ် သောက်၍ သူ့ကိုယ်သူ သတ်သေရန် သန္နိဋ္ဌာန် ချခဲ့၏။

သို့ဖြင့် သူရွေးချယ်သတ်မှတ်ထားသည့် အချိန်မတိုင်မီ ရက်အနည်းငယ်အလိုတွင် ဇာရီနားဘုရင်မကြီးသည် ရုတ်တရက် မမျှော်လင့်ဘဲ နတ်ရွာစံသွားခဲ့၍ အခြေအနေအားလုံးမှာ ထူးဆန်း အံ့[illegible]ဖွယ်ရာ ပြောင်းလဲသွားခဲ့ပေသည်။ ဖရက်ဒရစ်ဘုရင်ကြီးကဲ့ သို့[illegible] ကျွန်ုပ်တို့သည်လည်း ညွှန့်ပေါင်းဖွဲ့ထားသည့် ရန်သူအုပ်စု





[illegible]င့် ရင်ဆိုင်တိုက်ခိုက်နေကြရ၏။

〈တစ်ခု သတိပြုရန်မှာ ညွှန့်ပေါင်းအဖွဲ့တို့ မည်သည် [illegible]ည်ငြိမ်သော အရာမဟုတ်ပေ။〉ယင်းအဖွဲ့မှာ လက်တစ်ဆုပ်စာ [illegible]သုတစ်စု၏အလိုကျ ဖွဲ့စည်းပေါ်ပေါက်လာရခြင်းသာ ဖြစ်၏။ အ [illegible]ကယ်၍ ချာချီသာ ရုတ်တရက် ပျောက်ကွယ်သွားပါက မျက်စိ [illegible]တမိုတ် လျှပ်တပြက်အတွင်း အားလုံးပြောင်းလဲသွားနိုင်၏။ [illegible]ယင်းသို့သာ ဖြစ်ခဲ့ပါက ဗြိတိသျှတို့၏ ဘုရင့်အနွယ်တော်ဝါဒအဖို့ [illegible]စိတ်ထဲတွင် မဟာပထဝီမြေကြီးနှစ်ခြမ်း ကွဲသကဲ့သို့ ထင်မှတ် [illegible]သိက်ရပြီး အကြီးအကျယ် တုန်လှုပ်ချောက်ချားဖွယ်ရာ ရှိပေ သည်။ ဗြိတိသျှလူမျိုးများကား သွယ်ဝိုက်သော နည်းအားဖြင့် [illegible]င်းတို့အတွက် ကျွန်ုပ်တို့က တိုက်ခိုက်ပေးနေရသူများဖြစ်၍ ကျွန်ုပ်တို့ အောင်ပွဲ၏ အသီးအပွင့်များကို စားသုံးကြမည့် သူများ [illegible]င်တည်း။

ကျွန်ုပ်တို့သည် နောက်ဆုံး တာတိုပြေးပွဲတွင် အနိုင်ရ [illegible]နိုင်ပါသေး၏။ ကျွန်ုပ်တို့အတွက် ယင်းသို့ အနိုင်ရရန် အချိန်ရှိပါ သေး၏။

ကျွန်ုပ်တို့ ချွင်းချက်မရှိ လုပ်ကြရမည့်အလုပ်မှာ အညံ့ [illegible]ခံ အလံလှဲခြင်းမှ ရှောင်ရှားရန်ပင် ဖြစ်၏။〈ဂျာမန်အမျိုးသားများ အဖို့ လွတ်လပ်သော ဘဝတွင် ဆက်လက်တည်မြဲနေရန်မှာ [illegible]စစ်နိုင်ရေးပင် ဖြစ်၏။〉ဤစစ်နိုင်ရေးသည်သာလျှင် ဤစစ်ပွဲ[illegible] [illegible]ဘရားမျှတမှုအတွက် လုံလောက်သော အကြောင်းပြချက်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဤစစ်ပွဲသည် အချည်းနှီးအလဟဿ မဟုတ်ကြောင်း ပြသမည့် အချက်ဖြစ်ပေလိမ့်မည်။

ဤသည်မှာ ဘာပဲဖြစ်ဖြစ် ရှောင်လွှဲ၍ မရသော အချက်ဖြစ်၏။ ဂျာမန်အမျိုးသား ဆိုရှယ်လစ်ဝါဒ၏ ရန်သူများသည် လွန်လေပြီးသော ၁၉၃၃ ဇန်နဝါရီလမှစ၍ ဤတာဝန်ကြီးကို ကျွန်ုပ်အပေါ်သို့ ပုံလွှဲအပ်ခဲ့သည် တကား။







(၃)

ကိုလိုနီဝါဒ၏ စွန့်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ အင်အားများကို ကုန်ခမ်းစေ၏ . . .။ ကမ္ဘာသစ်များသည် ကမ္ဘာဟောင်းများအတွင်းမှ ပေါက်ဖွားလာခြင်း ဖြစ်၏။ လူ့ဖြူအမျိုးအနွယ်များနဂိုအခြေအနေသို့ ပြန်လျော့ကျခြင်း . . .။ ရုပ်ဝါဒ၊ သူရဲမေရီယဝါဒ၊ အလွန်အကျွံဝါဒနှင့် ဆစ်ဖလစ်ရောဂါပိုး . . .။ သဘာဝမကျသော သားများ . . .။ အရှေ့ဘက်သို့ နယ်မြေတိုးချဲ့ခြင်းအတွက် လုံးဝဖြစ်နိုင်စရာမရှိသော ဂျာမနီ၏ ဦးတည်ချက် . . .။ ဥရောပသည် ဥရောပတိုက်သားများအတွက် . . .။ လိုသည်ထက်အလွန်အကျူး ပေါ်များကြွယ်ဝသည့် အာရှတိုက် . . .။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၇ရက်

မည်သည့်လူမျိုးမဆို ချမ်းသာကြွယ်ဝလိုပါက ကိုယ့်တိုင်းကိုယ့်ပြည် နေရပ်ဌာနီနှင့် ဆက်သွယ်မှုအမြဲ ရှိရပေမည်။ လူတစ်ယောက်သည် မိမိဂုဏ်ယူအပ်သည့် မွေးရပ်ဇာတိနှင့် မည်သည့်အခါမှ အဆက်အသွယ် မကင်းကွာသင့်ပေ။ သူသည် မွေးရပ်မြေမှ ခဏတဖြုတ်သာလျှင် စွန့်ခွာသွားသင့်၍ သို့သွားရာတွင်လည်း မုချပြန်လာမည်ဟူသော ရည်မှန်းချက်မျိုး အမြဲတမ်းထားသင့်ပေသည်။

တကယ်လိုအပ်၍ ကိုလိုနီဝါဒသမားများ ဖြစ်လာရုံမက စင်စစ်အားဖြင့် ကိုလိုနီဝါဒသမားအကြီးစားများ ဖြစ်ကြသော ဗြိတိသျှတို့သည် ယေဘုယျအားဖြင့် အထက်ဖော်ပြပါ ဥပဒေသကို လိုက်နာကြပေသည်။

လူမျိုးကြီးတစ်မျိုးအဖို့ နယ်မြေများ ချဲ့ထွင်ရာ၌ သိမ်းပိုက်သူနှင့် သိမ်းပိုက်ခြင်းခံရသူတို့၏ နယ်မြေအချင်းချင်း တစ်နည်းနည်းဖြင့် ဆက်စပ်မှုရှိသည့် အရပ်ဒေသများကိုသာ ရွေးချယ်တိုးချဲ့





ရန် အရေးကြီးကြောင်း ကျွန်ုပ် အခိုင်အမာ ပြောလိုပေသည်။

ဤလိုအပ်ချက်သည် လူမျိုးကြီး အားလုံးအတွက် ပုံမှန်လိုက်နာကျင့်သုံးရမည့် အခြေခံအချက်များ ဖြစ်သည့်ပြင် ကျွန်ုပ်၏ သဘောအရ ဂျာမန်လူမျိုးများအတွက် ပို၍ အထူးဂရုပြုသင့်သည်ဟု ယူဆ၏။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့သည် အဘယ့်ကြောင့် ကိုလိုနီဝါဒသမားများဖြစ်ရန် ခဲယဉ်းကြောင်း အလိုလို ဖြေရှင်းပြီး ဖြစ်နေပေသည်။

ခေတ်ဟောင်းရော ခေတ်သစ်ပါ သမိုင်းကြောင်းကို ပြန်ပြောင်း၍ ကြည့်မည်ဆိုပါက ပင်လယ်ရပ်ခြားသို့ သွားရောက်စွန့်စားမှုများကို ပြုလုပ်သူမှန်သမျှ အမြဲတစေ ရေရှည်အားဖြင့် ဆင်းရဲမွဲတေ ဖြစ်တတ်သည်ကို တွေ့မြင်ရပေလိမ့်မည်။ နောက်ဆုံး၌ သူတို့အားလုံးသည် ကြိုးပမ်းခဲ့ရမှုများအတွက် ခြေကုန်လက်ပမ်းကျသွားလေ့ရှိကြ၏။ ထို့ပြင် ရှောင်လွှဲ၍မရသော သဘာဝတရားအရ သူတို့သည် သူတို့ကိုယ်တိုင် မွေးထုတ်၍ဖြစ်စေ၊ လှုံ့ဆော်နှိုးဆွ၍ဖြစ်စေ၊ တိုးတက်ကြီးထွားသော အင်အားစုများ ရှေ့မှောက်တွင် ဒူးထောက်အညံ့ခံသွားကြရစမြဲ ဖြစ်၏။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ ဥပမာပေးရမည်ဆိုပါက ဂရိတ်လူမျိုးများထက် ပိုကောင်းသော ဥပမာသည် အဘယ်မှာ ရှိပါဦးမည်နည်း။

ရှေးရှေးက ဂရိတ်လူမျိုးများ ကြုံတွေ့ခံစားခဲ့ကြရသည့် အမှန်တရားသည် ယခုခေတ်သစ် ဥရောပတိုက်သားများအတွက်လည်း ထပ်တူထပ်မျှ ဆက်လက်မှန်ကန်နေဆဲပင်ဖြစ်၏။ လူမျိုး



www.burmeseclassic.com

တစ်မျိုး တိုးတက်ဖွံ့ဖြိုးရန်အတွက် မိမိတိုင်းပြည်အတွင်း၌သာ အာရုံစိုက်၍ ကြိုးပမ်းရမည်ဖြစ်၏။ ရှည်လျားကြာညောင်းခဲ့ပြီဖြစ်သော သမိုင်းလမ်းကြောင်းမှ အသေးစိပ် ဖြစ်ရပ်မှန်သမျှကို ဆင်ခြင်စဉ်းစားကြည့်မည်ဆိုပါက အထက်ဖော်ပြပါ ရောင့်ရဲတင်းတိမ်မှုသည် လုံးဝ မှန်ကန်ကြောင်း အချက်အလက် အထောက်အထားများ ခိုင်လုံစွာ တွေ့ကြရပေလိမ့်မည်။

စပိန်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံများသည် ယင်းသို့ အရာမထင်သော ကိုလိုနီဆိုင်ရာ စွန့်စားမှုများအကြားတွင် သူတို့ကိုယ်သူတို့ အင်အားကုန်ခမ်း ပင်ပမ်းနွမ်းနယ်၍ မရှုနိုင် မကာယ်နိုင်ဘဝသို့ရောက်အောင် ပြုလုပ်ခဲ့ကြ၏။ စပိန်နှင့် ဗြိတိန်တို့က မွေးထုတ်ကာ အသွေးအသားများ တစ်စတစ်စ တဖြည်းဖြည်း ပြည့်ဝလာအောင် ဖန်တီးပြုစုခဲ့ကြရသော တိုင်းကြီးပြည်ကြီးများမှာ ယခုအခါ လုံးဝ လွတ်လပ်သော ဘဝလမ်းခရီးတစ်လျှောက်သို့ ရောက်သွားကြပြီဖြစ်၍ တဖက်သက် တစ်ကိုယ်ကောင်းကြံသည့် အမြင်များဖြင့် ကြည့်တတ်ကြပြီ ဖြစ်၏။

သို့ပါလျက် သူတို့လောကသည် ကိုယ်ပိုင်စိတ်ဓာတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်အနုပညာများမရှိဘဲ၊ သူတစ်ပါးထံမှ ငှားရမ်းထားသည့် အတုအယောင်လောကများသာ ဖြစ်ကြ၏။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် သူတို့သည် အဟောင်းထံမှ ပေါက်ဖွားလာကြခြင်းသာ ဖြစ်ကြောင်း ထင်ရှားပေသည်။

စင်စစ်အားဖြင့် မူလက လူသူမနေဘဲ ဟာလာဟင်းလင်း





ဖြစ်နေသည့် တိုင်းကြီးပြည်ကြီး တိုက်ကြီးများတွင် လူဦးရေ ထူထပ်ပေါများလာအောင် ကြံဆောင်ကြိုးပမ်းရာ၌ အောင်မြင်မှု ရရှိခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတိုက်များသည် ယင်းကိစ္စတွင် ထင်ရှားသော ဥပမာများပင် ဖြစ်ကြ၏။ အမှန်တကယ်ပင် အောင်မြင်ပါ၏။ သို့သော် ရုပ်ဝတ္ထုအားဖြင့်သာ အောင်မြင်ခြင်း ဖြစ်ပေသည်။ ၎င်းတို့သည် အတုအယောင် အဆောက်အဦးကြီးများသာ ဖြစ်၍ အရွယ်ကင်းမဲ့သည့် ခန္ဓာကိုယ်များကဲ့သို့ ဖြစ်နေ၏။ ကလေးအရွယ် လူမမယ်ပင် ရှိသေးသလော၊ သို့မဟုတ် အရွယ်ရောက်၍ လူကြီးတစ်ယောက် ဖြစ်နေပြီလောဟူသည်ကို မပြောနိုင်လောက်အောင် ဖြစ်နေ၏။

ယင်းသို့ လူအများ မှီတင်းနေထိုင်လာကြပြီဖြစ်သော တိုက်ကြီးများတွင် ကျဆုံးမှုများသည် ပို၍ပင် သိသာလှ၏။ ထိုဒေသများတွင် လူဖြူများသည် သူတို့၏ လိုအင်ဆန္ဒများကို အကြမ်းဖက်ကာ အဓမ္မ ဖန်တီးလုပ်ဆောင်နေကြရ၍ တိုင်းရင်းသားများအပေါ်တွင် သူတို့ဩဇာအာဏာမှာလည်း ပြောပလောက်အောင် မရှိဘဲ ဖြစ်နေ၏။

ဟိန္ဒူများသည် ဟိန္ဒူများအဖြစ်လည်းကောင်း၊ တရုတ်များသည် တရုတ်များအဖြစ်လည်းကောင်း၊ မူဆလင်များသည်လည်း မူဆလင်များအဖြစ်လည်းကောင်း ရှိနေကြဆဲပင် ဖြစ်၏။ ကြီးမားနက်ရှိုင်းသော အခြေခံပြောင်းလဲ ဖြစ်ပေါ်မှုဟူ၍ လုံးဝမရှိ ရှိသည်

www.burmeseclassic.com



ပြောင်းလဲမှုများမှာလည်း ဘာသာရေးဘက်၌သာဖြစ်၍ အနည်းအကျဉ်းမျှသာ ဖြစ်၏။ ဤသည်တို့မှာလည်း ခရစ်ယာန်သာ၊သနာပြုအဖွဲ့များ၏ ကြီးမားသော အောင်မြင်မှုများနှင့်စာလျှင် အသေးအဖွဲမျှသာ ဆိုနိုင်၏။ လူရိုး လူအများနှင့် စိတ်ဓာတ်မခိုင်လုံသူများမှ တစ်ပါး အခြားသူများအဖို့ သံသယဖြစ်ဖွယ်ရာ ရှိနေသော ကိုးရိုးကားရား ပြောင်းလဲမှုများ အနည်းအကျဉ်းမျှ ရှိခဲ့သည်မှာ မှန်ပါ၏။

လူဖြူများသည် တိုင်းရင်းသားများအား အချိုသော အရာဝတ္ထုများကို ပေးကမ်းခဲ့ပါ၏။ သို့သော် ဤသည်တို့မှာ ကျွန်ုပ်တို့ ခေတ်သစ်ကမ္ဘာကြီး၏ အနိဋ္ဌာရုံများထဲမှ အဆိုးဆုံးသော အရာဝတ္ထုများကိုသာ ဖြစ်၏။ ယင်းတို့ကား ရုပ်ဝါဒ၊ အလွန်အကျွံဝါဒ သုရာမေရိယဝါဒနှင့် ဆစ်ဖလစ်ရောဂါပိုးများသာလျှင် ဖြစ်သတည်း။

ဤတိုင်းရင်းသား လူမျိုးများသည် ကျွန်ုပ်တို့ ပေးကမ်းနိုင်သည်ထက် အဖက်ဖက်က သာလွန်ကောင်းမွန်သည့် ကိုယ်ပိုင် အရည်အချင်းများကို ပိုင်ဆိုင်ကြသူများ ဖြစ်ကြ၏။ သို့ပါလျက် သူတို့သည် ကျန်အခြားနေရာများ၌ ပြောင်းလဲရန် လိုအပ်နေပါလျက် မပြောင်းမလဲ ရှိနေကြဆဲပင်ဖြစ်၏။ အကြမ်းဖက်၍ အမှုအုပ်စိုးသည့် နေရာများတွင်မူ အကျိုးတရားများမှာ ပို၍ပင် ဆိုးဝါးစွာ ကျရောက်ခဲ့၏။ ယေဘုယျကျကျ စဉ်းစားကြည့်ပါက ယင်းသို့ အကြမ်းဖက် လုပ်ဆောင်မှုများသည် အချည်းနှီးပင် ဖြစ်၍ လိုရာခရီးသို့ မရောက်ဘဲ အတားအဆီးများသာ ဖြစ်တတ်၏။





သို့ဖြစ်ရာ ကိုလိုနီဝါဒသမားများအဖို့ တစ်ခုတည်းသော အောင်မြင်မှုသာလျှင် ရှိသည်ဟု ဆိုနိုင်၏။ ယင်းအောင်မြင်မှုကား မုန်းတီးမှုကို ပိုမို တိုးတက်ပွားများလာအောင် နှိုးဆွပေးရာ၌ အောင်မြင်ခဲ့ခြင်းပေတည်း။ ယင်း မုန်းတီးမှုကပင် တိုင်းရင်းသား လူမျိုးများအား လှုံ့ဆော်ခြင်း၊ အိပ်မောကျနေရာမှ နိုးကြားလာခြင်းများကို ဖြစ်ပေါ်စေ၍ နောက်ဆုံး၌ ပုန်ကန်ထကြွကာ ကျွန်ုပ်တို့အား မောင်းထုတ်သည်အထိ ကြီးထွားလာခဲ့သတည်း။

စင်စစ်အားဖြင့် သူတို့တတွေ နိုးကြားထကြွလာကြခြင်း (မှာ) ဤအချက်တစ်ခုတည်းကြောင့်သာလျှင် ဖြစ်သည်ဟု ယူဆဖွယ်ရာရှိနေ၏။ ကိုလိုနီဝါဒသည် ကမ္ဘာပေါ်တွင် ခရစ်ယာန်ဘာသာဝင်ဦးရေကို ပိုမိုပွားများစေခဲ့ပါသည်ဟူ၍ မည်သူတစ်ဦးတစ်ယောက်က အတိအလင်း ကြေညာနိုင်ပါမည်နည်း။ အစ္စလာမ်ဘာသာ၏ အောင်မြင်မှုကို ပိုမိုကြီးထွားစေသည့် ပြောင်းလဲချက်များသည် အဘယ်မှာ ရှိပါသေးသနည်း။ ခရစ်ယာန်ဘာသာဝင်နှင့် ခရစ်ယာန်အမည်နာမများကို ဟိုနေရာတစ်ကွက်၊ သည်နေရာအချို့တွေ့ကြရသည်ကား မှန်ပါ၏။ သို့သော် ဤသည်တို့မှာ ကိုလိုနီဝါဒကြောင့် မဟုတ်ဘဲ ယုံကြည်မှုကြောင့်သာ ဖြစ်၏။ ထို့ပြင် ဤသည်တို့မှာ အကြီးမားဆုံးသော သစ္စာတရား၏ ...ပ်သိမ်းသူဖြစ်သည့် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော ခရစ်ယာန်ဘာသာတရား၏ အောင်မြင်မှု အစစ်ပင် ဖြစ်သတည်း။

အဖက်ဖက်က ဆင်ခြင်စဉ်းစားကြည့်လျှင် ဥရောပတိုက်



www.burmeseclassic.com

www.burmeseclassic.com



၏ ကိုလီနီဝါဒဆိုင်ရာ ပေါ်လစီသည် လုံးဝကျဆုံး၍ နိဂုံးချုပ်ခဲ့ပြီ ဖြစ်၏။ ကျွန်ုပ်သည် ဤနေရာတွင် ထင်ရှားသည့် အောင်မြင်မှု ဥပမာတစ်ခုကို မေ့လျော့ခြင်း မရှိပေ။ သို့သော် ယင်းအောင်မြင်မှုမှာ လုံးဝ ရုပ်ဝတ္ထုအားဖြင့်သာ အောင်မြင်ခြင်းဖြစ်၍ သူကိုယ်သူ အမေရိကန်ပြည်ထောင်စုဟု အမည်ပေးထားသည့် သတ္တဝါကြီးတစ်ကောင်၏ အောင်မြင်မှုပင် ဖြစ်ပေသည်။ "သတ္တဝါကြီးတစ်ကောင်" ဟူသော အခေါ်အဝေါ်မှာ သူ့အတွက် အသင့်တော်ဆုံးသော အမည်နာမဖြစ်၏။ ၎င်း၏ မိခင်ရင်းဖြစ်သော ဥရောပတိုက်ဇာတ်တိုက်လုံး ဘော်လ်ရှီဗစ် အန္တရာယ်မှ ကာကွယ်တားဆီးသည့်အနေဖြင့် သဲကြီးမဲကြီး ခုခံတိုက်ခိုက်နေသည့်အချိန်တွင် ဂျူးသြဇာခံ ရစဘဲ့ ခေါင်းဆောင်သော အမေရိကန်ပြည်ထောင်စုသည် အာရှတိုက်သား အရိုင်းအစိုင်းများ၏ အလိုတော်ကျ မြောက်များလှစွာသော ရုပ်ဝတ္ထုပစ္စည်းများကို အာရှတိုက်သို့ ပို့ဆောင်ပေးနေခြင်းမှတပါး အခြားဘာတစ်ခုကိုမှ လုပ်ရကောင်းမှန်းမသိဘဲ ဖြစ်နေခဲ့၏။ ဤအာရှတိုက်သားများသည်ပင်လျှင် သူ့အား လည်မျိုညှစ်ရန် သန္နိဋ္ဌာန်ချထားပြီ ဖြစ်၏။

ဤအကြောင်းကို ပြန်ပြောင်းစဉ်းစားမိတိုင်း ကျွန်ုပ်သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေကြ၍ အမေရိကန်ပြည်ထောင်စု၏ ကျောရိုးမကျိုင်များ ဖြစ်နေကြသော စိတ်နှလုံးကောင်းရှိကြသည့် ဂျာမန်လူမျိုး သန်းပေါင်းများစွာတို့အတွက် အတိုင်းမသိ စိတ်ပျက်မိ၏။ အထူးသတိပြုရမည့် အချက်မှာ ဤဂျာမန်





...မျိုးသားများသည် လူကောင်းသူကောင်းများ ဖြစ်ရုံမျှမက အဖ...င်းပြည့်မှ ကင်းကွာနေသူများ ဖြစ်ကြ၏။ သူတို့သည် ကျွန်ုပ်...၏ ရန်သူများဖြစ်လာကြရုံမက အခြားသူများထက် ပို၍ ကျွန်ုပ်...အပေါ် မကျေနိုင် မချမ်းနိုင် ဒေါသမီးဖြိုင်ဖြိုင် ရှာနေကြ၏။

တိုင်းတပါးရောက် ဂျာမန်များသည် ဂျာမန်လူမျိုးတို့၏ ...လုပ်ကြိုးစားမှုနှင့် တီထွင်ကြံဆမှု အရည်အချင်းများ ဆက်လက်...နေကြသေးသည်မှာ အမှန်ပင် ဖြစ်၏။ သို့သော် သူတို့၏ ဂျာမန် ...မျိုးသားစိတ်ဓာတ်မှာ လျင်မြန်စွာ ပျောက်ကွယ်သွားလေ့ ရှိကြ... ဂျာမန်အမျိုးသားတစ်ယောက်အနေဖြင့် တိုင်းမဲ့ပြည်မဲ့ ဖြစ်ရ...င်းထက် ပို၍ သဘာဝကျသော အဖြစ်သည် မရှိတော့ပေ။

နောင်အနာဂတ်တွင် ကျွန်ုပ်တို့သည် ဂျာမန်အမျိုးအနွယ်...ထဲမှ ယင်းသို့ ဖောက်ပြန်သည့် သွေးဆိုးသွေးညစ်များကို ဖယ်...ပစ်ကြရမည် ဖြစ်၏။ ကျွန်ုပ်တို့ အမျိုးအနွယ်၏ သွေးကြော...များကို အရှေ့အရပ်မှ အရှေ့အရပ်တစ်ခုတည်းသို့သာ ထာဝဥ်...ချက်ထားရမည် ဖြစ်၏။ ဤအရပ်ဒေသသည်သာလျှင် ဂျာမန် အမျိုးသား အဆက်အနွယ်များ တိုးချဲ့ပေါက်ဖွားရန် သဘာဝမိခင်... ဆုံးဖြတ်သတ်မှတ်ထားသည့် အရပ်ဒေသ ဖြစ်၏။ သူတို့အား ...အရှေ့အရပ်တွင် ရင်ဆိုင်ကြုံတွေ့ကြရသော ပြင်းထန်ဆိုးဝါးလှ...သည့် ရာသီဥတုသည် သူတို့အား အစွမ်းသတ္တိနှင့် ခံနိုင်ရည်ရှိ...သည့် လူသားတစ်ယောက်အဖြစ် သူတို့၏ အရည်အချင်းများကို ...န်းသိမ်းစေရန် ...နိုးပေးလိမ့်မည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ထိုအရပ်တွင် ကြုံတွေ့ကြရသည့် သိသာထင်ရှား ခြားနားလှသည့် အခြေအနေ အရပ်ရပ်တို့သည် သူတို့အဖို့ ကိုယ့် တိုင်းပြည်ကိုယ် ချစ်ခင်သည့် စိတ်ဓာတ်နှင့် တမ်းတသည့် အာရုံ တို့ကို တစ်မျိုးတစ်ဖုံ အသစ်သစ် ဖြစ်လာစေလိမ့်မည် ဖြစ်၏။ ဂျာမန်အမျိုးသားတစ်ယောက်ကို * ကီယက်ဗ်မြို့သို့ ပြောင်းရွှေ့ နေထိုင်စေပါက သူသည် ဂျာမန်တစ်ယောက်အဖြစ် စစ်စစ်ကြီး ကျန်ရှိနေလိမ့်မည် ဖြစ်၏။ သို့သော် သူ့ကို ** မိုင်ယာမီမြို့သို့ ပြောင်းရွှေ့နေထိုင်စေမည်ဆိုပါက သူ့အား အဆင့်အတန်း နိမ့်ကျ သွားအောင် လုပ်ဆောင်ရာ ရောက်လိမ့်မည် ဖြစ်၏။ အခြားတစ် နည်းအားဖြင့် ပြောရလျှင် သူ့အား အမေရိကန်တစ်ယောက်ဖြစ် အောင် လုပ်ဆောင်ပေးရာ ကျလိမ့်မည်သာတည်း။

ကိုလိုနီလုပ်ရပ်များသည် ဂျာမန်အမျိုးသားတို့ လိုက်နာ လုပ်ဆောင်ရမည့် အလုပ်မဟုတ်သည့်အလျောက် ဂျာမနီသည် ကိုလိုနီဝါဒသမားများနှင့် မည်သည့်အခါမှ အကျိုးတူ စပ်ယှက် လုပ်ကိုင်လိမ့်မည် မဟုတ်ပေ။ သူတို့၏ ကိုလိုနီဝါဒဆိုင်ရာ လုပ်ငန်းစဉ် လမ်းစဉ်များကိုလည်း မည်သည့်အခါမှ ထောက်ခံ အားပေးခြင်း ပြုလိမ့်မည် မဟုတ်ပေ။ ဥရောပတိုက်တွင် ကျွန်ုပ်

* Kiev ဆိုဗီယက် ပြည်ထောင်စု ယူကရိန်းပြည်နယ်၏ မြို့တော်ဖြစ် သည်။

** Miami အမေရိကန် ပြည်ထောင်စု မာနီဂိုးနားပြည်နယ်မှ မြို့ကြီးတစ် မြို့ ဖြစ်သည်။





တို့ အလိုရှိသည့် အရာမှာ * မွန်ရိုးဝါဒပင် ဖြစ်၏။ ဥရောပတိုက် သည် အခြားတိုက်များ၏ အရေးအခင်းများတွင် ဝင်ရောက်စွက် ဖက်ခြင်းမရှိစေရဟူ၍ အငြင်းပွားစရာမရှိအောင် မှန်ကန်သော ဝါဒလမ်းစဉ် (ဝါ) "ဥရောပတိုက်သည် ဥရောပတိုက်သားများ အတွက်" ဟူသော ဝါဒလမ်းစဉ်ပေတည်း။

ဩစတြေးလျတိုက်မှ ရာဇဝတ်ကောင်များ၏ အဆက် အနွယ်များသည် ကျွန်ုပ်တို့အား ဘာတစ်ခုမျှ မျှော်လင့်ချက် အလားအလာ ပေးစရာ မလိုပေ။ သူတို့သည်လည်း တကယ် ထူးမခြားနားပင်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိနိုင်ပေသည်။ သူတို့၏ စွမ်းအားသည် သူတို့သိမ်းပိုက်ထားသည့် နယ်မြေများ၏ အကျယ်အဝန်းနှင့် လိုက်လျောလုံလောက်အောင် ကြီးမားထက် မြက်ခြင်းမရှိဟု ယူဆပါက ဤသည်မှာ သူတို့၏ ထင်မြင်ယူဆ ချက်သာ ဖြစ်၏။ ဤကိစ္စတွင် ကျွန်ုပ်တို့ထံ အကူအညီတောင်း ခံခြင်းအားဖြင့် အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်။ အဘယ့်ကြောင့်ဆို သော် ကျွန်ုပ်အနေဖြင့် ပြောရလျှင် ကြွယ်ဝဖွံ့ဖြိုးလှသည့် အာရှ တိုက်မှ လူပိုလူလျှံများအား ဩစတြေးလျတိုက်မှ နေရာလွတ်များ

* Monroe Doctrine ၁၈၂၃ ခုနှစ်က အမေရိကန် သမ္မတ မွန်ရိုး ချမှတ်ခဲ့သည့် ဝါဒလမ်းစဉ်ဖြစ်၏။ ဤလမ်းစဉ်၏ အဓိကအချက်မှာ အမေရိကန်နိုင်ငံများ၏ အရေးအခင်းများတွင် ဥရောပနိုင်ငံများက ဝင်ရောက်စွက်ဖက်ခြင်း မပြုရဟူသော အချက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ သံလိုက်စာတ်ဖြင့် ဆွဲဆောင်သလို ဆွဲဆောင်နေခြင်းကို လုံး
ကန့်ကွက်ရန် မရှိပေ။ သူတို့ လွတ်မြောက်ရေးအတွက် သူတို့
ဖာသာ လုပ်စရာရှိသမျှ လုပ်သွားကြရန် ဖြစ်၏။ နောက်ဘစ်ကြိ
ထပ်ပြောရမည် ဆိုပါက ဤကိစ္စသည် ကျွန်ုပ်တို့နှင့် လားလား
မပတ်သက်ဟူ၍ပင်တည်း။







(၄)

ဖရန်ကိုအား စစ်ထဲဆွဲသွင်းသင့်ပါသလား . . .။ စပိန်အမျိုးသား ဘုန်းကြီးတစ်ပါး၏ အောင်မြင်ရေးအတွက် ကျွန်ုပ်တို့၏ စေတနာ့ဝန်ထမ်းမဟုတ်သော ကူညီအားပေးမှု . . .။ ပြုပြင်၍ မရတော့ပြီဖြစ်သော လက်တင်အမျိုးသားများ၏ ဆုတ်ယုတ်ပျက်ပြားမှု . . .။ ကျွန်ုပ်တို့ ဂျိဘရော်လ်တာကို သိမ်းပိုက်သင့်ခဲ့၏ . . .။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်

ကျွန်ုပ်သည် တစ်ခါတစ်ရံ ၁၉၄၀ ခုနှစ်က စပိန်အ
စစ်ထဲသို့ ဆွဲမသွင်းခဲ့ခြင်းအတွက် ကျွန်ုပ်တို့အဖို့ မှားသည်
သည်ကို ကိုယ့်ကိုယ်ကို ပြန်၍ မေးခွန်းထုတ်ခဲ့မိ၏။ ထိုစဉ်
စပိန်အား စစ်ထဲဆွဲသွင်းရန်မှာ ပြောသလောက် လွယ်သည့်ကိ
ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် စပိန်သည် ထိုအချိန်ထိုအခါ
အီတလီကို အားကျ၍ "အောင်မြင်သူများအဖွဲ့" တွင် အဖွဲ့ဝင်
တစ်ယောက်အဖြစ် အရှုံးအမြတ်ပါဝင်ရန် ဆန္ဒရှိနေခဲ့သောကြော
ဖြစ်၏။

စင်စစ် ဖရန်ကိုသည် စပိန်နိုင်ငံ စစ်ထဲသို့ ပါဝင်လာခြ
နှင့် စပ်လျဉ်းသည့် တန်ဖိုးကို ပုံကြီးချဲ့၍ အတွေးခေါင်နေ
ဖြစ်၏။ သူ၏ ယောက်ဖတော် ကျူးလွန်ခဲ့သည့် စနစ်ကျသေ
အဖျက်လုပ်ငန်းများကို ပမာဏမထားဘဲ ကျွန်ုပ်တို့နှင့် အဝေ
အတန် သဘောတူညီချက်ရလျှင်ပင် ပူးပေါင်းလုပ်ကိုင်ရန် ဆ
ပြင်းပြခဲ့သည်ဟု ကျွန်ုပ် ယုံကြည်၏။ ယင်းသဘောတူညီချက်မျ





တွင် သူ့ဂုဏ်သိက္ခာအတွက် နှစ်သိမ့်သည့်အနေဖြင့် ပြင်သစ်ပြည်
၏ အနည်းငယ်မျှသော နယ်မြေတစ်စိတ်တစ်ပိုင်းနှင့် သူ့အတွက်
တကယ့်ရုပ်ဝတ္ထုကျကျ လိုအပ်လှသည့် အယ်လ်ဂျီးရီးယားပြည်
၏ နယ်မြေအတော်အတန်ကို ရပါစေမည်ဟု ကတိပေးရုံမျှဖြင့်
ဖြေနိုင်၏။

သို့သော် စပိန်သည် တကယ်တန်းအားဖြင့် လက်တွေ့
ကျကျ အကောင်အထည်ဖော်မည့် ကူညီပူးပေါင်းမှုမျိုး ပြုလုပ်မည်
မဟုတ်ရကား၊ စစ်ထဲသို့ ၎င်းအနေဖြင့် တိုက်ရိုက်ပါဝင်စွက်ဖက်
ခြင်းကို လက်မခံရန် ကျွန်ုပ် ယတိပြတ်ဆုံးဖြတ်ခဲ့၏။

ကျွန်ုပ်တို့အား ဂျီဘရော်လ်တာကျွန်းဆွယ် သိမ်းပိုက်ရေး
အတွက် ၎င်းက ခွင့်ပြုမည်မှာ အမှန်ပင်ဖြစ်၏။ အခြားတစ်ဘက်
တွင်မူ စစ်ထဲသို့ စပိန်ပါလာခြင်းအားဖြင့် အတ္တလန္တိတ် သမုဒ္ဒရာ
ကမ်းရိုးတန်းတစ်လျှောက် မိုင်ပေါင်းများစွာ စစ်နယ်နမိတ်ဖြစ်လာ၍
ကျွန်ုပ်တို့အဖို့ စိန့်စီဘတ်စ်ရှန်မှ ကာဒစ်မြို့အထိ အကာအကွယ်
ပေးရတော့မည် ဖြစ်သည်။ သို့နှင့်ပင် ကျွန်ုပ်တို့သည် ကောင်း
သည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ နှောင်ခါလာ နှောင်ခါဈေးဟူသည့်
အနေဖြင့် ထိုနိုင်ငံအား ထိုသို့ သဘောထားခဲ့ရခြင်း ဖြစ်၏။

ယခုသော်မူ ကျွန်ုပ်တို့သည် ထိုနိုင်ငံအပေါ်တွင် ယခင်
ကထက် ပို၍ လိုလားစိတ်များ ခေါင်းပါးလာခဲ့သည်။ အရင်းရှင်
အမြတ်ကြီးစားများနှင့် ဘာသာရေးဂိုဏ်း၏ ကြိုးဆွဲရာ ကနေကြ
သည့် ရုပ်သေးများ ကြီးစိုးရာနိုင်ငံပင်တည်း။ ပြည်တွင်းစစ်


www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးခဲ့သည့်နောက် စပိန်အမျိုးသားများအား ပြန်လည်ညီညွတ်အောင် လုပ်ဆောင်ခဲ့ခြင်း မရှိသည့်အတွက် ကျွန်ုပ်သည် ဖရန်ကိုအား ဘယ်တော့မှ ခွင့်မလွှတ်နိုင် ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့ကဲ့သို့ ထပ်တူထပ်မျှ အကူအညီ အထောက်အပံ့များပေး၍ ကျေးဇူးတင်ထိုက်သည့် ဖလန်းဂါဒသမားများအား ဝိုင်းဃယ် သပိတ်မှောက်ခဲ့ခြင်းအတွက်လည်းကောင်း "အနီများ" လုံးဝမဟုတ်ရှာသည့်ရန်သူဟောင်းများကို လူဆိုးဓားပြများပမာ ရက်စက်စွာပြုကျင့်ခဲ့ခြင်းအတွက်လည်းကောင်း၊ ဖရန်ကိုအား ဘယ်တော့မှ ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့၏။ တိုင်းပြည်၏ ထက်ဝက်ခန့်ကို တရားဥပဒေ၏ နောက်ကွယ်တွင် ထင်သလိုချယ်လှယ်အုပ်စိုး၍ ဘာသာရေးကို ဗန်းပြကာ စီးပွားရှာနေကြသူ လူနည်းစုများသာ ချမ်းသာကြွယ်ဝနေကြရာ၊ ကျန်လူများစု လူထုကြီးမှာ ခိုးကိုးရာမဲ့ ဖြစ်နေကြရှာပေသည်။

စပိန်ပြည်တွင် "အနီ" ဟု ဆိုသူများအနက် တကယ့်ကွန်မြူနစ်အစစ်များမှာ အရေအတွက်အားဖြင့် အလွန်နည်းပါးလှကြောင်း ကျွန်ုပ် အသေအချာသိ၏။ ကျွန်ုပ်တို့မှာ ဆိုးဆိုးဝါးဝါး လှည့်စားခံခဲ့ရခြင်း ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သာ တကယ့်အခြေအနေမှန်ကို သိရပါက ကျွန်ုပ်သည် ငတ်ပြတ်နေကြသော ပြည်သူများ၏ လေကြောင်းမှ ဗုံးကြဲ၍ သတ်ဖြတ်ဖျက်ဆီးရန် ဘယ်တော့မှ ခွင့်ပြုလိမ့်မည် မဟုတ်ပေ။ ဘစ်ချိန်တည်းတွင် စပိန်ဘာသာရေးဂိုဏ်းများအား ထိတ်စရာ လန့်စရာ





ကောင်းလောက်အောင် အမြတ်ထုတ်ခြင်းကို ဘယ်တော့မှ ပြန်လည်ခွင့်ပြုလိမ့်မည် မဟုတ်ပေ။

အားလုံးကို ခြုံ၍ ပြောရမည်ဆိုပါက * အစ်ဘာရီယန်ကျွန်းဆွယ်အား ကြားနေစေရန် အာမခံချက် ပေးလိုက်ခြင်းအားဖြင့် စပိန်သည် ဤပဋိပက္ခတွင် သူ့အစွမ်းရှိသလောက် ကျွန်ုပ်တို့အား တုန့်ပြန်ခဲ့ပေသည်။ အီတလီအား ကျွန်ုပ်တို့၏ ကျောပေါ်တွင် သယ်ပိုးထားရသည့် ဝန်ထုပ်ဝန်ပိုးမှာ ကျွန်ုပ်အဖို့ အတော်ပင် လိပ်ပြာမသန့် ဖြစ်ခဲ့ရပေသည်။ ထို့ကြောင့်ပင် စပိန်စစ်သားများအနေဖြင့် မည်မျှပင် တိုက်ရည်ခိုက်ရည်ရှိစေကာမူ စပိန်ကိုယ်၌က ငတ်မွတ်ဆင်းရဲ၍ စစ်အတွက် အဆင်သင့်မဖြစ်သေးဘဲ ရှိနေခဲ့ရာ ကျွန်ုပ်တို့အဖို့ "ဆေးအတွက် လေးသလို" ဖြစ်မှာစိုးရ၏။

ဤစစ်ကြီးသည် ယုက်စွအဆုံး တစ်စုံတစ်ခုကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖော်ထုတ်ပြသလိမ့်မည်ဟု ကျွန်ုပ် ထင်မြင်ယူဆမိ၏။ ယင်းကား ပြုပြင်ကုစား၍ မရနိုင်တော့သည့် လက်တင်နိုင်ငံများ၏ ဆုတ်ယုတ်ပျက်ပြားမှုပင် ဖြစ်၏။ သူတို့သည် တိုးတက်ရာ တိုးတက်မှုအတွက် လမ်းဆုံးနေသည်မှာ ငြင်းစရာ

* Iberian အစ်ဘာရီယန်ကျွန်းဆွယ် မြေထဲပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာအကြား စပိန်နှင့် ပေါ်တူဂီနိုင်ငံများ တည်ရှိသည့် ကျွန်းဆွယ်ကြီး၏ အမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မလိုသော အချက်ဖြစ်၏။ သို့ဖြစ်၍လည်း သူတို့သည် ကမ္ဘာအခေ အခင်းများကို ဖြေရှင်းဆောင်ရွက်ရာ၌ ဆက်လက်ပါဝင်နိုင်ခွင့် မရှိတော့ဘဲ ဖြစ်ခဲ့ကြပြီ ဖြစ်၏။

ဖရန်ကို၏ ပူးပေါင်းဆောင်ရွက်မှု မပါဘဲ ဂျာမန်ပ်တို့၏ တိုက်ခိုက်ရေးတပ်များဖြင့် ဂျီဘရော်လ်တာကို သိမ်းပိုက်ရန်မှာ အလွယ်ကူဆုံး အလုပ်ဖြစ်၏။ သို့သော် ဖရန်ကိုအနေဖြင့် စစ်မ ကြေညာဘဲ မဖြစ်နိုင်ပေ။ ယင်းသို့ လုပ်ဆောင်လိုက်ခြင်းကို ချက် ကောင်းယူ၍ ဗြိတိန်က စပိန်အား စစ်ကြေညာရန် ပထာမ ဖြ လိမ့်မည် မဟုတ်ဟု ကျွန်ုပ် နားလည်သဘောပေါက်မိပေသည်။ စပိန်အား စစ်နှင့် မပတ်သတ်သည့် အနေအထားမျိုး၌ ဆက် လက်ရှိနေသည်ကိုသာ ဗြိတိန်က အလွန်အမင်း လိုလားလိမ့် မည်ဖြစ်၏။

ကျွန်ုပ်တို့အနေဖြင့် ပြောရလျှင် ဤအချက်ကြောင့် ပေ တူကီကမ်းခြေသို့ ဗြိတိသျှတပ်များ တက်ရောက်မည့် အန္တရာယ် အသွယ်သွယ်မှ ကာကွယ်ပြီးသားဖြစ်လိမ့်မည်ဟု ယူဆမိ ပေသတည်း။







(၅)

ဂျူးပြဿနာကို ယထာဘူတကျကျ ရင်ဆိုင်ခြင်း...။ သိမ်းသွင်း ၍ မရနိုင်သော လူစိမ်းတစ်ယောက်...။ ဂျူးရေးရာသက်သက် ဖြစ်သော စစ်ပွဲ...ဂျူးသူခိုးများကို မောင်းထုတ်၍ ဂျူးတို့၏ ကျက်သရေကို ပြန်လည်ဆောင်ကျဉ်းလော့...။ ဂျူးများရှိနေသမျှ ဂျူးဆန့်ကျင်ရေးဝါဒ ထာဝစဉ် ရှိနေလိမ့်မည်...။ လူမျိုးရေး မန်းတီးမှု၏ အချည်းနှီးဖြစ်ခြင်း...။ မအောင်မြင်သော သားစပ် မှု...။ ပရပ်ရှားလူမျိုးတို့၏ ဂုဏ်မာနတရား မှန်ကန်ထင်ရှား ခြင်း...။ ခြစ်ထရီးယားလူမျိုးတို့၏ ဗိုလ်မထားသည့်ဝါဒ...။ ခေတ်သစ် ဂျာမန်တို့၏ လက္ခဏာ...။ ဂျူးရေးရာပြဿနာ လောက် ယထာဘူတကျသော အဖြစ်မျိုးသည် လုံးဝမရှိ...။ ခန္ဓာကိုယ်ကို စိတ်က လွှမ်းမိုးခြင်း...။ ဂျူးများနှင့် ဆက်ဆံရေး တွင် ကျွန်ုပ်၏ ရိုးသားဖြောင့်မတ်မှု...။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်

ဂျူးရေးရာ ပြဿနာကို ဦးစွာပထမ ယထာဘူတကျကျ ရင်ဆိုင်ခဲ့ခြင်းသည် အမျိုးသား ဆိုရှယ်လစ်ဝါဒ၏ အောင်မြင်မှုများတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။

ဂျူးဆန့်ကျင်ရေး ဝါဒကို ဂျူးများကိုယ်နှိုက်က အမြဲထာဝရ အုံကြွပေါ်ပေါက်လာအောင် လုပ်ခဲ့ကြ၏။ ရှေးလွန်လေပြီးသော အိဂျစ်များလက်ထက်မှ ကျွန်ုပ်တို့ခေတ်အထိ ကမ္ဘာပြည်သူလူထုကြီးများသည် ရာစုနှစ်ပေါင်းများစွာ ဤပြဿနာတွင် ထပ်တူထပ်မျှ တစ်ပုံစံတည်း ကျင့်သုံးလုပ်ဆောင်ခဲ့ကြ၏။ သူတို့တွေသည် အောင့်နလုံးနာစရာကောင်းလှသည့် ဂျူးများ၏ သွေးစုပ်ခြယ်လှယ်မှုကို သည်းမခံနိုင်သည့်အချိန်ကာလသို့ ရောက်ရှိလာကြပြီဖြစ်၏။

သူတို့သည် ရက်စက်ကြမ်းကြုတ်သော မဆိုးလက်တွင်းမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားသည့် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ အတင်းအဓမ္မ ရုန်းကန်လှုပ်ရှားလျက် ရှိကြ၏။ အဓမ္မ ရုန်း





ကန်ရာမှ နောက်ဆုံးတွင် တော်လှန် ပုန်ကန်လာကြ၏။ ဤသည်မှာ သဘာဝကျသော တုံ့ပြန်ချက်ဖြစ်ပေသည်။ အများနှင့် ရင်းနှီးကျွမ်းဝင်မှုကို လက်မခံ ငြင်းဆန်၍ ပတ်ဝန်းကျင်နှင့်ကင်းကွာသည့် ဘစိမ်းတရံစာတစ်ယောက်အပေါ်တွင် မှတ်ထောက်သားလောက်အောင် ဆုံးမသည့် တုံ့ပြန်ချက်ဖြစ်၏။ အိမ်ရှင်ကို မှီခို၍ ကပ်ပါးရပ်ပါး စားသောက်နေရုံမျှမက ဟိတ်တစ်လုံး ဟန်တစ်လုံးဖြင့် ကမ်းကုန်အောင် ခြယ်လှယ် စော်ကားလာသူ တစ်ယောက်အား အသိတရားရစေရန် ဆုံးမသည့် တုံ့ပြန်ချက်ဖြစ်၏။

ပင်ကိုယ် သဘာဝအားဖြင့် ဂျူးများသည် အများနှင့် ကျွမ်းဝင်ရင်းနှီးမှုရှိလည်း မရှိနိုင်၊ ရှိလည်း မရှိလိုသော ကပ်ပါး ရပ်ပါးများဖြစ်ကြ၏။ အခြားအခြားသော နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများနှင့်မတူဘဲ သူမှီခိုနေထိုင်လျက်ရှိသည့် နိုင်ငံတစ်ခုတွင် တိုင်းရင်းသားများ၏ ရပိုင်ခွင့်မှန်သမျှ တစ်ခုမကျန်၊ ရအောင်တောင်းခံ၍ တစ်ချိန်တည်းတွင် သူကိုယ်သူ ဂျူးတစ်ယောက်အဖြစ်နှင့်ပင် သဘာဝစဉ်နေသွားလေ့ရှိ၏။ ဤကား ဂျူးများ၏ သိသာထင်ရှားလှသည့် အသွင်လက္ခဏာပင်တည်း။

ယုန်များနှင့် အတူ ပြေးရာတွင် သူပါဝင်၍၊ တဖန် ထိုယုန်များကို ခွေးများနှင့်လိုက်ရာ၌လည်း သူကိုပါဝင်ခွင့်ပြုရမည်ဟု စိတ်ထဲတွင် စွဲစွဲမြဲမြဲ မှတ်ယူထား၏။ ယင်းသို့ သူမတူအောင် ထူးခြားလွန်ကဲသည့် အခွင့်အရေးမျိုးကို တောင်းဆိုသူမှာ ကမ္ဘာပေါ်တွင် သူတစ်ယောက်တည်းသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား ဆိုရှယ်လစ်ဝါဒသည် ဂျူးရေးရာပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ အပြောဖြင့်မဟုတ် အလုပ်ဖြင့် ပြခဲ့၏။ ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်ရန်ဖြစ်သော ဂျူးများ၏ သန္နိဋ္ဌာန်ကို အပြင်းအထန် ဆန့်ကျင်ခဲ့၏။ သူတို့အား နေရာဒေသတိုင်းနှင့် လူ့ပ်ရှားမှု နယ်ပယ်တိုင်းတွင် တိုက်ခိုက်ထိုးနှက်ခဲ့၏။ မတရား အဓမ္မ သိမ်းပိုက်ရရှိထားကြသည့် ရာထူးဌာနန္တရ အလုပ်အကိုင် မှန်သမျှတို့မှ သူတို့ကို မောင်းထုတ်ပစ်ခဲ့၏။ ဂျာမန်လောကမှ ဂျူး များ၏ အဆိပ်အတောက်များကို ဖယ်ရှား သန့်စင်ပစ်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် သူတို့ရှိရာ နေရာတိုင်းသို့ ဦးတည်၍ လိုက်လံ ချေမှုန်းခဲ့၏။

ဤလုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့အတွက် ရောဂါ ကူးစက်မှုမှ ကာကွယ်ရာတွင် တကယ်လိုအပ်သည့် လုပ်ငန်းစဉ် များဖြစ်ပေသည်။ ရေဆုံးမြေဆုံးလိုက်၍ အစဉ်တစိုက် လုပ်သွား ကြရမည့် လုပ်ငန်းစဉ်များဖြစ်ပေသည်။ ဤလုပ်ငန်းစဉ်များမှ ကင်း ကွာသွားခဲ့ပါက ကျွန်ုပ်တို့ဘဝကို နစ်မွန်းပျက်စီးအောင် လုပ်ရာ ကျပေလိမ့်မည်။

ဂျာမနီတွင် ဤလုပ်ဆောင်ချက်များ အောင်မြင်ခဲ့သည့် အလျောက် အခြားနယ်ပယ်ဒေသများသို့ တိုးချဲ့လုပ်ကိုင်သွားရန် အခွင့်အလမ်းကောင်းများ ရရှိခဲ့၏။ စင်စစ်အားဖြင့် ကျန်းမာရေး ကောင်းလျှင် ရောဂါများကို ကျော်လွှားနိုင်သည်မှာ ဓမ္မတာပင် တည်း။





ဂျူးများသည် ချက်ချင်းပင် အန္တရာယ်ကို သိမြင်လာကြ သည့်အတွက် ဤသေရေးရှင်ရေးတိုက်ပွဲကြီးတွင် ရှိသမျှ ပုံအော ၍ ကျွန်ုပ်တို့အား ထိုးနှက်တိုက်ခိုက်လာကြ၏။ ဘယ်အခြေ ဆိုက် ဆိုက်၊ ယုတ်စွအဆုံး ကမ္ဘာကြီးတစ်ခုလုံး ဤစစ်ပွဲကြီးအတွင်း ပျက်စီးကြေမွှန်းသည်အထိ အမျိုးသား ဆိုရှယ်လစ်ဝါဒကို တိုက် ခိုက်ချေမှုန်းပစ်ရမည်ဟု သူတို့က ဆိုကြ၏။ ဤစစ်ပွဲလောက် ဂျူး ရေးရာ စစ်စစ်ဖြစ်သော ဂျူးများနှင့်သာ လုံးဝသက်ဆိုင်သော စစ် ပွဲဟူ၍ ဘယ်တုန်းကမှ ဖြစ်ပွားခြင်း မရှိခဲ့ဘူးပေ။

ကျွန်ုပ်သည် အနည်းဆုံးအားဖြင့် သူတို့၏မျက်နှာဖုံးများ ကို ခွာချပစ်နိုင်ခဲ့၏။ အကယ်၍ ကျွန်ုပ်တို့၏ ကြိုးပမ်းလုပ်ဆောင် မှုများသည် မအောင်မြင်ဘဲ ကျဆုံးခဲ့ငြားအံ့၊ ယင်း ကျဆုံးမှုသည် ယာယီသာလျှင် ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ် သည် ကမ္ဘာကြီးတစ်ခုလုံးအား ဂျူးများ၏အန္တရာယ်ကို အကောင် အထည်ဖြင့် ပြသခဲ့ပြီးဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့ သဘောထားများအနက် တစ်စုံတစ်ခုသော အကျိုးတရားသည် ဂျူးများအား ကျူးကျော် စော်ကားမှုဖြစ်ပွား အောင် ဖန်တီးပေးသကဲ့သို့ပင် ဖြစ်ခဲ့၏။ အမှန်စင်စစ် ဂျူးများ သည် ကောက်ကျစ်စဉ်းလဲခြင်း မရှိပါက သူတို့၏ စိတ်နေသဘောထား သည် ပြောပလောက်အောင် အန္တရာယ်ကြီးမားလှသည် မဟုတ် ပေ။ သူ့အမျိုးသားများ အပေါ်တွင် အတိအလင်း သစ္စာဆိုထား သော ဂျူးလူမျိုးတစ်ယောက်သည် သင်နှင့် ဘာသာချင်းမတူရုံ



www.burmeseclassic.com

www.burmeseclassic.com



သာရှိ၍ အခြားနေရာတကာတွင် ရှက်ဖွယ်ကောင်းလှသည့် ဂျူး လူမျိုးတစ်ယောက်ထက် အဆပေါင်း တစ်ရာမျှပို၍ နှစ်သက်ဖွယ် ဖြစ်၏။

အကယ်၍ ကျွန်ုပ်သာ စစ်နိုင်ခဲ့ပါက ကမ္ဘာပေါ်တွင် ဂျူး များ၏ ဩဇာအာဏာကို လုံးဝချေမှုန်းဖျက်ဆီး၍ သေလောက် သည့် ဒဏ်ရာမျိုးရပြီး တစ်သက်လုံး နလံမထူနိုင်လောက်အောင်

သို့ရာတွင် အကယ်၍ ကျွန်ုပ်သာ စစ်ရှုံးခဲ့ပါမူ ယင်းသို့ စစ်ရှုံးခြင်းဖြင့် သူတို့အတွက် အောင်ပွဲသည် ခိုင်မြဲသေချာပြီဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် သူတို့သည် လည်း ဦးခေါင်းပြုတ်ကုန်ကြမည် ဖြစ်သောကြောင့်ပင်တည်း။

သူတို့သည် မာနကြီးတခွဲသားဖြင့် ရှိနေကြမည်ဖြစ်ရာ သူတို့အချင်းချင်း အကြမ်းဖက်မှုများ ပေါ်ပေါက်လာဖွယ်ရှိ၏။ သူ တို့သည် ယုန်များနှင့်အတူ ပြေးလိုက်၊ ခွေးများနှင့်အတူ လိုက် လိုက် စသည့်အလုပ်များကို ဆက်၍ လုပ်နေဦးမည်မှာ မုချဖြစ်၏

နိုင်ငံတကာတွင် မာနတထောင်ထောင်ဖြင့် တိုင်းရင်းသား အခွင့်အရေးများကို တဖွဖွတောင်းခံကာ နောက်ဆုံးတွင် အမြင့် မြတ်ဆုံး လူသားများအဖြစ် လုပ်နေကြဦးမည်ဖြစ်၏။ ဂဏာမငြိမ် ကြွန္ဓေမရ ရှက်တတ်သည့် မျက်နှာထားမျိုးရှိသည့် ဂျူးများ ပျောက်ကွယ်၍ သူတို့နေရာတွင် လေလုံးထွားထွားဖြင့် စကား ကြီး စကားကျယ် ပြောတတ်သည့် ဂျူးများ အစားထိုး ရောက်ရှိ လာလိမ့်မည်ဖြစ်၏။ သို့သော် နောက်လာသည့် ဂျူးများသည်





"သည်ပုတ်ထဲက သည်ပဲများ" သာ ဖြစ်ပေလိမ့်မည်။ သို့မဟုတ် ၍ပင် ဆိုးကောင်းဆိုးပေလိမ့်မည်။

ထိုအချိန် ထိုကာလတွင် ဂျူးဆန့်ကျင်ရေးဝါဒများ ပျောက် ကွယ်သွားမည်ကို စိုးရိမ်စရာ မလိုတော့ပေ။ အဘယ့်ကြောင့် ဆိုသော် ဂျူးများ ကိုယ်တိုင်က ဂျူးဆန့်ကျင်ရေး မီးတောက် မီးလျှံများကို ငြိမ်းမသွားအောင် လောင်စာထည့်ပေး၍ အမြဲတမ်း တောက်လောက်နေအောင် မီးမွှေးသွားကြလိမ့်မည်ဖြစ်၏။ သူ့ကို ဆန့်ကျင်မှုများ ကွယ်ပျောက်မသွားမီ သူ့ရောဂါနှင့်သူ ပျောက် ကွယ်သွားရမည်ဖြစ်၏။ ဤအချက်များကို ထောက်ရှု၍ သင်သည် ဂျူးများကို ယုံကြည်အားထားနိုင်ပါ၏။ သူတို့တတွေ အသက်ရှင် နေသမျှ ကာလပတ်လုံး ဂျူးဆန့်ကျင်ရေးဝါဒသည် မှေးမှိန်ပျောက် ကွယ်လိမ့်မည် မဟုတ်ပေ။

ယခုကဲ့သို့ ပြောရာ၌ ကျွန်ုပ်တွင် မည်သည့်လူမျိုးရေး မုန်းတီးမှုများ စိတ်မျိုးမှ မရှိကြောင်း ဝန်ခံပါ၏။ မည်သို့ပင်ဖြစ်စေ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ရောနှောစပ်ယှက်ခြင်းသည် မလိုလား အပ်ပေ၊ မတော်တဆ အကြောင်းမဲ့သက်သက် ဖြစ်ခဲ့သည့် အောင် မြင်မှုအနည်းငယ်မှ တစ်ပါး မျိုးမတူဘဲ စနစ်တကျ သားစပ်မှုသည် ဘယ်တော့မှ ကောင်းကျိုးမဖြစ်ထွန်းကြောင်း ကျွန်ုပ်ဝန်ခံရန် အသင့် ရှိ၏။ လူမျိုးတစ်မျိုးအဖို့ ကိုယ့်အမျိုးနှင့်ကိုယ် စစ်မှန်သန့်စင် အောင် ကြိုးစားနေထိုင်လိုစိတ်သည် ယင်းလူမျိုး၏ ကြီးကျယ်မြင့် မြတ်မှုနှင့် ကျန်းမာရေး ကောင်းမွန်မှုကို သက်သေပြနေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



၏။ အခြားလူမျိုးများအပေါ် ရှုံရှာစက်ဆုပ်ခြင်း မရှိဘဲ၊ ကိုယ့်အမျိုး အတွက် ကိုယ်ဂုဏ်မာနတက်ခြင်းသည် မှုမှန်၍ ကျန်းမာသော စိတ်ဓာတ်တစ်မျိုးပင်ဖြစ်၏။

တရုတ်များကိုဖြစ်စေ၊ ဂျပန်များကိုဖြစ်စေ ကျွန်ုပ်တို့ထက် ယုတ်ညံ့အောက်ကျသည်ဟူ၍ ဘယ်တော့မှ ကျွန်ုပ်သတ်မှတ် ယူ ဆခြင်း မပြုခဲ့ပေ။ သူတို့သည် ရှေးဟောင်းယဉ်ကျေးမှု၏ အဆက် အနွယ်များ ဖြစ်ကြ၍ သူတို့၏အတိတ်က သမိုင်းသည် ကျွန်ုပ် တို့ထက်ပင် ပိုမိုခမ်းနား ကြီးကျယ်ခဲ့ကြောင်း ကျွန်ုပ်တို့ ဆင် သက်လာခဲ့သည့် ယဉ်ကျေးမှုအဆက်အနွယ်များကို ကျွန်ုပ်တို့ ဂုဏ်ယူနိုင်ခွင့် ရှိကြသည့်နည်းတူ သူတို့သူတို့သည်လည်း သူတို့ ၏ အတိတ်ကို ဂုဏ်ယူနိုင်ခွင့်ရှိကြ၏။ စင်စစ်အားဖြင့် တရုတ်နှင့် ဂျပန်များသည် သူတို့၏အမျိုးဂုဏ်ကို ယုံကြည်ခိုင်မြဲလေလေ ကျွန်ုပ်သည် သူတို့နှင့်ဆက်ဆံပေါင်းသင်းရာ၌ ပို၍လွယ်ကူလေလေ ဖြစ်လိမ့်မည်ဟု ယုံကြည်မိ၏။

အခြေခံအားဖြင့် ဂျာမန်တို့သည် ယင်းသို့သော အမျိုး ဂုဏ်မာနကို ပိုင်ဆိုင်ခြင်း မရှိပေ။ သို့ကြောင့်လည်း လွန်ခဲ့သည့် နှစ်ပေါင်း သုံးရာအတွင်း ပြည်တွင်းရေး မညီမညွတ်ဖြစ်ကာ ဘာ သာရေး စစ်ပွဲများကြောင့် တိုင်းပြည် အစိပ်စိပ်အမွှာမွှာ ကွဲခဲ့ရ၍ နိုင်ငံခြား ဩဇာလွှမ်းမိုးမှု အမျိုးမျိုးကို ခံခဲ့ကြရ၏။ ဥပမာ ခရစ် ယာန်ဘာသာ၏ လွှမ်းမိုးမှု ခံခဲ့ရခြင်းပင်တည်း။

* အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန် ဘာသာသည် ဂျာ





မန်လူမျိုးများအတွက် သဘာဝကျသော ဘာသာတစ်ခု မဟုတ် ပေ။ နိုင်ငံခြားမှ တင်သွင်းလာသော ဘာသာဖြစ်၍ ကျွန်ုပ်တို့၏ အသည်းနှလုံးဖြင့် စပ်ဟပ်ဆီလျော်ခြင်း မရှိ။ အမျိုးအနွယ်အား ဖြင့်လည်း နိုင်ငံခြားသွေး အမွေအနှစ်များ ပါရှိနေ၏။

တစ်ခါတစ်ရံ ဂျာမန်တစ်ယောက်အဖို့ အမျိုးဂုဏ် မာန များ ပေါ်ပေါက်လေ့ရှိရာ ယင်းသို့ ပေါ်ပေါက်ရာ၌လည်း ပြင်းထန် ကြမ်းကြုတ်သည့် အသွင်မျိုးဖြစ်ပေါ်လာတတ်၏။ ဤသည်မှာလည်း ဂျာမန်လူမျိုး အများအပြား ခံစားနေကြရသည့် အားမလို အားမရ အဖြစ်မျိုးကို လက်စားချေတုံ့ပြန်သည့် သဘောကလွဲ၍ တကယ် အားဖြင့် အခြား ဘာအဓိပ္ပါယ်မှ မရှိပေ။

ဤအဖြစ်မျိုးသည် ပရပ်ရှားလူမျိုးများတွင် လုံးဝ မရှိ ကြောင်း ကျွန်ုပ် အထူးဖော်ပြစရာ မလိုပေ။ မဟာဖရက်ဒရစ် ဘုရင်ကြီးလက်ထက်မှစ၍ သူတို့သည် ယင်းသို့ တည်ငြိမ်၍ ရိုး သားသော အမျိုးဂုဏ်မာနကို ထားခဲ့ကြ၏။ ဤဂုဏ်မာနသည် သူတို့ကိုယ် သူတို့ ယုံကြည်စိတ်ချ၍ သူတို့ဘဝကို ဟိတ်ဟန် ထုတ်ကာ သက်သေပြစရာ မလိုသည့် လူမျိုးများအတွက် ထင် ရှားသည့် စံချိန်မီ အမှတ်တံဆိပ်များဖြစ်၏။ သူတို့၏ မွေးရာပါ အရည်အချင်းများအတွက် ကျေးဇူးတင်စရာပင် ဖြစ်၏။

ပရပ်ရှား လူမျိုးများသည် အထင်အရှား အများသိပြီးဖြစ် ကြသည့်အတိုင်း ညီညွတ်စည်းလုံးသော ဂျာမနီနိုင်ငံတော်ကြီးကို ဖန်တီးတည်ထောင်နိုင်သည့် အစွမ်းအစများရှိ၏။ အမျိုးသား ဆို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရှယ်လစ်ဝါဒသည် ဂျာမန်အမျိုးသားတိုင်းအား ဤမာနမျိုးရှိစေရန် ကြိုးပမ်းခဲ့၏။ ဤမာနမျိုးမှာလည်း ကျွန်ုပ်တို့အကြားတွင် ပရပ်ရှား လူမျိုးများသာ ယခုအထိ ပိုင်ဆိုင်လျက်ရှိကြသော မာနဖြစ်၏။

ဩစထရီးယား လူမျိုးများတွင်လည်း ပရပ်ရှားလူမျိုးများ၏ မာနနှင့် ဆက်စပ်နေသော အမျိုးဂုဏ်မာနများ ရှိကြ၏။ ယင်းမာနမှာ နှစ်ပေါင်းရာပေါင်းများစွာ ဘယ်လူမျိုး၏ စိုးမိုးအုပ်ချုပ်ခြင်းကိုမှ မခံခဲ့ရဘဲ ကိုယ်ကသာ အခြားလူမျိုးများအပေါ် အမိန့်ပေး အုပ်ချုပ်လာခဲ့ရသည်ကို ဂုဏ်ယူသော မာနမျိုးဖြစ်၏။ သူတို့သည် သူတစ်ပါးအပေါ် စိုးမိုးအုပ်ချုပ်မှုနှင့် အာဏာပြမှုတို့တွင် အတွေ့ အကြုံများ တောင်ပုံရာပုံ ရရှိလာခဲ့ကြရာ၊ ဤအချက်ကြောင့်ပင် လျှင် ဘယ်သူမှ အနိုင်ယူ အငြင်းပွားရှုံမရဘဲ လေလုံးထွားထွား ဖြင့် ဗိုလ်မထားသည့်ဝါဒများ ကျင့်သုံးလာကြခြင်း ဖြစ်၏။

အမျိုးသား ဆိုရှယ်လစ်ဝါဒသည် ဂျာမန်တို့၏ ပင်ကိုယ် လက္ခဏာ စိတ်နေ စိတ်ထားများဖြစ်သော အထက်ဖော်ပြပါ အရည်အချင်းများကို အရည်ပျော် ပျောက်ပျက်သွားအောင် လုပ် ပစ်ရမည်ဖြစ်၏။ သို့မှသာ လုံ့လဝီရိယရှိ၍ သန့်စင်မွန်မြတ်သော ခေတ်သစ်ဂျာမန်များ ပေါ်ပေါက်လာမည်ဖြစ်ပေသည်။

ရိုးရိုးသားသားဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်ကိုးစား၍ သူ့ ဘဝ သူ အခြောက်တိုက် မာနတက်မနေဘဲ မြင့်မြတ်သော မိသားစုတွင် တစ်ယောက်အပါအဝင် ဖြစ်ရခြင်းအတွက် ဂုဏ်ယူ သည့် ခေတ်သစ် ဂျာမန်များ ပေါ်ပေါက်လာမည် ဖြစ်၏။ ဤသို့





ဖြင့် အခြားလူမျိုးများ၏ ချိုးနှိမ်းအုံ့ဩ ထောပနာပြုခြင်းကို ခံယူရ သည့် ဂျာမန်လူများ ဖြစ်လာဖွယ်ရာရှိ၏။

မည်သို့ပင်ဖြစ်စေ ယင်းသို့ စုံစည်းပေါင်းစပ်ထားသည့် မြင့်မြတ်သော စိတ်ဓာတ်သည် အခြားလူမျိုးများအပေါ် ခြယ် လှယ်ဖိစီး ဖျက်ဆီးချေမှုန်းပစ်လိုသည့် စိတ်ထားမျိုး ဖြစ်သည်ဟူ ၍ နည်းနည်းကလေးမှ အဓိပ္ပါယ် မရပေ။ ကျွန်ုပ်တို့သည် ရံဖန် ရံခါ ဤစိတ်ထားမျိုးကို ကိုးကွယ်ဆည်းကပ် လုပ်ကိုင်တတ်ကြောင်း ကျွန်ုပ်သိ၏။ သို့သော် ဤလုပ်နည်းလုပ်ဟန်မျိုးသည် ပွဲဦးထွက် ပဏာမတွင် လိုအပ်သည့် အလုပ်ဖြစ်၏။ ဂျာမန်အမျိုးသားများ အား မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်အောင် တွန်း၍ ပို့ဆောင်ရာ၌ ဤလုပ်နည်း လုပ်ဟန်ကလေးများကို မလုပ်မဖြစ် ၍ နည်းနည်းပါးပါး လုပ်ခဲ့ရ၏။

ရုပ်ဝတ္ထုတို့၏ သဘာဝတရားအရ မည်သည့်အရပ်ဒေသ တစ်ခုခုကိုမဆို အပြင်းအထန် ဖိုးနှက်လိုက်ပါက ထိုအရပ်ဒေသ နှင့် မျက်နှာချင်းဆိုင် ဆန့်ကျင်ဘက် အရပ်ဒေသတွင်လည်း ပြင်း ထန်စွာ တုံ့ပြန် လှုပ်ရှားလာတတ်သည်မှာ ဓမ္မတာပင်ဖြစ်၏။ စင် စစ်အားဖြင့် အရာရာတိုင်းသည် တစ်နေ့တည်းဖြင့် အားလုံးပြီးစီး နိုင်သည်မဟုတ်။ တဖြည်းဖြည်း တစ်စစ အချိန်ယူကြရစမြဲ ဖြစ် ၏။ မဟာဖရက်ဒရစ် ဘုရင်ကြီးသည် ပရပ်ရှားလူမျိုးများ၏ ပုံစံ ကို တကယ်ဖန်တီးခဲ့သူ ဖြစ်၏။ ယင်းပုံစံမျိုး အသားမကျမီ ... ဆက် နှစ်ခုသုံးခုမျှ ကျော်လွှားကုန်ဆုံးခဲ့ရ၏။ ပရပ်ရှား လူမျိုးများ



www.burmeseclassic.com

www.burmeseclassic.com

၏ ပုံစံသည် ပရပ်ရှား လူမျိုးတိုင်း လူမျိုးတိုင်းအတွက် အခြေခံ အသွင်လက္ခဏာများ မဖြစ်လာမီ မျိုးဆက် နှစ်ခုသုံးခုမျှ အချိန် ကာလ ကုန်ဆုံးခဲ့ရ၏။

ကျွန်ုပ်တို့၏ အမျိုးဂုဏ်မာနသည် ဂျူးလူမျိုးများအပေါ်မှ တစ်ပါး အခြားမည်သည့်လူမျိုးကိုမှ ကျူးကျော်စော်ကားသည့် သဘောထားမျိုး မရှိပေ။

"ဂျူးလူမျိုး" ဟူသော စကားလုံးကို အလွယ်တကူ သိ နားလည်ရန်သာ သုံးလိုက်ခြင်းဖြစ်၏။ အမှန်စင်စစ် လူသားတို့၏ အမျိုးအနွယ်သဘောအားဖြင့် ကြည့်လျှင် "ဂျူးလူမျိုး" ဟူ၍ လုံးဝ မရှိပေ။ လူမျိုးစုတစ်စုအား ဂျူးများက သူတို့ဖာသာ နာမည်ပေး၍ ခေါ်ဝေါ်ခဲ့ကြရာမှ ပေါ်ပေါက် သုံးစွဲလာခဲ့ကြသည့် အခေါ်အဝေါ် တစ်ခုသာ ဖြစ်၏။ ဘယ်တိုင်းပြည်ရောက်ရောက်၊ ဘယ်တိုင်းပြည် မှာ မွေးမွေး၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဂျူးမှန်သမျှမှာ ကွဲပြားခြားနား ခြင်းမရှိ၊ စိတ်ဓာတ်အားဖြင့် တစ်သွေးတည်း တစ်သားတည်း တစ် ပုံစံတည်းရှိသည့် အုပ်စုတစ်ခုဖြစ်၏။ ယင်းအုပ်စု ယင်းလူတစ်စု ကို ဂျူးလူမျိုးဟု ကျွန်ုပ်တို့ ခေါ်ဝေါ်နေကြခြင်းဖြစ်၏။

တစ်ခု သတိပြုရန်မှာ သူတို့အား ဟီဘရူးဘာသာရေးအရ ရေးကျသော အဆက်အနွယ်တစ်ခုဟု အမှတ်အသား ပြုထားခဲ့ သော်လည်း သူတို့သည် ဘာသာရေး အုပ်စုတစ်ခုလည်း မဟုတ် ပေ။ ယုတ်စွအဆုံး တူညီသော ဘာသာရေး ခံယူချက်များဖြင့် စုစည်းပေါင်းစပ်ထားသည့် အုပ်စုတစ်ခုပင် မဟုတ်ချေ။





ဂျူးလူမျိုးများသည် ဦးစွာပထမ စိတ်ဓာတ်အားဖြင့် တ သီးတခြားရှိသည့် လူမျိုးဖြစ်၏။ တစ်ခု ဝန်ခံရမည်မှာ သူတို့သည် ဟီဘရူး ဘာသာတရားမှ ဆင်းသက်လာသော အဆက်အနွယ် များဖြစ်၍ ယင်းဘာသာတရားသည် သူတို့၏ ယေဘုယျအသွင် လက္ခဏာများကို ပုံသွင်းရာ၌ အတော်အတန် ဩဇာလွှမ်းမိုးခဲ့ သည်မှာ မှန်၏။

မည်သို့ပင်ဖြစ်စေ၊ ဤအချက်များကြောင့် ဘာသာရေး စစ်စစ် အုပ်စုဖြစ်သည်ဟု မဆိုလိုပေ။ အဘယ့်ကြောင့်ဆိုသော် လောကတွင် ဘုရားမရှိဟူ၍ တထစ်ချ မှတ်ယူထားသူများနှင့် ဘုရားဟော တရားတော်အတိုင်း တသွေမသိမ်း ယုံကြည်လိုက် နာ ကျင့်သုံးနေသူများ ရောထွေးယှက်တင် ပါဝင်နေကြသော ကြောင့်ပင် ဖြစ်၏။ ထို့ပြင် သူတို့တတွေသည် ရာစုနှစ်ပေါင်းများ စွာ နှိပ်စက်ညှဉ်းပန်းခြင်း ခံခဲ့ကြရသူများ ဖြစ်သည်ကိုလည်း ထည့် ၍ တွက်ရန်လိုပေသည်။

သို့သော် ယင်းသို့ နှိပ်စက်ညှဉ်းပန်းခံခဲ့ကြရခြင်းမှာ သူတို့ ကိုယ်နှိုက်က ထိုသို့ခံရအောင် လုပ်ခဲ့ကြခြင်းဖြစ်ကြောင်းကိုမူ ဂျူးများသည် အလွယ်တကူ မေ့လျော့နေကြပြီ ဖြစ်၏။ ထိုမှတစ် ပါး လူသားတို့၏ အမျိုးအနွယ်ဆိုင်ရာ မနုဿဗေဒအရ ကြည့် လျှင်လည်း သူတို့သည် အသွင်အပြင်လက္ခဏာအားဖြင့် တစ်ပုံ စံတည်း တစ်ချိုးတည်း ရှိကြသူများဖြစ်၏။ မည်သို့ပင်ဖြစ်စေ ကမ္ဘာပေါ်တွင် ရှိရှိသမျှ ဂျူးလူမျိုးတိုင်းသည် ဂျူးသွေးစစ်စစ်



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်မျှပင် ဖြစ်စေ ပါဝင်နေသည်ကိုမှ မငြင်းနိုင်ပေ။ ယ
သို့သာ ပါဝင်ခြင်းမရှိပါက ဂျူးလူမျိုးမှန်သမျှ တစ်ပုံစံတည်း အ
တစေ ရှိနေတတ်ကြသည့် အချို့သော ရုပ်လက္ခဏာအသွင်အ
မျိုးကို တွေ့မြင်ရန် ခဲယဉ်းပေလိမ့်မည်။ ယခုသော်မူ ဝါဆော
ဂျူးရပ်ကွက်ရှိ ဂျူးများမှာ မော်ရိုကိုမြို့ ဈေးအတွင်းရှိ ဂျူးလူ
များအထိ ရုပ်လက္ခဏာများမှာ တစ်ပုံစံတည်း တစ်မျိုးတည်း
ဖြစ်၏။ နှာခေါင်းကြီးကြီး၊ နှာယောင်ပွပွ စသည့်ပုံစံမျိုးဖြစ်၏။

စိတ်ဓာတ်မျိုးဆက်သည် စစ်မှန်သန့်စင်သော လူမျိုး
ဆက်ထက် ပို၍ အစိုင်အခဲဖြင့်ရှိတတ်၏။ ပို၍တာရှည်ခံတတ်
ဂျာမန်လူမျိုးတစ်ယောက်ကို အမေရိကန် ပြည်ထောင်စုသို့ ပို
နေထိုင်စေပါက သူ့အား အမေရိကန်တစ်ယောက်ဖြစ်အောင်
လုပ်လိုက်ရာ ရောက်၏။ သို့သော် ဂျူးများမှာမူ ဘယ်အရပ်ရော
ရောက် ဂျူးအဖြစ်သာ ရှိနေကြ၏။ သူတို့သည် ဘယ်ပတ်ဝ
ကျင်ကမှ ရောယှက်ပေါင်းစပ်၍ မရနိုင်သည့် သတ္တဝါကောင်မျ
ဖြစ်ကြ၏။

ဤသည်မှာ သူတို့လူမျိုး၏ ထင်ရှားသည့် စိတ်ဓာ
တည်ဆောက်မှုဖြစ်၍ ရောယှက်ချေဖျက်မှုမှန်သမျှကို ပိတ်ဆ
တားဆီးနိုင်စွမ်းရှိသည့် စိတ်ဓာတ်ဖြစ်၏။ အချုပ်အားဖြင့်ဆိုရလျှ
စိတ်ဓာတ်က အသွေးအသားထက်ပို၍ စွမ်းအားသတ္တိရှိကြော
ထင်ရှားသည့် သက်သေ သာဓကပင်တည်း။

ဆယ့်ကိုးရာစုနှစ် တစ်လျှောက်တွင် ပိုင်ဆိုင်ရရှိခဲ့ကြ





သည့် အလွန်အံ့ဩဖွယ် ကောင်းလှသော ဤစွမ်းရည်၊ သတ္တိ
ကြောင့် ဂျူးများသည် သူတို့ကိုယ်ပိုင်အာဏာကို ထူထောင်လို
စိတ်များ ပေါ်ပေါက်၍ သူတို့၏မျက်နှာဖုံးများမှာလည်း ပြုတ်ကျခဲ့
ကြရ၏။ သို့ကြောင့်လည်း ကျွန်ုပ်တို့သည် “ကိုယ့်ကိုယ်ကိုဖော်
မသူတော်” အကြွားသမားများဖြစ်ကြသော လူများအား ဆန့်ကျင်
တိုက်ခိုက်ရန် အခွင့်အလမ်းများ ရရှိခဲ့ကြခြင်း ဖြစ်၏။

ဂျာမန်များသည် အလွန်ရိုးသား၍ ယုံလွယ်တတ်သူများ
ဖြစ်ကြောင်း သတိပြုမိပါက ကျွန်ုပ်၏ အဓိပတိ ရန်သူကြီးဖြစ်
သည့် ဂျူးများအပေါ် ယခုကဲ့သို့ မကွယ်မဝှက် ရုတ်တရက် ချက်
ချင်း ဘွင်းဘွင်းကြီး ထုတ်ဖော်ကြေညာလိုက်သည့်အတွက် ကျွန်ုပ်
တို့အား ကျေးဇူးတင်၍မဆုံးအောင် ဖြစ်ရမည့်အကြောင်း ကောင်း
ကောင်းကြီး နားလည်သဘောပေါက်လိမ့်မည် ဖြစ်၏။

ကျွန်ုပ်သည် ဂျူးများနှင့် ပေါင်းသင်းဆက်ဆံရာ၌ အဖက်
ဖက်က ထာဝစဉ် တရားမျှတမှုရှိခဲ့၏။ စစ်ကြီး စတင်ဖြစ်ပွားလု
ဆဲဆဲအချိန်က ကျွန်ုပ်သည် သူတို့အား နောက်ဆုံးအကြိမ်အားဖြင့်
သတိပေးခဲ့၏။ အကယ်၍ နောက်ထပ်စစ်ပွဲတစ်ပွဲတွင် ၎င်းတို့ ပါ
ဝင်လာပါက ချမ်းသာပေးလိမ့်မည် မဟုတ်။ ယခုတစ်ကြိမ်၌
ဥရောပတစ်တိုက်လုံးတွင် မျိုးပြုတ်အောင် သုတ်သင် ပစ်မည်ဟု
၍ သူတို့ကို သတိပေးခဲ့၏။ ဤသတိပေးချက်ကို သူတို့က စ
ကြေညာခြင်းဖြင့် တုံ့ပြန်ခဲ့၏။ ကမ္ဘာပေါ်တွင် ဘယ်နေရာမဆို ဂျူး
လူမျိုးတစ်ယောက် ရှိနေပါက ထိုနေရာတွင် အမျိုးသားဆိုရှယ်



www.burmeseclassic.com

www.burmeseclassic.com



လစ် ဂျာမနီပြည်၏ ကမ္ဘာမကြေသည့် ရန်သူတစ်ယောက် ရှိနေသည်ဟု မှတ်ယူရန်တုံ့ပြန်ဟိန်းဟောက်ခဲ့၏။

ကောင်းပေပြီ၊ ကျွန်ုပ်တို့အနေဖြင့် သွေးဆိုး ပြည်ပုတ်နှင့်တူသော ဂျူးများကို ခွဲစိတ်ဖောက်ထုတ်ပစ်ခဲ့ပေပြီ။ အနာဂတ်ကမ္ဘာကြီးသည် ကျွန်ုပ်တို့အပေါ် ကျေးဇူးတင်၍မဆုံးနိုင်အောင် ရှိပေတော့မည်တကား။







(၆)

အလွန်စော၍ အလွန်နောက်ကျခြင်း . . .။ ကျွန်ုပ်တို့တွင် အချိန် မလုံမလောက် ဖြစ်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် နေရာ မလုံလောက်သောကြောင့်ပင် ဖြစ်၏ . . .။ အရှင်းရှင်ပေါက်စဝါဒ နောက်သို့ လိုက်နေသည့် တော်လှန်သောနိုင်ငံတစ်ခု . . .၊ ပြင်သစ်နှင့် ပေါင်း၍ မှားခဲ့ခြင်း . . .။ ပြင်သစ်ပစ္စည်းမဲ့များကို လွတ်မြောက်စေ၍ ပြင်သစ်ကိုလိုနီများကို ကျွန်ုပ်တို့ ကယ်တင်သင့်၏ . . .။ "ကျွန်ုပ်၏ ကြိုးပမ်းမှု" စာအုပ်တွင် ကျွန်ုပ်၏ရေးသားချက်များသည် မှန်ကန်၏ . . .။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု ဖေဖော်ဝါရီလ ၁၄ ရက်

ဤစစ်ပွဲနှင့် ပတ်သက်၍ ဘေးဥပါဒ် အန္တရာယ်ဖြစ်ခဲ့ရသည့် အချက်မှာ ဂျာမနီသည် စစ်ပွဲကို အလွန်စော၍ လည်းကောင်း၊ အလွန်နောက်ကျ၍လည်းကောင်း စတင်ခဲ့ခြင်းပင် ဖြစ်၏။

စစ်ရေးသက်သက်အမြင်ဖြင့်သာ ကြည့်မည်ဆိုပါက ကျွန်ုပ်တို့သည် စစ်ပွဲကို ယခုထက်ပို၍ စောစောတိုက်နိုင်လေကောင်းသောဖြစ်၏။ ၁၉၃၉ ခုနှစ်တွင်မှ စစ်ကိုမတိုက်မဖြစ်၍ ထတိုက်မည့်အစား ၁၉၃၈ ခုနှစ်ကပင် ဤစစ်ကို ရှေ့ဆောင်၍ တိုက်သင့်၏။ အဘယ့်ကြောင့်ဆိုသော် စစ်ဆိုသည်မှာ ဘယ်နည်းနှင့်မှ ရှောင်လွှဲ၍မရသောကြောင့်တည်း။ မည်သို့ပင်ဖြစ်စေ ဗြိတိသျှနှင့် ပြင်သစ်တို့က မြူနစ်မြို့တွင် ကျွန်ုပ်တောင်းဆိုခဲ့သမျှကို လိုက်လျောခဲ့သည့်အတွက် ကျွန်ုပ်အား အပြစ်တင်စရာ မရှိဟု ယူဆပေသည်။

ထိုစဉ်က ထိုသို့ဖြစ်ခဲ့သည့်အတွက် စစ်သည် အချိန်





အတော်ကလေး နောက်ကျပြီးမှ ဖြစ်ခဲ့၏။ သို့သော် ကျွန်ုပ်တို့၏ စိတ်ဓာတ်အဆင်သင့် ဖြစ်မဖြစ်ဟူသော ရှုဒေါင့်မှ ကြည့်ကြမည်ဆိုပါက စစ်ဖြစ်သည်မှာ အလွန့်အလွန် စောလွန်းနေပေသည်။ ကျွန်ုပ်၏ နောက်လိုက်နောက်ပါများမှာ ထိုစဉ်က လူလားမမြောက်သေးဘဲ ရှိနေခဲ့ကြ၏။ စင်စစ်အားဖြင့် ဤအင်အားသစ်များကို လူလားမြောက်၍ ရင့်ကျက်လာအောင် နောက်ထပ် နှစ်ပေါင်း နှစ်ဆယ်မျှ စောင့်ရန်သင့်၏။ ဤအင်အားသစ်များကား လူမမယ်အရွယ်ကပင် စတင်၍ အမျိုးသားဆိုရှယ်လစ်ဝါဒ အဘိဓမ္မာဖြင့် မှမ်းမံသွတ်သွင်းထားသည့် လူငယ်အင်အားသစ်များပင်တည်း။

ကျွန်ုပ်တို့ ဂျာမန်များအဖို့ အသည်းနာစရာကောင်းသော အခြားအချက်တစ်ချက်မှာ ဘယ်တုန်းကမှ အချိန်လုံလောက်အောင် မရခဲ့ခြင်းဖြစ်၏။ အခြေအနေအရပ်ရပ်သည် အမြဲတစေကျွန်ုပ်တို့အား အရင်စလို အရေးတကြီးလုပ်ရန် အဓမ္မ နိုင်းစေခဲ့၏။ ဤအချက်ကြောင့် အချိန်ကာလအားဖြင့် မလုံမလောက်ဖြစ်ခဲ့သည်ဆိုပါက ယင်းသည် အဓိကအားဖြင့် နေရာမလုံလောက်မှုကြောင့်ပင် ဖြစ်၏။ ရုရှားများအဖို့ရာ၌မူ အလွန်တရာ အပြောကျယ်လှသည့် နယ်မြေဒေသကြီး ရှိနေသည့်အတွက် ရေးကြီးသုတ်ပြာ လုပ်စရာမလိုဘဲ အေးအေးဆေးဆေး ငံ့နှင့်နေနိုင်ကြပေသည်။ အချိန်သည် သူတို့ကို မျက်နှာလိုက်၍ ကျွန်ုပ်တို့အား အရှုံတိုက်ခဲ့ခြင်းဖြစ်၏။

အကယ်၍သာ ဘုရားသခင်က ကျွန်ုပ်အား အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လစ်ဝါဒ၏ ရည်မှန်းချက်အရ အလုံးစုံ တိုးတက်အောင်မြင်မှုရသည်အထိ ကျွန်ုပ်၏ အမျိုးသားများအား ခေါင်းဆောင်ခွင့်ရရန် သက်တမ်းရှည်ရှည် လုံလောက်စွာနေခွင့်ပြုမည်ဆိုပါက ကျွန်ုပ်၏ရန်သူများသည် ကျွန်ုပ်အပေါ်တွင် ဘယ်သောအခါမှ အနိုင်ယူ၍ ရလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့အား ဖျက်ဆီးချေမှုန်းရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေသူများသည် အမျိုးသားဆိုရှယ်လစ်ဝါဒကို စိတ်ရောကိုယ်ပါ လိုက်လှဲစွာ လက်ခံထားကြသည့် တစ်ခုတည်းသော ယုံကြည်ချက်ဖြင့် မပျောက်မပျက် အခိုင်အမာ ရပ်တည်နေသော ဂျာမနီနိုင်ငံကြီးဖြင့် ရင်ဆိုင်ကြရမည်ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ အတွေးအခေါ်များဖြင့် ပုံသွင်းထားသည့် လူများ လုံလောက်စွာ မရနိုင်သည့်အလျောက် ရနိုင်သည့်အထဲက သုံး၍ ရသလောက်ကို ဖျစ်ညှစ်၍ အသုံးပြုခဲ့ရ၏။ ဖြစ်လာသည့် အကျိုးတရားကား အထင်အရှားပင်တည်း။ ယူဆချက်နှင့် ယုံကြည်ချက်တို့၏ ကွာဟမှုပင်ဖြစ်၏။

တတိယ ရိုက်ခ်ျနိုင်ငံတော်ကဲ့သို့သော တော်လှန်ရေးကျသည့် နိုင်ငံတစ်ခု၏ စစ်ရေးပေါ်လစီသည် အရင်းရှင်ပေါက်စတို့၏ ဖောက်ပြန်သော ပေါ်လစီများဖြင့် လွှမ်းမိုးခြင်းခံခဲ့ရ၏။ အရည်အတွက်အားဖြင့် မပြောပလောက်အောင် နည်းပါးလှသူများမှတပါး ကျွန်ုပ်တို့၏ စစ်ဗိုလ်ချုပ်ကြီးများနှင့် သံတမန်များမှာ ခေတ်နောက်ကျနေသူများဖြစ်ကြ၏။ သူတို့၏ စစ်ဆင်ရေးနည်းလမ်းများနှင့်





နိုင်ငံခြားရေး ပေါ်လစီ ချမှတ်လုပ်ဆောင်ပုံများမှာ လွန်လေပြီးသော ကာလကအတိုင်းဖြစ်၍ ရှေးကျလှ၏။ ဤအချက်မှာ ကျွန်ုပ်တို့အပေါ်တွင် အဘက်ဘက်က သစ္စာရှိစွာ တာဝန်ထမ်းရွက်ခဲ့သူများအတွက် မှန်ကန်သကဲ့သို့ ကျန်လူများအတွက်လည်း အမှန်တရားပင်ဖြစ်၏။ သစ္စာရှိသူများကလည်း ကျွမ်းကျင်မှုနှင့် စိတ်ပါဝင်စားမှုမရှိဘဲ ကျွန်ုပ်တို့အတွက် အနိဋ္ဌာရုံများ ဖန်တီးခဲ့သည့်နည်းတူ သစ္စာမဲ့သူများကလည်း အဘိဓ္ဓျာတရားကို ရှေ့ထား၍ ဆင်ကန်းတောတိုး ဆိုးကျိုးများကို လုပ်ဆောင်ခဲ့ကြ၏။

ကျွန်ုပ်တို့၏ အကြီးဆုံးသော နိုင်ငံရေးအမှားမှာ ပြင်သစ်နှင့်ပတ်သက်၍ ကျင့်သုံးခဲ့သည့် အမှားပင်ဖြစ်၏။ ကျွန်ုပ်တို့သည် သူတို့နှင့်ဘယ်တော့မှ ပူးပေါင်းရန် မသင့်ပေ။ သူတို့နှင့် ပူးပေါင်းသည့် ပေါ်လစီသည် သူတို့အတွက် အဘက်ဘက်က ကောင်းသလောက် ကျွန်ုပ်တို့အတွက် အဆိုးဖြစ်ခဲ့၏။

အဘက်ဇ်သည် ဤအယူအဆ သက်ဝင်လာသည့် အချိန်မှစ၍ သူ့ကိုယ်သူ အံလွန်တရာ "လည်"လှပြီဟု ထင်မှတ်ကာ၊ ကျွန်ုပ်တို့အား သူ့အယူအဆကို လက်ခံအောင် သွေးဆောင်ခဲ့၏။ သူက သူ့ကိုယ်သူ ရှေ့သို့ခြေနှစ်လမ်းလောက် ရောက်ပြီဟု ထင်ခဲ့၏။ သို့သော် တကယ်တမ်းအားဖြင့်မူ သူသည် ခြေနှစ်လှမ်းနောက်ကျနေခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် နပိုလီယံခေတ်က ပြင်သစ်ပြည်နှင့် ဆက်ဆံနေရသည်ဟု သူ ထင်မှတ်နေဟန်ရှိ၏။ ထိုခေတ် ထိုအခါက ပြင်သစ်လူမျိုးများသည် မြင့်မြတ်သော



www.burmeseclassic.com

www.burmeseclassic.com

စေတနာ၏ အရေးကြီးပုံနှင့် အကျိုးသက်ရောက်မှု ကြီးမားလှပုံကို သိနားလည်ကြသူများဖြစ်၏။ သို့သော် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာအတွင်း ပြင်သစ်ပြည်ကြီးသည် လုံးဝဥဿုံအလုံးစုံပြောင်းလဲသွားခဲ့ပြီဟူသော ထင်ရှားသည့် အချက်ကိုမူ သူ မမြင်ဘဲ ဖြစ်ခဲ့၏။ ပြင်သစ်သည် ဖာနိုင်ငံဖြစ်နေပေပြီ။ ကျွန်ုပ်တို့အား အမျိုးမျိုးလှည့်စား ဖျားယောင်းကာ ပါသမျှငွေကို ချူ၍ အမြဲတမ်း မွှေဆေးဖော်နေသည့် မိန်းမလှည် ဖာသယ်အကြီးစားဖြစ်နေခဲ့ပေပြီ။

ကျွန်ုပ်တို့ တကယ်တမ်း အထင်အရှားလုပ်ရမည့် အလုပ်မှာ အလုပ်သမားလူတန်းစားများ လွတ်မြောက်ရေးအတွက်ဖြစ်၍ ပြင်သစ်အလုပ်သမားများအား သူတို့ကိုယ်တိုင် တော်လှန်ရေးတစ်ရပ် ဆင်နွှဲလာအောင် ကူညီအားပေးရန်ဖြစ်၏။ ဂျိုးကပ်နေပြီဖြစ်သော အရင်းရှင်ဘူဇွာများအား အသနားမဖက် ရက်စက်စွာ သုတ်သင်ရှင်းလင်းပစ်ရမည် ဖြစ်၏။

ဤသည်တို့မှာ စိတ်ဓာတ်၏ လိုအပ်ချက်ဖြစ်သည်နှင့် အမှု မျိုးချစ်ဝါဒ၏ ဖော်ထုတ်ဖွင့်ဟချက်လည်းဖြစ်၏။ ကျွန်ုပ်တို့၏ * ဝီလျံလမ်းမကြီးမှ အဓိပတိပုဂ္ဂိုလ်ကြီးများ ပေါင်းသင်းဆက်ဆံခဲ့ကြသည့် ပြင်သစ်ပြည်မှ မိတ်ဆွေများကို ကြည့်လိုက်ပါက အမြတ်ကလေး မဖြစ်စလောက်ကို တွက်ချက်နေကြသည့် အရင်းရှင် ပေါက်စကလေးများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်၏။ ကျွန်ုပ်

*. Wilhelmstrasse ဝီလျံလမ်းမကြီး။ ဘာလင်မြို့ နာဇီပါတီနှင့် နာဇီအစိုးရဌာနချုပ်ရုံးများ တည်ရှိများ လမ်းမကြီးဖြစ်သည်။





သည် သူတို့၏ ဘဏ်လက်ကျန်ငွေများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်အတွက် သူတို့တိုင်းပြည်ကို သိမ်းပိုက်လာကြသူများဖြစ်ကြောင်း သဘောပေါက်လျှင် ပေါက်ချင်း ကျွန်ုပ်တို့ထံ အပြေးအလွှားလာ၍ အကျွမ်းတဝင်ဖြစ်အောင် လုပ်လာကြ၏။ သို့သော် သူတို့တတွေသည် သူတို့အတွက် ဘယ်တော့မှ အန္တရာယ်ဖြစ်နိုင်ဟူသော အသိဖြင့် အခွင့်သာလျှင် သာချင်း မဆိုင်းမတွ ကျွန်ုပ်တို့အပေါ် သစ္စာဖောက်ကြရန် အဆင်သင့်ရှိနေသူများသာလျှင် ဖြစ်သတည်း။

ကျွန်ုပ်တို့သည် ပြင်သစ်လက်အောက်ခံ ကိုလိုနီများနှင့် ပတ်သက်၍လည်း ထပ်တူထပ်မျှ မိုက်မဲမှုကို ကျူးလွန်ခဲ့ကြ၏။ ဤသည်မှာလည်း ဝီလျံလမ်းမကြီးမှ ဉာဏ်ကြီးရှင်များ၏ လုပ်ဆောင်ချက်များဖြစ်၍ ခေတ်နောက်ကျလှသည့် သံကြီးတမန်ကြီးများ၊ ရှေးဟောင်းပုံစံ သွင်းထားသူများ၊ သွားလေသူ အုပ်ချုပ်ရေးဝနှစ်ပေါင်းမှ ကျန်ရစ်သည့် စစ်သားများ၊ တောသား လူကုံထံပေါက်စများ စသည်စသည်တို့ကား ဥရောပတစ်တိုက်လုံး တော်လှန်ရေးကျကျ လုပ်ဆောင်သွားရန် ကျွန်ုပ်တို့အား ကူညီကြမည့်သူများပင်တည်း။

ကျွန်ုပ်တို့အား စစ်ပွဲတစ်ခု ဆင်နွှဲရာ၌ ဆယ့်ကိုးရာစုနှစ်က စစ်တိုက်ပုံတိုက်နည်းများအတိုင်း တိုက်ခိုက်ရန် သူတို့ပင် ရှေ့ဆောင်လမ်းပြခဲ့ကြ၏။ ပြင်သစ်တို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ ပြည်သူများအား ဖိနှိပ်ချေမှုန်းရန်အတွက် ကျွန်ုပ်တို့သည် အယ်



www.burmeseclassic.com

www.burmeseclassic.com



နည်းနှင့်မှ ငွေကုန်ကြေးကျခံ၍ ပြင်သစ်အား ကူညီရန် မသင့်ပေ။
ယိုသို့မဟုတ်မူ၍ သူတို့အား လွတ်လပ်ရေးရရှိစေရန်နှင့် အကာယ
၍ လိုအပ်ပါက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် လှုံ့ဆော်
ဝှဲက်တွန်းပေးသင့်ပေသည်။

၁၉၄၀ ပြည့်နှစ်က အရှေ့အနီးဒေသနှင့် မြောက်အာဖရိ
ကတိုက်များတွင် ထိုသို့သော စေတနာများကို ပြမည်ဆိုပါက
ဂျ နိုပ်တို့အား မည်သူမှတားဆီး၍ ရလိမ့်မည်မဟုတ်ပေ။ သို့သော်
ဝ ကယ့် တကယ်တွင်မူ ကျွန်ုပ်တို့၏ သံတမန်များသည် ထိုသို့
ဆောင်ရွက်ရမည့်အစား ပြင်သစ်တို့အာဏာကို ဆီးရီးယားတွင်
သာမက ကျူးနစ်နှင့်တကွ အယ်လ်ဂျီးရီးယားနှင့် မော်ရိုကိုတွင်ပါ
ခိုင်မာအောင် ပြန်လည်စုစည်းပေးခဲ့ကြ၏။

ကျွန်ုပ်တို့၏ "ဂုဏ်သရေရှိလူကြီးလူကောင်းများ" သည်
အမွေးအမျှင်များ ထူထပ်လှသည့် တော်လှန်ရေးသမားများနှင့်
ပေါင်းသင်းဆက်ဆံရမည့်အစား ထင်ပေါ်ကျော်ကြားသည့် ပြင်သစ်
များနှင့်သာ အားရဝမ်းသာ ဖော်ရွေစွာ အပေါင်းအသင်းလုပ်ချင်
ကြပေသည်။ ကျွန်ုပ်တို့၏ သစ္စာရှိသည့် အပေါင်းအဖော်များဖြစ်
သော အာရပ်များနှင့် ဆက်ဆံရမည့်အစား ကျွန်ုပ်တို့အပေါ် လိမ်
လည်လှည့်စားလိုစိတ် ရှိကြသည့် သီချင်းတကြော်ကြော်ဖြင့်
ပျော်ပျော်နေတတ်ကြသော အရာရှိများနှင့်သာ အပေါင်းအသင်း
လုပ်ချင်ကြပေသည်။ ဖြစ်မှဖြစ်ရလေသည်တကား···။

• ဤမျှ ဆင်ခြင်တုံတရား ခေါင်းပါးလှသည့် ကြေးစားသတ္တ





်များ၏ အတွေးအခေါ်များကို ကျွန်ုပ် လုံးဝ မသိမမြင်ဘဲ ရှိခဲ့
သည်ဟု မထင်လိုက်ပါလေနှင့်။ သူတို့သည် သူတို့လုပ်ရမည့်
အလုပ်ကို လုပ်ကြပါ၏။ သို့သော် သူတို့အဖို့ ယုပ်ရိုး လုပ်စဉ်
အတိုင်း လုပ်ခဲ့ကြခြင်းသာ ဖြစ်သတည်း။ သူတို့စိတ်ဝင်စားနေကြ
သည့်အချက်မှာ ဗြိတိသျှတို့အပေါ် ညစ်ပတ်သည့် စိတ်ထားဖြင့်
လှည့်စားရန်သာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည်
ကိုလိုနီဆိုင်ရာ နယ်ပယ်တွင် ဗြိတိန်နှင့် ပြင်သစ်တို့အကြား သိ
သာထင်ရှားလှသည့် အပြိုင်အဆိုင် ပဋိပက္ခ၏ တားဆီးပိတ်ဆို့
ခြင်းကို ခံနေရဆဲပင် ဖြစ်သောကြောင့်တည်း။

ကျွန်ုပ်ပြောသမျှသည် လုံးလုံးလျားလျား အမှန်များသာ
ဖြစ်၏။ သူတို့သည် ဒုတိယမြောက် ဝီလျံဘုရင် လက်ထက် နှင့်
ဗိတိုရိယဘုရင်မကြီး၏ ခေတ်မှာပင် ရှိနေကြဆဲဖြစ်၏။ • ပွိုင်းကဲ
နှင့် ဒီကလပ်စီအမည်ရှိ ပီရိပိုင်နိုင်လှသော လူလိမ်လူညာ နှစ်
ယောက်၏ ခေတ်အခါမှာပင် ရှိနေကြသေး၏။ ပင်စစ်အားဖြင့်
ဆိုရလျှင် ဗြိတိန်နှင့်ပြင်သစ်တို့၏ ပြိုင်ဆိုင်မှုသည် ယခုအခါ မည်
သို့မျှ အရေးပါအရာရောက်သော အသွင်လက္ခဏာမျိုး မရှိတော့
ပေ။ သို့သော် ယင်းအသွင်လက္ခဏာမျိုး ရှိနေဆဲပင်ဖြစ်သည်ဟု
ထင်ရခြင်းမှာ ကျွန်ုပ်တို့ရန်သူများအတွင်း၌လည်း ခေတ်နောက်ကျ

• Poincare and Declasse ပထမကမ္ဘာစစ်ကြီးအပြီးတွင် ဂျာမနီအား
ပြင်းပြင်းထန်ထန် အပြစ်ပေးရန် တိုက်တွန်းလှုံ့ဆော်ခဲ့ကြသည့် ပြင်သစ်
ခေါင်းဆောင်များဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၍ ရေးဆန်လှသော သံတမန် ကျောင်းထွက်များ ရှိနေသောကြော ပင်ဖြစ်၏။

ယခုအခါ ဗြိတိန်နှင့် ပြင်သစ်တို့သည် မဟာမိ အပေါင်းအဖော်များဖြစ်နေကြ၍ တတ်နိုင်သလောက် ချုပ်တီး ကိုယ့်နည်းနှင့်ကိုယ် လည်သလိုစားနေကြသူများဖြစ်၏။ တစ်ဦး တစ်ဦး မဟာမိတ်အဖြစ် ကမ်းလှမ်းမှုများ မလုပ်ဘဲ နေကြသေ လည်း ဘုံရန်သူကို ဆန့်ကျင်တိုက်ခိုက်ရာ၌ နှစ်ဦးစလုံး တ တညွတ်တည်း ရှိကြသူများဖြစ်၏။ ဂျာမန်တို့အပေါ် ပြင်သစ်လူ များ၏ မုန်းတီးမှု အစိုင်အခဲသည် တချို့နေရာများတွင် ပို၍ ရှိုင်း၏။ ခြားလည်း ခြားနား၏။ ဤနေရာတွင် နောင်အခါ၌ ကျွ တို့အတွက် အလေးအနက် ဆင်ခြင်စဉ်းစားရမည့် သင်ခန်းစာ ပါရှိနေပေသည်။

ပြင်သစ်နှင့်ပတ်သက်၍ ပြောရလျှင် သူ့အတွက် လိုက် မည့် လမ်းနှစ်သွယ်ရှိနေပေသည်။ ပထမလမ်းမှာ ဗြိတိန်နှင့် မဟာ မိတ်အဖြစ်မှ လုံးဝရပ်စဲပစ်ရန် ဖြစ်၏။ သို့သော် ဤနေရာ၌ သ သည် ကျွန်ုပ်တို့အား တကယ်အားကိုးရမည့် မဟာမိတ်အဖြ သဘောမပေါက်နိုင်ဘဲ ရှိနေခဲ့ရာ မဟာမိတ်အဖြစ်မှ ရပ်စဲခြင်း ရ စဲလျှင် ကျွန်ုပ်တို့ကိုသာ ရပ်စဲပစ်စရာ ရှိနေပေသည်။

ဒုတိယလမ်းမှာ ယင်းသို့ မဟာမိတ်အပြောင်းအလဲ လု ခြင်းကို အပေါ်ယံ ဟန်ဆောင်မှုသာ လုပ်ရန်ဖြစ်၏။ သို့သေ ဤကိစ္စတွင်လည်း ကျွန်ုပ်တို့၏အစွမ်းအစကို ပို၍ပင် သံသယ





နေပုံရ၏။

ကျွန်ုပ်တို့အနေဖြင့် ပြောရလျှင် ပြင်သစ်နှင့်ပတ်သက် သမျှ ကိုယ်လိုရာကိုယ်ဆွဲ၍ စဉ်းစားခြင်းသည် လုံးဝ ရယ်ဖွယ်ရာ သာ ဖြစ်ပေလိမ့်မည်။ တကယ့်ဖြစ်ရပ်တွင် ကျွန်ုပ်တို့နှင့် မျက်နှာ ချင်းဆိုင်နေရသော ပြင်သစ်နိုင်ငံအပေါ် သတ်မှတ်ရန် ဖြစ်နိုင်သည့် ပေါ်လစီမှာ တစ်ခုတည်းသာရှိ၏။ ယင်းပေါ်လစီကား ကြပ်ကြပ် မတ်မတ်နှင့် ပြင်းထန်တင်းမာသော ပေါ်လစီပင်တည်း။

ပြင်သစ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏သဘောထား မှန်ကန်ခဲ့ ကြောင်း ကျွန်ုပ်သိ၏။ ကျွန်ုပ်ရေးသားခဲ့သည့် "ကျွန်ုပ်၏ ကြိုးပမ်း မှု" စာအုပ်ထဲတွင် ပြင်သစ်နှင့်ပတ်သက်၍ သူ့ဇာတိရုပ်ကို တိ တိကျကျ ပီပီပြင်ပြင် ကြိုတင်၍ နိမိတ်ဖတ်ကြား ရေးသားခဲ့၏။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်အား *မကျေနပ်ကြောင်း အမျိုးမျိုး တင်ပြပြောဆိုခဲ့ကြသည့်ကြားထဲမှ ကျွန်ုပ်သည် လွန်ခဲ့သည့် နှစ် ပေါင်း နှစ်ဆယ်က ခံယူစွဲမြဲခဲ့သည့် အထက်ပါ အယူအဆကို ဘာ့ကြောင့် မပြောင်းမလဲ တသမတ်တည်း ထားရှိခဲ့ကြောင်း ကျွန်ုပ် ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပြီ ဖြစ်သတည်း။

---

* ပြင်သစ်ပြည်အားလုံးဝချေမှုန်းပစ်ရန် "ကျွန်ုပ်၏ကြိုးပမ်းမှု"စာအုပ်တွင် ဟစ်တလာက ရေးသားခဲ့ရာ ထိုစာပိုဒ်များကို နောင်အခါထပ်မံပုံနှိပ်ရာ၌ ပြင်ဆင်ရေးသားရန် နာဇီခေါင်းဆောင်အချို့က မကြာခဏတိုက်တွန်း ခဲ့၏။ သို့သော် ဟစ်တလာက ထိုစာပိုဒ်များကို လုံးဝပြင်ဆင်ခြင်းမပြုဘဲ ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





(၇)

စစ်ပွဲတစ်ပွဲ၏ သေရေးရှင်ရေး ဆုံးဖြတ်ချက်···။ တပ်နီတော်ကို ချေမှုန်းသုတ်သင်၍ မပြီးသေးသမျှ ဗြိတိန်နှင့် စစ်ပြေငြိမ်းရေးသည် မဖြစ်နိုင်···။ အချိန်ကာလက ကျွန်ုပ်တို့အား မျက်နှာသာ မပေးဘဲ ရှိခဲ့ခြင်း···။ စတာလင်၏ အကြပ်ကိုင်ခြိမ်းခြောက်မှု···။ ရာသီဥတု ကောင်းမွန်လာလျှင်လာချင်း ရုရှားနှင့် ပြေလည်အောင် ညှိနှိုင်းရန်ကိစ္စ···။

သုနုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု ဖေဖော်ဝါရီ ၁၅ ရက်

ဤစစ်ပွဲကာလတစ်လျှောက်လုံးတွင် ရုရှားပြည်အား ဝင်ရောက် တိုက်ခိုက်ရန်ဆုံးဖြတ်ရသည့် ဆုံးဖြတ်ချက်လောက် သေရေးရှင်ရေးဖြစ်သော ဆုံးဖြတ်ချက်မျိုး ကျွန်ုပ် မချမှတ်ခဲ့ဘူးပေ။

ကျွန်ုပ်သည် မည်သည့်အခြေအနေအောက်တွင်ဖြစ်စေ စစ်မျက်နှာ နှစ်ရပ်ဖွင့်ခြင်းကို ရှောင်ကြဉ်ရန် အမြဲသတိထားနေခဲ့၏။ နပိုလီယံကိုလည်းကောင်း၊ ရုရှားပြည်တွင် သူတွေ့ကြုံခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း၊ အလေးအနက် အကျယ်တဝင့် ဆင်ခြင်စဉ်းစားခဲ့သည်မှာ အမှန်မုချပင်ဖြစ်၏။

သို့ဖြစ်လျှင် ဘာ့ကြောင့် ရုရှားပြည်အား ဝင်ရောက်တိုက်ခိုက်ခဲ့ရပါသနည်း ဟူ၍လည်းကောင်း၊ ဘာ့ကြောင့် ဤအချိန် ဤအခါမျိုးတွင်မှ ရွေး၍ တိုက်ခဲ့ရပါသနည်းဟူ၍လည်းကောင်း မေးစရာ ရှိနေပေသည်။

ဗြိတိန်နိုင်ငံအား အောင်မြင်စွာ တက်ရောက်သိမ်းပိုက်ခြင်းဖြင့် စစ်ကိုပြီးဆုံးစေရမည်ဟူသော ကျွန်ုပ်တို့၏ မျှော်လင့်ချက်





သည် လက်လျှော့ ကုန်ဆုံးခဲ့ရပြီဖြစ်၏။ ထို့ပြင် မိုက်မဲသော ခေါင်းဆောင်များ၏ အုပ်ချုပ်ကွပ်ကဲမှုကို ခံနေရသော ထိုနိုင်ငံသည် ဥရောပမြေပြင်တွင် တတိယရိုက်ခ်ျ နိုင်ငံတော်ကြီးအား အခြေခံမှုစ၍ အံတုဖက်ပြိုင်လိုသော နိုင်ငံကြီးတစ်နိုင်ငံ ရှိနေသမျှ ဥရောပတိုက်တွင် ကျွန်ုပ်တို့ ဖန်တီးတည်ထောင်ထားသော ခေါင်းဆောင်မှုကို အသိအမှတ်မပြုဟု ငြင်းဆန်နေဦးမည်ဖြစ်၏။ ထိုအခါ စစ်ကြီးမှာ ဖြစ်ပြီးရင်း ဖြစ်ရင်းဖြင့် မပြီးဆုံးနိုင်ဘဲ ဗြိတိသျှတို့၏ နောက်ကွယ်တွင် အမေရိကန်တို့က အရေးပါအရာရောက်သော အခန်းမှ ပို၍ ပို၍ ပါဝင်လာဖွယ်ရာရှိနေပေသည်။

အမေရိကန် ပြည်ထောင်စု၏ စစ်နှင့်ပတ်သက်၍ အရေးပါသော စွမ်းအင်သတ္တိများ၊ ကျွန်ုပ်တို့ဘက်တွင်ရော ရန်သူများဘက်တွင်ပါ စစ်လက်နက်ပစ္စည်း ထုတ်လုပ်မှုတွင် တိုးတက်မြင့်မားလာခြင်းများ၊ အဏုလန်ကမ်းခြေနှင့် တဖြည်းဖြည်း နီးကပ်လာခြင်းများ စသည် စသည်တို့သည် ကျွန်ုပ်တို့အဖို့ ဗေဒင်မေးစရာမလိုဘဲ ရှည်လျားကြာညောင်းသည့် စစ်ပွဲကြီး၏ ပွက်တောထဲတွင် နစ်မြုပ်သွားဖွယ်ရာ ရှိနေပေသည်။

ဤတွင် အချိန်ကာလကို သတိပြုစရာဖြစ်သွား၏။ အချိန်ကာလတည်းဟူသော အချိန်ကာလသည် ကျွန်ုပ်တို့အား မျက်နှာသာမပေးဘဲ ပို၍ဆန့်ကျင်အရှဲတိုက်လာမည်ကို သတိပြုသင့်၏။ ဗြိတိန်နိုင်ငံအား "ပတ်စာခွာဖျာသိမ်း" ၍ စစ်ကြီးကို အဆုံးသတ် အောင်လုပ်ရန်မှာ ဥရောပမြေပြင်ပေါ်တွင် ကျွန်ုပ်တို့နှင့် ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မျှအင်အားကြီးမားသည့် ရန်သူတစ်ဦးရှိနေသမျှ ကျွန်ုပ်တို့အား ဆက်လက်၍ အာခံအံတုနေနိုင်လိမ့်မည်ဟူသော ၎င်း၏ မျှော်လင့်ချက်ကို ချေဖျက်ပစ်ရန်လို၏။

သို့နှင့်ပင် ကျွန်ုပ်တို့သည် အခြားရွေးစရာ လမ်းမရှိတော့ဘဲ ရုရှားတို့အား ဥရောပမြေပြင်မှ စာရင်းရှင်းပစ်ရန် မျက်စိမှိတ်၍ ဝင်တိုက်ခဲ့ရ၏။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်နှင့် စပ်လျဉ်း၍ ထပ်တူထပ်မျှ ခိုင်မာသော အခြားအကြောင်းပြချက်တစ်ခု ရှိသေး၏။ ယင်းမှာ အခြားမဟုတ်။ ကျွန်ုပ်တို့ဘဝတည်မြဲနေသမျှ ရုရှားသည် ကျွန်ုပ်တို့အား အကြီးအကျယ် ခြောက်လှန့်နေသော အချက်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ရုရှားသည် တစ်နေ့နေ့တွင် ကျွန်ုပ်တို့အား မုချဆက်ဆက် မြေကြီးလက်ခတ်မလွဲ လာရောက်တိုက်ခိုက်မည်မှာ သေချာသောကြောင့်တည်း။

သို့ဖြစ်ရာ ကျွန်ုပ်အဖို့ ရုရှားကို အနိုင်ရရန်အတွက် တစ်ခုတည်းသော အခွင့်အလမ်းမှာ ကိုယ်ကလက်ဦးမှု ရယူခြင်းပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ရုရှားပြည်အား ခံစစ်အနေအထားဖြင့် တိုက်ရန်မဖြစ်နိုင်သောကြောင့်ပင် ဖြစ်၏။ ကျွန်ုပ်တို့သည် တပ်နီတော်အား ပထဝီအနေအထားအရ ကျွန်ုပ်တို့ထက် တပမ်းသာမှုကို ခွင့်မပြုရဲပေ။ ကျွန်ုပ်တို့၏ကားလမ်းမကြီးများကို လျှင်မြန်စွာ တဟုန်ထိုးချီတက်လာမည့် သူတို့၏သံချပ်ကာ ယန္တရားတပ်များအတွက် အသုံးတော်ခံများ အဖြစ်မခံနိုင်ပေ။ ကျွန်ုပ်တို့၏ မီးရထားလမ်းများကိုလည်း သူတို့တပ်များနှင့် ထောက်ပံ့ရေးပစ္စည်းများ





အတွက် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများအဖြစ်မခံနိုင်ပေ။

သို့သော် အကယ်၍သာ ကျွန်ုပ်တို့က ထိုးစစ်အနေအထားဖြင့် တိုက်ခိုက်နိုင်မည်ဆိုပါက တပ်နီတော်အား ရွှံ့နွံဗွက်တောများဖြင့် ပြန့်ပြောကျယ်မောလှသည့် သူတို့နယ်မြေပေါ်မှာပင် မုချ အနိုင်ယူ အလဲထိုးနိုင်မည်ဖြစ်ပေသည်။ သို့သော် အဘက်ဘက်က ယဉ်ကျေးမှုတိုးတက်နေသော တိုင်းပြည်နိုင်ငံတစ်ခုတွင်မူ ယင်းသို့ အနိုင်တိုက်၍ ရမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ထိုနိုင်ငံအား နှုံးလုပ်၍ ဥရောပတစ်တိုက်လုံးကို လွှမ်းမိုးနိုင်အောင် ကြိုးစားပြီးနောက် ယင်းနိုင်ငံအား ဖျက်ဆီးချေမှုန်းပစ်ရုံသာရှိ၏။

ဘာ့ကြောင့် ရုရှားပြည်အား ၁၉၄၁ ခုနှစ်တွင် ဝင်၍ တိုက်ခဲ့ရပါသနည်း။ အဘယ်ကြောင့်ဆိုသော် အနောက်နိုင်ငံမှ ကျွန်ုပ်တို့၏ရန်သူများအနေဖြင့် တစ်စ တစ်စ အင်အားကြီးထွားလာနေသည်ကို ထောက်ရှုကာ တိုက်စရာရှိ၍ တိုက်မည်ဆိုပါက အချိန်ဘတ်နိုင်သမျှ လက်နေးမနေဘဲ ခပ်မြန်မြန်တိုက်ရမည် ဖြစ်သောကြောင့်တည်း။

တစ်ဖန် သတိပြုရမည့်အချက်မှာ ထိုအချိန်တွင် စတာလင်သည် ဘာမှမလုပ် ငုတ်တုတ်ထိုင်နေသည် မဟုတ်ပေ။ စစ်မျက်နှာနှစ်ခုစလုံးတွင် အချိန်သည် ကျွန်ုပ်တို့အပေါ်တွင် မျက်နှာသာ မပေးဘဲရှိ၏။ သို့ဖြစ်ရာ တကယ်မေးရမည့် မေးခွန်းမှာ··· "၁၉၄၁ ခုနှစ်၊ ဂျွန်လ ၁၂ ရက်နေ့တွင်မှ ဘာ့ကြောင့် ဝင်တိုက်ရသလဲ" ဟူ၍ မဟုတ်ဘဲ "ဘာ့ကြောင့် သည့်ထက်စောစော



www.burmeseclassic.com

www.burmeseclassic.com



ဝင်မတိုက်ဘဲ နေခဲ့သလဲ” ဟူ၍ ဖြစ်သင့်ပေသည်။

သို့သော် အီတလီတို့ ဖန်တီးလာကြသည့် အခက်အခဲ အကြပ်အတည်းများနှင့် ဂရိပြည်အား မိုက်မိုက်မဲမဲ မဆင်ခြင်ဘဲ ဝင်တိုက်ခဲ့သည့် သူတို့၏ တိုက်ပွဲများသာ မဖြစ်ပွားခဲ့ပါက ကျွန်ုပ် သည် ရုရှားပြည်အား ရက်သတ္တပတ်အနည်းငယ်စော၍ တိုက် နိုင်မည် ဖြစ်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ပြောရလျှင် ရုရှားတို့ အား မလှုပ်မယှက်ဘဲ ကြာနိုင်သမျှကြာအောင် ထိန်းချုပ်ထား နိုင်ရန်မှာ အဓိက ပြဿနာပင် ဖြစ်၏။ ထို့ပြင် ကျွန်ုပ်တစ်ဦး တည်းအနေဖြင့် ဆိုလျှင်လည်း ကျွန်ုပ်က မတိုက်မီ စတာလင် က အရင်ဦးအောင် ထတိုက်မည်ကို ထမင်းလုံး တစ္ဆေခြောက် သလို ကြောက်လန့်နေရခြင်းပင် ဖြစ်၏။

အခြား အကြောင်းပြချက်တစ်ခုမှာလည်း ရုရှားတို့ လက် ဝယ်ရှိ ကုန်ကြမ်းပစ္စည်းများမှာ ကျွန်ုပ်တို့အတွက် လိုအပ်နေသော ပစ္စည်းများ ဖြစ်နေ၏။ သူတို့ရင်ဆိုင်နေကြရသော အခက်အခဲ အနှောက်အယှက်များကြောင့်သာ မဟုတ်ဘဲ၊ * ကုန်ကြမ်းများ ပေးပို့ ဖြန့်ချီမှုမှာ တဖြည်းဖြည်း လျော့နည်းလာနေသည်ဖြစ်ရာ ယင်းသို့ ပေးပို့နေခြင်းကိုပင် ဖြုံးခနဲ လုံးဝ ရပ်ပစ်လိုက်မည်ကို စိုးရိမ်နေရပေသည်။ အကယ်၍ ကျွန်ုပ်တို့ ရစရာရှိသည့် ပစ္စည်း

* ၁၉၃၉ ခု၊ ဩဂုတ်လ ၂၃ ရက်နေ့က ချုပ်ဆိုခဲ့သည့် ဂျာမန်-ဆိုဗီ ယက် မဟာမိတ်စာချုပ်အရ ဆိုဗီယက်တို့က ဂျာမန်တို့အား ကုန် ကြမ်းများ ပေးပို့ခဲ့ရခြင်း ဖြစ်သည်။





များကို သူတို့သဘောအလျောက် မပေးဘဲနေမည်ဆိုပါက ကျွန်ုပ် တို့အဖို့ အတင်းရော အဓမ္မ မရ ရအောင် အကြမ်းဖက်၍ ရယူ ရန်မှတပါး အခြားနည်းလမ်း မရှိပေ။

ကျွန်ုပ်သည် နိုဝင်ဘာလအတွင်းက ဘာလင်မြို့သို့ မို လိုတော့ဖ် လာရောက်လည်ပတ်ခဲ့ပြီးနောက် ရုတ်တရက် ချက် ချင်းဆိုသလို ထိုသို့ ဆုံးဖြတ်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် စ တာလင်သည် အနေးနှင့်အမြန် ကျွန်ုပ်တို့ကို စွန့်ခွာပြီး ရန်သူနှင့် ပူးပေါင်းသွားမည်မှာ ထိုအချိန်မှစ၍ ထင်ရှားသေချာနေသော ကြောင့် ဖြစ်၏။

ဤနေရာတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ပြင်ဆင်မှုများ လုံးဝဥဿုံ ပြီးစီးသည့်အထိ အချိန်ယူ၍ မလိမ့်တပတ်လုပ်ထား ရန် မသင့်ပါသလော၊ မသင့်ပါချေ။ ဘာကြောင့်ဆိုသော် ယင်းသို့ ပြုလုပ်ခဲ့ခြင်းဖြင့် ကျွန်ုပ်သည် လက်ဦးမှုကို စွန့်လွှတ်လိုက်ရ ရောက်ပေလိမ့်မည်။

ထို့ပြင် ကျွန်ုပ်တို့အဖို့ နိုင်ချေရှိပါလျက် မရေမရာ မသေ ချာသည့် တိုတောင်းသော အချိန်ကာလကို စောင့်လိုက်မိသည့် အတွက် အကြီးအကျယ် နစ်နာဆုံးရှုံးစရာ ရှိသောကြောင့် ဖြစ်၏။

ဤနေရာ၌ ဆိုဗီယက်တို့၏ အကြပ်ကိုင် ခြိမ်းခြောက်မှု ကြောင့် ဖင်လန်၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယားနှင့် တူရကီတို့ အား ဆိုဗီယက်လက်သို့ ကျွန်ုပ်တို့ ထိုးအပ်လိုက်မည်ဆိုက ဖြစ် နိုင်ပါ၏။ ယင်းသို့ဆိုပါက အစစ အရာရာ ကိစ္စအေးသွားမည်မှာ



www.burmeseclassic.com

မှချဖြစ်၏။ သို့သော် ဥရောပတိုက်အား ခုခံကာကွယ်ပေးသူ ထိန်းသိမ်းစောင့်ရှောက်ပေးသူဖြစ်သော တတိယ ရိုက်ခ်ျနိုင်ငံတော်ကြီးအနေဖြင့် မိတ်ဆွေပီသသော ထိုနိုင်ငံများအား ကွန်မြူနစ်ယင်ပလ္လင်တွင် တင်၍ ပူဇော်ပ.သခြင်း မပြုနိုင်ပေ။ ယင်းသို့သော အပြုအမူမှာ ဂုဏ်သိက္ခာကျဆင်းဖွယ်ရာ ဖြစ်၍၊ ကျွန်ုပ်တို့အဖို့ အပြစ်ဒဏ်ခတ်ခြင်းပင် ခံရစရာ ရှိပေသည်။ စိတ်ဓာတ်ရေးရာအားဖြင့် ဖြစ်စေ၊ သေနင်္ဂဗြူဟာအားဖြင့် ဖြစ်စေ၊ ကိုယ့်ဖက်က "တစ်ကောင်ထိုးကျွေးပြီး" အနာခံရသည့် အလုပ်မျိုး ဖြစ်၏။

သို့နှင့်ပင် ကျွန်ုပ်တို့ ဘာပဲလုပ်လုပ်၊ ရုရှားနှင့် စစ်ဖြစ်ရန်မှာ ရှောင်လွှဲမရဘဲ ဖြစ်လာ၏။ ထို့ပြင် ယင်းစစ်ပွဲကို ရက်ရှနေဦးမည်ဆိုလျှင်လည်း နောင်အခါ၌ ကျွန်ုပ်တို့အဖို့ အခြေအနေ ပိုဆိုးနေသည့် ကြားထဲက ထ.တိုက်ကြရမည်သာ ဖြစ်၏။

သို့ဖြစ်၍ ကျွန်ုပ်သည် မိုလိုတော့ဗ် ပြန်သွားလျှင် သွားချင်း ရာသီဥတု ကောင်းလာသည်နှင့် တပြိုင်နက် ရုရှားနှင့် စာရင်းရှင်းပစ်ရန် ယတိပြတ် သန္နိဋ္ဌာန် ချမှတ်ခဲ့ခြင်းပင် ဖြစ်သတည်း။







(၈)

ကိုလိုနီဆိုင်ရာ စွန့်စားလုပ်ဆောင်မှုများကို ပင်ကိုယ် ကတိအားဖြင့် မနှစ်မြို့ကြသော လူမျိုးတစ်မျိုး . . .။ လူး ဝ်စ်ဗီယင်နားနှင့် မက္ကဆီကို။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်

ပြင်သစ်ပစ္စည်းမဲ့များအား ၁၉၄၀ ပြည့်နှစ်က လွ…
မြောက်အောင် ချက်ချင်းမလုပ်ဆောင်ခဲ့သည့်အတွက် ကျွန်ုပ်…
သည် တာဝန်မကျေပွန်ရုံမျှမက ကိုယ်ကျိုးစီးပွားကိုပင် လျစ်…
ရှုရာ ရောက်ခဲ့ကြရ၏။ ဤနေရာ၌ ပြင်သစ်လက်အောက်ခံ …
လယ်ရပ်ခြား ဒေသများနှင့် ပတ်သက်၍လည်း ထပ်တူထပ်…
အလားတူ ဖြစ်ခဲ့ရ၏။

ပြင်သစ်လူမျိုးများသည် ကျွန်ုပ်တို့အပေါ် မနာလိုဝန်…
စိတ်များ ကြီးကြီးမားမား မထားကြသည်မှာ အမှန်ဖြစ်၏။ ကျွ…
တို့ကလည်း သူတို့အပေါ် အင်ပိုင်ယာနိုင်ငံတော်၏ ဝန်ထုပ်ဝန်…
များကို မကျရောက်စေဘဲ ထားခဲ့၏။ ဤသို့အားဖြင့် သူတို့တ…
သည် ဟိတ်ကြီးဟန်ကြီး လုပ်တတ်သည့် လူတန်းစားများထ…
ပို၍ စဉ်းစားဆင်ခြင်တတ်သည့် အဖြစ်မျိုးသို့ ရောက်ရှိကာ တက…
အမျိုးသား အကျိုးစီးပွားကို ပိုမိုစစ်မှန်စွာ လိုလားသူများ ဖြစ်လာ…
ကြ၏။

သုခမိစာပေတိုက်



ပဥ္စဒသမမြောက် လူးဝစ္စဘုရင်ကြီးလက်ထက်နှင့် ဂျူး…သိစ်ဖယ်ရီတို့ ခေတ်များက တိုင်းသူပြည်သားများသည် အစိုးရ…ကင်းမဲ့လှသည့် ကိုလိုနီဝါဒဆိုင်ရာ စွန့်စားမှုများကို ဆန့်ကျင် ပုန်…ကန်ခဲ့ကြ၏။ နပိုလီယံသည် လူးဝစ်စီယင်းနား ပြည်နယ်မှ သူ…ကိုယ်သူ အလွယ်တကူ မောင်းထုတ်ခြင်းခံရအောင် ပြုလုပ်ခဲ့သည့်အတွက် နာမည်ပျက်ခဲ့ရသည်ဟု ယခုထက်တိုင် ကျွန်ုပ်…ခွဲမြဲစွာ ယူဆလျက် ရှိ၏။

သို့သော သူ၏ အရည်အချင်းကင်းမဲ့သော တူဖြစ်သူက …ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန်အတွက် မက္ကဆီကိုပြည်အား ဝင်…တိုက်လာသောအခါ၌မူ ပြောမပြနိုင်လောက်အောင် ဒေါသထွက်…မိပါသတည်း။

သုခမိစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com





(၉)

အချို့သော ပြင်သစ်တို့သည် ရဲရင့်သော ဥရောပတိုက်သားများဖြစ်ကြ၏...။ ရှင်းရှင်းလင်းလင်း တွေးတောတတ်ခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်း၏ တန်ဖိုး...။

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်

ကျွန်ုပ်သည် ပြင်သစ်နိုင်ငံကိုသော်လည်းကောင်း၊ ပြင်သစ်လူမျိုးကိုသော်လည်းကောင်း ဘယ်တုန်းကမှ လိုလားနှစ်သက်ခဲ့ခြင်း မရှိ၊ ယင်းသို့ မရှိကြောင်းကိုလည်း ဘယ်တော့မှ ရပ်နားခြင်းမရှိ၊ တဖွဖွပြောခဲ့၏။ မည်သို့ပင်ဖြစ်စေ၊ သူတို့အထဲတွင် လူ့အဖိုးတန်အချို့ ရှိကြောင်းကိုမူ ကျွန်ုပ် ဝန်ခံပါ၏။

လွန်ခဲ့သည့် မကြာမီနှစ်များအတွင်းက ပြင်သစ်လူမျိုးအများအပြားသည် တကယ်ရိုးရိုးသားသား သတ္တိရှိရှိဖြင့် ဥရောပတိုက်ဆိုင်ရာ ထင်မြင်ယူဆချက်များကို ထောက်ခံခဲ့သည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ယင်းသို့ ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီး တွေးခေါ်မြော်မြင်နိုင်ကြသည့်အတွက် သူတို့အား သူတို့တိုင်းသူပြည်သားများက ဒေါသအမျက် ချောင်းချောင်းထွက်ခဲ့ကြခြင်းသည်ပင် သူတို့၏ ရိုးသားဖြောင့်မတ်မှုကို အထောက်အကူ ပြုသည့် သက်သေသာဓကများ ဖြစ်နေပေသည်။







(၁၀)

အီတလီအပေါ်တွင် ကျွန်ုပ်တို့ သဘောထားမှားယွင်းမှု၊ အီတလီနှင့် မဟာမိတ်ဖွဲ့ခဲ့သည့်အတွက် နေရာတကာတွင် အနှောက်အယှက် ဖြစ်ရခြင်း...။ အစ္စလာမ်အရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ ဘတ်စ်ကားမမှီလိုက်ဘဲ ဖြစ်ရခြင်း...။ ရက်ဖွယ်ကောင်းလှသည့် အီတလီတို့၏ အရေးနိမ့်မှုများ...။ ကျွန်ုပ်တို့အား စစ်ရှုံးစေရန် အီတလီက ပါဝင်ကူညီနေခြင်း...။ ဘဝသည်အားနည်းချက်များကို ခွင့်မလွှတ်တတ်...။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

ကျွန်ုပ်သည် ဖြစ်လာသမျှ အရေးအခင်းများကို အဆုံး အဖြတ်ပေးရာ၌ အီတလီနှင့် မူဆိုလီနီတို့အပေါ် မယိမ်းမယိုင် ကြံ့ခိုင်သည့် မဟာမိတ်အဖြစ် ထားရှိခဲ့ခြင်းကြောင့် ကျွန်ုပ်လုပ် သမျှမှာ အမှားများသာ ဖြစ်ခဲ့ရကြောင်း ဝန်ခံရမည်ဖြစ်၏။

ဤနေရာ၌ ထင်ရှားသောအချက်မှာ အီတလီနှင့် မဟာ မိတ်ဖွဲ့ခဲ့ခြင်းသည် ကျွန်ုပ်တို့ထက် ကျွန်ုပ်တို့၏ ရန်သူများအတွက် ပို၍ အကျိုးကျေးဇူးရှိနေသော အချက်ပင် ဖြစ်၏။ စစ်ထဲတွင် အီတလီပါဝင်လာသည့်အတွက် ပေါ်ပေါက်ခံစားရသည့် အကျိုး ကျေးဇူးများနှင့် နှိုင်းစာလိုက်ပါက အတော်အတန် ဆိုးဝါး ပြင်းထန်လှသည့် အခက်အခဲအကြပ်အတည်းများက မရေမတွက် နိုင်အောင် ပိုမိုများပြားနေသည်ကို တွေ့ရ၏။

အကယ်၍သာ ကျွန်ုပ်တို့ စွမ်းအားရှိသမျှ ကြိုးစားတိုက် ခိုက်နေသည့်ကြားမှ စစ်ရှုံးခဲ့ပါက အီတလီနှင့် မဟာမိတ်ဖွဲ့ခဲ့ခြင်း က ကျွန်ုပ်တို့အား ယင်းသို့ စစ်ရှုံးစေရန် ကူညီအားပေးခဲ့သည်ဟု





ဆိုရမည်သာတည်း။

ကျွန်ုပ်တို့အတွက် အီတလီက အကြီးမားဆုံး ကူညီ ဆောင်ရွက်ပေးခဲ့မှုများမှာ အထက်ဖော်ပြပါ ပဋိပက္ခတရားနှင့် လုံးဝ တခြားစီဖြစ်၏။ အကယ်၍ အီတလီသည် စစ်ကြီးအတွင်း ကြားနေခဲ့မည်ဆိုပါက ၎င်း၏ ကိုယ်ကျိုးစွန့်လွှတ်မှုနှင့် လက် ဆောင်ပဏ္ဏာသည် ကျွန်ုပ်တို့အတွက် ဘာနှင့်မှ မတူအောင် ကြီးမားပေလိမ့်မည်။

ထို့ပြင် ယင်းသို့ ကြားနေနိုင်ငံအဖြစ် စွဲစွဲမြဲမြဲ နေလိုက် ခြင်းအားဖြင့် ကျွန်ုပ်တို့က ၎င်းတို့အပေါ် သြဘာလွှမ်းမိုး၍ မျက်နှာ သာပေးနိုင်စရာ ရှိပေသေး၏။ တစ်ဖန် စစ်ဖြစ်ခဲ့ပြန်လျှင်လည်း ကျွန်ုပ်တို့ရသမျှ အကျိုးအမြတ် အသီးအပွင့်များကို ၎င်းတို့အား ခွဲဝေပေးကမ်းနိုင်ဦးမည် ဖြစ်၏။ ထိုမှတပါး ရှေးဟောင်း ရောမ လူမျိုးများ၏ စစ်မှန်သည့် သားရတနာများဖြစ်ကြသော အီတလီ အမျိုးသားတို့အား သမိုင်းစဉ်အဆက်ဆက်၌ ဒဏ္ဍာရီပမာ ဖြစ်ခဲ့ ရသည့် ခွန်အားကြီးကျယ်မှုမျိုး ပေါ်ပေါက်ရရှိလာစေရန်အတွက် ကျွန်ုပ်တို့က အလိုက်သည်းလိုက် ပူပေါင်းဆောင်ရွက်ပေးဦးမည် ဖြစ်၏။ အချုပ်အားဖြင့်ဆိုရသော် ၎င်းတို့နှင့် ပတ်သက်လျှင် စစ် မြေပြင်၌ လက်ချင်းတွဲကာ ရဲဘော်ရဲဘက်ပမာ တိုက်ခိုက်ရခြင်း ကလွဲ၍ ကျွန်ုပ်တို့သည် အခြားဘာမဆိုလုပ်ရန် လိုလားလက်ခံ မည်သာတည်း။

၁၉၄၀ ပြည့်နှစ် ဇွန်လက အီတလီစစ်ထဲသို့ ပါဝင်သော



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် ပြင်သစ်တပ်မတော်အား အခိုင်မာဆယ်မရှိ ဖိတိုက်ရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့်သာ ပါဝင်လာခြင်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ပြင်သစ်တပ်မတော်မှာ ဖရိုဖရဲပြို ကွဲပျက်ပြားနေခဲ့ပြီဖြစ်ရာ ယင်းသို့ အီတလီစစ်ထဲ ပါလာခြင်းဖြင့် မူလကတည်းက အရေးနိမ့်နေ၍ "အားကစားစိတ်ဓာတ်ဖြင့်" အညံ့ခံ အရှုံးပေးတော့မည့် ပြင်သစ်တို့အပေါ် အောင်နိုင်ခြင်းကို မေးမှိန် သရုပ်ပျက်ရုံသာ အဖတ်တင်ခဲ့ပေသည်။

ပြင်သစ်တို့အနေဖြင့် မိမိတို့သည် ရိုက်ချိုးနိုင်ငံတော်၏ တပ်မတော်များထံ အညံ့ခံ အရှုံးပေးခဲ့ကြရသည်မှာ ရှုံးသင့်ရှုံး ထိုက်၍ ရှုံးခဲ့ကြရခြင်းဖြစ်ကြောင်း အသိအမှတ်ပြုကြသော်လည်း * ဝင်ရိုးတန်းနိုင်ငံများထံ အညံ့ခံရန်ကိုမူ မလိုလား လက်မခံနိုင် ဘဲ ရှိခဲ့ကြ၏။

အီတလီနှင့် မဟာမိတ်ဖြစ်ခဲ့ခြင်းသည် ကျွန်ုပ်တို့အဖို့ နေရာတကာတွင် အနှောက်အယှက်များဖြင့် ကြုံတွေ့စရာ ဖြစ်ခဲ့ ရ၏။ ဥပမာဆိုရလျှင် ၎င်းတို့နှင့် ထိုသို့ မဟာမိတ်ဖွဲ့ခဲ့မှုကြောင့် ကျွန်ုပ်တို့သည် မြောက်အာဖရိကတွင် တော်လှန်ရေးကျသော ပေါ်လစီများကို မကျင့်သုံးနိုင်ဘဲ ဖြစ်ခဲ့ရ၏။ သဘာဝတရား၏ အနေအထားအရ ယင်းဒေသသည် အီတလီတို့၏ စောင့်ရှောက်

---

* The Exis ဝင်ရိုးတန်းနိုင်ငံများ ။ အီတလီ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့ ပါဝင်၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ခေါ်ဝေါ်ခဲ့သည့် အမည်ဖြစ်သည်။





သိမ်းသိမ်းမှုကို ခံယူရမည့် နယ်မြေဒေသဖြစ်၍ မူဆိုလီနီကလည်း ထိုသို့ပင် ထုတ်ဖော်ကြေညာခဲ့ဖူးပေသည်။

ကျွန်ုပ်တို့ သဘောအရ စိတ်တိုင်းကျ လုပ်ရမည်ဆိုပါက ပြင်သစ်တို့ စိုးမိုးအုပ်ချုပ်ထားသော ထိုဒေသမှ မူဆလင်နိုင်ငံများ ကို လွတ်မြောက်အောင် လုပ်ဆောင်ပေးနိုင်မည် ဖြစ်၏။ ယင်း သို့ လုပ်ဆောင်ပေးနိုင်ခြင်းအားဖြင့် ဗြိတိသျှတို့ လွှမ်းမိုးချယ်လှယ် နေသော အရှေ့အနီးဒေသ တစ်ခုလုံးတွင် ကြီးမားစွာ ဂယက် ရိုက်သွားစရာ ရှိ၏။

သို့သော် ကျွန်ုပ်တို့မှာ အီတလီများနှင့် ကံကြမ္မာနှောင် ကြိုးတည်းခြင်းခံခဲ့ရသည့် အလျောက် ထိုသို့သော ပေါ်လစီများကို မကျင့်သုံးနိုင်ဘဲ ဖြစ်ခဲ့ရပေသည်။ အစ္စလာမ်နိုင်ငံ အားလုံးတွင်မူ ကျွန်ုပ်တို့၏ အောင်ပွဲသတင်းများသည် ပွဲတင်ထပ်လျက် ရှိနေခဲ့ ၏။ အီဂျစ်အမျိုးသားများ အီရက်အမျိုးသားများနှင့်တကွ အရှေ့ အနီးဒေသတစ်ခုလုံးသည် ပုန်ကန်ထကြွရန် စုရုံးလျက်ရှိကြ၏။

ဤနေရာတွင် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားအရရော၊ ကျွန်ုပ်တို့၏ အကျိုးစီးပွားအရပါ ၎င်းတို့အား ထောက်ပံ့ကူညီဖို့ ပင်ဖြစ်စေ၊ ယုတ်စွအဆုံး လှုံ့ဆော်တိုက်တွန်းဖို့ပင်ဖြစ်စေ၊ မည်မျှ လုပ်သင့်လုပ်ထိုက်ပါသလဲ၊ သို့သော် ကျွန်ုပ်တို့ဘေးနားတွင် ရှိ နေသော အီတလီများက ကျွန်ုပ်တို့အား မလှုပ်မယှက်သာ၊ သွက်ချာပါဒလိုက်အောင် လုပ်ထားခဲ့၏။

ယင်းသို့ ဖြစ်ခဲ့ရသည့်အတွက် ကျွန်ုပ်တို့၏ အစ္စလမ်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများသည် ကျွန်ုပ်တို့အပေါ် ``အောင့်သက်သက်``ဖြစ်ခဲ့ကြ၏။ စိတ်ပါလိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ၊ ကျွန်ုပ်တို့အား သူတို့အပေါ် ဖိနှိပ်အုပ်စိုးသူများနှင့် တကျိတ်ထဲ တဉာဏ်ထဲဖြစ်သည်ဟု သူတို့က မြင်လာကြ၏။ အဘယ့်ကြောင့်ဆိုသော် ဤဒေသတစ်ဝိုက်တွင် အီတလီများအား ဗြိတိသျှနှင့် ပြင်သစ်တို့ထက် ပို၍ ခါးခါးသီးသီး မုန်းတီးကြသောကြောင့်ပင် ဖြစ်၏။ *ဆီနုပ်စီအဖွဲ့အား ရက်ရက်စက်စက် လူမဆန်အောင် နှိပ်စက်ခဲ့ပုံများကို ယနေ့ထက်တိုင် မမေ့နိုင်ဘဲ ရှိနေကြသေး၏။

ထို့နောက်တစ်ဖန် မူဆိုလီနီက သူ့ကိုယ်သူ **အစ္စလမ်အမျိုးသားတို့၏ ``ရန်ကြီးအောင်ဒါး``အဖြစ် ရယ်စရာကောင်းလောက်အောင် ဟန်ဆောင်ကြွေးကြော်နေသည်မှာလည်း စစ်မဖြစ်မီကနှင့်မခြား၊ ယခုလည်း ဟားတိုက်၍ လှောင်စရာ ပြောင်စရာ ဖြစ်နေခဲ့၏။ စင်စစ် ဤဝိသေသဂုဏ်ထူး ဘွဲ့ထူးသည် မိုဟာမက်သခင်နှင့် အိုမာကဲ့သို့သော အောင်နိုင်သူ သူရဲကောင်းကြီးများနှင့်သာ ထိုက်တန်သော ဘွဲ့ထူးဖြစ်၏။ သို့သော် အလွန်တစ်ရာ စိတ်ပျက်စရာကောင်းလှသည့် လူ့အန္တနလဗိန်းတုံးအချို့က တံစိုး

---

* Senussi ဆီနုပ်စီအဖွဲ့။ ၁၉ ရာစု အစပိုင်းက ဆီနုပ်စီအမည်ရှိ ဇော်ဘွားတစ်ဦး ခေါင်းဆောင်ဖွဲ့စည်းခဲ့သည့် အဖွဲ့ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက အီတလီတို့အား ဆန့်ကျင်တော်လှန်၍ ဗြိတိသျှတို့နှင့် ပူးပေါင်းခဲ့သည်။

** SWORD OF ISLAM





သက်ဆောင်ပေး၍သော်လည်းကောင်း၊ အစွမ်းမညှဉ်းဆဲစေခိုင်းခြင်းခံရ၍သော်လည်းကောင်း၊ မူဆိုလီနီအား အဆိုပါ ဘွဲ့ထူးဂုဏ်ထူးကြီးကို ချီးမြှင့်ပေးအပ်ခဲ့ဟန် တူပေသည်။

ကျွန်ုပ်တို့သည် အစ္စလာမ်အမျိုးသားများနှင့် ပတ်သက်၍ ကောင်းမွန်မြင့်မြတ်သည့် ပေါ်လစီများကျင့်သုံးရန် အခွင့်အရေးများ အကြီးအကျယ်ရခဲ့ပါ၏။ သို့သော် အခြားနေရာများတွင် ဖြစ်ခဲ့ကြုံခဲ့ရသည့်နည်းတူ ဤနေရာတွင်လည်း ကျွန်ုပ်တို့သည် ``ဘတ်စ်ကားမမီ`` ဘဲ ကျန်ရစ်ခဲ့ရ၏။ မဟာမိတ်ကြီးများ ဖြစ်ကြသော အီတလီများအပေါ် သစ္စာစောင့်သိခဲ့သည့် ကောင်းမှုပင်တည်း။

သို့ဖြစ်ရာ ဤနေရာဤဇာတ်ကွက်တွင် အီတလီသည် ကျွန်ုပ်တို့အား အကောင်းဆုံးဇာတ်ထုတ်ကို ကပြအသုံးတော်ခံခြင်း မပြုနိုင်ရန် ပိတ်ပင်ဟန့်တားခဲ့၏။ ပြင်သစ်လက်အောက်ခံ ကိုလိုနီများ၏ လွတ်မြောက်မှုနှင့် ဗြိတိသျှတို့နှင့် ဖိနှိပ်ချုပ်ချယ်နေသော တိုင်းပြည်များတွင် တော်လှန်ရေးအရှိန် မြင့်မားလာမှုများကို မဆောင်ရွက်နိုင်အောင် ဟန့်တားခဲ့၏။ ယင်းအချက်များကိုသာ လုပ်ဆောင်နိုင်ခဲ့ပါက အစ္စလမ်နိုင်ငံအားလုံး စိတ်ဓာတ်တဟုန်ဟုန်းတက်ကြွလာကြမည်ဖြစ်၏။

ဤသည်မှာ အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေမှ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေအထိ ကြီးမားကျယ်ပြန့်လှသည့် မူဆလင်လောကကြီး၏ ထူးခြားသော အသွင်လက္ခဏာတစ်ရပ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ တစ်ယောက်ယောက် တစ်နေရာရာတွင် တစ်ခုခုဖြစ်လာပါက အားလုံးသို့ကူးစက် ဂယက်ရိုက်တတ်သည့် အလေ့အထပင်တည်း။

စိတ်ဓာတ်အားဖြင့်ကြည့်ပါက ကျွန်ုပ်တို့ ပေါ်လစီ၏ ထိရောက်မှုမှာ နှစ်ဆတိုး၍ ဆိုးဝါးပျက်ပြားလာခဲ့၏။ တစ်ဘက်တွင် ဂုဏ်ယူလေးစားထိုက်သော ပြင်သစ်ပြည်ကြီးအား ထိခိုက်ဒဏ်ရာရအောင် ကျွန်ုပ်တို့က လုပ်ဆောင်ခဲ့သော်လည်း ကျွန်ုပ်တို့အဖို့ ဘာတစ်ခုမျှ အကျိုးမရှိဘဲဖြစ်ခဲ့ရ၏။ အခြားတစ်ဘက်တွင်လည်း ယင်းသို့ပြုလုပ်ခဲ့သည့်အတွက် ကျွန်ုပ်တို့သည် ပြင်သစ်တို့ စိုးမိုးအုပ်ချုပ်ခဲ့သည့် နယ်မြေများကို ကျွန်ုပ်တို့က ဆက်လက်အုပ်စိုးရန် မလွှဲမသွေဖြစ်လာခဲ့၏။

ထိုသို့ ဖြစ်လာရသည်မှာလည်း အီတလီ လက်အောက်ခံ မြောက်အာဖရိကအနေဖြင့် လွတ်လပ်ရေး တောင်းသည့်ရောဂါများ ကူးစက်လာမည် စိုးရိမ်ရသောကြောင့် ဖြစ်၏။ ထို့ပြင် ထိုနယ်မြေဒေသအားလုံးတို့မှာ ယခုအခါ အင်္ဂလိပ် အမေရိကန်တို့၏ သိမ်းပိုက်ခြင်းကို ခံနေကြရသည်ဖြစ်ရာ ကျွန်ုပ်တို့၏ အဆိုပါ ပေါ်လစီသည် အန္တရာယ်ဖြစ်နိုင်ကြောင်း ပို၍ အတိအကျပြောနိုင်ပေသည်။ ထိုမှတပါး အဆိုပါအချည်းနှီးဖြစ်ခဲ့ကြသော ပေါ်လစီသည် ကြောင်သူတော်လူညာများဖြစ်ကြသော ဗြိတိသျှတို့အား ဆီးရီးယား၊ စီရင်နေးကားနှင့် ထရီပိုလီတင်းနီးယားနိုင်ငံများတွင် ကယ်တင်ရှင်အဖြစ် ဖန်ဆင်းပေးရာ ရောက်လိမ့်





မည်သာတည်း။

စစ်ရေးသက်သက်အမြင်ဖြင့် ကြည့်ပြန်လျှင်လည်း အခြေအနေ အရပ်ရပ်တို့မှာ ပို၍ကောင်းလာသည်မရှိဘဲ ဆိုးမြဲ ဆိုးနေဆဲပင်ဖြစ်၏။ အီတလီစစ်ထဲသို့ ဝင်လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့၏ ရန်သူများအနေဖြင့် ပထမဆုံးအောင်ပွဲများ ရရှိလာကြ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့အီတလီစစ်ထဲ ပါဝင်လာခြင်းအားဖြင့် ချာချီသည် သူတိုင်းသူပြည်သားများ၏ စွမ်းရည်သတ္တိများကို ပြန်လည်ဖော်ထုတ် လာနိုင်ခဲ့သည့်ပြင် တစ်ကမ္ဘာလုံးရှိ အင်္ဂလိပ်တို့၏ မိတ်ဆွေရောင်းရင်းများအတွက်လည်း မျှော်လင့်ချက်များ ပေးနိုင်စွမ်းရှိလာခဲ့၏။

အီတလီတို့သည် အဘီဆီးနီးယားနှင့် ဆီးရင်းနေးကားနိုင်ငံများမှ တပ်စခန်းများကိုပင် အခိုင်အမာ ကာကွယ် ထိန်းသိမ်းထားခြင်း မပြုနိုင်ကြပါဘဲလျက် သူတို့သည် ကျွန်ုပ်တို့ကို တိုင်လည်း မတိုင်ပင်၊ ကြိုတင်သတိပေးခြင်းများလည်း မပြုလုပ်ဘဲ ဂရိစ်နိုင်ငံအား မဖြစ်ညစ်ကျယ် ဝင်ရောက် တိုက်ခိုက်ခဲ့ကြ၏။ ဤတွင် သူတို့၏ရှက်စရာကောင်းလောက်သော အကျအဆုံး ရှုံးနိမ့်မှုများကြောင့် *ဘော်လ်ကန်နိုင်ငံအချို့က ကျွန်ုပ်တို့အပေါ် မရိုမသေ မလေးမစား လုပ်စရာဖြစ်ခဲ့ရပေသည်။

* Balkan States ဥရောပအရှေ့တောင်ပိုင်းဒေသမှ အယ်လ်ဘေးနီးယား ဘူလ်ဂေးရီးယား ရူမေးနီးယားဂရိစ်၊ တူရကီနှင့် ယူဂိုစလားဗီးယားစသည့်နိုင်ငံများကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ၁၉၄၁ ခု နွေဦးပေါက် ရာသီက ကျွန်ုပ်တို့အပေါ် ယူဂိုစလားဗီးယားနိုင်ငံက ခပ်မာမာ သဘောထား၍ မျက်နှာထား တစ်မျိုးပြောင်းခဲ့သည့် အကြောင်းရင်းကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီး တွေ့မြင်နိုင်ပေသည်။

ဤသည်တို့ကြောင့် ကျွန်ုပ်တို့သည် အစီအစဉ် အားလုံးကမောက်ကမဖြစ်ခဲ့ရ၍ ဘော်လ်လန်နိုင်ငံများအရေးကို မရှောင်မလွှဲသာ ဝင်ရောက် စွက်ဖက်ခဲ့ကြရတော့၏။ သို့နှင့်ပင် ရုရှားပြည်အား ဝင်ရောက်တိုက်ခိုက်ချေမှုန်းရန် ကိစ္စမှာ အန္တရာယ်ကြီးစွာဖြင့် နှောင့်နှေးလာခဲ့ရ၏။ ကျွန်ုပ်တို့၏ အကောင်းဆုံးသော ဒီဗီဇံတပ်မကြီးများကို ထို (ဘော်လ်ကန်) ဒေသသို့ မပို့မဖြစ်တော့ဘဲ ပို့ခဲ့ရ၏။

နောက်ဆုံး အချုပ်အားဖြင့် ဖြစ်ပေါ်လာသော အကျိုးတရားမှာ အဓိပ္ပါယ်မရှိ မိုက်မဲသည့်ကိစ္စကြောင့် ကျွန်ုပ်တို့တပ်များ လုံးဝရှိဖို့မလိုသော ကျယ်ဝန်းလှသည့် နယ်မြေဒေသကြီးကို မရှောင်မလွှဲသာ သိမ်းပိုက်ခဲ့ရခြင်းသာ အဖတ်တင်ခဲ့၏။ ဘော်လ်ကန်နိုင်ငံများ အနေဖြင့်မူ ကျွန်ုပ်တို့အပေါ် ၎င်းတို့က ထားရှိခဲ့ကြသည့် စေတနာကောင်းလှသည့် ကြားနေဝါဒအား ယခုကဲ့သို့ဆက်လက် ထိန်းသိမ်းခွင့်ပြုသည့်အတွက် အလွန်အကျိုး အထူးပင် ကျေနပ်နှစ်သိမ့်နေကြရုံမျှသာရှိ၏။ ကျွန်ုပ်သဘောအရဆိုလျှင် ကျွန်ုပ်တို့၏ လေထီးတပ်များအား ကောနစ်နှင့် ခရီကျွန်းများပေါ်သို့ ချပေးမည့်အစား ဂျီဘရော်တာကျွန်းဆွယ်ပေါ်သို့ ချပေးခြင်း





...ပို၍လိုလားမိပေသည်။

တကယ်အမှန်ပင်ဖြစ်ပါ၏။ အီတလီများအား ဤစစ်ကြီး...ခပ်ဝေးဝေး ခပ်ခွာခွာနေခဲ့ပါက ဘယ်လောက်ကောင်းလိုက်...ည်နည်း။ သူတို့သာ စစ်ထဲမပါဘဲ ဆက်၍ ကြားနေခဲ့ပါက...ယ်လောက်များ နေရာကျလိုက်ပါမည်နည်း။ ဤအတိုင်းသာ...ခဲ့ပါက ကျွန်ုပ်တို့နှစ်ဦးသားအပေါ် ရစ်ပတ်နှောင်ဖွဲ့ထားသည့်...ဆွေရင်းချာဘဝနှင့် အကျိုးတူစီးပွားများသည် မခန့်မှန်းနိုင်...ပြနိုင်လောက်အောင် တန်ဖိုးကြီးမားလာမည်မှာ မုချတည်း။

ယင်းသို့သာဖြစ်ပါက မဟာမိတ်များအဖို့လည်း အားရ...သာ ဖြစ်စရာရှိ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် အီ...သီ၏ ကြီးမားသော အရည်အချင်းများနှင့် ပတ်သက်၍ ဘယ်...န်းကမှ အထင်ကြီးမှု လေးစားမှု မရှိသော်လည်း ယခုလောက်...ဖျင်းနုံ့ချာလိမ့်မည်ဟူ၍လည်း ဘယ်တုန်းကမှ အိပ်မက်ထဲတွင်... ထည့်မမက်ခဲ့ကြသောကြောင့်တည်း။

သူတို့အနေဖြင့် သူတို့ခန့်မှန်း တွက်ချက်ထားသည့်အနေအထားအရ အီတလီကဲ့သို့သော နိုင်ငံကြီးတစ်နိုင်ငံသည်...ထဲမပါဘဲ ကြားနေလိုက်မည်ဆိုပါက သူတို့အဖို့ ကံကောင်း...သည်ဟု ထင်မှတ်ကြပေလိမ့်မည်။ သို့ဖြစ်သည့်တိုင်အောင် သူ...တို့သည် အမြဲတမ်း ခြိမ်းခြောက်ခြင်းခံနေရ၍ မုချပေါ်ပေါက်လာ...ည်ဟု မဆိုနိုင်သည့်တိုင်အောင် အမြဲတမ်း ပေါ်ပေါက်လာနိုင်...သည့် ကျူးကျော်မှု အန္တရာယ်ကို ခုခံကာကွယ်ရန်အတွက် စစ်



www.burmeseclassic.com

တပ်များကို များများစားစား မစုရုံးသေးဘဲ ရနိုင်သည့်အခွင့်အရေးများကိုလည်း အသုံးပြုရန် မကြိုးစားဘဲ နေကြလိမ့်ဦးမည်ဖြစ်၏။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့အနေပြင့် ပြောရမည်ဆိုပါက ဗြိတိသျှတို့သည် စုစုစည်းစည်း မထားဘဲ စစ်မြေပြင် အတွေ့အကြုံလည်း မရှိ၊ အောင်ပွဲမှရသည့် သင်ခန်းစာကိုလည်း မထုတ်ကြသည့် စစ်တပ်အတော်များများ ရှိနေပုံရ၏။ တစ်နည်းအားဖြင့်ဆိုသော် "တယ်လီဖုန်းစစ်ပွဲ"များကိုသာ တိုက်တတ်သည့် စစ်တပ်များ အတော်များများ ရှိဟန်တူ၏။

သို့ဖြစ်ရာ ဤအဖြစ်မျိုး ကြာကြာဖြစ်လေလေ ကျွန်ုပ်တို့အဖို့ ပို၍ အမြတ်ထွက်လေလေ ဖြစ်ပေလိမ့်မည်။ စစ်ပွဲတစ်ခုသည် ကြာညောင်းလာပါက ထိုကြာညောင်းသည့် အချိန်အတွင်း စစ်၏ အတွေ့အကြုံ သင်ခန်းစာများကို ရယူတတ်ကြသည့် နိုင်ငံအတွက် အကျိုးအမြတ်များ ပို၍ဖြစ်ထွန်းတတ်၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဤစစ်ပွဲအတွင်း ရန်သူနိုင်ငံများအား စစ်၏ဆန်းသစ်သော အတတ်ပညာများ လုံးဝမရအောင် လုပ်ဆောင်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။

သို့မျှော်လင့်ခဲ့သည့်အတိုင်း ပိုလန်နှင့် စကင်ဒီနေဗီယန်နိုင်ငံများတွင်လည်းကောင်း၊ ဟော်လန်၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံများတွင်လည်းကောင်း အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့၏။ ကျွန်ုပ်တို့၏ အောင်ပွဲများမှာ လျင်မြန်လှ၍ နှစ်ဖက်စလုံးတွင် အကျအဆုံး နည်းနိုင်သမျှ နည်းခဲ့၏။ တချိန်တည်းတွင် ရန်သူ





အား လုံးဝ နလံမထူနိုင်အောင် အဖက်ဖက်က ပြတ်ပြတ်သားသား အပြီးအပိုင် ချေမှုန်း၍ အနိုင်ယူခဲ့၏။

အကယ်၍သာ ဤစစ်ပွဲသည် ဝင်ရိုးတန်းနိုင်ငံများအနေဖြင့် မဟုတ်ဘဲ ဂျာမနီတစ်နိုင်ငံတည်းကသာ ဆက်၍ ဦးဆောင်တိုက်ခိုက်ရမည်ဆိုပါက ကျွန်ုပ်တို့သည် ရုရှားပြည်အား ၁၉၄၁ ခု မေလ ၁၅ ရက်နေ့ကပင် ဝင်ရောက်တိုက်ခိုက်နိုင်မည်ဖြစ်၏။ ကျွန်ုပ်တို့ တပ်များအနေဖြင့် တိကျပြတ်သား၍ အဆုံးအဖြတ် ပေးသည့်အောင်ပွဲများမှတစ်ပါး အခြား ဘာကိုမျှ နားမလည် ဟူသော စိတ်ဓာတ်ဖြင့် အင်အားနှစ်ဆ တိုးနေကြသည်ဖြစ်ရာ ကျွန်ုပ်တို့သည် ဆောင်းရာသီမတိုင်မီ တိုက်ပွဲကို ပြီးဆုံးအောင် တိုက်သင့်ခဲ့ကြ၏။

သို့သော် အရာရာတိုင်းသည် ထိုသို့မဟုတ်ဘဲ ပြောင်းတိပြောင်းပြန် တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့ရပြီတကား…။

ကျွန်ုပ်သည် အီတလီနှင့်ပတ်သက်၍ ကျေးဇူးတရားရှိသည့်အလျောက် (အဘယ့်ကြောင့်ဆိုသော် *အန့်ချလပ်ဖ် အရေး

---

* Anschluss ဂျာမန်စကားဖြစ်၍ "ခွဲရေးတွဲရေး" ဟူသော အဓိပ္ပါယ်မျိုးဖြစ်သည်။ အထူးသဖြင့် သြစတြီးယားပြည်ကလေးအား ဂျာမနီနှင့်ပူးပေါင်းရန် ဟစ်တလာကြိုးပမ်းခဲ့စဉ်က အသုံးပြုခဲ့သည့် စကားလုံးဖြစ်သည်။ ၁၉၃၈ ခုနှစ် မတ်လတွင် ဟစ်တလာနာဇီဂိုဏ်း၏ ကြိုးပမ်းမှုကြောင့် သြစတြီးယားပြည်ကလေးသည် ဂျာမနီလက်အောက်ခံအဖြစ် ပူးပေါင်းခဲ့ရသည်။

www.burmeseclassic.com

အခင်း ဖြစ်ပွားခဲ့စဉ်က မူဆိုလီနီ ထားရှိခဲ့သည့် သဘောထား အတွက် ဘယ်တော့မှ ကျေးဇူးမမေ့နိုင်သောကြောင့် ဖြစ်၏) ၎င်း အပေါ်တွင် ဝေဖန်သုံးသပ်ခြင်း၊ ဆုံးဖြတ်သတ်မှတ်ခြင်းများ မပြု လုပ်ဘဲ အမြဲရှောင်ကြဉ်ခဲ့၏။ ယင်းသို့ ကျင့်သုံးခဲ့ရုံမျှမက ၎င်းအား ကျွန်ုပ်တို့နှင့် တန်းတူရည်တူထား၍ အမြဲတမ်း အောင့် သက်သက်ဖြင့် ဆက်ဆံပေါင်းသင်းခဲ့၏။

ကံမကောင်း အကြောင်းမလှဖြစ်ခဲ့ရသည်မှာ ကိုယ်နှင့် တန်းတူရည်တူ မဟုတ်သူများအား တန်းတူရည်တူ သဘောထား ၍ ဆက်ဆံခဲ့ခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်ကြောင်း သဘာဝ တရားက အထင်အရှား ပြသခဲ့ခြင်းပင် ဖြစ်၏။ မူဆိုလီနီသည် ကျွန်ုပ်နှင့် တန်းတူရည်တူ ဖြစ်သည်ဟု ဆိုနိုင်ပါ၏။ သူ့တိုင်း ပြည်သားများအပေါ် ထားရှိသည့် ရည်မှန်းချက်တွင်မူ ကျွန်ုပ်ထက် ပို၍ ကြီးမားသည်ဟုပင် ဆိုနိုင်၏။ သို့သော် ဤနေရာ၌ ရည် မှန်းချက်ဒထက် လက်တွေ့ဖြစ်ရပ်များကိုသာ ထည့်၍ တွက်ချက် ရမည် ဖြစ်ပေသည်။

ယင်းသို့သော အခြေအနေ အရပ်ရပ်ကို ထောက်၍ ဤစစ်ပွဲတွင် ကျွန်ုပ်တို့ ဂျာမန်များသာ တစ်ဦးတည်း ဒိုင်ခံ၍ တိုက်ရလျှင် ပို၍ ကောင်းမွန်စရာရှိကြောင်း သဘောပေါက်နား လည်ခဲ့ကြ၏။ ကျွန်ုပ်တို့ထက် ပို၍ အားအင်ချိနဲ့သူများနှင့် တရင်း တနှီး ပူးတွဲလုပ်ခဲ့ခြင်းဖြင့်လည်းကောင်း၊ ခုတစ်မျိုး ခုတစ်မျိုး မကြာခဏ ထင်ထင်ရှားရှား ပြောင်းလွဲတတ်၍ အချောင်လိုက်





နေသူများအား အပေါင်းအဖော်အဖြစ် ရွေးချယ်ခဲ့ခြင်းသည်လည်း ကောင်း၊ ကျွန်ုပ်တို့အဖို့ ဘာတစ်ခုမှ အနိုင်ရစရာမမြင်၊ ရှိသမျှ ပြောင်တလင်းခါအောင် ရှုံးဖို့သာပင်တည်း။ အီတလီကို တွေ့ရ သည့်နေရာတိုင်းတွင် အောင်ပွဲကို တွေ့ရလိမ့်မည်"ဟု ကျွန်ုပ် မကြာခဏ ပြောခဲ့ဘူး၏။ အမှန်အားဖြင့် ကျွန်ုပ်ပြောသင့်သည် မှာ ထိုသို့မဟုတ်၊ * အောင်ပွဲကို တွေ့ရသည့် နေရာတိုင်းတွင် အီတလီကို မလွဲမှုချ တွေ့ရလိမ့်မည် ဟူ၍သာ ပြောသင့်ပေ သတည်း။

မူဆိုလီနီနှင့် ပတ်သက်သည့် ကျွန်ုပ်၏ ကိုယ်ရေးကိုယ် တာ နှစ်သက်လိုလားမှုသည်လည်းကောင်း၊ အီတလီအမျိုးသား များနှင့် စပ်လျဉ်းသည့် ကျွန်ုပ်၏ ဗီဇသဘောထား မိတ်ဆွေဖြစ် လိုမှုများသည်လည်းကောင်း၊ မပြောင်းမလဲ ရှိနေဆဲပင် ဖြစ်ပါ၏။ သို့ရာတွင် အီတလီနိုင်ငံအား မိတ်ဆွေအဖြစ်မှ တောက်တောက် ခါးခါး ဖယ်ရှားပစ်ရန် အခြေအနေအရပ်ရပ်က ကျွန်ုပ်အား သတိ ပေးခဲ့ပါလျက် ထိုသတိပေးချက်ကို မနာခံမိသည့်အတွက် ကျွန်ုပ် ကိုယ်ကျွန်ုပ် အပြစ်တင်၍ မဆုံးနိုင်အောင် ဖြစ်ခဲ့မိ၏။

စင်စစ် ကျွန်ုပ်သည် မူဆိုလီနီ၏ အကျိုးအတွက်ရော၊ သူ့အမျိုးသားများ၏ အကျိုးစီးပွားအတွက်ပါ အထက်ပါအတိုင်း လုပ်ဆောင်သင့်ခဲ့၏။ ယင်းသို့ လုပ်ဆောင်ခဲ့ပါက မူဆိုလီနီသည်

* အီတလီသည် နိုင်မည့်ဘက်က ပါတတ်သည့်(ဝါ)သစ္စာမရှိသော အချောင်သမားဖြစ်သည်ဟု ဆိုလိုသည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အပေါ် ဒေါသထွက်၍ ဘယ်တော့မှ ခွင့်လွှတ်မည်မဟာ
ကြောင်း ကျွန်ုပ် ကောင်းကောင်းကြီး သဘောပေါက်ပါ၏။
သော် ကျွန်ုပ်၏ သည်းခံခြင်းအကျိုးတရားကြောင့် မဖြစ်သင့်
မှန်သမျှအားလုံး ဖြစ်ခဲ့၍ မဟာအမှားတော်ကြီးဖြင့် ကြုံခဲ့ရ
ဘဝသည် ချို့ယွင်းအားနည်းမှုကို ခွင့်လွှတ်ခြင်း မပြုပါတကား။







# (၁၁)

ရစဘဲ့အတွက် နိုင်မာသော ခွင့်လွှတ်ချက်…။ အမေရိကန်ပြည်ထောင်စုအား စစ်ထဲမပါအောင် ဘယ်သူမှ တားဆီးမရနိုင်…။ အသားဝါများ၏ အန္တရာယ်ကို စွဲလန်းချောက်ခြားနေခြင်း…။ ဂျပန်တို့နှင့် သွေးစည်းညီညွတ်ရေး…။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်

ကျွန်ုပ်တို့ကို တိုက်ခိုက်ရန်အတွက် အမေရိကန်ပြည်ထောင်စုအား စစ်ထဲ ဆွဲသွင်းလာခြင်းကြောင့် မိမိတို့လည်း စစ်ထဲပါဝင်လာရသည်ဟူ၍ ဂျပန်တို့က ရစဘဲ့အား ငွတ်အဓမ္မ ဆင်ခြေပေးခဲ့သည်မှာ အထင်အရှားပင် ဖြစ်ခဲ့သော်လည်း ကျွန်ုပ်တို့အဖို့ ဂျပန်စစ်ထဲဝင်လာသည့်အတွက် စနောင့်စနင်း မဖြစ်မိပေ။

သို့သော် ရစဘဲ့အနေဖြင့် ဂျူးများ၏ တိုက်တွန်းလှုံ့ဆော်မှုကြောင့် စစ်ထဲဝင်၍ အမျိုးသားဆိုရှယ်လစ်ဝါဒကို ချေမှုန်းရန် အပြီးအပိုင် ဆုံးဖြတ်ချက်ချပြီး ဖြစ်နေပေသည်။ ဤကိစ္စအတွက် ဆင်ခြေဆင်လက် တက်စရာမလိုပေ။ ယင်းသို့သော ဆင်ခြေများမှာ ဒုဏ်းကျန် တစ်ကိုယ်ရေတကာယ ဝါဒသမားများ၏ အတိုက်အခိုက်ကို ကျော်လွှားရန်အတွက်သာ လိုအပ်သည် ဖြစ်ရာ သူ့အဖို့ ဆင်လုံးထွင်လုံးများကို ကောင်းစွာလုပ်နိုင်စွမ်းရှိပြီး ဖြစ်နေပေသည်။ သူ့ကို နောက်ထပ်နည်းနည်းကလေးမှ လိမ်ညာ၍ ရမည်မဟုတ်ပေ။





ပုလဲဆိပ်ကမ်းကွင် အကြီးအကျယ် ခံလိုက်ရသည့်အတွက် ရစဘဲ့၏ စိတ်ထဲတွင် ပီတိဖြစ်သွားသည်မှာ အသေအချာပင် ဖြစ်၏။ သူ့တိုင်းသူပြည်သားများအား အထွေထွေစစ်ပွဲကြီးထဲ ဆွဲသွင်းနိုင်ရန်နှင့် သူ့တိုင်းပြည်မှ အတိုက်အခံ အကြွင်းအကျန်များကို ချေမှုန်းပစ်နိုင်ရန်အတွက် သူဖြစ်စေချင်သည်မှာ ဒါပဲဖြစ်၏။ သူသည် ဂျပန်ကို ရန်စရေးအတွက် တတ်နိုင်သမျှ အစွမ်းကုန် လုပ်ခဲ့ပြီးပြီ ဖြစ်၏။ ဤလုပ်နည်းလုပ်ဟန်မှာ ပထမကမ္ဘာစစ်ကြီးအတွင်းက * ဝီလ်ဆင် အောင်မြင်စွာ ကျင့်သုံးခဲ့သည့် နည်းပရိယာယ်အတိုင်း ပုံ၍ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံ လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်၏။

ထိုစဉ်က လူယုတ်မာတို့၏ ကျွမ်းကျင်မှုမျိုးဖြင့် ရန်စစေကားခဲ့ပြီးနောက် လူစီတင်းနီးယား သင်္ဘောကို တိုပီဒိုဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံရသည့်အခါ ဝီလ်ဆင်သည် အမေရိကန်တို့အား ဂျာမနီကို တိုက်ရန်အတွက် စစ်ထဲဝင်ရန် စိတ်ဓာတ်လှုံ့ဆော်ရေးကို ပြင်ဆင်ပြုလုပ်ခဲ့၏။ ၁၉၁၇ ခုနှစ်က အမေရိကန်ပြည်ထောင်စုသား စစ်ထဲမဝင်အောင် တားဆီး၍ မရခဲ့သည့်နည်းတူ နှစ်ဆယ့်ငါးနှစ်မျှ ကြာခဲ့ပြီးနောက် ယခုတစ်ကြိမ်တွင်လည်း သူတို့ စစ်ထဲပါဝင်လာခြင်းသည် ရှောင်လွှဲသွေဖီ၍မရ၊ ဝင်သင့်ဝင်ထိုက်၍ ဝင်လာခြင်းဖြစ်နေပြန်ပေသည်။

---

* ဝီလ်ဆင်(၁၈၅၆-၁၉၂၄) ပထမကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်သမ္မတအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကမ္ဘာလုံးရှိ ဂျူးများသည် သူတို့၏ ရှိသမျှ စည်းစိမ်ဥစ္စာအားလုံးကို မဟာမိတ်တို့ သဘောရှိ သုံးစွဲခွင့်ပြုရန် ၁၉၁၅ ခုနှစ်ကျမှ ဆုံးဖြတ်ချက် ချခဲ့ကြ၏။ သို့သော် ယခု ကျွန်ုပ်တို့အရေးအခင်းတွင်းမူ ဂျူးများသည် ကျွန်ုပ်တို့အား စစ်ကြေညာရန် တတိယရိုက်ခ်ျနိုင်ငံတော်ကြီး စတင်မွေးဖွားလာသည့် အချိန် ၁၉၃၃ ခုနှစ်ကတည်းကပင် ဆုံးဖြတ်ခဲ့ပြီး ဖြစ်၏။

ထိုမှတစ်ပါး အမေရိကန်ပြည်ထောင်စုတွင် ဂျူးများ၏ ဩဇာလွှမ်းမိုးချုပ်ကိုင်မှုများသည် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်အတွင်း တဖြည်းဖြည်းနှင့် တစ်စတစ်စ အမြဲတမ်းတိုးတက်ကြီးထွားလာခဲ့ပေသည်။ သို့ဖြစ်ရာ အမေရိကန် ပြည်ထောင်စု စစ်ထဲသို့ ပါဝင်လာခြင်းသည် လုံးဝရှောင်လွှဲ၍ မရတော့သည့်အလျောက် ကျွန်ုပ်တို့အဖို့ရာ၌လည်း ဂျပန်ကဲ့သို့ အလွန်တစ်ရာ အားကိုးရသည့် မဟာမိတ်တစ်ယောက် ရရှိလာခြင်းသည် ရောမ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။

သို့သော် ဤသည်မှာ ဂျူးများအတွက်လည်း အလွန် ကံကောင်းခြင်းပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဤသို့ အမေရိကန်ပြည်ထောင်စုအား ဤပဋိပက္ခအတွင်း တိုက်ရိုက်ပါဝင်ပတ်သက်လာအောင် အချိန်အတော်ကြာကြာ အကြောင်းရှာနေခဲ့ရာမှ ချက်ကောင်း ရရှိသွားသောကြောင့် ဖြစ်၏။ ထို့ပြင် ဤအချက်ကို အကြောင်းပြု၍ အမေရိကန်တို့အား စစ်ထဲသို့ တညီတညာတည်း စိတ်အားထက်သန်စွာ ပါဝင်လာအောင်





လုပ်ဆောင်ရာ၌လည်း သူတို့အနေနှင့် မိမိရရကြီး ရှိသွားခဲ့၏။

အမေရိကန်တို့ အနေဖြင့်လည်း ၁၉၁၉ ခုနှစ်က အတွေ့အကြုံအရ ဤကိစ္စတွင် စနိုးစနောင့်ဖြစ်စရာ မရှိကြောင်း သတိပြုမိနေသည့်အလျောက် ဥရောပ စစ်ပွဲတွင် နောက်တစ်ကြိမ်ပါဝင် စွက်ဖက်ရန် လုံးဝ ဝန်မလေးတော့ဘဲ ရှိလာခဲ့၏။ အခြားတစ်ဖက်တွင်လည်း သူတို့သည် အသားဝါများ၏ အန္တရာယ်ကို ယခင်ကထက် ပို၍ အစွဲအလမ်း ကြီးမားစွာဖြင့် ချောက်ချားလျက်ရှိနေကြ၏။ ဂျူးများအား လိမ်လည်လှည့်စားသည့် ပညာတစ်ခု နှစ်ခု သင်ကြားပေးရန် ကြိုးစားခြင်းသည် * နယူးကာစဲလ်မြို့သို့ ကျောက်မီးသွေးများ ယူသွားခြင်းနှင့် အတူတူပင် ဖြစ်၏။ သူတို့၏ အစီအမံအကြံအစီဟူသမျှ မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများသာ ဖြစ်သည်မှာ သေချာလှ၏။

ကျွန်ုပ်အနေဖြင့် ပြောရလျှင် ကျွန်ုပ်တို့ ဆွေးနွေးနေသော ပြဿနာနှင့် စပ်လျဉ်း၍ တက်နေဝန်း အင်ပိုင်ယာ နိုင်ငံတော်ကြီးအား လူဖြူနိုင်ငံကြီးတစ်နိုင်ငံက ဖျက်ဆီးဖြိုချပစ်ရမည့် အရေးကို အချိန်တော်တော် စောစောကပင် ကြိုတင်တွေးဆခဲ့ကြကြောင်း နားလည်သဘောပေါက်ခဲ့ပြီး ဖြစ်၏။ အဘယ့်ကြောင့်

* နယူးကာစဲလ်။ ။ ဗြိတိန်ပြည်မှ မြို့ကြီးတစ်မြို့ ဖြစ်၍ ကျောက်မီးသွေးအမြောက်အမြား ထွက်သည်။ "နယူးကာစဲလ် မြို့သို့ ကျောက်မီးသွေးများ ယူသွားသည်" ဆိုသော စကား၏ အဓိပ္ပာယ်မှာ "တရုတ်ပြည်သို့ အပ်ရောင်းသွားသည်" ဆိုသော စကားကဲ့သို့ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် ယင်းအင်ပိုင်ယာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် တိုးတက်ရောက်ရှိလာနေသောကြောင့် တစ်ကြောင်း၊ ဂျူးလူမျိုးများကြောင့် ပေါ်ပေါက်လာသည့် အနိဋ္ဌာရုံများကို ပြင်းပြင်းထန်ထန် ခုခံတိုက်ဖျက်ခဲ့သောကြောင့် တစ်ကြောင်း စသည်တို့ကြောင့်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့အဖို့ရာ၌ ဂျပန်သည် မဟာမိတ်တစ်ဦးအဖြစ်လည်းကောင်း၊ မိတ်ဆွေတစ်ဦးအဖြစ်လည်းကောင်း အမြဲတမ်းရှိနေလိမ့်မည်ဖြစ်၏။ ဤစစ်ပွဲသည် သူ့အပေါ် ယခင်ကထက်ပို၍ ကျေးဇူးတင်စေရန်နှင့် လေးစားစေရန် ကျွန်ုပ်တို့အား ဖော်ထုတ်ပြသလိမ့်မည် ဖြစ်၏။ ကျွန်ုပ်တို့ နှစ်နိုင်ငံ ညီညွတ်ရေးအတွက် ရစ်ပတ်နှောင်ဖွဲ့ထားသည့် နှောင်ကြိုးများကို ပိုမိုခိုင်မြဲစေရန် အထောက်အကူပြုလိမ့်မည် ဖြစ်၏။

သို့သော် စင်စစ် ဤနေရာ၌ ဂျပန်တို့သည် ကျွန်ုပ်တို့နှင့်တစ်ပြိုင်နက်တည်း ရုရှားကို တိုက်သည့်စစ်ပွဲတွင် ပါဝင်ခြင်းမပြုခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်၏။ သူတို့သာ ယင်းသို့ ပါဝင်၍ ရုရှားအား တိုက်ခဲ့ပါက စတာလင်၏ တပ်များသည် ယခုအချိန်တွင် * ဘရက်စ်လူးမြို့ကို သိမ်းနိုင်ကြလိမ့်ဦးမည် မဟုတ်၊ ဘူဒါပက်မြို့တော်ကိုလည်း မဆိုင်ဘဲ အပိုင်စီးထားနိုင်ကြလိမ့် မည်

* Breslau ပိုလန်ပြည်မှ မြို့ကြီးတစ်မြို့ ဖြစ်သည်။ စစ်ကြီးပြီးသည့်နောက် ဝရိုကလော (Wroclaw) ဟူ၍ အမည်ပြောင်းခဲ့သည်။

သုခုမစာပေတိုက်



မဟုတ်ပေ။

ကျွန်ုပ်တို့သည် ဆောင်းရာသီမတိုင်မီ ဘော်လ်ရှီဗစ်ဝါဒကို သုတ်သင်ပစ်သင့်၏။ သို့မှသာ ရစဘဲ့အနေဖြင့် ကျွန်ုပ်တို့နှစ်ဦးကဲ့သို့ အင်အားကြီးမားသည့် ရန်သူများကို ထိပါးရန် လက်နှေးသွားမည် ဖြစ်၏။ ထိုနည်းတူစွာ ဂျပန်သည် ပြင်သစ်ပြည်ကြီးကျလျှင်ကျခြင်း ၁၉၄၀ ပြည့်နှစ်ကထဲက စင်္ကာပူအား မသိမ်းခဲ့သည့်အတွက်လည်း ကျွန်ုပ် ဝမ်းနည်းမိ၏။ ထိုအချိန်က အမေရိကန်ပြည်ထောင်စုတွင် သမ္မတရွေးကောက်ပွဲ ကျင်းပလုဆဲဆဲဖြစ်ရာ၊ စစ်ထဲဝင်ရန် ခဲယဉ်းလိမ့်မည် ဖြစ်၏။ ဤသည်မှာ ထိုစဉ်က စစ်၏ အရေးပါသော ကွေ့တစ်ကွေ့ပင် ဖြစ်ပေသည်။

အရာရာသည် မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့နှင့် ဂျပန်တို့သည် လက်ချင်းတွဲ၍ ကြံ့ကြံ့ခံ ရပ်တည်သွားကြမည် ဖြစ်၏။ နိုင်လျှင်လည်း အတူနိုင်၍၊ သေလျှင်လည်း အတူသေကြမည်ဖြစ်၏။ ကျွန်ုပ်တို့သည် ရှေးဦးစွာ အညံ့ခံ၍ အရှုံးပေးခဲ့ရသည်ဖြစ်ငြားအံ့၊ ရုရှားတို့အနေဖြင့် ဂျပန်များ ကြွေးကြော်ခဲ့ပြီးဖြစ်သည့် "အာရှတိုက် သွေးစည်းညီညွတ်ရေး" ဟူသော ဒဏ္ဍာရီဗိတ်ကူးကို ဆက်လက် ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု ကျွန်ုပ်မယူဆပေ။

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com





(၁၂)

ကျွန်ုပ်တို့သည် ဂျီဘရော်လ်တာကို ၁၉၄၀ ပြည့်နှစ်က သိမ်းပိုက်ခဲ့သင့်၏...။ လက်တင်နိုင်ငံများ၏ တူညီသော အားနည်းချက်များ...။ ပြင်သစ်တို့၏ လိမ်လည်လှည့်စားမှုကို ခံလိုက်ရသော ဗြိတိသျှလူမျိုးများ...။ မူဆိုလီနီနှင့် နားလည်မှုလွဲခဲ့ခြင်း...။ ဂရိစ်ပြည်မှ ဘေးအန္တရာယ် ဖြစ်စေသည့် တိုက်ပွဲ...။





## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်

ကျွန်ုပ်တို့ လုံ့ဆော်ခဲ့သဖြင့် စပိန်ပြည်တွင် စိတ်ဓာတ်တက်ကြွလှုပ်ရှားလာသည်ကို အခွင့်ကောင်းယူ၍ ဗြိတိန်ပြည်ကိုလည်း အင[illegible]တ်တလန့် ဖြစ်သွားစေရန် ရည်ရွယ်လျက် ကျွန်ုပ်တို့သည် ပြ[illegible]သစ်ပြည်ကြီး ကျဆုံးပြီးလျှင် ပြီးချင်း ၁၉၄၀ ပြည့်နှစ် နွေရာသီတွင် ဂျီဘရော်လ်တာကို ဝင်ရောက်တိုက်ခိုက်သင့်ပေသည်။

သို့သော် ရှုံ့နှံခဲ့သည့် ရက်သတ္တပတ် အနည်းငယ်က အီတလီအား ကျွန်ုပ်တို့၏ အောင်ပွဲမှ ရှောင်ခွာထွက်ပြေးခြင်း မပြုအောင် ကျွန်ုပ်တို့ တားဆီး၍ မရခဲ့သည့်နည်းတူ တစ်ခု ဂွကျသည်မှာ ဂျီဘရော်လ်တာကိုသာ ထိုစဉ်က ဝင်ရောက်တိုက်ခိုက်ခဲ့ပါက စပိန်အား စစ်ထဲသို့ ကျွန်ုပ်တို့ဖက်မှ ပါဝင်တိုက်ခိုင်းခြင်း မပြုရန် တားဆီးဖို့ အခက်အခဲ တွေ့လာစရာ ရှိခြင်းပေတည်း။

ဤလက်တင် နိုင်ငံများသည် ကျွန်ုပ်တို့အတွက် ပြဲဟ်ကောင်များပင် ဖြစ်၏။ သူတို့အဖို့ ကိုယ့်ကိုယ်ကို အငွေ့နံအကျွ



www.burmeseclassic.com

စိတ်ကြီးဝင်၍ အထင်ရောက်သလောက် ချို့ယွင်းအားနည်းချက်များ အလွန်များပြား ကြီးမားလှသည်ဖြစ်ရာ၊ ဤအချက်ကြောင့် ပြဿနာတိုင်းတွင် မရှင်းမရှင်းဖြစ်ခဲ့ရ၏။ ကျွန်ုပ်တို့သည် အီတလီအား သူ့ရဲကောင်းဝါဒနှင့် ပတ်သက်၍ ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ရန် လိုလားကြောင်း ပြသခဲ့ရုံမျှမက သူတို့ကို စစ်ပွဲတွင် လုံးဝပါဝင်ဆင်နွှဲခြင်း မပြုစေဘဲ၊ ထိုစစ်ပွဲမှ စစ်ရေးအရ အောင်မြင်မှုများ၏ အကျိုးတရား အသီးအပွင့်များကိုလည်းကောင်း၊ စစ်နိုင်သည့်အခါ အလိုအလျောက် ရရှိလာတတ်သည့် အကျိုးအမြတ်များကိုလည်းကောင်း၊ သူတို့အား ပေးအပ်ချီးမြှင့်ရန် ကြံရွယ်ခဲ့ပါ၏။ သို့ပါသော်လည်း ကျွန်ုပ်တို့သည် စစ်မြေပြင်၌ ဘွင် သတ္တိပြချင်ကြသည့် သူတို့၏ ဆန္ဒကို လုံးဝထိန်းချုပ်ထားခြင်း မပြုနိုင်ဘဲ ဖြစ်ခဲ့ရပေသည်။

စင်စစ် ဗြိတိသျှတို့အနေဖြင့်လည်း သူတို့၏ လက်တင်မဟာမိတ်၏ လိမ်လည်လှည့်စားမှုကို ကျွန်ုပ်တို့ထက် ပို၍ ခံခဲ့ရ၏။ အကယ်၍ ပြင်သစ်တို့၏ စိတ်ဓာတ်ပျက်ပြားမှုနှင့် ချို့ယွင်းအားနည်းချက်များကိုသာ တိတိကျကျ အမြည့်အစုံ သိရပါက ချိန်ဘာလိန်သည် ဘယ်တော့မှ စစ်ကြေညာလိမ့်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ပြင်သစ်တို့သည် ဥရောပတိုက်တွင် မြေပြင်တိုက်ပွဲကို အစွမ်းကုန် ဆင်နွှဲတိုက်ခိုက်နိုင်လိမ့်မည်ဟူ၍ ဗြိတိသျှတို့က ဧျင်းချက်မရှိ ယုံကြည်မျှော်လင့်ခဲ့ကြသဖြင့် စစ်ကြေညာခဲ့ခြင်း ဖြစ်၏။

သုခမစာပေတိုက်



အကယ်၍သာ ထိုသို့ မဟုတ်ပါက၊ ချိန်ဘာလိန်အဖို့ ပိုလန်နိုင်ငံအတွက် မိကျောင်းမျက်ရည်ကျသလို တစ်စက် နှစ်စက်ကျပြီးနောက် ထိုနိုင်ငံကလေးအား ကျွန်ုပ်တို့ စိတ်တိုင်းကျ ဖြတ်လိုဖြတ် ကင်လိုကင် ကျွန်ုပ်တို့လက်တွင် ထိုးအပ်လိုက်ရုံသာ ရှိ၏။ သူ့အဖို့ ဤအလုပ်ထက် ပို၍ လွယ်သောအလုပ် ရှိတော့မည် မဟုတ်ပေ။

ရုပ်ဝတ္ထုပစ္စည်းများ မပြည့်စုံ မလုံလောက်မှုနှင့် ပတ်သက်၍လည်း လက်တင်နိုင်ငံများသည် ပုံမကျ ပန်းမကျ ဟန်ဆောင်မှုများ လုပ်တတ်ကြသေး၏။ ဤနေရာတွင် မိတ်ဆွေပီသသော အီတလီပင်ဖြစ်စေ၊ ရန်သူဖြစ်သော ပြင်သစ်ပင်ဖြစ်စေ အတူတူနှင့် အနူနူချည်းသာ ဖြစ်၏။ သူတို့နှစ်ဦးစလုံး၏ ချို့ယွင်းချက်များသည် ကျွန်ုပ်တို့အတွက် ထပ်တူထပ်မျှ ပျက်ဒီးမျက်ဖန်တီးခဲ့ကြ၏။

မူဆိုလီနီနှင့် ကျွန်ုပ်အကြားတွင် တစ်ခုတည်းသောသဘောကွဲလွဲမှုမှာ ကျွန်ုပ်စိတ်ထဲတွင် မကြာခဏ ဖြစ်ပေါ်လာတတ်သည့် ကြိုတင်သတိထားမှုကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်၏။ ကျွန်ုပ်သည် သူ့အပေါ်တွင် ပုဂ္ဂိုလ်ရေးအရ လုံးဝယုံကြည်စိတ်ချမှု ရှိသည့်တိုင်အောင် တစ်စုံတစ်ခုကို မဆင်ခြင်ဘဲ လုပ်မိ၍ ကျွန်ုပ်တို့နှစ်ဦးစလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေနိုင်သည့် ကိစ္စရပ်မှန်သမျှတွင် ကျွန်ုပ်၏ ကြံရွယ်ရည်မှန်းချက်များကို သူ့အား လုံးဝအသိပေး၍ မဖြစ်[illegible] ခံယူ

သုခမစာပေတိုက်

www.burmeseclassic.com

သဘောပေါက်ခဲ့၏။ ကျွန်ုပ်က မူဆိုလီနီကို လုံးဝယုံကြည်စိတ်ချသလို၊ မူဆိုလီနီကလည်း * စီယာနိုအပေါ်တွင် လုံးဝ စိတ်ချယုံကြည်နေသည်ဖြစ်ရာ စီယာနို၏ ပတ်ပတ်လည်တွင် လိပ်ပြာများ အတောင်ခပ်သလို တဖျပ်ဖျပ် ပြာလောင်ခပ်နေကြသည့် အမျိုးသမီးများမှ တစ်ဆင့် လျှို့ဝှက်ချက်မှန်သမျှ ပေါက်ကြားမည်မှာ မုချပင်ဖြစ်၏။

ကျွန်ုပ်တို့ အနေဖြင့် တန်ဖိုးထားသလောက် ရန်သူများကလည်း ငွေကြေးဘယ်လောက်ကုန်ကုန် သတင်းရရန် အကုန်အကျခံ၍ ရအောင်လုပ်နေကြသည်ဖြစ်ရာ သူတို့သည် အထက်ပါနည်းလမ်းဖြင့် လျှို့ဝှက်ချက် အတော်များများကို ရယူနိုင်စရာရှိ၏။ သို့ဖြစ်ရာ မူဆိုလီနီအား အရာရာတိုင်းကို မပြောဘဲ ထိန်ချန်ထားသည့်အတွက် ကျွန်ုပ်တွင် လုံလောက်သော အကြောင်းပြချက် ရှိ၏။

ကျွန်ုပ် တစ်ခုဝမ်းနည်းမိသည်မှာ ဤအချက်ကို အလေးမမူ သဘောမပေါက်ဘဲ ကျွန်ုပ်အပေါ်တွင် မကျေမနပ်ဖြစ်ကာ

---

* Ciano စီယာနို (၁၉၀၃-၁၉၄၃။ အီတလီ ဖက်ဆစ်ခေါင်းဆောင်တစ်ဦးဖြစ်၍ မူဆိုလီနီ၏ သားမက်ဖြစ်သည်။ ၁၉၄၃ ခုနှစ်၊ ဂျူလိုင်လတွင် မူဆိုလီနီအား ဖြုတ်ချရာ၌ ပါဝင်ဆောင်ရွက်ခဲ့၍ ၁၉၄၄ ခုနှစ် ဇန်နဝါရီလတွင် ဂျာမန်တို့က ဖမ်းဆီးကာ သတ်ပစ်ခဲ့ကြသည်။ (စာရေးသူ၏ "ဟစ် တလာ" အတ္ထုပ္ပတ္တိ စာမျက်နှာ ၅၆၉-၅၇၅ တွင် ကြည့်ပါ)။





သက်စားချေသည့် အနေဖြင့် ကျွန်ုပ်လုပ်သလို ပြန်လုပ်သည့်အတွက် ကျွန်ုပ်အဖို့ စိတ်မကောင်းဖြစ်ခဲ့ရ၏။

ကျွန်ုပ်တို့သည် လက်တင်လူမျိုးများနှင့် ကံမစပ်သည်မှာ အမှန်ပင် ဖြစ်၏။ ဤအချက်ကို ဘာမှ သံသယဖြစ်နေစရာ မလိုပေ။ ကျွန်ုပ်သည် ရှေးဦးပထမ မွန်တွိုင်းယားမြို့တွင် ပြင်သစ်နှင့် ပူးပေါင်းရေးအတွက် ဘာမှ အကျိုးမရှိသည့် ပေါ်လစီကို ချမှတ်ခဲ့ခြင်းဖြင့် အတုပ်အနှောင်ခံခဲ့ရ၏။ ထို့နောက် ဟင်ဒါယီမြို့တွင် မိတ်ဆွေအတုအယောင်တစ်ယောက်၏ လက်သို့ အော့နလုံးနာစရာကောင်းလှသည့် ဘွဲ့ထူးဂုဏ်ထူးများ ပေးဆက်အပ်နှင်းခဲ့ရ၏။ ယခုတစ်ဖန် တကယ့် မိတ်ဆွေရင်းချာဖြစ်သည့် တတိယနိုင်ငံတစ်နိုင်ငံက ကျွန်ုပ်၏ အမှတ်တမဲ့နေမှုကို အခွင့်ကောင်းယူ၍ ဂရိစ်ပြည်အား ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ကိုယ့်ကိုယ်ကို ပျက်စီးဆုံးပါးအောင် လုပ်လုပ်ရှားရှား လုပ်လာပြန်ချေပြီတကား။


www.burmeseclassic.com

www.burmeseclassic.com





(၁၃)

တတိယ ရိုက်ခ်ျနိုင်ငံတော်ကြီး ခိုင်မြဲတည်တံ့ရေးအတွက် ငြိမ်းချမ်းရေးရရှိရန် လိုအပ်ခြင်း...၊ တကယ့် ဘဝဖြင့် ကင်းကွာသော လူတစ်ယောက်နှင့် စိတ်ကူးယဉ် ဝါဒလမ်းစဉ်များ...၊ ဂျာမနီတစ်နိုင်ငံတည်းတွင်သာ လိုက်နာလုပ်ဆောင်ရန် သင့်တော်၍ တကယ့် သဘာဝကျသည့် လမ်းစဉ်ဖြစ်သော အမျိုးသားဆိုရှယ်လစ်ဝါဒ...၊ ၁၉၃၈ ခုနှစ်ကသာ စစ်ကြီးစတင်ဖြစ်ခဲ့ပါက ဒေသဆိုင်ရာ စစ်ပွဲသာ ဖြစ်စရာရှိ၏...၊ ဘာတွေ ဖြစ်ခဲ့သင့်သလဲ...၊ အနောက်နိုင်ငံများအတွက် နှစ်ထပ်ကွမ်း အဘောသိမ်းပွဲ...၊

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်

ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကျွန်ုပ်တို့တွင် ငြိမ်းချမ်းရေးရဖို့ လို၏။ ကျွန်ုပ်သည်လည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားရန် အမြဲထာဝစဉ်ဆန္ဒရှိပါလျက် ကျွန်ုပ်တို့၏ ရန်သူများ အလိုကျ စစ်ထဲသို့ ဆွဲသွင်းခြင်း ခံခဲ့ရ၏။ လက်တွေ့ကျကျ ပြောရလျှင် ၁၉၃၃ ခုနှစ် ဇန်နဝါရီလ ကျွန်ုပ်အာဏာရလာသည့် အချိန်မှစ၍ စစ်ဖြင့် ခြိမ်းခြောက်ခြင်း ခံခဲ့ရပေသည်။

တစ်ဖက်တွင် ဂျူးများနှင့်တကွ အခြားသူများသည် ၎င်းတို့နှင့်အတူ တွဲ၍ ချီတက်လာကြ၏။ အခြားတစ်ဖက်တွင်မူ ကမ္ဘာ့အရေးအခင်းများကို သုံးသပ်ရာ၌ သဘောဝကျသော အမြင်များဖြင့် ချဉ်းကပ်သူများ ရှိနေ၏။ သို့ဖြစ်ရာ သမိုင်းတစ်လျှောက်လုံးတွင် အမြင်ချင်း လုံးဝ သဟဇာတမဖြစ်သော အုပ်စုနှစ်စု ရှိနေသည်ကို တွေ့ရ၏။

တစ်ဖက်တွင် လက်တွေ့နှင့် ကင်းကွာ၍ လူသားထုတစ်





ရပ်လုံး၏ ပျော်ရွှင်ရေးအတွက် ကြိုးပမ်းနေသူများနှင့် တစ်ကမ္ဘာလုံး လိုက်နာကျင့်သုံးရမည့် စိတ်ကူးယဉ်နည်းလမ်းများကို လိုက်လံ ရှာဖွေနေသူများ ရှိ၏။ အခြားတစ်ဖက်တွင်မူ သဘာဝကျကျ လက်တွေ့ဝါဒသမားများ ရှိနေ၏။ သူတို့အဖို့ရာ၌ အမျိုးသားဆိုရှယ်လစ်ဝါဒသည် ဂျာမန်လူမျိုးများ၏ ပျော်ရွှင်ရေးအတွက်သာ ဖြစ်၍ ဂျာမန်တို့၏ ကြီးပွားချမ်းသာရေးကို အာမခံချက် ပေးရန်သာ ကြိုးပမ်းကြသူများ ဖြစ်၏။

စကြာဠာတစ်ခွင်လုံး အကျုံးဝင်သည့် ဝါဒသမားများ။ အားလုံးကောင်းစားရေး ဝါဒသမားများ၊ စိတ်ကူးယဉ် ဝါဒသမားများ။ သူတို့အားလုံး၏ ရည်မှန်းချက်များသည် မြင့်မားကြီးကျယ်လွန်းလှ၏။ သူတို့သည် ဘယ်တော့မှ မရောက်နိုင် မရနိုင်သည့် လောကနိဗ္ဗာန်ကို ရောက်စေရမည်ဟူ၍ ကတိစကားများ ပြောကြားနေကြ၏။ ယင်းသို့ ပြောကြားခြင်းဖြင့် လူ့လောကကြီးတစ်ခုလုံးအား လှည့်စားနေကြ၏။ သူတို့ကိုယ်သူတို့ ဘယ်လိုတံဆိပ်မျိုးပဲ တပ်စေကာမူ ခရစ်ယာန်များပင် ဖြစ်စေ၊ ကွန်မြူနစ်များပင် ဖြစ်စေ၊ လူလူချင်း စာနာထောက်ထားသူများပင် ဖြစ်စေ၊ စိတ်စေတနာ ဖြူစင်ရိုးသားသလောက် နုံချာညံ့ဖျင်းသူများပင် ဖြစ်စေ၊ သို့မဟုတ် အင်အားကြီးမား ကြွမ်းကြုတ်ရက်စက်သူများနှင့် လောကကြီးတစ်ခုလုံးကို စိတ်နာနေသူများပင် ဖြစ်စေ သူတို့အားလုံးသည် သူတစ်ပါးကို ကျွန်လုပ်နေသူများပင် ဖြစ်၏။

ကျွန်ုပ်အနေဖြင့်ဆိုလျှင် တကယ့် သဘာဝတရားဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



များအတွင်းမှ ကျွန်ုပ်တို့ လက်လုမ်းမီရာ လောကနိဗ္ဗာန်ကိုသာ မျက်ခြေမပြတ် အကဲခတ်၍ ကြည့်နေသူဖြစ်၏။ ကျွန်ုပ် ဆိုသ သည်မှာ ဂျာမန်လူမျိုးများအတွက် သိသိသာသာကြီး ပြောင်းလဲ တိုးတက်မှုကိုသာ ရှေးရှုခဲ့ကြခြင်းဖြစ်၏။

ကျွန်ုပ်သည် မြဲမြဲမံမံ လိုက်နာနိုင်မည့် ကတိများကိုသာ ပေးမိစေရန်နှင့် ပေးထားသည့် ကတိများအတိုင်း မြဲမြံစွာ လိုက် နာနိုင်ရန် အထူးသတိထားခဲ့၏။ သို့နှင့်ပင် ကမ္ဘာကြီးတစ်ခုလုံးက ကျွန်ုပ်အပေါ်တွင် အမုန်းတရားပွားများစရာ ဖြစ်လာခဲ့ရ၏။ ကျွန်ုပ် တို့၏ ရန်သူများ လုပ်နေကြသလို မဖြစ်နိုင်သည့် ကတိများကို မပေးဘဲနေခြင်းသည် ကျွန်ုပ်အဖို့ အပျော်အပါး ကစားနေခြင်း မဟုတ်ပေ။ ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ အုပ်စုထဲတွင် မပါဝင် ဘဲ ကင်းကင်းရှင်းရှင်း နေလိုသောကြောင့်ပင် ဖြစ်ပေသည်၊ သစ္စာ ဆိုထားခြင်း မဟုတ်သော်လည်း၊ တိုးတိုးတိတ်တိတ် ကြိတ်၍ လက်ခံသဘောတူထားကြသည့် သူတို့တတွေ၏ ရည်မှန်းချက် ကား ယုံလွယ်တတ်သည့် လူသားများအပေါ် အမြတ်ထုတ် ေသွးစုပ်ရန်ပင်တည်း။

ကျွန်ုပ် အမြဲတမ်း ကြွေးကြော်ခဲ့သည့်အတိုင်း အမျိုးသား ဆိုရှယ်လစ်ဝါဒသည် ပြည်ပသို့ ထုတ်ကုန်အဖြစ် တင်ပို့ရန် ပစ္စည်း မဟုတ်ပေ။ ဂျာမန်အမျိုးသားများအတွက် တွေးတောကြံဆထား သည့် ဝါဒတစ်ခုသာလျှင် ဖြစ်ပေသည်။ ဤဝါဒ၏ ရည်မှန်းချက် မှန်သမျှသည် တကယ့်လိုအပ်ချက်များ ဖြစ်၍ အကန့်အသတ်





ရှိ၏။ သို့သော် တကယ်ရနိုင် ဖြစ်နိုင်သည့် အရာများသာလျှင် ဖြစ်ပေသည်။

သို့ဖြစ်ရာ ယင်းသို့ ဆိုလိုက်ခြင်းအားဖြင့် ကျွန်ုပ်သည် စကြာဝဠာတစ်ခွင်လုံး ပါဝင်သည့် စစ်ပွဲကြီးကို ယုံကြည်မှုနည်း ပါးသလို စကြာဝဠာတစ်ခွင်လုံး၏ ငြိမ်းချမ်းရေးကိုလည်း ယုံကြည် မှု နည်းပါးကြောင်း အဓိပ္ပာယ်ပေါ်ထွက်လာပေသည်။

တတိယ ရိုက်ခ်ျနိုင်ငံတော်ကြီး၏ ရန်သူများသည် ကျွန်ုပ် တို့၏ နယ်မြေပိုင်နက်များကို မည်သည့်နည်းနှင့်မဆို ရယူရန် သန္နိဋ္ဌာန် ချမှတ်ထားကြောင်းကိုလည်းကောင်း၊ သူတို့နှင့် လုံးဝ ဆွေးနွေးညှိနှိုင်း၍ မဖြစ်နိုင်ကြောင်းကိုလည်းကောင်း၊ မြူနစ်စာချုပ် ချုပ်ဆိုလုဆဲဆဲအချိန်တွင် ကျွန်ုပ် ပြတ်ပြတ်သားသား နားလည် သဘောပေါက်ခဲ့ပေသည်။

အရင်းရှင် ဘူဇွာအကြီးစားဖြစ်သော ချိန်ဘာလိန်သည် သူ၏ ပရိယာယ် မာယာများလှသော ဖဲထီးကို လက်တွင်ချိတ်၍ * ဘားဂေါ့ဖ်စံအိမ်တော်သို့ ဟိတ်တလုံး ဟန်တလုံးဖြင့် ဆွေးနွေး ရန် ဒုက္ခခံ၍ လာနေသည့်အချိန်တွင် သူသည် ကျွန်ုပ်တို့အား ရက်ရက်စက်စက် စစ်မက်ခင်းရန် ကြံရွယ်လာခြင်းဖြစ်ကြောင်း ဟစ်တလာက ကောင်းကောင်းကြီး သိနေပြီး ဖြစ်၏။

* Berghof ဟစ်တလာနေထိုင်သည့် ဘာလင်မြို့မှ စံအိမ်တော်၏ အမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုစဉ်က ကျွန်ုပ်၏ သံသယဖြစ်မှုကို ပျောက်ကွယ်စေလိမ့်မည်ဟု ယူဆသည့် စကားမှန်သမျှ ပြောကြားရန် အစစ ပြင်ဆင်လာခဲ့၏။ ဤဆွေးနွေးပွဲသို့ လာခဲ့ခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ အချိန်ယူရန်သာ ဖြစ်ပေသည်။

ထိုစဉ်က ကျွန်ုပ်တို့ လုပ်သင့်သည်မှာ ချက်ခြင်း ထိုးဖို့ဖြစ်၏။ မှန်သည်။ ကျွန်ုပ်တို့သည် ၁၉၃၈ ခုနှစ်ကပင် စစ်ကို စတင်၍ တိုက်သင့်ခဲ့၏။ ထိုအချိန်သည် ဒေသဆိုင်ရာ စစ်ပွဲမှ လောက်သာ ဆင်နွှဲရန်အတွက် ကျွန်ုပ်တို့ နောက်ဆုံးရရှိခဲ့သည့် အခွင့်အရေးဖြစ်၏။

သို့သော် သူတို့သည် ကျွန်ုပ်တို့အား တစ်လျှောက်လုံး လမ်းရှင်းပေးခဲ့၏။ သူတို့ကိုယ်သူတို့ တကယ်သတ္တိနည်း၍ အသည်းကြောင်သူများပမာ ကျွန်ုပ်တို့ တောင်းဆိုသမျှ ပေးခဲ့ကြ၏။ ယင်းသို့သော အခြေအနေမျိုးတွင် လက်ဦးမှုယူရန်နှင့် ကိုယ့်ဘက်က စ၍ အကြမ်းပတမ်းလုပ်ရန်မှာ အလွန်ခက်ခဲလှသည့် အခြေအနေမျိုး ဖြစ်၏။ သို့ဖြင့် ကျွန်ုပ်တို့သည် ဘယ်နည်းနှင့်မှ ရှောင်လွှဲ၍ မရသည့် စစ်ပွဲတစ်ပွဲတွင် လွယ်လွယ်နှင့်မြန်မြန် အနိုင်ရမည့် တကယ့်အခွင့်အရေးကြီးတစ်ခုကို မြူနစ်မြို့တွင် လက်လွှတ်ခဲ့ရပေသည်။

ကျွန်ုပ်တို့သည် ထိုအချိန်တွင် အဖက်ဖက်က ပြင်ဆင်ပြီးခြင်း မရှိသေးသော်လည်း ဘာပဲဖြစ်ဖြစ် ရန်သူများထက် ပို၍ ပြင်ဆင်မှုရှိပြီး ဖြစ်နေသည်။ ၁၉၃၈ ခုနှစ် စက်တင်ဘာလသည်





အခွင့်အသာဆုံး အချိန်ကာလ ဖြစ်သည်နှင့်အမျှ ကျွန်ုပ်တို့အဖို့ ပဋိပက္ခကို ကျဉ်းမြောင်းအောင်လုပ်ရန် အခွင့်အလမ်း အများဆုံး ရခဲ့သည့်ကာလဖြစ်၏။

ထိုစဉ်က ထိုနေရာတွင် ကျွန်ုပ်တို့သည် သဘောကွဲလွဲမှုမှန်သမျှကို အကြမ်းဖက်၍ ဖြေရှင်းသင့်ခဲ့၏။ ကျွန်ုပ်တို့ တောင်းဆိုချက်မှန်သမျှ ရန်သူများက လိုက်လျောရန် ယိမ်းယိုင်တိမ်းညွတ်လာမှုများကိုလည်း ဂရုမပြု လစ်လျူရှုသင့်ခဲ့၏။ ကျွန်ုပ်တို့သည် ဆူဒီတန် ပြဿနာကို အကြမ်းဖက်၍ ဖြေရှင်းလိုက်သည့် အခါ တစ်ချိန်တည်းတွင် ချက်ကိုစလိုဗေးကီးယားကိုလည်း ဖျက်သိမ်းခဲ့ပြီး ဖြစ်သွား၍ ပေါ်လာသမျှ အပြစ်များအားလုံးကိုလည်း * ဘင်းနီးစ်၏ ပခုံးပေါ်သို့ ပုံချနိုင်ခဲ့၏။

မြူနစ်မြို့တွင် ဖြေရှင်းခဲ့ပုံ ဖြေရှင်းနည်းမှာ ကြားဖြတ်ယာယီဖြေရှင်းနည်းသာ ဖြစ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် ငယ်ပင်ငယ်သော်လည်း ဂျာမနီ၏ အလယ်ဗဟိုတွင် လွတ်လပ်သည့် ချက်နိုင်ငံကလေးကဲ့သို့သော သွေးစုနာတစ်ခု ပေါက်နေခြင်းကို ခွင့်မပြုနိုင်သည်မှာ ထင်ရှားနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် အဆိုပါ သွေးစုနာကို ၁၉၃၉ ခုနှစ်၊ မတ်လတွင် ခွဲပစ်နိုင်ခဲ့၏။ သို့သော် ထိုအချိန်တွင် အခြေအနေအရပ်ရပ်မှာ ၁၉၃၈

---

* Edvard Benes ဘင်းနီးစ် (၁၈၈၇-၁၉၄၈)။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၏ သမ္မတဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်က အကြမ်းဖက်၍ ဖြေရှင်းခဲ့လျှင် ဖြစ်ပေါ်လာမည့် အလား အလာများထက် စိတ်ဓာတ်ရေးရာဘက်တွင် ပို၍ ဆိုးဝါးလာခဲ့၏။

အဘယ်ကြောင့်ဆိုသော် ၁၉၃၉ ခု၊ မတ်လတွင် ကမ္ဘာ အမြင်၌ ကျွန်ုပ်တို့အား ပထမဆုံးအကြိမ် အမှားကို ကျူးလွန် သူအဖြစ် မြင်လာကြသောကြောင့် ဖြစ်၏။ ထိုအချိန်တွင် ကျွန်ုပ် တို့အား ရိုက်ချိနိုင်ငံတော်အတွက် ဂျာမန်များကို ပြန်လည်စုစည်း နေခြင်းသာ ဖြစ်သည်ဟူ၍ မမြင်တော့ဘဲ ဂျာမန်မဟုတ်သည့် နိုင်ငံတစ်ခုကို အစောင့်အရှောက်ခံအဖြစ် စတင်သိမ်းပိုက်လာပြီ ဟူ၍ မြင်လာကြသောကြောင့် ဖြစ်၏။

၁၉၃၈ ခုနှစ်တွင်သာ စစ်ဖြစ်ခဲ့ပါက ထိုစစ်သည် လျှင် မြန်သည့် စစ်ပွဲတစ်ပွဲ ဖြစ်စရာရှိ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းစစ်ပွဲသည် ဆူဒီတန် ဂျာမန်အနွယ်များ၊ စလိုဗက်လူမျိုးများ ဟန်ဂေရီ အမျိုးသားများနှင့်တကွ ချက်တို့၏ အုပ်စိုးမှုကို ခံနေ ကြရသော ပိုလန်လူမျိုးများ၏ လွတ်မြောက်ရေးအတွက် ဆင်နွှဲ သော စစ်ပွဲဖြစ်လာစရာ ရှိသောကြောင့် ဖြစ်၏။ ဂရိတ်ဗြိတိန်နှင့် ပြင်သစ်တို့မှာလည်း အလစ်တွင် အငိုက်မိခံလိုက်ရ၍ ဖြစ်လာသမျှ ကို ဘယ်လိုမှ မတတ်နိုင်တော့ဘဲ အထူးသဖြင့် ကမ္ဘာ့အမြင်တွင် ကျွန်ုပ်တို့ဖက်က မှန်သည်ဟူ၍ ခံယူကြမည်ဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် မလှုပ်မယှက် အသာငြိမ်နေ ကြရုံသာရှိ၏။ နောက်ဆုံးတွင် အရှေ့ဥရောပ၌ ပြင်သစ်၏ပေါ်လစီကို ကျား ကန်ပေးရာ၌ အဓိက ဒေါက်တိုင်တစ်ခုဖြစ်သော ပိုလန်သည်ပင်





ကျွန်ုပ်တို့ဖက်က ပါလာစရာရှိ၏။

ဤအခြေအနေမျိုးတွင် ဂရိတ်ဗြိတိန်နှင့် ပြင်သစ်တို့က ကျွန်ုပ်တို့အပေါ် စစ်ပြုလာလျှင်လည်း သူတို့အဖို့ မျက်နှာပျက် စရာ ဖြစ်ပေလိမ့်မည်။ တကယ်အားဖြင့်လည်း သူတို့သည် စစ် ပွဲတစ်ပွဲကို ဆင်နွှဲလာလိမ့်မည် မဟုတ်ဟု ကျွန်ုပ် လုံးဝယုံကြည် မိ၏။

သို့သော် မျက်နှာပျက်စရာ အရေးကား ပြေး၍ မလွတ်၊ ပျက်မြဲ ပျက်မည်သာတည်း။ ကျွန်ုပ်တို့က လက်နက်ဖြင့် တစ်ခါ သာ စကားပြောလိုက်မည်ဆိုပါက အရှေ့ဥရောပတိုက်မှ ကျန်ရှိ သမျှ နယ်မြေဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် အေး အေးဆေးဆေး စောင့်နေနိုင်သေး၏။ ထို့ပြင် ဘော်လ်ကန်နိုင်ငံများ အနေဖြင့်လည်း နိုင်ငံကြီးနှစ်နိုင်ငံ၏ ကျူးကျော်စော်ကားရန်စမှု များကို မကြောက်မရွံ့ဘဲ ရှိနေမည်ဖြစ်ရာ သူ့ဆရာသခင် အရှင် များ၏ မျက်စိထဲတွင် မသက်ာဖွယ်ရာ ဖြစ်လာနိုင်၏။

ကျွန်ုပ်တို့အနေဖြင့် ပြောရလျှင် ဤနည်းအားဖြင့် ကျွန်ုပ် တို့၏ အနေအထားကို ခိုင်မာတောင့်တင်းအောင်လုပ်ဖို့ အချိန် ယူသင့်ပေသည်။ ကမ္ဘာစစ်ကြီးကို နောင်နှစ်ပေါင်း အတော်ကြာ ကြာ မဖြစ်အောင် ရွှေ့ဆိုင်းထားမည်ဆိုလျှင်ပင် ရွှေ့ဆိုင်းထားနိုင် ပေလိမ့်မည်။ စင်စစ် ဤအခြေအနေမျိုးသာ ဆိုက်ရောက်ခဲ့ပါက ဒုတိယကမ္ဘာစစ်ကြီးသည် ရှောင်လွှဲ၍မရ မုချဖြစ်လာလိမ့်မည် ဟူသော ယူဆချက်ကိုပင် ကျွန်ုပ် အကြီးအကျယ် သံသယဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မိပေသည်။

အခြေခံ ခိုင်မာမှုရှိပြီးဖြစ်နေသော တိုင်းပြည်များ၏ နှလုံးသားထဲတွင် အဆင့်အတန်း ဆုတ်ယုတ်ပျက်ပြားလာခြင်းနှင့် ဇိမ်ခံမှုကို မြတ်နိုးလာခြင်းတို့သည် ကျွန်ုပ်တို့အပေါ် ထားရှိသည့် ကူးစက်တတ်သော မုန်းတီးခြင်းတရားထက် ပို၍ အင်အားကြီးမားသည်ဟု ယူဆခြင်းသည် လုံးဝယုတ္တိမရှိပေ။ အထူးသဖြင့် ကျွန်ုပ်တို့၏ မျှော်မှန်းချက် လိုအင်ဆန္ဒမှန်သမျှသည် တကယ့်တကယ်အားဖြင့် အရှေ့ဘက်အရပ်ဒေသသို့ ဦးတည်လျက် ရှိကြောင်း သူတို့ မချသိမြင်လာသည့်အခါ အထက်ပါ ယူဆချက်သည် ပို၍ ယုတ္တိမရှိဖြစ်တတ်၏။ ကျွန်ုပ်တို့၏ ရန်သူများအနေဖြင့် ကျွန်ုပ်တို့သည် အရှေ့ဘက်ဒေသမှ မျှော်လင့်ချက်များနောက်သို့ တကောက်ကောက်လိုက်ရင်း ခြေကုန်လက်ပမ်းကျသွားကောင်း ကျသွားလိမ့်မည်ဟု သူတို့ကိုယ်သူတို့ လှည့်စား၍ ယူဆဖွယ်ရာ ရှိနေ၏။ သူတို့အတွက် အနောက်ဘက်ဒေသတွင် ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲမှု ရှိစေရန် အာမခံချက်ပေးပြီးသည့် အချိန်မှစ၍ မည်သည့်ကိစ္စတွင်မဆို သူတို့အဖို့ "ခေါင်းကျလျှင် ငါနိုင်၍၊ ပန်းကျလျှင် မင်းရှုံးမည်"ဆိုသော ခေါင်းပန်းလှန်သည့် ကစားပွဲ ကစားနည်း ဖြစ်နေပေသည်။

တစ်ချိန်တည်းတွင် ရုရှားပြည်ကို အားနည်းအောင်ပြုလုပ်ရာမှ ပေါ်ပေါက်လာသော အကျိုးကျေးဇူးများကို အခွင့်ကောင်းယူရန် သူတို့အား ဖန်တီးပေးရာ ရောက်ပေလိမ့်မည်၊





အဘယ့်ကြောင့်ဆိုသော် ရုရှားပြည်ကြီး တစ်စတစ်စ အင်အားကြီးထွားလာခြင်းသည် ကျွန်ုပ်တို့ ပြန်လည်အားပြည့်လာသည့် အရှိန်လောက် မပြင်းထန်သော်လည်း သူတို့အတွက်မူ ထိတ်စရာ လန့်စရာ ဖြစ်နေသောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

အမေရိကန်နှင့် စစ်တိုက်ရ၍ စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်ရခြင်း . . .။ အမေရိကတိုက်အား ကြီးကျယ်ခန့်ညားအောင် ဂျာမန်တို့က ကူညီလုပ်ဆောင်ပေးခဲ့ခြင်း . . .။ စီမံကိန်းသစ် ပျက်ပြား၍ စစ်ဖြစ်လာရခြင်း . . .။ ဂျာမနီနှင့် အမေရိကန် ပြည်ထောင်စုတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် ဖြစ်နိုင်စရာရှိခြင်း . . .။ အမေရိကန်တို့သည် ဂျူးဆန့်ကျင့်ရေးသမားများ ဖြစ်လာလိမ့်မည် . . .။ ဆင်းတုတော်မဟုတ်ဘဲ ရုပ်ရှုပ်ဖြစ်နေသော ရုစဘဲ့ . . .။ ကိုလိုနီ စွန့်စားမှုများ မဟုတ်၊ သို့သော် မဟာမိတ်နိုင်ငံကြီး ပေါ်လစီဖြစ်၏။





## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်

အမေရိကန်နှင့် ဆန့်ကျင်၍ ဖြစ်ပွားရသော ဤစစ်ပွဲသည် စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်၏။ ယင်းစစ်ပွဲသည် ကျိုးကြောင်းမမှန် ယုတ္တိမတန်ရုံမျှမက တကယ့် ဖြစ်ရပ်အခြေခံများနှင့်လည်း ကင်းကွာလျက်ရှိပေသည်။

ဂျာမနီတွင် ကျွန်ုပ် အာဏာရလာသည့်အချိန်နှင့် တစ်ပြိုင်နက်တည်းပင် ရုစဘဲ့သည်လည်း ဂျူးများ၏ တင်မြှောက်မှုကြောင့် အမေရိကန်ပြည်ထောင်စု၏ အကြီးအကဲဖြစ်လာခြင်းသည် ရာဇဝင်သမိုင်း၏ ဆန်းကျယ်လှသော လှည့်ကွက်ကလေးတစ်ခု ဖြစ်၏။ ဂျူးများမရှိလျှင်သော်လည်းကောင်း၊ သူတို့၏ အဆိုပါ လက်ပါးစေကြီး မရှိလျှင်သော်လည်းကောင်း၊ အရာရာသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲဖြစ်ပေါ်လာစရာ ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့သည် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ တစ်ဦးအပေါ်တစ်ဦး လိုလားမှုမရှိကြသည့်တိုင်အောင် အနည်းဆုံးအားဖြင့် သူတို့နှစ်ဦး၏ ယင်မြင်မှုဆ



www.burmeseclassic.com

www.burmeseclassic.com



ျက်မှန်သမျှသည် အထူးတလည် ကြိုးစားအားထုတ်မနေရေ
ာစ်ဦးကိုတစ်ဦး အထောက်အကူ ဖြစ်နိုင်ပေသည်။

အမေရိကတိုက်တွင် နေထိုင်သူ လူဦးရေ ပေါ်များသေ
းအောင် လုပ်ဆောင်ရာ၌ ဂျာမနီက ကြီးကြီးမားမား ကူညီကြိ
ါဝင်အားပေးခဲ့သည်ကို သတိပြုသင့်၏။ အမေရိကန်ပြည်ထော
စုသို့ နော့ဒစ်နွယ်ဘွား အမျိုးသားများ ရောက်ရှိသွားအောင် ကြ
ဆောင်ကြိုးပမ်းရာ၌ အကြီးမားဆုံး ကူညီအားပေးခဲ့သူများမှာ ကျွ
ဘို့ ဂျာမန်များပင် ဖြစ်၏။ ထို့ပြင် *စကျူဘင်သည် အမေ
ကန် လွတ်လပ်ရေး စစ်ပွဲအတွင်းက ပြဿနာအရပ်ရပ်ကို အဆုံ
အဖြတ်ပေးသော အခန်းမှ ပါဝင်ခဲ့သည်မှာလည်း ထင်ရှားသေ
အချက်တစ်ခုဖြစ်သည်။

ပြီးခဲ့သည့် စီးပွားရေးကပ်ကြီးသည် ဂျာမနီနှင့် အမေ
ကန်ပြည်ထောင်စုတို့တွင် အနည်းနှင့်အများ တစ်ချိန်တည်း က
ရောက်၍ ထပ်တူထပ်မျှ အပြင်းအထန် ထိခိုက်ခြင်း ခံခဲ့ကြရ၏
နှစ်နိုင်ငံစလုံးသည် လေမှန်တိုင်း၏ ဒဏ်ကို ညီတူညီမျှ ခံခဲ့ကြ
ရ၏။

ယင်း စီးပွားရေးကပ်ကြီးကို ကျော်လွှားရာ၌ အလွန်

---

* FRIEDRICH STEUBEN စကျူဘင် (၁၇၃၀-၁၇၉၄) အမေ ရိ...န် ပြည်တွင်းစစ်ကာလအတွင်းက ထင်ရှားကျော်ကြား ခဲ့သည့် ပရက်ရှာ (ဂျာမန်) ဗိုလ်ချုပ်ကြီးဖြစ်သည်။





အလွန် အခက်အခဲများဖြင့် ကြုံတွေ့ခဲ့သော်လည်း နောက်ဆုံးတွင် အောင်မြင်မှု သရဖူကို ဆောင်းနိုင်ခဲ့ကြ၏။ အမေရိကတိုက်တွင်မူ ခက်ခက်ခဲခဲ မရှိလှဘဲ ရုစဘဲ့နှင့် သူ၏ ဂျူးအကြံပေး ပုဂ္ဂိုလ်များ၏ ရှေ့ဆောင်မှုဖြင့် တော်ရုံတန်ရုံ အောင်မြင်မှု ရခဲ့ကြ၏။ * စီမံကိန်းသစ် မအောင်မြင်ဘဲ ဖြစ်ရခြင်းမှာ စစ်ရောဂါထ၍ စစ်ပြင်ဆင်မှု အတော်များများ လုပ်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။

အမှန်စင်စစ်အားဖြင့် အမေရိကန်ပြည်ထောင်စုအဖို့ စီးပွားရေးအရ သီးခြားကင်းလွတ်၍ တိုးတက်ဖွံ့ဖြိုးနိုင်သော အခြေအနေများ ရှိ၏။ ကျွန်ုပ်တို့အနေဖြင့်မူ ယင်းသို့ဖြစ်ရန် လိုလားရိုးမှန်သော်လည်း တကယ်ဖြစ်ရန် မလွယ်လှဘဲ အိပ်မက်ပမာသာ ဖြစ်နေပေသည်။ သူတို့အဖို့ရာ၌မူ သူတို့ တိုင်းသူပြည်သားအားလုံး၏ စွမ်းရည်အင်အားများကို အပြည့်အဝ အသုံးချရန်အတွက် သူတို့အလိုကျ ကျယ်မောပြန့်ပြောလှသည့် နယ်မြေများ ရှိနေပေသည်။

ဂျာမနီနှင့်စပ်လျဉ်း၍ ပြောရလျှင် ကိုယ့်တိုင်းပြည်၏ လူဦးရေနှင့် ကိုက်ညီသော နယ်မြေအဝန်းအဝိုင်းအတွင်း လုံးဝ

---

* NEW DEAL စီမံကိန်းသစ် ၁၉၃၀ ခုနှစ်၊ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်ခဲ့ပြီးနောက် စီးပွားရေးပြန်လည်ထူထောင်မှုအတွက် ၁၉၃၃ ခုနှစ်က အမေရိကန် သမ္မတရုစဗဲ့ ချမှတ်ခဲ့သည့် စီးပွားရေး စီမံကိန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်သည့် ကိုယ်စီးပွားရေးနှင့်ကိုယ် တစ်နေ့နေ့တွင် ရပ်တည်နိုင်ရမည်ဟု ကျွန်ုပ် မျှော်လင့်မိ၏။ လူဦးရေ များပြားသည့် လူမျိုးတစ်မျိုးအတွက်မူ ကျယ်ပြန့်သောနယ်မြေများ လိုအပ်လိမ့်မည်။

ဂျပန်နီသည် အမေရိကန်ပြည်ထောင်စုထံမှ ဘာတစ်ခုကိုမှရရန် မမျှော်လင့်ပေ။ အမေရိကန် ပြည်ထောင်စုအနေဖြင့်လည်း ဂျပန်ကို ဘယ်လိုမှ ကြောက်နေစရာ မလိုပေ။ ကိုယ့်တိုင်းပြည်အတွင်း၌ဖြစ်စေ၊ အခြားသော ဖြစ်ရပ်အမျိုးမျိုး ပြဿနာအထွေထွေတို့၌ဖြစ်စေ၊ နှစ်နိုင်ငံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရေးအတွက် အစစ အရာရာ သဟဇာတဖြစ်နိုင်သည့် အချက်များ ပေါင်းစပ်ဖြစ်ပေါ်လျက် ရှိနေပေသည်။

ဤကဲ့သို့သော် ကံမကောင်း အကြောင်းမလှ ဖြစ်ရသည်မှာ ကမ္ဘာ့ဂျုံ… ကြီးသည် သူတို့၏ အင်အားအကြီးဆုံးသော အခြေခံစခန်းကို ဂျပန်နိုင်ငံပြည်တွင်မှ တည်ဆောက်ရန် ရွေးချယ်ခဲ့ခြင်းဖြင့် အထက်ပါ အခြေအနေများကို ဖျက်ဆီးပစ်ခဲ့ခြင်း ဖြစ်ပေသည်။ ဤအချက်တစ်ခုတည်းကပင်လျှင် ကျွန်ုပ်တို့အကြား ဆက်ဆံရေးများကို ပြောင်းလဲစေခဲ့၍ အစစ အရာရာ အားလုံးတို့ကို အဆိပ်အတောက် ဖြစ်စေခဲ့ပေသည်။

သူတစ်ပါး၏ အသွေးအသားကို ဖျစ်ညှစ်ဝါးမြို၍ ကိုယ့်အသွေးအသားကို အားဖြည့်လေ့ရှိကြသော ဤဂျူးလူမျိုးများသည် မည်မျှလောက် ၎င်းတို့အပေါ် အခွင့်ထူး ယူခဲ့သည်များကို နှောင်နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်အတွင်း အမေရိကန်များကိုယ်တိုင် ကောင်းကောင်းနားလည် သဘောပေါက်လာမည်ဖြစ်ကြောင်း ကျွန်ုပ် အလောင်းအစားလုပ်၍ ပြောရဲပေသည်။





အမေရိကန်များအား ၎င်းတို့နှင့်လည်း ဘာမှ မဆိုင်၊ သက်စွန့်ဆံဖျား လုပ်ခဲ့ရပြီး ဘာတစ်ခုမှအရေးကြီးသည့် အကျိုးစီးပွားလည်း မဖြစ်ထွန်းသော စွန့်စားမှုများကို မလုပ်,လုပ်အောင် ဒရွတ်တိုက်၍ ဆွဲဆောင်ကြသူများမှာလည်း ဤဂျူးလူမျိုးများပင် ဖြစ်၏။ ဂျူးများအပေါ် မုန်းတီးမှုနှင့် သူတို့ခြေရာအတိုင်း တသွေမတိမ်းလိုက်၍ လုပ်ကိုင်မှုများ ရှိကြသည့် ဂျူးသွေးမစပ်သော အမေရိကန်များအနေဖြင့် မည်သို့မည်ပုံ ဆင်ခြေပေးစရာ ရှိပါသနည်း၊ ပေးစရာဆင်ခြေမှာ တစ်ခုတည်းသာ ရှိ၏။ နှောင်နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်အတွင်း အမေရိကန်များသည် ဂျူးဆန့်ကျင်ရေးကို ပြင်းပြင်းထန်ထန် လုပ်လာခြင်းသော်လည်းကောင်း၊ သို့မဟုတ် ဂျူးများက ၎င်းတို့အား မြိုသွားခြင်းသော်လည်းကောင်း ဖြစ်လာလိမ့်မည်တည်း။

ကျွန်ုပ်တို့သည် ဤစစ်ပွဲတွင် အရေးနိမ့်ခဲ့ပါက ကျွန်ုပ်တို့အပေါ် ဂျူးများက အနိုင်ရသွားပြီဟု အဓိပ္ပာယ် ထွက်လာပေလိမ့်မည်။ ထိုအခါ သူတို့၏ အောင်ပွဲသည် လုံးဝပြီးပြည့်စုံသော အဖြစ်သို့ ရောက်သွားပေလိမ့်မည်။ သို့သော် ယင်းအောင်ပွဲသည် ယာယီအောင်ပွဲသာ ဖြစ်ကြောင်း၊ ကျွန်ုပ်ထပ်မံ ဖြည့်စွက်လိုပေသည်။ ထိုအခါ၌ သူတို့ကို နောက်တစ်ကြိမ်တက်၍ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မည့်သူမှာ ဥရောပတိုက် မဟုတ်တော့ဘဲ အမေရိကတိုက် ဖြစ်မည်မှာ သေချာပေသည်။

အမေရိကန် ပြည်ထောင်စုသည် ရင့်ကျက်သည့် အဆင့်သို့ မရောက်သေးဘဲ အရွယ်အားဖြင့် အလွန်နုနယ်သည့် တိုင်းပြည်ဖြစ်၍ အသက်ငယ်သလောက် နိုင်ငံရေးအသိဉာဏ် နည်းပါးလွန်းလှ၏။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်လူမျိုးများ အဖို့ ယခုအထိ အစစ အရာရာ လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန်နှင့်ပင် ပြီးနေကြသောကြောင့် ဖြစ်၏။

သို့သော် အတွေ့အကြုံများနှင့် အကျပ်အတည်းများသည် သူတို့အတွက် ရင့်ကျက်မှုရကောင်း ရလာစရာ ရှိပေသည်။ ဥပမာ သူတို့တိုင်းပြည် စတင်မွေးဖွားလာခဲ့စဉ်က သူတို့၏ အဖြစ်များကို ခေတ္တမျှ ပြန်ပြောင်းစဉ်းစားကြည့်လျှင် သိနိုင်ပေသည်။ ထိုစဉ်က သူတို့တတွေမှာ ကမ္ဘာမြေပြင်အနှံ့အပြားမှ တစ်ဦးတစ်ယောက်ချင်း အုပ်စုဖွဲ့၍ ကံကောင်းလျှင် သူဌေးဖြစ်မည်ဟူသော ယုံကြည်ချက်ဖြင့် ကျယ်ပြန့်လှသည့် အမေရိကတိုက်တစ်ခွင် လှည့်လည်သွားလာရင်း အငတ်ဘေးမှ ကင်းဝေးအောင် တွေ့သမျှ မြင်သမျှ ငါ့ဥစ္စာ ငါ့ပစ္စည်းအဖြစ် သိမ်းပိုက်ရန် ရောက်ရှိလာကြသူများ ဖြစ်ပေသည်။ အမျိုးသားရေးစိတ်ဓာတ်ဆိုသည်မှာ အထူးသဖြင့် ထိုသို့သော ကျယ်ပြန့်လှသည့် နယ်မြေများတွင် အလွန်ဖြည်းညင်းစွာ ဖြစ်ပေါ်လာတတ်သည့် အရာဖြစ်၏။

ထို့ပြင် ဤတသီးပုဂ္ဂလအုပ်စုများသည် လူမျိုးပေါင်းစုံတို့





မှ ဆင်းသက်လာသူများဖြစ်၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ချုပ်ကိုင်ကွပ်ညှပ်ထားခြင်း မရှိသေးသော အဖြစ်ကိုလည်း သတိပြုရန် လိုပေသည်။ ဤလူများအနေဖြင့် ဂျူးများ၏ သားကောင်ဖြစ်ရန်မှာ မည်မျှ လွယ်ကူလှပါသနည်း။

ကျွန်ုပ်တို့ တိုင်းပြည်တွင် ဂျူးများ ခံစားစံစားနေကြသည့် စည်းစိမ်ဥစ္စာဓနများမှာ အခြားတိုင်းပြည်များတွင် ၎င်းတို့ ခံစားစံစားခဲ့ကြသည်များနှင့်သော် လည်းကောင်း၊ စားကျက်သစ်များတွင် တိုး၍ တိုး၍ ခံစား စံစားနိုင်ရန် ကြိုးပမ်းနေကြသည်များနှင့်သော် လည်းကောင်း မနှိုင်းသာ မယှဉ်သာအောင် ဖြစ်နေပေသည်။ အမေရိကန်တို့အနေဖြင့် ၎င်းတို့ ကိုးကွယ်ဆည်းကပ်နေသည့် ရုပ်ဝတ္ထုသည် ဆင်းတုတော်အစစ် မဟုတ်ဘဲ ရွှံ့ရုပ်ဖြစ်နေသည်ကို မကြာမီ တွေ့မြင်သဘောပေါက်လာကြပေလိမ့်မည်။

ဤဂျူးသြဇာခံ သတ္တဝါသည် အမေရိကန်ပြည်ထောင်စု အနေဖြင့်ကြည့်ကြည့် ကမ္ဘာ့လူသားထုတစ်ရပ်လုံး အနေဖြင့် ကြည့်ကြည့် တကယ့်ရာဇဝတ်ကောင်ဖြစ်ကြောင်း သဘောပေါက်လာကြပေလိမ့်မည်။ သူသည် အမေရိကန်ပြည်သူများအား ဘာကိစ္စ ဘာအလုပ်မှ မရှိသည့် လမ်းပေါ်သို့ ဇွတ်အဓမ္မ ဆွဲခေါ်လာခဲ့၏။ အထူးသဖြင့် သူတို့နှင့် ဘာမှ မပတ်သက်သည့် ပဋိပက္ခတွင် တကယ့်နေရာမှ မပါ့ပါအောင် ဇွတ်လုပ်ခဲ့၏။

အကယ်၍ သူတို့တွင် နိုင်ငံရေးအသိတရား နည်းနည်းပါးပါးသာ ရှိမည်ဆိုပါက ကိုယ့်သိက္ခာနှင့်ကိုယ် ခပ်ကင်းကင်းနေ



www.burmeseclassic.com

www.burmeseclassic.com



၍ ဤပဋိပက္ခတွင် ခုံသမာဓိလူကြီးအဖြစ် ခပ်တည်တည် ဆောင်ရွက်စရာရှိ၏။ အကယ်၍ သူတို့သာ အနည်းငယ်ပို၍ ရင့်ကျက်မှုရှိပြီး အတွေ့အကြုံ နည်းနည်းပါးပါး ပိုရှိမည်ဆိုပါက သူတို့၏ ကိုယ်ပိုင်အဓိက အကျိုးစီးပွားအတွက် အကောင်းဆုံး လိုက်ရမည့်လမ်းစဉ်မှာ ဖရိုဖရဲဖြစ်နေသည့် ဥရောပတိုက်အား မျက်နှာထားခပ်တင်းတင်းနှင့် ခပ်ကင်းကင်းနေ၍ သတိရှိသော ကြားနေရေးသဘောထားကို လက်ကိုင်ထားရန်သာဖြစ်ကြောင်း သံသယမရှိ ကောင်းစွာ နားလည်လိမ့်မည်ဖြစ်၏။

သို့သော် ထိုသို့မဟုတ်မူ၍ ယင်းကိစ္စတွင် ပါဝင်စွက်ဖက်ခဲ့ခြင်းဖြင့် သူတို့သည် ဘွေးစုပ်သူများဖြစ်ကြသည့် ဂျူးများ၏ လက်ခုပ်အတွင်းသို့ နောက်တစ်ကြိမ် အသုံးတော်ခံရန် သက်ဆင်းရောက်ရှိခဲ့ကြရပြန်ပေသည်။ ဂျူးများသည်ကား စကားအရာတွင် လိမ်မာ၍ သူတို့ဘာလုပ်နေသည်ကို သူတို့ဖာသာ ကောင်းစွာ သိမြင်သူများ ဖြစ်ကြ၏။ သို့သော် ယင်းအသိအမြင်များမှာ သူတို့ ဂျူးများ၏ ထူးခြားသည့် ရှုဒေါင့်မှ သိမြင်ခြင်းသာ ဖြစ်သတည်း။

အကယ်၍သာ ကုသိုလ်ကံ ကောင်းခဲ့ပါက ဤမျှ ဖြေရှင်းရေးဖြစ်နေသော အချိန်ကာလတွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတသည် ရစဘဲ့မဟုတ်ဘဲ အခြားတစ်ယောက်ဖြစ်နေပါက သူသည် အမေရိကန် စီးပွားရေးကို နှစ်ဆယ်ရာစုနှစ်၏ လိုအပ်ချက်များနှင့်အညီ ဘည်ဆောက်နိုင်စွမ်းရှိသူ တစ်ဦး





ဖြစ်ပြီး လင်ကွင်းမရှိသည့်နောက် အကြီးကျယ်ဆုံးသော သမ္မတဖြစ်လာနိုင်စရာ ရှိပေသည်။ ၁၉၃၀ ပြည့်နှစ် စီးပွားရေးကပ်ကြီးသည် ကမ္ဘာအနှံ့အပြား ဒဏ်ရာဒဏ်ချက်များကို တဖြည်းဖြည်းပြင်းထန် ကြီးမားစေခဲ့၏။ စီးပွားရေးတွင် လိုက်လျောရက်ရောမှုသည် ခေတ်နောက်ကျနေသည့် ပေါပင်စကားလုံးတစ်ခုနှင့် အလားတူပင် ဖြစ်၏။ စီးပွားရေး အကြပ်အတည်း၏ အသွင်လက္ခဏာများနှင့် ဖြစ်နိုင်သည့် အခြေအနေများကို သိမြင်နိုင်စွမ်းရှိသည်ဟု ဆိုကြားအံ့၊ ထိုအခါတွင် ယင်းလက္ခဏာ အခြေအနေများကို ပျောက်ကင်းစေသည့် နည်းလမ်းများ ရှာဖွေတွေ့ရှိရန် လိုအပ်ပေသည်။

ကြီးကျယ်သော သမ္မတတစ်ဦးသည် ယင်းသို့သော ဘာဝန်များကို အာရုံစိုက်၍ ကြိုးပမ်းလုပ်ဆောင်သင့်၏။ ယင်းသို့ လုပ်ဆောင်ခြင်းအားဖြင့်သာ သူ့တိုင်းပြည်အား ကမ္ဘာပေါ်တွင် ဖြိုခွင်းဖျက်ဆီး၍ မရနိုင်သည့် တိုင်းပြည်တစ်ပြည်အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးရာ ကျပေလိမ့်မည်။ သဘာဝအားဖြင့်ဆိုလျှင် လိမ္မာရေးခြားရှိသော သမ္မတတစ်ဦးသည် သူ၏ တိုင်းသူပြည်သားများအတွင်း အပြည်ပြည်ဆိုင်ရာ အရေးအခင်းများတွင် အာရုံဝင်စားမှု စိတ်ဓာတ်များကို မွေးမြူပေးသင့်ပေသည်။ ကမ္ဘာကြီးတစ်ခုလုံးကို မျက်စိဖွင့်၍ ကြည့်တတ်အောင် အားပေးသင့်ပေသည်။ သို့သော် ရာဇဝတ်ကောင် ရစဘဲ့လုပ်ခဲ့သည့် ရှုးသည်မှု သက်သက်ဖြစ်သော ခွေးနှစ်ကောင် ကိုက်သည့်အကြား ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



လူထုကို ဆွဲသွင်းသည့် အလုပ်မျိုးကိုမူ ရှောင်ရှားသင့်ပေသည်။

စင်စစ်အားဖြင့် သူသည် တိုင်းသူပြည်သားများ၏ မသိနားမလည်မှု၊ ရိုးသားမှုနှင့် ယုံလွယ်မှုများကို အပြစ်သဘောဖြင့် ကြည့်၍ အခွင့်ကောင်းယူခဲ့ခြင်း ဖြစ်ပေသည်။ တိုင်းသူပြည်သားများအား ကမ္ဘာ့အရေးအခင်းများကို ကြည့်ရာတွင် ဂျူးများ၏ မျက်စိဖြင့် ကြည့်ခဲ့ခြင်းဖြစ်၏။ တိုင်းသူပြည်သားများအနေဖြင့် အချိန်မှီ ကိုယ့်ကိုယ်ကို ဆွဲမတင်နိုင်ဘဲ လုံးဝပျက်စီးခြင်း လမ်းပေါ်သို့ ရောက်အောင် သူပို့ဆောင်ခဲ့ခြင်းဖြစ်၏။

အမေရိကန်တို့၏ အရေးအခင်းများသည် ကျွန်ုပ်တို့နှင့် ဘာမှ မသက်ဆိုင်ပေ။ သူတို့တွင် ဘာဖြစ်နေနေ ကျွန်ုပ်လုံးဝ ဂရုမစိုက်ပေ။ သို့သော် သူတို့၏ သဘောထားသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်နှင့် ဥရောပတိုက်၏ ရည်မှန်းချက်များအပေါ် တိုက်ရိုက်ပဲ့တင်ရိုက်ခတ်လာသောကြောင့် ယခုကဲ့သို့ ဆိုရခြင်း ဖြစ်ပေသည်။

ထို့ပြင်တဝ သူတို့ရော ကျွန်ုပ်တို့ပါ ကိုလိုနီဆိုင်ရာ ပေါ်လစီများ မရှိကြခြင်းသည်လည်း ကျွန်ုပ်တို့အချင်းချင်း ညီညွတ်နိုင်သည့် လက္ခဏာတစ်ရပ် ဖြစ်ပေသည်။

ဂျာမန်များအဖို့ ဘယ်တုံးကမှ နယ်ချဲ့အကျင့်အကြံများ မရှိရိုး အမှန်ဖြစ်၏။ ဆယ့်ကိုးရာစုနှစ်၏ အဆုံးတွင် ပေါ်ပေါက်ခဲ့သည့် ကြိုးပမ်းလုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ သမိုင်းစဉ်တွင် အမှတ်မထင် မတော်တဆ ဖြစ်ပွားခဲ့သည့် အချင်းအရာ





များဟူ၍ ကျွန်ုပ် မှတ်ယူခဲ့၏။ ၁၉၁၈ ခုနှစ်က ကျွန်ုပ်တို့ စစ်ရှုံးခဲ့ရခြင်းသည် ကံအားလျော်စွာ ဂျာမန်များအား မိုက်မဲသည့်လမ်းကြောင်းအတိုင်း မလိုက်မှားမိစေရန် တားဆီးသည့် ဖြစ်ရပ်တစ်ခုအဖြစ် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခဲ့၏။

ထိုစဉ်က ဂျာမန်များသည် ပြင်သစ်နှင့် ဗြိတိသျှတို့ကိုအားကျ၍သော်လည်းကောင်း၊ သူတို့၏ အောင်မြင်မှုအပေါ် မနာလိုဝန်တိုစိတ်ရှိ၍သော်လည်းကောင်း၊ ထိုလမ်းကြောင်းအတိုင်း လိုက်ရန် မိုက်မဲစွာကြိုးပမ်းခဲ့ကြ၏။ သို့သော် သူတို့သာ ဉာဏ်ပညာ အနည်းငယ်ရှိခဲ့ပါက ယင်းအောင်မြင်မှုများသည် ခေတ္တခဏ ယာယီသက်သက်မျှသာ ဖြစ်ကြောင်း သဘောပေါက်ကြမည်ဖြစ်၏။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဖွံ့ဖြိုးခဲ့ပြီးသည့် အတိတ်ကို ပြန်လည်ရှုကြည့်ရာ၌ မည်သို့မျှ ဘမ်းတလွှမ်းဆွတ်မှု မရှိခြင်းသည် တတိယ ရိုက်ချ်နိုင်ငံတော်ကြီး၏ ဂုဏ်ကျေးဇူးပင် ဖြစ်၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မျက်စိများကို အနာဂတ်ရှိရာသို့ ပြတ်သားစွာနှင့် ရဲဝံ့စွာကြည့်ခဲ့ကြ၏။ သွေးတူသားတူ ပုဂ္ဂိုလ်များ ပေါင်းစပ်ထားသည့် လူမျိုးကြီးတစ်မျိုးနှင့် အကြီးဆုံး နိုင်ငံကြီးတစ်နိုင်ငံ ထူထောင်ရေး ပေါ်လစီကို ဖန်တီးရန် ရှေးရှုခဲ့ကြ၏။ ဤပေါ်လစီသည် အခြားတိုက်ကြီးများ၏ အရေးအခင်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ဘဲ မိမိတို့ * ကမ္ဘာသည်၏ အရေးအခင်းများတွင်လည်း မည်သူကိုမှ ဝင်ရောက်စွက်ဖက်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မပြုဟူသော အမေရိကန်တို့၏ အစဉ်အလာပေါ်လစီနှင့် မရည်ရွယ်ဘဲ တိုက်တိုက်ဆိုင်ဆိုင် အဖက်ဖက်တွင် သွား၍ တူညီနေပေတော့သတည်း။

* NEW WORLD ကမ္ဘာပေါ်တွင် နောက်ဆုံးတွေ့ရှိခဲ့ကြသည့် အမေရိကတိုက်အား ခေါ်ဝေါ်သည့် အမည်ဖြစ်သည်။

သုခုမစာပေတိုက်





(၁၅)

ဂျာမန်တို့သည် မရှောင်မလွှဲသာဘဲ အမြဲတစေ အလျင်စလိုလုပ်ခဲ့ရခြင်း . . .။ အချိန်က ရုရှားတို့ဖက်မှ ပါဝင်တိုက်ခိုက်ပေးခဲ့ခြင်း . . .။ စိတ်မချမ်းမြေ့ဖွယ်ရာ အတိတ်ကာလဖြင့် ကြုံခဲ့ရသော လူမျိုးတစ်မျိုး . . .။ လူတစ်ယောက်တည်းလုပ်ခဲ့သော အလုပ်မဟုတ် ဆွေစဉ်မျိုးဆက်တစ်ခုတည်း လုပ်ခဲ့သော အလုပ်လည်းမဟုတ် . . .။ ဂျာမန်တို့သည် သူတို့ဘဝတည်မြဲရေးအတွက် မနားမနေ တိုက်ခိုက်ခဲ့ရခြင်း . . .။

သုခုမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်

ကျွန်ုပ်တို့သည် မရှောင်သာ မလွှဲသာဘဲ အလျင်စလို လုပ်ခဲ့ရသဖြင့် နေရာတကာတွင် ကပေါက်တိ ကပေါက်ချာ ဖြစ်ခဲ့ရသည်မှာ အမှန်ပင်ဖြစ်၏။ ကျွန်ုပ်တို့အဖို့ရာ၌ အလျင်အမြန် လုပ်ရခြင်းသည် ဂမူးရှူးထိုး လုပ်ခဲ့ရခြင်းပင် ဖြစ်ပေသည်။

သည်းခံသည့် ပါရမီရှိရန်မှာ ကျွန်ုပ်တို့အတွက် အချိန်ကာလနှင့် နေရာဒေသရှိဖို့ လိုပေသည်။ လောလောဆယ်တွင်မူ ကျွန်ုပ်တို့၌ ထိုနှစ်ခုစလုံး မရှိဘဲ ဖြစ်နေ၏။ ရုရှားတို့တွင် ထိုနှစ်ခုစလုံးပိုင်ဆိုင်နေခြင်းဖြင့် ကံကောင်းလှပေသည်။ ဤအချက်များအပြင် စလပ်လူမျိုးတို့၏ စိတ်နေသဘောထားဖြစ်သော တည်ငြိမ်အေးဆေးမှုကို လိုလားနှစ်သက်သည့် စိတ်ဓာတ်ကလည်း ရှိသေး၏။

ထိုမှုမက မာ့က်စ်ဝါဒကို ဘာသာရေးသဖွယ် ကိုးကွယ်ဆည်းကပ်နေခြင်းကြောင့် သူတို့အဖို့ စိတ်ရှည်သည်းခံမှုနှင့် ပတ်သက်၍ အစစ အရာရာ ပြည့်စုံပြီးဖြစ်နေကြ၏။ သူတို့အတွက်





လူ့လောက ကမ္ဘာမြေတစ်ခွင်ဝယ် ချမ်းမြေ့သာယာ ပျော်ရွှင်စွာ နေရပါစေမည်ဟူသော ကတိစကားရရှိထားကြ၏။ (ဤအချက်သည် မာ့က်စ်ဝါဒနှင့် ခရစ်ယာန်ဘာသာရေးတို့၏ မတူကွဲပြားခြားနားမှုပင် ဖြစ်၏။)

သို့သော် ယင်းသို့ ပျော်ရွှင်စွာ နေရမည်မှာ အနာဂတ်ကာလတွင်မှ ဖြစ်၏။ မာဒိုချီးမာ့က်စ်ဖြစ်သော ဂျူးတစ်ယောက်သူကိုယ်သူ ဂျူးသူတော်ကောင်းတစ်ယောက်ပမာ * အရှင်မက်စီးယား ကြွရောက်လာမည့်အချိန်ကို စောင့်ကြိုင့်လင့်လျက် ရှိ၏။ မဆုံးနိုင်သည့် တစ်စတစ်စ ပြောင်းလဲမှုဖြစ်စဉ်တွင် လောကီပျော်ရွှင်မှုသည် အကြောင်းအချက်တစ်ခု ဖြစ်သည်ဟူ၍ အခိုင်အမာပြောဆိုခြင်းအားဖြင့် သူသည် မက်စီယားနှင့် ပတ်သက်သည့် အယူအဆကို သမိုင်းဆိုင်ရာ ရုပ်ဝါဒတွင် ကျင့်သုံးခဲ့ပေသည်။

"ပျော်ရွှင်မှုသည် သင်နှင့် လက်တစ်ကမ်းအလိုတွင် ရှိ၏။ ဤအချက်ကို ငါကတိပြုပါ၏။ သို့ရာတွင် သင်သည် ဤအရာကို တစ်စတစ်စ ပြောင်းလဲမှုဖြစ်စဉ်အရ သည်းခံစောင့်ဆိုင်းရမည်ဖြစ်၍ အလျင်စလိုဖြစ်ရန် ကြိုးပမ်းခြင်းမပြုလင့်"ဟူ၍ သူကဆို၏။ လူ့လောကကြီးသည် ယင်းသို့ ဟုတ်သလိုလိုရှိသော

---

* MESSIAH အရှင်မက်စီးယား။ ။ ဂျူးလူမျိုးများ၏ နေရင်းတိုင်းပြည်ဖြစ်သော အစ္စရေးပြည် ပြန်လည်ရှင်သန်ပေါ်ပေါက်လာရေး[illegible]ဆောင်ရွက်ရန် ဘုရားသခင်က ဗျာဒိပ်ပေးခြင်းခံရသူဟူ၍ [illegible]သာရေးဂျူးများက ယုံကြည်လက်ခံထားသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်စားမှုမျိုးကို အမြဲတစေ ခံနေရပေသည်။ လီနင်သည် အချိန်ကောင်းစွာ မရခဲ့၊ သို့သော် ဤမှန်မြတ်သော အလုပ်ကို စတာလင်က ဆက်၍ လုပ်သွားလတ့်၊ ထိုနည်းတူစွာ ဆက်၍ဆက်၍ လုပ်သွားကြလတ့်ဟူ၏။ မာ့က်စ်ဝါဒသည် အလွန်အင်အားကြီးမားလှသည် တကား···။

သို့သော် ခရစ်ယာန် အယူဝါဒကိုမူ ကျွန်ုပ်တို့ မည်သို့ တန်ဖိုးဖြတ်ကြမည်နည်း။ ဂျူးဘာသာရေး၏ အစွယ်အပွားဖြစ်သော ထိုအယူဝါဒသည် စစ်မှန်သော ပျော်ရွှင်မှုကို နောင်တမလွန်ဘဝတွင် ရရှိစေရမည်ဟူသော ကတိကိုသာ ပေးခဲ့သည်မဟုတ်ပါလော။ သို့သော် ဤအယူဝါဒက ပို၍ မနိုင်းမယှဉ်သာအောင် အင်အားကြီးမားသည်မှာ အမှန်မုချပင် ဖြစ်သတည်း။

ကျွန်ုပ်ကိုယ်တိုင်လည်း တိုတောင်းလှသည့် လူ့သက်တမ်း အချိန်ကာလအတွင်း အစစ အရာရာ ပြီးစီးအောင် မဖြစ်မနေလုပ်ရန် ကံကြမ္မာက ဖန်တီးခဲ့၏။ သို့ရသော် ကျွန်ုပ်အတွက် ကုသိုလ်ကောင်းသည်မှာ တကယ့်ဖြစ်ရပ်များကို အခြေခံသည့် ယထာဘူတ သရုပ်မှန်ဝါဒကို ကိုင်စွဲထားနိုင်ခြင်း ဖြစ်၏။ ယင်းဝါဒအရ တကယ်တန်းမုချ အကောင်အထည်ပေါ်နိုင်သည့် ကတိများကိုသာ ပေးလေ့ရှိ၍ "လမင်းကိုရအောင် ဆောင်ကျဉ်းပေးပါမည်"ဟူသော ကတိမျိုးကို ဖယ်ရှားပစ်နိုင်ခဲ့ပေသည်။

အခြားသူများတွင် အဆုံးအစမရှိ သူတို့စိတ်တိုင်းကျ အချိန်လိုသလောက် ရနေခိုက်တွင် ကျွန်ုပ်အဖို့ရာ၌မူ စိတ်မချမ်း

သုခမစာပေတိုက်



မြေ့ဖွယ်ရာ ကောင်း၍ တိုတောင်းလှသည့် နှစ်အနည်းငယ်သာ အချိန်ရခဲ့ပေသည်။ အခြားသူများသည် သူတို့ကိုယ်တိုင် အောင်မြင်ပြီးဆုံးအောင် မလုပ်နိုင်သော်လည်း လုပ်စရာကျန်ရှိနေသမျှ နောက်လူများကို သူတို့ထွန်ယက်ခဲ့သည့် ထွန်သွားဖြင့် သူတို့ထွန်ယက်ခဲ့သည့် ထွန်ရေးအတိုင်း ဆက်လက် ထွန်ယက်လုပ်ကိုင်သွားခြင်းဖြင့် အောင်မြင်မှု ရရှိလိမ့်မည်ဟု နားလည်သဘောပေါက်ကြ၏။

ကျွန်ုပ်တို့အဖို့ရာ၌မူ ယခုအခါ အကယ်၍သာ ကျွန်ုပ်ထွန်းညှိကိုင်ဆောင်ထားသော မီးရှူးမီးတိုင်သည် ကျွန်ုပ်လက်မှ မတော်တဆ လွတ်ကျခဲ့ပါက ကျွန်ုပ်၏ နေရာတွင် လက်တလောဆက်ခံ၍ အဆိုပါ မီးရှူးမီးတိုင်ကို လိုရာခရီးသို့ ဆက်လက်ကိုင်ဆောင်ချီတက်သွားမည့် လူတစ်ယောက်ရှာ၍ တွေ့မှ တွေ့ပါ့မလားဟု စိုးရိမ်ပူပန်နေရသော အခြေသို့ ဆိုက်ရောက်နေပေသည်။

ထို့ပြင် ကျွန်ုပ်သည် စိတ်မချမ်းမြေ့ဖွယ်ရာ အတိတ်ကာလဖြင့် ကြုံခဲ့ရသောလူမျိုး၊ တည်ငြိမ်မှုမရှိသောလူမျိုး၊ အမျိုးမျိုးသော ရည်မှန်းချက်များဖြင့် ထွေပြားလှသည့် လူမျိုး၊ အခြေအနေအရပ်ရပ်တို့ကို အကြောင်းပြု၍ တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းသို့ ရောက်သွားတတ်သည့် လူမျိုးတစ်မျိုးဖြစ်သော ဂျာမန်လူမျိုးတို့၏ အခိုင်းအစေဘဝသို့ ရောက်အောင် ကံကြမ္မာက ဖန်လာခဲ့ပေသည်။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အမြင်အရ ပြောရလျှင် တကယ်ဖြစ်သင့်သည်မှာ ရှေးဦးစွာ ဂျာမန်တို့၏ အနာဂတ်ဘဝ တည်မြဲရေးအတွက် အာမခံချက်ပေးပြီးနောက် အမျိုးသား ဆိုရှယ်လစ်ဝါဒ လမ်းစဉ်ဖြင့် မွမ်းမံလိမ်းကျံထားသည့် လူငယ်အင်အားစုကို တည်ဆောက်ရန် ဖြစ်၏။ ထို့နောက် ကျွန်ုပ်တို့၏ ရန်သူများသည် အင်အားသစ်များဖြင့် ကြီးထွားတောင့်တင်းနေသည့် ဂျာမန်လူမျိုးများဖြင့် မျက်နှာချင်းဆိုင် တွေ့ရသည့်အခါ ထိတ်လန့်တုန်လှုပ်ခြင်း မရှိသေးပါက ရှောင်လွှဲ၍ မရသော စစ်ပွဲကို ဆင်နွှဲရန်အတွက် အနာဂတ်ဆွေမျိုးဆက်တို့အပေါ် တာဝန်လွှဲအပ်ပေးခဲ့ရမည် ဖြစ်၏။

ဤနည်းအားဖြင့် ဂျာမနီသည် ရုပ်ဝတ္ထုအရရော၊ စိတ်ဓာတ်အရပါ နှစ်ဖက်စလုံးတွင် လက်နက်တပ်ဆင်ပြီး ဖြစ်နေပေလိမ့်မည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ အမျိုးသားဆိုရှယ်လစ်ဝါဒဖြင့် ပုံလောင်းလာခဲ့သူများ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသည့် အုပ်ချုပ်ရေးအဖွဲ့၊ နိုင်ငံခြားပေါ်လစီနှင့် စစ်တပ်တို့သည်လည်း အစစ အရာရာ စိတ်တိုင်းကျ အသင့်ရှိနေပေလိမ့်မည်။ ဂျာမန်လူမျိုးများအား ကမ္ဘာပေါ်တွင် သူတို့နှင့်ထိုက်တန်သောနေရာသို့ရောက်အောင် ပို့ဆောင်မြှင့်တင်ပေးရန် ကျွန်ုပ်ထမ်းရွက်နေရသည့် တာဝန်သည် ကံမကောင်း အကြောင်းမလှသဖြင့် လူတစ်ဦးတစ်ယောက်တည်းဖြင့်သော် လည်းကောင်း၊ ဆွေမျိုးဆက်တစ်ခုတည်းဖြင့်သော် လည်းကောင်း၊ ပြီးမြောက်အောင်လုပ်၍ မရသည့် တာဝန်ကြီး ဖြစ်နေပေသည်။





သို့သော် ကျွန်ုပ်သည် ယုတ်စွအဆုံး သူတို့၏ ပင်ကိုယ်အရည်အသွေးများဖြစ်သည့် ကြီးကျယ်မြင့်မြတ်မှုကိုမြင်အောင် မျက်စိဖွင့်ပေးနိုင်ခဲ့၏။ ဖျက်ဆီးဖြိုခွင်း၍ မရနိုင်သည့် တစ်ခုတည်းသော ရိုက်ခ်ျနိုင်ငံတော်ကြီးအတွင်း စည်းလုံးညီညွတ်သည့် ဂျာမန်များ ဖြစ်စေရမည်ဟူသော စိတ်ဓာတ်ဖြင့် တက်ကြွလာအောင် အလားအလာများ ပေးနိုင်ခဲ့၏။ ကျွန်ုပ်သည် မျိုးစေ့ကောင်းကိုကား ချပေးခဲ့ပေပြီ။ သူတို့သည် သူတို့၏ တကယ့်ဘဝ တည်မြဲရေးအတွက် ရန်းကန်တိုက်ခိုက်နေရခြင်း ဖြစ်သည်ဟူသော ဆုံးခြားသည့် လက္ခဏာကို နားလည်သဘောပေါက်အောင် ကျွန်ုပ် လုပ်ပေးပြီးခဲ့ပေပြီ။

ဘစ်နေ့သောအခါ ကောက်ရိတ်ချိန်သို့ ရောက်လာပေလိမ့်မည်။ ကောက်ရိတ်ချိန်မရောက်ရန် ဤကမ္ဘာမြေပြင်တွင် ဘယ်သူမှ တားဆီး၍ ရလိမ့်မည်မဟုတ်၊ ဂျာမန်လူမျိုးသည် ငယ်ရွယ်နုပျိုသော လူမျိုးဖြစ်၏။ ကျန်းမာသန်စွမ်းသော လူမျိုးဖြစ်၏။ သူ့ရှေ့မှောက်တွင် အနာဂတ်ရှိသော လူမျိုးဖြစ်ချေ၏တကား။



www.burmeseclassic.com

www.burmeseclassic.com





(၁၆)

မှန်မှန်ကန်ကန် တန်ဖိုးမဖြတ်တတ်သော ချာချီ . . .။ ပြုပြင်ပြောင်းလဲ၍ မရနိုင်မှုကို ရှောင်ရှားသင့်၏ . . .။ ရုရှားတို့က မတိုက်မီ၊ မိမိတို့က ကြို၍ တိုက်ရန်လိုအပ်ခြင်း . . .။ အချိန်ကောင်းတွင် တိုက်ပွဲစရန် အရေး၌ အီတလီက ဟန့်တားကာ ဆီးခဲ့ခြင်း . . .။ အချိန်နှောင်းမှုကြောင့် ရုတ်တရက် ဖြစ်ပေါ်ကျရောက်လာသည့် ဘေးအန္တရာယ်များ . . .။ စတာလင်နှင့် နားလည်မှုရနိုင်သည့် ကိစ္စတွင် ကျွန်ုပ်၏ ဒွိဟဖြစ်မှု . . .။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်

တစ်ကယ့်ဖြစ်ရပ် အမှန်အတိုင်းဆိုလျှင် ဗြိတိန်... ဆက်လက်ခေါင်းမာမြဲ မာနေရန် သိန္နိဋ္ဌာန်ချထားကြောင်း ... အမှာ သိရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ရုရှားနှင့် ... ပွားသောအရေးကို လက်နက်ဖြင့် အကြမ်းဖက်ဖြေရှင်းရန် ... ဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။

ချာချီသည် ကျွန်ုပ်၏ အားကစားစိတ်ဓာတ်ရှိမှုကို ... မှန်ကန်ကန် တန်ဖိုးမဖြတ်နိုင်ဘဲ ဖြစ်ခဲ့၏။ ဗြိတိသျှတို့နှင့် ကျွ... တို့အကြားတွင် ပြုပြင်ပြောင်းလဲ၍ မရနိုင်သည့် ဖောက်ပြန်မှု... ကို ဖန်တီးခြင်းမှ ရှောင်ရှား၍ သက်သေသာကေပြခဲ့သော ကျွ... ၏ အားကစားစိတ်ဓာတ်ရှိမှုကို အကဲမဖြတ်တတ်ဘဲ ဖြစ်ခဲ့၏။

စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် ဒန်းကာတ်တွင် သူတို့အ... လုံးဝခြေမှုန်းပစ်ခြင်းမှ ရှောင်ရှားခဲ့၏။ ဥရောပတွင် ဂျာမန်တို့... ခေါင်းဆောင်မှု တည်ဆောက်ခြင်းကို သူတို့ လက်ခံလာအော... ကျွန်ုပ်တို့က ဖျောင်းဖျနိုင်သင့်ပေသည်။ သူတို့ကမူ ယင်းသို့သေ... အခြေအနေမျိုး ပြည့်ပြည့်ဝဝ ဖြစ်ပေါ်လာမည့်အရေးကို အ... ထာဝစဉ် ဆန့်ကျင်ကန့်ကွက်ခဲ့ကြ၏။ သို့သော် ကျွန်ုပ်အနေဖြ... ဤကိစ္စတွင် ခက်ခက်ခဲခဲမရှိဘဲ ပြီးပြည့်စုံအောင် ဆောင်ရွက်... နိုင်သည်နှင့်အမျှ သူတို့အတွက် မှန်းဆ၍ မရနိုင်လောက်သည့်... အကျိုးကျေးဇူးများ ဖြစ်ပေါ်လာနိုင်ပေသည်။





ပြင်သစ်ပြည်ကြီးကို သိမ်းပိုက်ခဲ့ပြီးနောက် တစ်လမျှ အကြာ ဂျူလိုင်လကပင် ငြိမ်းချမ်းရေးသည် နောက်တစ်ကြိမ် ကျွန်ုပ်တို့လက်တွင်းမှ လွတ်ထွက်သွားပြန်ပြီဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်ခဲ့၏။ နောက်ရက်သတ္တပတ် အနည်းငယ်မျှ ကြာ သောအခါ ဆောင်းဦးပေါက် မိုးသက်လေပြင်းများ မကျရောက်မီ ဗြိတိန်ပြည်အား ဝင်ရောက်တိုက်ခိုက်ခြင်း မပြုသင့်ကြောင်း ကျွန်ုပ် နားလည်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် လေကြောင်းဘက်တွင် အပြီးအပိုင် စိုးမိုးနိုင်ခြင်း မရှိသေးသော ကြောင့်ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ကျွန်ုပ်တို့သည် ဗြိတိန် ပြည်အား ဘယ်တော့မှ ဝင်ရောက်တိုက်ခိုက်ရန် မသင့်ကြောင်း သဘောပေါက်ခဲ့ခြင်းပင်တည်း။

ကျွန်ုပ်တို့အနေဖြင့် အနောက်ဘက်ဒေသတွင် အလုပ် များနေခိုက် ရုရှားတို့က ဘောလတစ်နိုင်ငံများနှင့် ဘက်ဆာရေး ဗီးယားပြည်နယ်တို့ကို သိမ်းပိုက်ဝါးမျိုခဲ့သည်ကို ကြည့်ခြင်းအား ဖြင့် ၁၉၄၀ ပြည့်နှစ် နွေရာသီက ကျွန်ုပ်သည် ရုရှားတို့၏ ကြံ ရွယ်ချက်များအပေါ်တွင် မည်သို့မျှ ဒွိဟမဖြစ်တော့ပေ။ အကယ် ၍ ယင်းသို့ ဒွိဟဖြစ်မှုများ အနည်းအကျဉ်းမျှ ကျန်ရှိနေခဲ့လျှင် လည်း နိုဝင်ဘာလတွင် မိုလိုတော့ လာရောက်လည်ပတ်ခြင်း သည် ယင်းဒွိဟဖြစ်မှုများအားလုံး တစ်ခုမကျန် ပျောက်ပျက်ရေး အကြောင်း လုံလောက်ခဲ့ပြီဖြစ်၏။

စတာလင်က သူ၏ နိုင်ငံခြားရေးဝန်ကြီး ပြန်လာ...



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် ကျွန်ုပ်ထံ တင်ပြတောင်းဆိုလိုက်သော တောင်းဆိုချက်များသည် ကျွန်ုပ်အား လှည့်စားမရအောင် ဖြစ်ခဲ့၏။ တန်လှုပ်ချောက်ခြားမှု လုံးဝကင်းမဲ့ပြီး နှိုင်းယှဉ်၍မရနိုင်သောအောင် ခြိမ်းချောက်အကြပ်ကိုင်တတ်သည့် စတာလင်သည် ဖင်လန်နှင့် ဘော်လကန်နိုင်ငံများမှ သူ၏ ရှေ့တန်းအခြေစိုက်စခန်းများကို စုစည်းနိုင်ရန်အတွက် အချိန်ဆွဲနေခဲ့၏။ သူသည် ကျွန်ုပ်တို့အား "ကြောင်နှင့်ကြွက်" ကစားနည်းမျိုးဖြင့် ကစားရန် ကြိုးပမ်းခဲ့၏။

ရင်နာစရာကောင်းသော အချက်မှာ မေလ ၁၅ ရက်နေ့ မတိုင်မီ တိုက်ပွဲကိုစ၍ မတိုက်နိုင်ခဲ့ခြင်းပင် ဖြစ်၏။ အကယ်၍ ကျွန်ုပ်သည် အပြင်းအထန် ဆက်လက်တိုက်ခိုက်သွားရမည်ဆိုပါက ထိုနေ့ ထိုရက်ထက် နောက်မကျဘဲ တိုက်သွားရန်လို၏။

မည်သို့ပင်ဖြစ်စေ၊ စတာလင်သည် ကျွန်ုပ်တို့ထက် စော၍ တိုက်ပွဲကို စတင်ဆင်နွှဲနိုင်ပေသည်။ ၁၉၄၀ ပြည့်နှစ်၊ ဆောင်းရာသီတစ်ခုလုံးနှင့် ထို့ထက်ပို၍ ဆိုရလျှင် ၁၉၄၁ ခုနှစ်၊ နွေဦးပေါက် ရာသီတစ်ခုလုံးတွင် ကျွန်ုပ်သည် ရုရှားတို့က ထိုးစစ်ဆင်တိုက်ခိုက်လာမည့် အန္တရာယ်အတွက် ရတက်မအေး တအုံနွေးနွေးဖြင့် ထိတ်လန့်နေခဲ့ရ၏။

ထိုအချိန် ထိုကာလ၌ အယ်လ်ဘေးနီးယားနှင့် စီရင်နေးကား နိုင်ငံများတွင် အီတလီတို့ အရေးနိမ့်ခဲ့ရသော အဖြစ်အပျက်များကလည်း ဘော်လ်ကန်နိုင်ငံများတွင် တော်လှန်ရေး





မှန်တိုင်းအသေးစားကလေးများကို ဖြစ်ပေါ်စေခဲ့၏။ ယင်းအဖြစ်အပျက်များသည် ကျွန်ုပ်တို့အပေါ် ဘယ်ရန်သူမျိုးမှ နိုင်အောင်တိုက်၍ မရဟူသော ၎င်းတို့၏ ယုံကြည်ချက်ကို သွယ်ဝိုက်၍ ထိုးနှက်ချေဖျက်လိုက်ခြင်း ဖြစ်၏။ ဤနေရာတွင် မိတ်ဆွေရောရန်သူပါ ဤသို့ပင် ယူဆခဲ့ကြပေသည်။

ဤဖြစ်ရပ် တစ်ခုတည်းကြောင့်ပင် ယူဂိုစလားဗီးယား၏ သဘောထားသည် အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်တို့အနေဖြင့်လည်း ဘော်လ်ကန် နိုင်ငံများအား စစ်ထဲသို့ မရောင်မလွှဲသာဘဲ ဆွဲသွင်းခဲ့ရ၏။ သို့ဖြစ်၍လည်း ကျွန်ုပ်သည် ထိုသို့မဖြစ်ရန် နည်းကုန်လမ်းကုန် ရှောင်ရှားဖို့ လိုလားခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့အနေဖြင့် ယင်းသို့သော အရှုပ်အထွေးတွင် တစ်ကြိမ်တစ်ခါ ဦးတည်ပါဝင်မိပါက ရှေ့ဆက်၍ ဘယ်ကမ်းဘယ်လမ်းဆိုက်ဆိုက် တောက်လျှောက်လိုက်ရတော့မည် ဖြစ်၏။

၁၉၄၁ ခုနှစ်၊ နွေဦးပေါက် ရာသီက ယခု ကျွန်ုပ်တို့ ရုရှားပြည်အား ဝင်တိုက်ရာတွင် လောလောဆယ်အသုံးပြုမည့် အင်အားအနည်းငယ်မျှလောက်နှင့်ပင် အရှေ့အနီး ဒေသကို အလျင်အမြန် လွတ်မြောက်အောင် လုပ်နိုင်ကြောင်း အထူးပြောစရာ မလိုပေ။

သို့သော် လိုအပ်သည့် တပ်အင်အားကို သူတို့ တပ်စွဲထားရာဒေသမှ ရွှေ့ပြောင်းရန်၊ ထိုအခိုက်အတန့်တွင် စစ်ပြေပြင်အမိန့်များ ထုတ်ပြန်လိုက်ခြင်းသည် သွယ်ဝိုက်၍ ကျခြောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် အန္တရာယ်ဖြစ်သော ရုရှားတို့အား ကျွန်ုပ်တို့ကို စော
တိုက်ခိုက်ရန် အချက်ပေးလိုက်သလို ဖြစ်သွားနိုင်ပေသည်။ ရု
တို့သည် နွေရာသီတွင်ဖြစ်စေ၊ နောက်အကျဆုံး ဆောင်းဦးပေါ
တွင်ဖြစ်စေ ယင်းသို့ တိုက်ခိုက်လာစရာရှိ၏။ ကျွန်ုပ်တို့ အမြ
အားဖြင့် ထိုမျှလောက် ဆိုးဆိုးဝါးဝါး ဖြစ်နေသည့် အခြေအနေ
မျိုးတွင် ကျွန်ုပ်တို့ဖက်က အနိုင်ရရန် လုံးဝမျှော်လင့်ချက် မ
သည်မှာ ထင်ရှားနေပေသည်။

ဂျူးများ ဩဇာလွှမ်းမိုးနေသည့် ဒီမိုကရေစီ နိုင်ငံများနှ
ပတ်သက်၍မူ ရုရှားတို့သည် ဆင်ကြီးတစ်ကောင်ကဲ့သို့ စိတ်ရှည်
သည်းခံမှုရှိခဲ့၏။ နောက်တစ်ကြိမ် စစ်ဖြစ်ရန်မလိုဘဲ အနေ့နှ
အမြန် ထိုနိုင်ငံများအပေါ် သူတို့ ဩဇာတည်ဆောက်လာနိုင်
မည်ဖြစ်ကြောင်း သေချာပေါက် ကောင်းကောင်းကြီး သိထားကြ
၏။ ဤသည်မှာလည်း အချင်းချင်း ဖရိုဖရဲ ဖြစ်စေသည့် အပြည်
ပြည်ဆိုင်ရာ သဘောကွဲလွဲမှုများ၏ ကျေးဇူးပင် ဖြစ်၏။ လွတ်
မြောက်အောင် တိမ်းရှောင်ထွက်ပြေး၍ ရနိုင်စရာမရှိဘဲ ဆက်
တိုက်ဖြစ်ပေါ်နေသည့် စီးပွားရေး အကြပ်အတည်းများ၏ ကျေးဇူး
ပင်ဖြစ်၏။ တကယ့်တန်းအားဖြင့် ရောဂါပျောက်ကင်းနိုင်စွမ်း မရှိ
ဘဲ ဆွဲဆောင်ရာတွင် အင်အားကြီးမားလှသည့် မာ့က်စ်ဝါဒ၏
ကျေးဇူးပင်ဖြစ်၏။

သို့သော် တတိယ ရိုက်ခ်ျနိုင်ငံတော်ကြီးနှင့် ပတ်သက်
၍မူ အခြေအနေသည် အလွန်ကွဲပြားခြားလျက် ရှိသည်ကိုလည်း





သူတို့ သိနားလည်ကြ၏။ ကြိုးစားပမ်းစား လုပ်ကြရသည့် နေရာ
တိုင်းတွင်ဖြစ်စေ၊ အထူးသဖြင့် စစ်ဖြစ်နေချိန်ထက် ငြိမ်းချမ်းရေး
ရနေသည့်အချိန်ကာလများတွင် ဖြစ်စေ ကျွန်ုပ်တို့က သူတို့အား
နေရာတကာတွင် မျိုးဖြုတ်ပစ်မည်ကို သူတို့ သိကြ၏။

ရုရှားတို့ ဘာ့ကြောင့် သည်းခံစိတ်ရှည်မှု ရှိရခြင်း
အကြောင်း ရှင်းလင်းထုချေချက်ကို ၎င်းတို့၏ အဘိဓမ္မာရေးရာပိုင်း
တွင် တွေ့မြင်နိုင်ကြ၏။ ယင်းအဘိဓမ္မာတွင် အရမ်းကာရော
ဆင်ကန်းတောတိုး လုပ်မှုများကို ရှောင်ရှား၍ အချိန်ကို စောင့်
ဆိုင်းကြရန် ညွှန်ကြားဆုံးမထား၏။ ယင်းသို့ စောင့်ဆိုင်းရမည့်
အချိန်မှာ တစ်နှစ်သော်လည်းကောင်း၊ မျိုးဆက်တစ်ဆက်သော်
လည်းကောင်း၊ နှစ်ပေါင်းတစ်ရာသော်လည်းကောင်း ကြာကောင်း
ကြာပေလိမ့်မည်။ အကယ်၍ လိုအပ်ပါက သူတို့၏ စီမံကိန်းများ
အလုံးစုံ ထမြောက်အောင်မြင်မည့် အချိန်ကာလသို့ ကျရောက်
သည်အထိ စောင့်ဆိုင်းရန်ပင် ဖြစ်၏။ အချိန်သည် သူတို့အတွက်
ဘာမှ မဟုတ်ပေ။ သူတို့အတွက် လောကနိဗ္ဗာန်တစ်ခု တည်
ဆောက်ပေးရန် မာ့က်စ်ဝါဒက ကတိပေးထားသည်မှာ မှန်၏
သို့သော ယနေ့ တည်ဆောက်ပေးလိမ့်မည်မဟုတ်၊ နက်ဖြန်လည်း
မဟုတ်၊ ဝိုးတိုးဝါးတား မထင်ရှားသည့် အနာဂတ်ကာလတွင်သာ
ဖြစ်သတည်း။

ရုရှားတို့သည် သူတို့၏ ကျောရိုးဖြစ်သည့် အခါ သည်း
ခံစိတ်ရှည်မှုကို လစ်လျူရှုကာ ဂရိတ်ဗြိတိန်ပြည်ကြီး ပျက်စီ



www.burmeseclassic.com

www.burmeseclassic.com



မည့်အရေးကို ဘေးမှ အချိန်ဖြုံး၍ ရပ်ကြည့်မနေနိုင်တော့ဘဲ ကျွန်ုပ်တို့နှင့် ထီးထီးကြီး မျက်နှာချင်းဆိုင်မိအောင်လာ၍ ဆိုင်ခဲ့ကြ၏။ ဤကိစ္စတွင် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့သည်ပင် အချင်းချင်း အပြတ်စာရင်းရှင်းနေကြ၏။

ဤသည်ကိုထောက်၍ ကျွန်ုပ်တို့နှစ်ဦး အကြားတွင် ကာလကြာညောင်းစွာ ပေါ်ပေါက်နေခဲ့သော အရေးအခင်းကို ကျွန်ုပ်တို့ ကြိုက်သည့်နေရာ၊ ကြိုက်သည့်အချိန်တွင် ကျွန်ုပ်တို့ အလိုကျ ဖြေရှင်းနိုင်ကြောင်း လုံးဝသံသယ ဖြစ်စရာမလိုသည်မှာ ထင်ရှားလှ၏။

အကယ်၍ ကျွန်ုပ်သည် ဘော်လ်ရှီဗစ်ဝါဒအား လက်နက်ဖြင့် အကြမ်းဖက်၍ စာရင်းရှင်းပစ်ရန် မဖြစ်မနေ ဆုံးဖြတ်ရမည်ဆိုပါက ထို့ပြင် မော်စကိုစာချုပ်လက်မှတ် ရေးထိုးခဲ့သည့်နှစ်ပတ်လည်နေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်၏ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်ဆိုပါက စတာလင်သည် ထိုထက်စော၍ ယင်းစာချုပ်လက်မှတ် မထိုးမီကပင် အလားတူ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး ဖြစ်သည်ဟု ယုံကြည်စရာ အချက်အလက်များ ကျွန်ုပ်တွင် ရှိနေပေသည်။

အကယ်၍ ပြောမနာ ဆိုမနာ တကယ့်မိတ်ဆွေရင်းချာမျိုး မဟုတ်သည့်တိုင်အောင် တတိယရိုက်ခ်ျ နိုင်ငံတော်နှင့် စတာလင်၏ ရုရှားပြည်တို့အကြားတွင် ရိုးရိုးသားသားဖြင့် သစ္စာရှိသည့် မိတ်ဆွေသဘောမျိုးထား၍ ရမည်ဆိုပါက ထားနိုင်ရလိမ့်





မည်ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်သည် တစ်နှစ်တာကာလပတ်လုံး စွဲစွဲမြဲမြဲ အားခဲထားခဲ့၏။ ယထာဘူတဝါဒသမားဖြစ်သော စတာလင်သည် မရေမရာ မသေမချာနိုင်လှသည့် မာ့က်စ်ဝါဒ အတွေးအခေါ် အနှောင်အဖွဲ့မှ သူ့ကိုယ်သူ ရုန်းထွက်၍ ယင်းဝါဒ အတွေးအခေါ်များကို ပြည်ပရေးရာ သက်သက်များတွင် အဆိပ်အတောက်အဖြစ် အသုံးချရန်သာ ကိုင်စွဲထားသည်ဟု ကျွန်ုပ် သဘောရရှိပေသည်။

ဇာဘုရင်များ အုပ်ချုပ်ခဲ့သည့် ရုရှားပြည်ကြီးအား ဖျက်ဆီးချေမှုန်းရာတွင် သူ့အား အချက်ပြအခါပေးခြင်းဖြင့် အထောက်အကူပြုခဲ့ကြသည့် ဂျူးပညာတတ်လူတန်းစားများအား စတာလင်က ရက်ရက်စက်စက် ခေါင်းဖြတ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်၏ ယုံကြည်ချက်မှာ ပို၍ ခိုင်မာနေ၏။ အဆိုပါ ပညာတတ်လူတန်းစား ဂျူးများအား သူတည်ဆောက်ခဲ့သည့် အဆုံးအစမရှိသော အင်ပိုင်ယာကြီး ပြိုကွဲပျက်စီးအောင်လုပ်ရန် ခွင့်ပြုလိမ့်မည်မဟုတ်ဟု ကျွန်ုပ်ရဲရဲကြီး ပြောရဲပေသည်။ အဆိုပါ စတာလင်အင်ပိုင်ယာကြီးကား တကယ့် အနှစ်သာရအားဖြင့် ဆိုရလျှင် စိတ်ဓာတ်ရေးရာအရ မဟာပီတာဘုရင်ကြီး၏ အင်ပိုင်ယာမှ ဆက်ခံဆင်းသက်လာခြင်း ဖြစ်ပေသည်။

နှစ်ဖက်စလုံးတွင် နားကျည်းဖွယ်ရာကောင်းလှသည့် ဖြစ်ရပ်မှန်များနှင့် စိတ်ဓာတ်များရှိနေကြသည့် အလျောက် ကျွန်ုပ်တို့သည် ရေရှည်ခံသည့် မိတ်ဆွေများအဖြစ် အခြေအနေကို ဖန်



www.burmeseclassic.com

www.burmeseclassic.com



တီးသင့်ခဲ့ကြ၏။ သို့ဖန်တီးရာ၌ မိမိတို့ဩဇာ လွှမ်းမိုးရမည့်နယ် မြေဒေသများကို တစ်ဦးစီ အတိအကျ ခွဲဝေသတ်မှတ်ထားခြင်း၊ စီးပွားရေးနယ်ပယ်တွင် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ကြပ်ကြပ်မတ်မတ် ထိန်းချုပ်လုပ်ကိုင်ခြင်း၊ ထိုမှ ရရှိလာသော အကျိုးစီးပွားများကို နှစ်ဦးနှစ်ဝ ခံစားကြခြင်း စသည်တို့ဖြင့် လုပ်ဆောင်သင့်ကြ၏။ ခပ်တိုတို ပြောရလျှင် ဤမိတ်ဆွေဖြစ်မှုမျိုးသည် လင်းယုန်မျက်စိကဲ့သို့ မပြတ်စောင့်ကြည့်၍ သေနတ်ကို မောင်းတင်ထားရမည့် မိတ်ဆွေအဖြစ်မျိုးပင်တည်း။







(၁၇)

ဥရောပ၏ နောက်ဆုံးအခွင့်အရေး...။ နပိုလီယန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်စွာဆွေးနွေးမှု...။ နပိုလီယန်၏ ဒဏ်ရာဒဏ်ချက်နှင့် ကျွန်ုပ်၏ ဒဏ်ရာဒဏ်ချက်...။ ကျွန်ုပ်တို့သွားရာလမ်းခရီးတွင် ဗြိတိန်က အမြဲကန့်လန့်ခံနေခြင်း...။ ဥရောပတိုက်တွင် သဘောကွဲလွဲမှု ဖြစ်ပွားအောင်လုပ်ရာ၌ အောင်မြင်ခဲ့သူများ...။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဖေဖော်ဝါရီ ၂၆ ရက်

ကျွန်ုပ်သည် ဥရောပတိုက်၏ နောက်ဆုံးအားထားရာ မျှော်လင့်ရာ ပုဂ္ဂိုလ်ဖြစ်ခဲ့၏။ ဥရောပသည် စေတနာ့ဝန်ထမ်းပြု ပြင်ပြောင်းလဲမှုများဖြင့် သူ့ကိုပြန်၍ တန်ဆာဆင်မရနိုင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်၏။ သူ့ကို နှစ်သက်စွဲမက်လာအောင် ဆွဲဆောင်သိမ်းသွင်း၍ မရကြောင်း ပြသခဲ့၏။ သူ့ကိုရအောင် လုပ်ရန်အတွက် ကျွန်ုပ်သည် အကြမ်းဖက်သည့်နည်းကို သုံးခဲ့ရပေသည်။

ဥရောပသည် အပျက်အစီးများကို အခြေခံ၍ တည်ဆောက်မှသာ ရနိုင်စရာရှိပေသည်။ ယင်းအပျက်အစီးများမှာ ရုပ်ဝတ္ထုအရ ပျက်စီးမှုများ မဟုတ်မူ၍ အကျိုးစီးပွားမြုပ်နှံမှုများနှင့် စီးပွားရေးပူးပေါင်းရာတွင် ပျက်စီးမှုများ၊ တရားသေစိတ်ထားနှင့် အမှန်တရားကို ဆန့်ကျင်၍ မလိုမုန်းထားသော ပျက်စီးမှုများ ခေတ်မမီတော့ဘဲ ပေါကြောင်ကြောင် ဖြစ်နေသည့် ဝါဒများနှင့် စိတ်သဘောထားသေးသိမ် ကျဉ်းမြောင်းသော ပျက်စီးမှုများ





စသည်တို့ဖြစ်၏။ တစ်ဦးချင်း တစ်ယောက်ချင်းကို ဂရုစိုက်မနေဘဲ အားလုံး၏ အကျိုးစီးပွားများနှင့် ကိုက်ညီအောင် ဥရောကို ပုံစံပြောင်းပေးရမည်ဖြစ်၏။ နပိုလီယံသည် ဤအချက်ကို ကောင်းကောင်းကြီး နားလည်းခဲ့သူဖြစ်ပေသည်။

နပိုလီယံခံစားခဲ့ရသည့် ဝေဒနာနှင့် ဒဏ်ရာဒဏ်ချက်များကို စိတ်ထဲတွင် မှန်းဆကြည့်ရာ၌ ကျွန်ုပ်သည် အခြားသူများထက် ပို၍ အတိအကျ မှန်းဆနိုင်သူ ဖြစ်စရာရှိ၏။ သူသည် စစ်ပြေငြိမ်းရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်မှန်းခဲ့၏။ သို့ပါလျက် စစ်ကို မရပ်မနား ဆက်တိုက်နေခဲ့ရ၏။ ရပ်နားစရာ လုံးဝအလားအလာ မမြင်ရဘဲ ဆက်တိုက်ခဲ့ရ၏။ နောက်ဆုံးတွင် ငြိမ်းချမ်းရေး ရတန်ကောင်းရဲ့ဟူ၍ အဆုံးအစမရှိသော မျှော်လင့်ချက်ဖြင့် ဇွတ်ဆက်၍ လုပ်ခဲ့ရ၏။

ကျွန်ုပ်သည်လည်း ၁၉၄၀ ပြည့်နှစ် နွေရာသီမှစ၍ အလားတူ စိတ်ဝေဒနာ ဒဏ်ရာဒဏ်ချက်မျိုးကို ခံစားခဲ့ရပေသည်။ ထို့ပြင် ဥရောပတိုက်၏ တိုးတက်ဖွံ့ဖြိုးမှု ခရီးလမ်းတွင် ရှေ့မှ အမြဲတမ်းကာဆီး ကာဆီးလုပ်ခဲ့သူမှာ ဤဗြိတိန်ပင်ဖြစ်၏။ ယခုသော်မူ သူသည် အိုမင်းရင့်ရော်၍ အားအင်ချိနဲ့နေပေပြီ။ သို့ပါလျက် အကုသိုလ်ဒုစရိုက်နှင့် မိုက်မဲမှုများမှာမူ ယခင်ကထက် လျော့နည်းသွားခြင်း မရှိသေးဘဲ ဖြစ်နေ၏။

အချုပ်အားဖြင့်ဆိုရလျှင် သူသည် သဘာဝမကျ အနိုင်ရ ရုံ သက်သက်မျှဖြစ်သော ဤသဘောထားနှင့် ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စု၏ အကူအညီ အထောက်အပံ့ကို ရနေခဲ့၏။ သူတို့နှစ်ဦးစလုံးကို နိုင်ငံတကာ ဂျူးအင်အားစုကြီးတစ်ခုလုံးက အသက်သွင်း၍ တိုက်တွန်းအားပေးနေပေသည်။ သို့သော် ဤဂျူးအင်အားစုကြီးသည် ကျွန်ုပ်တို့ အချင်းချင်းကို သဘောကွဲလွဲမှုများ ရှင်သန်ကြီးထွားအောင် ယခင်ကလည်း လုပ်ဆောင်ခဲ့၍ နောင်အရှည်သဖြင့်လည်း ဆက်လက်လုပ်ဆောင်သွားရန် စိတ်ထက်သန်နေသည့် အင်အားစုကြီးပင် ဖြစ်သတည်း။







(၁၈)

မရှောင်မလွှဲသာဘဲ ဆုံးခန်းတိုင် ရောက်ရတော့မည့် ရှုံးနိမ့်မှုကြီး…။ အောင်မြင်သူများ၏ လက်ချက်ဖြင့် တတိယရိုက်ခ်ျနိုင်ငံတော်ကြီး အစိပ်စိပ် အမွှာမွှာ ကွဲအက်ပျက်စီးရခြင်း…။ စပ်ကူးမတ်ကူးကာလအတွင်းမှ ဂျာမနီ…။ အဆုံးအစမရှိသော ဂျာမနီပြည်၏ ပြန်လည်သက်ဝင်လှုပ်ရှားမှု…။ သစ္စာရှိမှုအတွက် ကျင့်သုံးရမည့်လမ်းစဉ်…။ ဥရောပတိုက်မှ အမြင့်မြတ်ဆုံးလူမျိုး…။ အကာယ်၍ ဗြိတိန်နှင့် အီတလီတို့သာ…ပျက်စီးယိုယွင်းလာ၍ ရန်ညှိုးမပြေနိုင်အောင် ဖြစ်နေသည့် ပြင်သစ်…။ အာရှနှင့် အာဖရိက ပြည်သူများ၏ နိုးကြားထကြွမှုကို စောင့်ဆိုင်းနေရခြင်း…။ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့ မျက်နှာချင်းဆိုင် တွေ့ကြရာဝယ်…။ မာ့က်စ်ဝါဒကို ဖယ်ရှားသုတ်သင်ထားသည့် ရုရှားပြည်…။ အကောင်ကြီးမားသလောက် ပျော့ညံ့နုနယ်သည့် အမေရိကန်…။ ငတ်မွတ်ခေါင်းပါးသော ပြည်သူများ၏ အခွင့်အရေးများ…။ သတ္တိကြောင်သော ပြည်သူများအတွက် လွတ်မြောက်ရန် အခွင့်အလမ်းများ…။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅ ခု၊ ဧပြီလ ၂ ရက်

ကျွန်ုပ်တို့သာ စစ်ပွဲတွင် အရေးနိမ့်ရန် ကံကြမ္မာဖန်လာပါက ကျွန်ုပ်တို့၏ ရှုံးနိမ့်မှုသည် လုံးဝ နလံမထူနိုင်တော့ဘဲ ဘုံးဘုံးလဲ ကျဆုံးသည့် ရှုံးနိမ့်မှုပင် ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ ရန်သူများသည် သူတို့၏ ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အဖို့ ဘာတစ်ခုမှ ဒွိဟဖြစ်စရာ မလိုအောင် အတိအလင်း ကြော်ငြာခဲ့ပြီး ဖြစ်၏။ ဂျူးများ၊ ရုရှားဘော်လ်ရှီဗစ်များနှင့် ၎င်းတို့၏ နောက်လိုက်များဖြစ်ကြသော ခွေးအများသည် တဝုတ်ဝုတ်ဟောင်၍ ကျွန်ုပ်တို့အား သဲကြီးမဲကြီး လိုက်လျက်ရှိကြ၏။ သူတို့အားလုံးသည် အမျိုးသား ဆိုရှယ်လစ်ဂျာမနီပြည်ကြီးကို လုံးဝရစရာမရှိအောင် ဖျက်ဆီး၍ အုတ်ကျိုးအုတ်ပဲ့များဖြင့် စုပုံနေသည့် အုတ်ပုံကြီးအဖြစ်သို့ မရောက်မချင်း သူတို့၏ လက်နက်များကို လက်ကမချဘဲ သဲသဲမဲမဲ တိုက်ခိုက်ကြမည်ကို ကျွန်ုပ်တို့ သိ၏။

ဤမျှ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းလှသည့်





တိုက်ပွဲကြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး လုံးဝပေါင်းစပ်သင့်မြတ်နိုင်စရာ မရှိသည့် သဘောတရားများကို နှစ်ဦးနှစ်ဖက် ကိုင်စွဲကာ အနိုင်ကြဲနေကြသည့် စစ်ပွဲကြီးတွင် မရှောင်မလွဲသာဘဲ တစ်ဖက်ဖက်က လုံးဝပျက်စီး ပြိုကွဲသွားမှသာ ဤပြဿနာ ပြေလည်စရာ ရှိပေသည်။ ဤတိုက်ပွဲသည် နှစ်ဖက်စလုံး ခြေကုန်လက်ပမ်းကျသည်အထိ မီးကုန်ယမ်းကုန် ကြဲရမည့် တိုက်ပွဲဖြစ်၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့ဖက်ကမူ အောင်ပွဲရသည်အထိသော် လည်းကောင်း၊ ကျွန်ုပ်တို့၏ နောက်ဆုံး သွေးတစ်စက်ကျသည်အထိသော် လည်းကောင်း တိုက်သွားရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိ၏။

စဉ်းစားရသည်မှာ ရက်စက်ကြေကွဲစရာပင် ဖြစ်၏။ ကျွန်ုပ်တို့၏ ရိုက်ခ်ျနိုင်ငံတော်ကြီးသည် စစ်နိုင်သူများ၏ လက်ချက်ဖြင့် အစိပ်စိပ် အမွှာမွှာ ပြိုကွဲပျက်စီး၍ ကျွန်ုပ်တို့၏ ပြည်သူများမှာလည်း ဘော်လ်ရှီဗစ်များနှင့် အမေရိကန် လူဆိုးဂိုဏ်းများ၏ အလွန်အကျူး ရက်စက်မှုများအောက်တွင် ခိုးကိုရာမဲ့ ဖြစ်နေကြမည်ကို စဉ်းစားလိုက်တိုင်း ကျွန်ုပ်မှာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်မိပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဤအလားအလာဖြစ်ရပ်သည်ပင် ဂျာမန်ပြည်သူများ၏ အနာဂတ်နှင့် စပ်လျဉ်းသည့် ကျွန်ုပ်၏ ခိုင်မာသော ယုံကြည်ချက်ကို ယိမ်းယိုင်အောင် မလုပ်နိုင်ခဲ့ပေ။ ကျွန်ုပ်တို့၏ ခံစားမှုဒုက္ခအဝဝ ပိုမိုကြီးမားလေလေ၊ အဆုံးအစမရှိသည့် ဂျာမနီပြည်ကြီး၏ ပြန်လည်သက်ဝင် လှုပ်ရှားမှုသည် ပိုမိုပြောင်



www.burmeseclassic.com

www.burmeseclassic.com



မြောက်လာလေလေ ဖြစ်ပေလိမ့်မည်။ တိုင်းပြည်၏ဘဝ တည်တံ့ခိုင်မြဲမှုအတွက် တကယ်တမ်း အန္တရာယ်ကျရောက်လာသည့်အခါ ကာလမျိုးတွင် ဖြိုးခနဲ တဟုန်ထိုး စိတ်ပျက်အားငယ်သွားတတ်သည့် ဂျာမန်တို့၏ ထူးခြားသော စိတ်ဓာတ်သည် ယခုတစ်ကြိမ်တွင်လည်း ကျွန်ုပ်တို့အတွက် ကောင်းသော အစားထိုးတစ်ခု ဖြစ်ပေါ်လာစရာ ရှိပေလိမ့်မည်။

သို့သော် ကျွန်ုပ်တစ်ဦးတည်းအနေဖြင့် ပြောရလျှင် ဒုတိယရိုက်ခ်ျနိုင်ငံတော်ကြီး စစ်ရှုံးပြီးနောက် ပေါ်ပေါက်လာမည့် စပ်ကူးမတ်ကူး ကြားကာလအတွင်း ဂျာမနီပြည်တွင် သည်းခံ၍ နေနိုင်လိမ့်မည် မဟုတ်ပေ။ ၁၉၁၈ ခုနှစ်က ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရဖူးသော သိက္ခာမဲ့မှုများ၊ သစ္စာဖောက်မှုများနှင့် နှိုင်းယှဉ်၍ မရလောက်သည့် အဖြစ်များကို ယခု တွေ့လာရလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ရပေသည်။

အမျိုးသား ဆိုရှယ်လစ်ဝါဒ ပေါ်ပေါက်လာခဲ့ပြီးနောက် ဆယ့်နှစ်နှစ်မျှအကြာတွင် ယခုလိုအဖြစ်မျိုး ဖြစ်လာရည်မှာ နားမလည်နိုင်လောက်အောင်ပင် ဖြစ်၏။ ကျွန်ုပ် မျှော်မှန်းထားသည့် ဂျာမနီနှင့် ပတ်သက်သမျှ စိတ်ကူးစိတ်သန်းများမှာ ကွဲအက်ပြိုပျက်ခဲ့ရပေပြီ။ ရွှံ့ညွှံ့ ဗွက်တောထဲတွင် နှစ်ပေါင်းများစွာ လူးလိမ့်ရုန်းကန်၍ သူ့ရဲကောင်းဝါဒ၏ အထွဋ်အထိပ်သို့ ရောက်အောင် ပို့ဆောင်ခဲ့သည့် ၎င်း၏ စွမ်းရည်သတ္တိများမှာလည်း ယခုအချိန်မှစ၍ တစ်စတစ်စ ဆုံးပါးယုတ်လျော့ခဲ့ရပြီ ဖြစ်၏။





သို့ဖြစ်လျှင် စိတ်ဓာတ်များ ညှိုးမှိန်သိမ်ငယ်ခြင်းလည်း မဖြစ်၊ နှလုံးသားများလည်း တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ ကျန်ရစ်ကြမည့်သူများအတွက် ကျွန်ုပ်တို့က မည်သည့် အကြံဉာဏ်များ ပေးနိုင်ပါမည်နည်း။ မည်သို့သော ကျင့်စဉ်ကျင့်ဝတ်များကို ညွှန်ပြထောက်ခံကြပါမည်နည်း။ မောင်ကြီးမဲမဲတွင် ရိုက်နှက်ထိုးကြိတ်ခြင်း ခံရပြီးနောက် ဖြစ်ချင်ရာဖြစ်ဟူ၍ တစ်ယောက်ထဲ ပစ်ထားခြင်း ခံခဲ့ကြရသည့် ဂျာမန်လူမျိုးများသည် ကျွန်ုပ်တို့ ချမှတ်ခဲ့သည့် လူမျိုးရေးဆိုင်ရာ ဥပဒေများကို အလိုလို လိုက်နာလေးစားသည့် အဖြစ်မျိုးသို့ရောက်အောင် ကြိုးပမ်းအားထုတ်သင့်ကြပေသည်။

ဂျူးများ၏ အဆိပ်အတောက်များကြောင့် တစ်နေ့တခြား လမ်းများသို့ ပို၍ ပို၍ ရောက်ရှိလာသည့် ဤကမ္ဘာကြီးတွင် အဆိပ်မမိဘဲ ကျန်ရှိနေသည့် လူမျိုးတစ်မျိုးသည် ရေရှည်ကျလျှင် ထိပ်ဆုံးသို့ ရောက်ရမည်သာ ဖြစ်၏။ ဤအချက်ကို ထောက်ခြင်းအားဖြင့် ဂျာမနီနှင့် ဥရောပအလယ်ပိုင်းဒေသမှ ဂျူးများကို သုတ်သင်ပစ်ခဲ့သည့်အတွက် ပြည်သူလူထုသည် အမျိုးသား ဆိုရှယ်လစ်ဝါဒအား အဆုံးအစမရှိ ကျေးဇူးဥပကာရ တင်သင့်ပေသည်။

စစ်ပြီးကာလ ဂျာမနီ၏ ဒုတိယဦးစား ပေးသင့်သော အလုပ်မှာ ဂျာမန်အမျိုးအနွယ် အားလုံးတို့၏ မပျက်မပြုန်းနိုင်သော ညီညွတ်ရေးကို စောင့်ထိန်းသွားရန် ဖြစ်သင့်ပေသည်။ ကျွန်ုပ်တို့အားလုံး ညီညွတ်စည်းရုံးကြမှသာ ကျွန်ုပ်တို့၏ အစွမ်းအသွေး



www.burmeseclassic.com

www.burmeseclassic.com



များသည် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ပွားများတိုးတက်လာမည်ဖြစ်၏။

ယင်းသို့ တိုးတက်ပွားများရန်အတွက် ကျွန်ုပ်တို့အကြားတွင် ပရပ်ရှားနွယ်ဘွား၊ ဘာဗေးရီးယားနွယ်ဘွား၊ ဩစတရီးယားနွယ်ဘွား၊ ရိုင်းလင်းနွယ်ဘွားဟူ၍ အမျိုးအမည် ခွဲခြားမနေဘဲ အားလုံး ဂျာမန်လူမျိုးများသာ ဖြစ်ရန်လို၏။ ပရပ်ရှားနွယ်ဘွားများသည် ဘစ္စမတ် မင်းသားကြီးလက်ထက်က ဂျာမန်အမျိုးသားများအား ရိုက်ချ်နိုင်ငံတော်အဖြစ် ပထမဆုံး စုစည်းခဲ့သူများ ဖြစ်ကြ၏။ ထိုသို့ ပြုလုပ်ခဲ့ကြောင်း ဂျာမန်လူမျိုးများအနေဖြင့် မိမိတို့သည် ဥရောပတွင် ထိပ်တန်းအကျဆုံး လူမျိုးဖြစ်ကြောင်း ပြသခွင့် ရှိခဲ့ကြ၏။ ကျွန်ုပ်သည်လည်း ၎င်းတို့အားလုံးကို စည်းရုံးညီညွတ်စေခဲ့ခြင်းဖြင့် သစ်လွင်သော ဥရောပတိုက်၏ ပိသုကာများ ဖြစ်လာမည့် လမ်းကြောင်းသို့ ပို့ဆောင်ပေးခဲ့ပေသည်။

နောင် အနာဂတ်ကာလတွင် မည်သို့ပင် ဖြစ်စေ၊ ဂျာမန်လူမျိုးများအနေဖြင့် မိမိတို့အချင်းချင်း သဘောကွဲလွဲမှု ဖြစ်ပွားစေမည့် အရာဝတ္ထု၊ အင်အားစုမှန်သမျှကို ဖယ်ရှားဖျောက်ဖျက်ပစ်ရန် လိုအ ါ ကြောင်း သတိချပ်သင့်ပေသည်။ ထိုမှတစ်ဖန် မိမိတို့၏ ညီညွတ်ရေး တည်တံ့ခိုင်မြဲမှုကို အထောက်အကူပြုသည့် လုပ်ဆောင်ချက်မှန်သမျှ မနားမနေ ကြိုးပမ်းအားထုတ်သင့်ပေသည်။

နိုင်ငံရပ်ခြား တိုင်းတပါးများနှင့် ပတ်သက်၍ ပြောရလျှင်





စည်းကမ်းဥပဒေများကို အသေသတ်မှတ်ရန် မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော အခြေအနေမှာ အမြဲတစေ ပြောင်းလဲနေသောကြောင့် ဖြစ်ပေသည်၊ ဥရောပတိုက်တွင် ဂျာမနီအတွက် မဟာမိတ်အဖြစ် သဘောထားရမည့် နိုင်ငံနှစ်နိုင်ငံတည်းသာရှိကြောင်း လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်က ကျွန်ုပ် ဖော်ထုတ်ရေးသားခဲ့ဖူး၏။ ၎င်းတို့မှာ ဗြိတိန်နှင့် အီတလီတို့ ဖြစ်ကြ၏။

သို့သော် ဤအချိန်ကာလ အတောအတွင်း ကျွန်ုပ်၏ ရေးသားချက်နှင့် ကျိုးကြောင်းဆီလျော်စေမည့် ပေါ်လစီကို အကောင်အထည်ဖော်ရန် အခြေအနေက ခွင့်မပြုဘဲ ရှိနေခဲ့၏။ ဗြိတိန်သည် အင်ပိုင်ယာအာဏာကို ဆက်လက်ထိန်းသိမ်း ဆုပ်ကိုင်ထားဆဲပင်ဖြစ်ကြောင်း ဝန်ခံရမည်ဖြစ်သော်လည်း ၎င်းတို့၏ အင်ပိုင်ယာကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သော စိတ်ဓာတ်အရည်အသွေးများ တ ် ောင်စ လျော့ပါးလာခဲ့ပြီ ဖြစ်၏။ သူတို့သည် ကမ္ဘာကို လွှမ်းမိုး ပ ်ာန် လကျ္ခဏာရှိပေသည်။ သို့သော် တကယ့် တကယ်အားဖြင့်ဆိုလျှင် သူတို့ ကိုယ်နှိုက်က ဂျူးများ၏ လွှမ်းမိုးခြင်းကို ခံနေကြရ၏။

အီတလီသည်လည်း ရှေးဟောင်းရောမနိုင်ငံတော်ကြီးနှင့် တူအောင် ထိုထက်သာအောင် ကြိုးစားခဲ့၏။ သူ့တွင် ရောမနိုင်ငံကဲ့သို့သော ရည်မှန်းချက်ဆန္ဒများ အပြည့်အဝ ရှိခဲ့၏။ သို့သော် ၎င်းနှင့် တစ်ပါတည်း လိုအပ်ချက်နှစ်ခုဖြစ်သော စိတ်ဓာတ်ခိုင်မာမှုနှင့် ရုပ်ဝတ္ထုအင်အားကြီးမားမှုတို့တွင် ချို့တဲ့နေခဲ့၏။ သူ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် တစ်ခုတည်းသော အားကိုးစရာအချက်မှာ ရောမနိုင်ငံသား စစ်စစ်တစ်ယောက်က ခေါင်းဆောင်မှုပေးနေခြင်းသာ ဖြစ်၏။

သို့သော် ထိုပုဂ္ဂိုလ်မှာ သနားစရာကောင်းသည့် ပုဂ္ဂိုလ် တစ်ဦးဖြစ်နေ၍ ထိုတိုင်းပြည်မှာလည်း သနားစရာတိုင်းပြည် ဖြစ် ခဲ့ရ၏။ လူတစ်ဦးတစ်ယောက်ကဲ့သို့ပင် တိုင်းပြည်တစ်ပြည်အဖို့ ရာ၌လည်း ရည်မှန်းချက် လိုအင်ဆန္ဒများသာရှိ၍ ယင်းရည်မှန်း ချက်များ အောင်မြင်ထမြောက်စေမည့် လုပ်နည်းလုပ်ဟန်များ လည်း မရှိ၊ ဘယ်တော့မှလဲ ရှိလိမ့်မည်ဟု မျှော်လင့်၍ မရခြင်း သည် တကယ့် သနားစရာပင်တည်း။

နောက် ပြင်သစ်ပြည် ကျန်သေး၏။ ပြင်သစ်ပြည်အား မည်သို့ သဘောထားကြောင်း လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်က ကျွန်ုပ် ဖော်ထုတ်ရေးသားခဲ့ဖူး၏။ သူသည် ယခင်ကရော ယခုပါ ဂျာမန်လူမျိုးများ၏ အဓိပတိ ရန်သူကြီး ဖြစ်ခဲ့၏။ ဖြစ်နေ၏။ သူ ၏ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခြင်းနှင့် မကြာခဏ ဂယောင်ချောက်ချား ဖြစ်တတ်ခြင်းများကြောင့် တစ်ခါတစ်ရံ သူ၏ လုပ်ရပ်များ၏ အရေးကြီးမှုကို ကျွန်ုပ်တို့က လျှော့၍ တွက်လေ့ ရှိကြ၏။

သူ့အနေဖြင့် ယခုအတိုင်း ဆက်၍ ပိုမိုအားနည်းချိနဲ့ လာလေလေ သူ့အပေါ်ယုံ၍ မဖြစ်လေလေဆိုသော အချက်မှာ ကျွန်ုပ်တို့အတွက် ငြင်းစရာမလိုသော အချက်ပင်ဖြစ်၏။ ပြင်သစ် ၏ စစ်အင်အားကြီးမားမှုမှာ ယခုအခါ အရိပ်ပမာ မှုဝါးဝါးသာ





ကျန်တော့၏။ ဤအချက်တစ်ခုတည်း သက်သက်ကို ထောက်ရှု၍ သူသည် ကျွန်ုပ်တို့အတွက် နောက်တစ်ဖန် ကားဘိတ်ကလေးမျှ ထိတ်လန့်စိုးရိမ်စရာ ဖြစ်လာတော့မည် မဟုတ်ကြောင်း သေချာ နေပေသည်။

ဤပြဿနာသည် မည်သို့ပင် ဖြစ်လာသည်ဖြစ်စေ၊ ဤ စစ်ကြီးသည် တစ်နည်းအားဖြင့် ပြင်သစ်ပြည်အား ပူနှင့် ထိုက်တန်သော အဆင့်သို့ နေရာချထားပေးခဲ့ပြီ ဖြစ်၏။ ထို နေရာကား ပဉ္စမတန်း နိုင်ငံကြီး၏ နေရာပင်တည်း။

ယင်းသို့ ဖြစ်လာသည့်တိုင်အောင် သူ၏ အတိုင်းအဆ မရှိသော အကျင့်စာရိတ္တ ပျက်ပြားမှုနှင့် ပြိုင်ဘက်ကင်းလောက် အောင် ကျွမ်းကျင်သော ခြိမ်းခြောက် အကြပ်ကိုင်မှုအတတ် ပညာတို့ကြောင့် ကျွန်ုပ်တို့အတွက် အန္တရာယ်ပေးနိုင်သည့် အခြေ အနေမျိုးမှာပင် ရှိနေသေး၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် တာဖွဖွ ဦးခံ၍ ရွတ်နေရမည့် ဂါထာမှာ "မယုံနဲ့ သတိထားနေကြ" ဟူ၍ ပင် ဖြစ်၏။ ဂျာမန်တို့သည် အဆိုပါ ချော့မြှူသည့် အသံကြောင့် မိန်းမောတွေဝေသည့် အဖြစ်မျိုးသို့ ဘယ်တော့မှ ရောက်မသွား အောင် ကိုယ့်ကိုယ်ကို အမြဲတမ်း သတိထားနေကြရမည် ဖြစ်၏။

သို့ဖြစ်ရာ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရာ၌ တရား သေ စည်းကမ်းများကို ဆုပ်ကိုင်ထား၍ မဖြစ်ဘဲ၊ ပြောင်းလဲပေါ် ပေါက်နေသည့် အခြေအနေနှင့် လိုက်လျောညီထွေသည့် မူဝါဒ စီကို ချမှတ်ကျင့်သုံးနိုင်ရန် အမြဲတစေ အသင့်ဖြစ်နေရန် လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



၏။

ဤအချိန်ကာလမျိုးတွင် ဂျာမနီသည် သူ၏ ယုံကြည်လေးစားထိုက်သော မိတ်ဆွေများကို သိမ်းသွင်းစုဆောင်းရာ၌ ဂျူးများ၏ ကူးစက်တတ်သော ရောဂါကို ခုခံကာကွယ်နိုင်သူများထဲမှ ထာဝစဉ် ရွေးချယ်သွားမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချစွာ အခိုင်အမာ ပြောဆိုနိုင်၏။ ဂျပန်၊ တရုတ်နှင့် အစ္စလမ်လူမျိုးများသည် ကျွန်ုပ်တို့နှင့် ပို၍ နီးစပ်မှုရှိ၏။ ဥပမာအားဖြင့် ပြောရလျှင် သူတို့သည် ကျွန်ုပ်တို့နှင့် သွေးသားတော်စပ်မှုရှိသော ပြင်သစ်တို့ထက် ပို၍ နီးစပ်မှုရှိ၏။ စိတ်မချမ်းမြေ့စရာ ဖြစ်ရသည်မှာ ပြင်သစ်ပြည်သည် တစ်လျှောက်လုံး ရာစုနှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းလာခဲ့၍ ၎င်း၏ အထက်တန်းလွှာများမှာလည်း ဂျူးများ၏ ဆွဲဆောင်မှုကြောင့် လမ်းမှားသို့ လိုက်ပါခဲ့ကြခြင်းပင် ဖြစ်၏။ ယခုအခါ ပြင်သစ်ပြည်ကြီးမှာ ဂျူးများ၏ ပေါ်လစီနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေကြချေပြီ။

ရိုက်ခ်ျနိုင်ငံတော်ကြီး ကျဆုံးရှုံးနိမ့်၍ အာရှအာဖရိကနှင့် ဖြစ်နိုင်လျှင် တောင်အမေရိကတိုက်သားများ၏ အမျိုးသားဝါဒဆိုင်ရာ အရေးအခင်းများပါ မပြီးမပြတ် လက်စမသတ်ဘဲ ရှိနေခဲ့ကြပြီးနောက် ကမ္ဘာပေါ်တွင် အင်အားချင်းပြိုင်နိုင်မည့် အင်အားကြီးနှစ်နိုင်ငံသာ ကျန်စရာရှိတော့၏။ ယင်းနိုင်ငံကြီး နှစ်နိုင်ငံမှာ အမေ ရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက် ရုရှားတို့ပင်တည်း။

✦ နှစ်နိုင်ငံစလုံး၏ သမိုင်းစဉ်နှင့် ပထဝီမြေအနေအထား





များ၏ သဘာဝတရားအရ ဤနိုင်ငံကြီး နှစ်နိုင်ငံသည် စစ်ရေးတွင်သော်လည်းကောင်း၊ စီးပွားရေးနှင့် ဝါဒသဘောတရားရေးတွင်သော်လည်းကောင်း အားပြိုင်၍ အနိုင်လုစရာ ဖြစ်လာကြပေလိမ့်မည်။ ဤသဘာဝတရားများကြောင့်ပင် နှစ်နိုင်ငံစလုံးသည် ဥရောပ၏ ရန်သူများ ဖြစ်လာကြပေလိမ့်မည်။ ထို့ပြင် အလားတူ ဖြစ်လာနိုင်စရာရှိသည်မှာ နှစ်နိုင်ငံစလုံးသည် ဥရောပတိုက်တွင် စစ်ကြီးအတွင်းမှ ကြွင်းကျန်လွတ်မြောက်လာသည့် လူမျိုးကြီးတစ်မျိုးဖြစ်သော ဂျပန်လူမျိုးတို့၏ ထောက်ခံကူညီမှုကို အနေးနှင့်အမြန် ရယူလိုသော ဆန္ဒရှိနေကြောင်း မုချတွေ့ကြရပေလိမ့်မည်။

ဤနေရာတွင် ဂျာမန်တို့သည် မည်သည့်ဘက်တွင်မဆို စစ်တုရင်ခုံပေါ်မှ နယ်ရုပ်ကလေးများပမာ ကစားခြင်းမခံရအောင် အတတ်နိုင်ဆုံး ရှောင်ရှားကြရမည်ဖြစ်ကြောင်း ကျွန်ုပ် အလေးအနက်ထား၍ ပြောကြားလိုပေသည်။

သဘောတရားရေးအရဆိုလျှင် ယခုအခိုက်အတန့်တွင် ဂျူးသြဇာခံ အမေရိကန်ဝါဒနှင့် ဘော်လ်ရှီဗစ် ဝါဒတို့အနက် မည်သည့်ဝါဒက ပို၍ ကျွန်ုပ်တို့အား အထိနာအောင်လုပ်မည်ကို အတိအကျပြောပြရန် ခက်ခဲလှပေသည်။ ဖြစ်နိုင်စရာရှိသည်မှာ အဖြစ်အပျက်များ၏ စေ့ဆော်ချက်ကြောင့် ရုရှားတို့သည် မာ့က်စ်ဝါဒ အဝန်းအဝိုင်းမှ ဂျူးများကို လုံးဝအပြီးအပိုင် ဖယ်ရှားသုတ်သင်ပစ်ကြပေလိမ့်မည်။ သို့သုတ်သင် ဖယ်ရှားသည်မှာလည်း ပို၍



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ဆိုးသွမ်း ကြမ်းကြုတ်ယုတ်မာသော အသွင်ဖြင့် လူသား အားလုံး အသစ်တစ်ဖန် ကျွန်ရန်သာ ဖြစ်ပေလိမ့်မည်။

အမေရိကန်တို့ အနေဖြင့်မူ နယူးယောက်မြို့တော်ရှိ ဂျူးများ (ဤဂျူးများမှာလည်း သစ်ကိုင်းပေါ်မှ ချောင်းကြည့်၍ အားလုံးကို မြင်နိုင်စွမ်းရှိသည့် မျောက်များပမာ မျက်စိရှင်အကင်း ပါးလှသူများ ဖြစ်သည်။) အဆိုပါ ဂျူးများ၏ ထမ်းပိုးအောက်မှ လျှင်မြန်စွာ လွတ်မြောက်အောင် ရုန်းမထွက်နိုင်ပါက အဖက်ဖက် က ပြည့်စုံရင့်ကျက်သည့် အခြေအနေသို့ မရောက်တော့ဘဲ မကြာမီ အောက်ကျနောက်ကျ ခါးမနောက်ပိတ် ခွေးဘဝသို့ ရောက်ကြရမည်မှာ အမှန်ဖြစ်၏။ ၎င်းတို့အနေဖြင့် ဤမျှကြီးမား လှသည့် ရုပ်ဝတ္ထုအင်အားကို ပိုင်ဆိုင်နေသလောက် အလွန်တရာ ခေါင်းပါးလှသည်ဖြစ်လေရာ ကလေးသူငယ် လူမမယ် တစ် ယောက်တွင် ဆင်ခြေထောက်ရောဂါရသလို ဖြစ်နေပေသည်။ သို့ဖြစ်၍ ဤသည်မှာ ခပ်မြန်မြန်ပေါက်တတ်သလို ခပ်မြန် မြန်ပေါက်သွားတတ်သည့် မှိုပွင့်ကဲ့သို့သော ယဉ်ကျေးမှုမျိုး ဟုတ် မဟုတ်မေးစရာ ဖြစ်နေပေသည်။

အကယ်၍ ယခုအခိုက်အတန့်တွင် စာရိတ္တကောင်းမွန် ရေး လက်စွဲကျမ်းစာအုပ်လောက်သာ အသုံးဝင်သည့် လမ်းစဉ် များထက် ပိုမိုကောင်းမွန်သော ဝါဒလမ်းစဉ်ကို ချမှတ်ခြင်းမပြုနိုင် လျှင်သော်လည်းကောင်း၊ မြင့်မြတ်ကြီးကျယ်သော်လည်း ချောက် လုံးလုန့်လုံးများကိုသာ အဓိကထား၍ သိပ္ပံနည်းကျ ခရစ်ယာန်





ဘာသာဟု အမည်ပေးထားသည့် လမ်းစဉ်ထက် ပိုမိုတိုးတက် သော ဝါဒလမ်းစဉ်ကို ချမှတ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ မြောက်အမေရိကသည် အင်အားအကြီးမားဆုံးသော လူဖြူများ၏ နိုင်ငံကြီးတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်၊ မနေမည်ကို မေးခွန်းထုတ်စရာ ဖြစ်လာပေသည်။

ရွှံ့ဖြင့် ပြုလုပ်ထားသည့် ခြေထောက်များ တပ်ဆင်ထား သော ဤသတ္တဝါကောင်ကြီးသည် တအံ့တသြ ငေးမောကြည့် ရလောက်အောင် ပေါ်ပေါက်လာပြီးနောက် မကြာမီ သူ့ကိုယ်သူ ဗုန်းဗုန်းလဲမကျရုံလောက်သာ အနိုင်နိုင်အားယူနေရသည့်အဖြစ် သို့ ရောက်သွားစရာရှိသည်ကို အထင်အရှား တွေ့ကြရပေလိမ့် မည်။ ယင်းသို့ အမေရိကန်တို့၏ ဖြုန်းခနဲပြိုလဲပျက်စီးမှုသည် အသားဝါလူမျိုးတို့အတွက် တကယ့်ချက်ကောင်းတစ်ခု ဖြစ်လာ ပေလိမ့်ဦးမည်တကား···။

သမိုင်း၏ ဖြစ်စဉ်နှင့် အမှန်တရား၏ ရှုထောင့်မှ ကြည့် မည်ဆိုလျှင် အဆိုပါ အသားဝါလူမျိုးများသည် အမေရိကတိုက် ကို ၁၆ ရာစုနှစ်က ဥရောပတိုက်သားများ ဝင်ရောက်ကျူးကျော် စဉ်ကလို အလားတူ အားပေးထောက်ခံချက်များ(သို့မဟုတ်) ထောက်ခံချက် ချီးကျူးမှုများ ရရှိလိမ့်မည် ဖြစ်ပေသည်။

ကြီးမားများပြားလာသည်နှင့်အမျှ အစာအဟာရ ချို့တဲ့ နေကြသည့် ၎င်းတို့၏ ပြည်သူလူထုကြီးများသည် သမိုင်းက



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုထားခဲ့သည့် ရပိုင်ခွင့်ကို တောင်းဆိုကြလိမ့်မည် ဖြစ်၏။ ထိုရပိုင်ခွင့်ကား အခြားမဟုတ်၊ အစာရေစာ ငတ်မွတ်ခေါင်းပါးနေသည့် လူထုကြီးသည် သူတို့၏ အငတ်ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မည်ရှိသည်ဟူသော ရပိုင်ခွင့်ဖြစ်၏။ ထို့ပြင် သူတို့၏ တောင်းဆိုချက်ကို အကြမ်းဖက်၍ အားပေးရမည်ဟူသော အချက်ကလည်း ဖြေဆိုထောက်ခံခဲ့ပြန်သတည်း။

သို့ဖြစ်ရာ ကျွန်ုပ်တို့အား ကမ္ဘာ့စစ်ကြီးနှစ်ခုအတွင်း တွန်းချပစ်ခဲ့သော ရက်စက်လှသည့် ဤကမ္ဘာကြီးတွင် သေခြင်းတရားမှတစ်ပါး အစစ အရာရာအားလုံး မျှော်လင့်ချက် ကင်းမဲ့နေချိန်မှာပင် ဆင်းရဲဒုက္ခ အဝဝကို ခံနိုင်ရည်ရှိ၍ ဆက်လက်တိုက်ခိုက်နိုင်စွမ်း ရှိကြသော လူဖြူများသာလျှင် လွတ်မြောက်ရှင်ကျန်၍ တိုးတက်အောင်မြင်နိုင်စရာရှိကြောင်း ထင်ရှားနေပေသည်။ ထို့ပြင်တစ်ဝ မိမိတို့၏ စည်းစနစ်များမှ ဂျူးများ၏ သေစေတတ်သော အဆိပ်အတောက်များကို ဖျောက်ဖျက်ဖယ်ရှားပစ်နိုင်သူများသာလျှင် အထက်ဖော်ပြပါ အရည်အချင်းများ ပိုင်ဆိုင်ခွင့် ရရှိကြလိမ့်မည် ဖြစ်သတည်း။

သုခမ စာပေတိုက်

# ဒုတိယကမ္ဘာစစ်မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယကမ္ဘာစစ်မှတ်တမ်း

## ၁၉၃၉

စက်တင်ဘာလ

၁ ရက်။ ။ ပိုလန်ပြည်ကို ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်ကြသည်။
ဗြိတိန်နှင့် ပြင်သစ်ပြည်များတွင် စစ်တပ်များကို စုရုံးကြသည်။

၂ ရက်။ ။ အင်္ဂလန်ပြည်တွင် အသက် ၁၈နှစ်မှ ၄၁ နှစ်အတွင်း စစ်ထဲမဝင်မနေရအမိန့်များ ထုတ်ပြန် အတည်ပြုသည်။

၃ ရက်။ ။ ဗြိတိန်နှင့် ပြင်သစ်တို့က ဂျာမနီကို စစ်ကြေညာသည်။

၄ ရက်။ ။ ဗြိတိသျှ ပင်လယ်ကူးသင်္ဘောကြီး "အေသင်နီးယား" ကို ဂျာမန်ရေငုပ်သင်္ဘောတစ်စင်းက နစ်မြှုပ်လိုက်သည်။ ဗြိတိသျှလေတပ်က ဂျာမန်စစ် သင်္ဘောများကို စတင်ဗုံးကြဲတိုက်ခိုက်သည်။

၅ ရက်။ ။ ဂျာမန်တပ်များ ပိုလန်နယ်စပ်တွင် တပ်စွဲထားသည်။

၁၄ ရက်။ ။ ပိုလန်ပြည်နောက်ပိုင်းကို ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်ကြသည်။

၁၇ ရက်။ ။ ရုရှားတပ်များ ပိုလန်နယ်စပ်တစ်လျှောက် ဖြတ်ကျော်၍ ပိုလန်ပြည်ထဲသို့ ဝင်ရောက်ခဲ့ကြသည်။ ရုရှားနှင့် ဂျာမန်တပ်များ ဘရက်စ်လစ်တော့မြို့အနီး ပေါင်းမိကြသည်။ "ကာရေးဂျီးယန်း"အမည် ရှိ ဗြိတိသျှ





ပင်လယ်ကူးသင်္ဘောကြီး ဂျာမန်ရေငုပ် သင်္ဘောလက်ချက်ဖြင့် နစ်မြှုပ်ခဲ့ရသည်။ လူပေါင်း ၅၁၅ ယောက် အသက်ဆုံးရှုံးခဲ့ရသည်။

၈ ရက်။ ။ ပိုလန်ပြည် ဝါဆောမြို့ကြီး ဂျာမန်တို့ လက်သို့ ကျရောက်ခဲ့သည်။

၁၉ ရက်။ ။ ပိုလန်ပြည်ကို ခွဲဝေသိမ်းပိုက်အုပ်ချုပ်ရေးအတွက် ဂျာမန်ဆိုဗီယက် သဘောတူစာချုပ်ကို မော်စကိုမြို့တွင် လက်မှတ်ရေးထိုးကြသည်။

အောက်တိုဘာ

၄ ရက်။ ။ တောင်အတ္တလန်တိတ် သမုဒ္ဒရာတွင် ဂျာမန်စစ်သင်္ဘောများနှင့် တိုက်ပွဲဖြစ်ပွား၍ ဗြိတိသျှသင်္ဘော "ကလီးမင့်"နစ်မြှုပ်သွားသည်။

၁၁ ရက်။ ။ ရုရှားတပ်များ၏ အန္တရာယ်ကြောင့် ဖင်လန်ပြည်တွင် စစ်ပြင်ဆင်မှုများ ပြုလုပ်သည်။ ဟယ်လ်ဆင်ကီမြို့မှ အစိုးရဌာနအချို့ ပြောင်းရွှေ့သည်။

၁၂ ရက်။ ။ ဂျာမန်ပင်လယ်ကူးသင်္ဘော "ကက်ပ်နော့တီ"ကို ဗြိတိသျှ စစ်သင်္ဘောများက ဖမ်းဆီးခဲ့သည်။

၁၄ ရက်။ ။ ဂျာမန်ရေငုပ်သင်္ဘောမှ တိုပီဒို လက်ချက်ဖြင့် ဗြိတိသျှပင်လယ်ကူးသင်္ဘောကြီး "ရွိုင်ရယ်အုတ်" နစ်မြုပ်၍ လူပေါင်း ၈၁၀ သေဆုံးခဲ့သည်။

၂၇ ရက်။ ။ ဂျာမန်တပ်များ ဘယ်လ်ဂျီယံနှင့် ဒပ်ခ်ျအနယ်စပ်များတွင် စုရုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝင်ဘာ

၇ ရက်။ ။ မြူးနစ်မြို့ ဘာဂါဘရောကဲလား အဆောက်အဦး ကြီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည်။ ဟစ်တလာမှာ သီသီကလေး လွတ်မြောက်ခဲ့၍ လူပေါင်း ၆၀ ခန့် ဒဏ်ရာရပြီး ၉ယောက် သေဆုံးခဲ့သည်။

၃၀ ရက်။ ။ ဖင်လန်ပြည်ကို ရုရှားတို့က ရေကြောင်း၊ လေ ကြောင်းနှင့် ကုန်းကြောင်းတို့မှ ဝင်ရောက်တိုက် ခိုက်သည်။

ဒီဇင်ဘာ

၁၄ ရက်။ ။ ရုရှားပြည်ကို နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်ကြီးမှ ထုတ် ပစ်သည်။

၁၉၄၀

မတ်လ

၁၂ ရက်။ ။ ဖင်လန်နှင့် ရုရှားတို့ စစ်ပြေငြိမ်းရေး စာချုပ်ချုပ် ဆိုကြသည်။

ဧပြီလ

၉ ရက်။ ။ နော်ဝေးနှင့် ဒိန်းမတ်ပြည်များကို ဂျာမန်တို့ ကျူး ကျော်ဝင်ရောက်သည်။

၁၅ ရက်။ ။ နော်ဝေးပြည်သို့ ဗြိတိသျှတပ်များ ရောက်ရှိလာသည်။

မေလ

၂ ရက်။ ။ ဗြိတိသျှတပ်များ နော်ဝေးပြည်မှ ဆုတ်ခွာရမည်။





၁၀ ရက်။ ။ ဟော်လန် ဘယ်လ်ဂျီယန်နှင့် လူဇင်ဘတ်ပြည်များ ကိုဂျာမန်တပ်များကျူးကျော်ဝင်ရောက်လာကြသည်။

၁၄ ရက်။ ။ ဟော်လန်ပြည်ကို ဂျာမန်တို့ သိမ်းပိုက်မိသည်။

၂၈ ရက်။ ။ လီယိုပိုဘုရင်၏ အမိန့်ဖြင့် ဘယ်လ်ဂျီယန်တပ်များ လက်နက်ချ အညံ့ခံကြသည်။

ဇွန်လ

၉ ရက်။ ။ မဟာမိတ်တပ်များနှင့် နော်ဝေးဘုရင်အစိုးရတို့ နော်ဝေးပြည်မှ ဆုတ်ခွာရသည်။

၁၀ ရက်။ ။ အီတလီပြည် စစ်ထဲသို့ ဝင်ရောက်လာသည်။

၁၄ ရက်။ ။ ပဲရစ်မြို့ကြီး ဂျာမန်တို့လက်သို့ ကျဆုံးသည်။

၂၂ ရက်။ ။ ပြင်သစ်ဂျာမန် စစ်ပြေငြိမ်းရေးစာချုပ်ကို လက် မှတ်ရေးထိုးသည်။

ဂျူလိုင်လ

၁၄ ရက်။ ။ ဘော်လ်တစ်နိုင်ငံများကို ဂျာမန်တို့ သိမ်းပိုက်သည်။

ဩဂုတ်လ

၄ ရက်။ ။ ဗြိတိသျှ ဆိုမာလီယန်နယ်ကို အီတလီတို့က ဝင် တိုက်သည်။

၁၅ ရက်။ ။ ဗြိတိန်ပြည်တွင် ဂျာမန်လေယာဉ် ၁၈၀ ပစ်ချခံရ သည်။

၁၈ ရက်။ ။ ဗြိတိန်ပြည်တွင် ဂျာမန်လေယာဉ် ၁၅၂ စင်း ပစ် ချခံရသည်။



www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ

၁၁ ရက်။ ။ လန်ဒန်မြို့ ဘာကင်ဂမ်နန်းတော်ကြီးကို ဂျာမန်တို့ ဗုံးကြဲသည်။

အောက်တိုဘာလ

၁၁ ရက်။ ။ရှုမေးနီးယားပြည်ထဲသို့ဂျာမန်တပ်များဝင်ရောက်သည်။

၂၈ ရက်။ ။ မူဆိုလီနီနှင့် ဟစ်တလာတို့ ဖလောရင့်စ်မြို့တွင် တွေ့ဆုံကြသည်။

ဂရိပြည်ကို အီတလီတပ်များ ဝင်တိုက်သည်။

နိုဝင်ဘာလ

၂၂ ရက်။ ။ ဂရိတပ်များက အယ်လဘေးနီးယားပြည် ကော်ရစ်ဇာမြို့ကို သိမ်းသည်။

၂၅ ရက်။ ။ အီတလီတပ်သား ၇၀၀၀ ကို ဂရိတပ်များက ဖမ်းဆီးရမိခဲ့သည်။

ဒီဇင်ဘာလ

၈ ရက်။ ။ ဂရိပြည်က အမေရိကန်တို့အား အကူအညီ တောင်းသည်။ ဂျာမန်တို့က မီးလောင်ဗုံးများ ကြဲချသဖြင့် လန်ဒန်မြို့ကြီးတွင် မီးအကြီးအကျယ်လောင်သည်။

၁၉၄၁

ဇန်နဝါရီလ

၃၁ ရက်။ ။ အဘီဆီးနီးယား၊ အီရစ်ထရီးယားနှင့် အီတလီပိုင်ဆိုမာလီလန်နယ်များကို ဗြိတိသျှတို့က သိမ်းသည်။

သုခမစာပေတိုက်



ဖေဖော်ဝါရီလ

၁၀ ရက်။ ။ ဗြိတိသျှ လေထီးတပ်သားများ အီတလီတောင် ပိုင်းသို့ ဆင်းကြသည်။

မတ်လ

၁၀ ရက်။ ။ မြေထဲပင်လယ်ဒေသ ရေကြောင်းတိုက်ပွဲတွင် အီတလီ တိုက်သင်္ဘော ၁စင်း၊ ဖျက်သင်္ဘော ၂ စင်းနှင့် စစ်သင်္ဘောကြီး ၁စင်း ပျက်စီးခဲ့သည်။

ဧပြီလ

၆ ရက်။ ။ ယူဂိုစလေဗီးယားနှင့် ဂရိပြည်များကို ဂျာမန်တို့ ဝင်တိုက်သည်။

၁၁ ရက်။ ။ ဘဲလ်ဂရိတ်မြို့ကို ဂျာမန်တို့က သိမ်းပိုက်သည်။

၂၇ ရက်။ ။ အေသင်မြို့ကို ဂျာမန်တို့က သိမ်းပိုက်သည်။

၁၀ ရက်။ ။ လန်ဒန်မြို့ ဝက်စ်မင်းနစ်စတား ဘုရားရှိခိုးကျောင်း ပါလီမန် အဆောက်အဦးနှင့် ဗြိတိသျှပြတိုက်ကြီး ဂျာမန်တို့ ဗုံးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည်။ ဂျာမန် နာဇီခေါင်းဆောင် ရူဒေါ့ဖ်ဟက်စ်သည် စကော့တလန်ပြည်ထဲသို့ လေထီးဖြင့် ဆင်းသည်။

၂၇ ရက်။ ။ ဂျာမန်စစ်သင်္ဘောကြီး "ဘစ္စမတ်"နစ်မြုပ်သည်။

ဇွန်လ

၈ ရက်။ ။ ဗြိတိသျှနှင့် ပြင်သစ်တပ်များ ဆီးရီးယားသို့ ဝင် သည်။

၂၂ ရက်။ ။ ရုရှားပြည်ကို ဂျာမန်တို့ ဝင်တိုက်သည်။

၂၄ ရက်။ ။ ဘရက်စ်လစ်တော့မြို့ကို ရုရှားတို့ လက်လွှတ်ရသည်။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဂျူလိုင်လ

၂၃ ရက်။ ။ ဂျပန်က အင်ဒိုချိုင်းနားတွင် လေတပ်စခန်း ထားခွင့်ပေးရန် တောင်းဆိုသည်။

ဩဂုတ်လ

၂၂ ရက်။ ။ ဘာလင်မြို့ ကြီး ပြင်းထန်စွာ ဗုံးကြဲခံရသည်။

၁၄ ရက်။ ။ အတ္တလန်တိတ် ကြော်ငြာချက် ထုတ်ပြန်သည်။

စက်တင်ဘာလ

၁၉ ရက်။ ။ ရုရှားပြည် ကီယက်ဗ်မြို့ကို ဂျာမန်တို့ သိမ်းသည်။

အောက်တိုဘာ

၆ ရက်။ ။ မော်စကိုမြို့ကို ဂျာမန်တို့ ဝင်တိုက်သည်။

နိုဝင်ဘာလ

၃၀ ရက်။ ။ ရော့စတော့ဗ်မြို့ကို ရုရှားတို့ ပြန်သိမ်းသည်။

ဒီဇင်ဘာလ

၇ ရက်။ ။ ပုလဲဆိပ်ကမ်းကို ဂျပန်တို့က ဗုံးကြဲသည် ဂျပန်က အမေရိကန်နှင့် အင်္ဂလိပ်တို့ကို စစ်ကြေညာသည်။

၈ ရက်။ ။ မလေးရှားကျွန်းဆွယ်ကို ဂျပန်တပ်များ တက်ကြသည်။

၁၀ ရက်။ ။ ဗြိတိသျှ ပင်လယ်ကူးသင်္ဘောကြီး "ရီပတ်စ်" နှင့် "ဝေလမင်းသား" တို့ မလေးရှားကျွန်းဆွယ်အနီး နစ်မြုပ်သည်။ ဖိလိပိုင်ကျွန်းကို ဂျပန်တို့ တက်ကြသည်။

၁၄ ရက်။ ။ ဂျာမန်တပ်များ မော်စကိုမှ ဆုတ်ခွာသည်။

၂၂ ရက်။ ။ ရန်ကုန်မြို့ကို ဂျပန်တို့ စတင်ဗုံးကြဲသည်။

၂၆ ရက်။ ။ ဟောင်ကောင်ကျွန်းကို ဂျပန်တို့ သိမ်းသည်။





၁၉၄၂

ဇန်နဝါရီလ

၂ ရက်။ ။ မနီလာမြို့ ဂျပန်တို့ လက်သို့ ကျရောက်သည်။

၂၃ ရက်။ ။ နယူးဂီနီကျွန်းကို ဂျပန်တို့ တက်သည်။

ဖေဖော်ဝါရီလ

၁၅ ရက်။ ။ စင်ကာပူကို ဂျပန်တို့ သိမ်းသည်။

မတ်လ

၇ ရက်။ ။ အရှေ့အိန္ဒိယကျွန်းစုများ ဂျပန်လက်သို့ ကျသည်။

၉ ရက်။ ။ ဂျာဗားကျွန်းကို ဂျပန်တို့ သိမ်းသည်။

ဧပြီလ

၁၈ ရက်။ ။ တိုကျိုမြို့ကို အမေရိကန်လေတပ်က ဗုံးကြဲသည်။

မေလ

၇ ရက်။ ။ အမေရိကန်နှင့် ဂျပန်တို့ ရေကြောင်းတိုက်ပွဲ ဖြစ်ပွား၍ ဂျပန်စစ်သင်္ဘော ၁၁စင်း နစ်မြုပ်သည်။

၃၁ ရက်။ ။ ပြင်သစ်ပြည် ကိုလုံးမြို့ကို ဂျာမန်တို့က လေယာဉ်အစင်း ၁၀၀၀ ကျော်ဖြင့် ဗုံးကြဲတိုက်ခိုက်သည်

ဇွန်လ

၄ ရက်။ ။ မစ်ဒ်ဝေးကျွန်းတိုက်ပွဲတွင် ဂျပန်တို့အရေးနိမ့်သည်။

ဂျူလိုင်လ

၂ ရက်။ ။ အယ်လ်လာမိန်းမှ ဂျာမန်တပ်များ ဆုတ်ခွာသည်။

ဩဂုတ်လ

၁၀ ရက်။ ။ အမေရိကန်တပ်များ ဆော်လမွန်ကျွန်းကိုတက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၈ ရက်။ ။ ဆိုဗီယက်လေတပ်က တာလင်မြို့ကို သွားရောက်ဗုံးကြဲသည်။

**စက်တင်ဘာလ**

၁၆ ရက်။ ။ စတာလင်ဂရက် မြို့တွင်းသို့ ဂျာမန်တပ်များဝင်သည်။

၂၅ ရက်။ ။ စတာလင်ဂရက် မြို့တွင်း၌ တိုက်ပွဲများ အပြင်း အထန်ဖြစ်ပွားသည်။

**အောက်တိုဘာလ**

၂၁ ရက်။ ။ အီဂျစ်ပြည်တွင် မဟာမိတ်တပ်များ ခံစစ်စတင်၍ဆင်နွှဲသည်။

**နိုဝင်ဘာလ**

၇ ရက်။ ။ အာဖရိကတိုက် မြောက်ပိုင်းကို မဟာမိတ်တပ်များတက်သည်။

၁၇ ရက်။ ။ ကျူးနီးရှားသို့ မဟာမိတ် လေထီးတပ်သားများဆင်းသည်။

**ဒီဇင်ဘာလ**

၃ ရက်။ ။စတာလင်ဂရက်တွင်တပ်နီတော်ကထိုးစစ်ဆင်သည်။

၁၉၄၃

**ဇန်နဝါရီလ**

၂၇ ရက်။ ။ အမေရိကန်လေတပ်က ဂျာမနီပြည်ပေါ်သို့ ပထမဆုံးအကြိမ် သွားရောက်ဗုံးကြဲသည်။





**ဖေဖော်ဝါရီလ**

၂၇ ရက်။ ။ စတာလင်ဂရက် တိုက်ပွဲတွင် ဂျာမန်တို့ လုံးဝ
အရေးနိမ့်ခဲ့သည်။

**ဂျူလိုင်လ**

၁ ရက်။ ။ ပစိဖိတ်သမုဒ္ဒရာတွင် ဂျပန်တို့ကို အမေရိကန် တပ်က
အကြီးအကျယ် စတင်တိုက်ခိုက်သည်။

၂၅ ရက်။ ။ အီတလီဖက်ဆစ် အာဏာရှင် မူဆိုလီနီ ရာထူးမှ
ပြုတ်ကျသည်။

၂၈ ရက်။ ။ အီတလီ ဖက်ဆီပါတီကို ဖျက်သိမ်းလိုက်သည်။

**ဩဂုတ်လ**

၁၇ ရက်။ ။ စစ္စလီကျွန်းကို မဟာမိတ်တပ်များက သိမ်းသည်။
ပစိဖိတ်ဒေသတွင် ဂျပန်လေယာဉ် ၂၁၅ စင်း
ပျက်စီးခဲ့သည်။

**စက်တင်ဘာလ**

၃ ရက်။ ။ အီတလီ ကျွန်းဆွယ်ကိုမဟာမိတ်တပ်များတက်သည်

၈ ရက်။ ။ အီတလီအစိုးရ လက်နက်ချသည်။

၁၀ ရက်။ ။ ရောမမြို့ကြီးကို ဂျာမန်တို့က သိမ်းပိုက်လိုက် သည်

**အောက်တိုဘာလ**

၁၃ ရက်။ ။ အီတလီက ဂျာမနီအား စစ်ကြေညာသည်။

၂၅ ရက်။ ။ ရုရှားပြည် တောင်ပိုင်းတွင် ဂျာမန်တပ်မျာ
အကြီးအကျယ် အခြေအနေ ဆိုးဝါးနေကြောင်
ဂျာမန်တို့ ဝန်ခံပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



**နိုဝင်ဘာလ**

၂၇ ရက်။ ။ ချာချီ၊ ရုစဗဲ့နှင့် စတာလင်တို့ တီဟာရန်မြို့တွင် ၄ရက်ကြာ ဆွေးနွေးပွဲကို ယနေ့ စတင်ကျင်းပ သည်။

၃၀ ရက်။ ။ မြောက်အာဖရိကတွင် ရုစဗဲ့၊ ချာချီနှင့် ချန်ကေရှိတ်တို့ ၅ ရက်ကြာဆွေးနွေးပွဲကို ယနေ့စတင်သည်။

**ဒီဇင်ဘာလ**

၁၃ ရက်။ ။ ဆိုဗီယက် ယူနီယံနှင့် ချက်ကိုစလိုဗေးကီးယား ပြည်တို့ အနှစ် ၂၀ စာချုပ်ကို လက်မှတ်ရေးထိုး သည်။

## ၁၉၄၄

**ဇန်နဝါရီလ**

၁၂ ရက်။ ။ ပိုလန်ပြည်တွင် မိုင် ၄၀ ရှည်လျားသော စစ်မျက်နှာတစ်ခုကို တပ်နီတော်က ဖွင့်လိုက်သည်။

၂၀ ရက်။ ။ လီနင်ဂရက်မြို့ကို ဝိုင်းထားသော ဂျာမန်တပ်များ အား တပ်နီတော်က မောင်းထုတ်လိုက်သည်။

**ဖေဖော်ဝါရီလ**

၁ ရက်။ ။ အမေရိကန်တပ်များ မာရှယ်ကျွန်းပေါ်သို့ တက်ကြသည်။

**မတ်လ**

၁၇ ရက်။ ။ မြန်မာပြည် စစ်မြေပြင်တွင် ဂျပန်စစ်နောက်ပိုင်း သို့ မဟာမိတ် လေထီးတပ်သားများ ဆင်းကြ သည်။

၂၂ ရက်။ ။ ဟန်ဂေရီပြည်ကို ဂျာမန်တပ်များ ကျူးကျော်ဝင်





ရောက်သည်။

**မေလ**

၁ ရက်။ ။ ဓနသဟာယ ဝန်ကြီးချုပ်များ အစည်းအဝေး ကျင်းပသည်။

**ဇွန်လ**

၄ ရက်။ ။ ရောမမြို့တော်ကြီး မဟာမိတ်တို့ လက်သို့ ကျ သည်။

၁၆ ရက်။ ။ ဂျာမန်တို့က ဗီတူးဒုံးပျံများ စတင်အသုံးပြုသည်။

၂၃ ရက်။ ။ ဥရောပအလယ်ပိုင်းတွင် တပ်နီတော်က ထိုးစစ် စတင်ဆင်နွှဲသည်။

**ဂျူလိုင်လ**

၂၀ ရက်။ ။ ဟစ်တလာ၏ အသက်ကို လုပ်ကြံသော ဗုံးပေါက်ကွဲမှုဖြစ်ပွားသည်။ သို့သော် ဟစ်တလာမှာ မသေဘဲ ဒဏ်ရာအနည်းငယ်သာ ရခဲ့သည်။

**ဩဂုတ်လ**

၄ ရက်။ ။ မြစ်ကြီးနားမြို့ကို မဟာမိတ်တပ်များက သိမ်းသည်။

၂၃ ရက်။ ။ ပဲရစ်မြို့တော်ကြီး ဂျာမန်တို့ လက်အောက်က လွတ်မြောက်သည်။

၂၅ ရက်။ ။ ရူမေးနီးယားက ဂျာမနီကို စစ်ကြေညာသည်။

**စက်တင်ဘာလ**

၃ ရက်။ ။ စစ်ပွဲကြီး ၅နှစ်အတွင်း ဗြိတိသျှတို့ဘက်မှ ထိခိုက်ကျဆုံးသူပေါင်း ၁၀,၇၁,၆၂၈(တစ်သန်းကျော်) ရှိသည်ဟု ကြေညာသည်။



www.burmeseclassic.com

www.burmeseclassic.com



၅ ရက်။ ။ ဘူလ်ဂေရီးယားက ဂျာမနီအား စစ်ကြေညာသည်။

၁၂ ရက်။ ။ အမေရိကန် သံချပ်ကာကားများ ဂျာမနီပြည်ထဲ သို့ ဝင်လာကြသည်။

၁၃ ရက်။ ။ ဖရင့်ဖတ်နှင့် စတတ်ဂတ် ဂျာမန်မြို့ ကြီးများပေါ် သို့ မဟာမိတ်တို့က မီးလောင်ဗုံး ၆၀၀,၀၀၀ ကြဲချခဲ့သည်။

၁၇ ရက်။ ။ ဟော်လန်ပြည်ထဲသို့ မဟာမိတ်လေထီးတပ်သား များဆင်းကြသည်။

၂၆ ရက်။ ။ အက်စတိုးနီးယားပြည်ကို တပ်နီတော်က လုံးဝ သိမ်းပိုက်လိုက်သည်။

**အောက်တိုဘာ**

၃ ရက်။ ။ ဂျာမန်တို့၏ နာမည်ကျော် ဆီးဖရိုက်ခံတပ်ကြီးကို အမေရိကန်တပ်များက ချိုးဖောက်သိမ်းပိုက်သည်။

၁၄ ရက်။ ။ အေသင်မြို့ကို ပြန်သိမ်းသည်။

၂၀ ရက်။ ။ ဘဲလ်ဂရိတ်မြို့ ကြီး လွတ်မြောက်သည်။

**နိုဝင်ဘာလ**

၂၁ ရက်။ ။ ပြန်လှန်ထိုးစစ်ဆင်လာသော ဂျာမန်တပ်များကို ဝိုင်းမိသည်။ ဘူဒါပက်မြို့ကို မဟာမိတ်တပ်များက ဝိုင်းထားသည်။





**၁၉၄၅**

**ဇန်နဝါရီလ**

၁၂ ရက်။ ။ အမေရိကန်တို့ လက်ချက်ကြောင့် အင်ဒိုချိုင်းနား ပင်လယ်ပြင်တွင် ဂျပန်သင်္ဘော ၂၅ စင်း နစ်မြုပ်၍ ၁၇ စင်း ပျက်စီးသည်။

၁၇ ရက်။ ။ ဝါဆောမြို့ ကြီးကို တပ်နီတော်က ကယ်တင်လိုက်သည်။

၂၃ ရက်။ ။ တရုတ် မြန်မာ လမ်းမကြီးကို ပြန်ဖွင့်သည်။

၂၈ ရက်။ ။ ဘာလင်နှင့် မိုင် ၁၀၀ ကွာအထိ တပ်နီတော် ရောက်လာသည်။

**ဖေဖော်ဝါရီလ**

၁ ရက်။ ။ ဘာလင်နှင့် မိုင် ၅၀အကွာအဝေးသို့ တပ်တော် ရောက်လာသည်။

၁၉ ရက်။ ။ အိုင်အိုဂျီမာကျွန်းပေါ်သို့ အမေရိကန်တပ်များ တက်သည်။

**မတ်လ**

၂၃ ရက်။ ။ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ တပ်များ ရိုင်းမြစ်ကို ဖြတ်ကျော်ကြသည်။

**ဧပြီလ**

၅ ရက်။ ။ ဂျပန်အစိုးရအဖွဲ့ နှုတ်ထွက်သည်။

၉ ရက်။ ။ ဗီယင်နာမြို့ကို တပ်နီတော်က သိမ်းသည်။

၁၁ ရက်။ ။ အမေရိကန်တပ်များ ဘာလင်နှင့် မိုင် ၇၀ကွာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

၂၅ ရက်။ ။ တပ်နီတော်က ဘာလင်မြို့ကို ဝိုင်းမိသည်။

၂၉ ရက်။ ။ မူဆိုလီနီကို အီတလီ မျိုးချစ်များက ဖမ်းမိ၍ သတ်ပစ်ကြသည်။

မေလ

၁ ရက်။ ။ ဟစ်တလာ သေဆုံးကြောင်း ဘာလင်ရေဒီယိုက ကြော်ငြာသည်။ မြူနစ်မြို့ကို ဂျာမန်တို့ လက်လွှတ်ရသည်။

၂ ရက်။ ။ ဘာလင်မြို့ကို တပ်နီတော်က သိမ်းပိုက်သည်။ အီတလီမှ ဂျာမန်တပ်များ လက်နက်ချသည်။

၃ ရက်။ ။ ရန်ကုန်မြို့နှင့် ပြည်မြို့ ဂျပန်လက်အောက်က လွတ်မြောက်သည်။

၄ ရက်။ ။ ဟော်လန် ဒိန်းမတ်နှင့် အနောက်မြောက် ဂျာမနီမှ ဂျာမန်တပ်များလုံး ချွင်းချက်မရှိ လက်နက်ချကြသည်။

၈ ရက်။ ။ ဤနေ့ ဤရက်(အင်္ဂါနေ့)ည သန်းခေါင်အလွန် တစ်မိနစ်ခန့်တိတိ အချိန်တွင် ဒုတိယကမ္ဘာစစ် ကြီး ပြီးဆုံးသည်။

BURMESE CLASSIC .com

www.burmeseclassic.com